http://www.dhammadownload.com

မြောင်းမြမြို့
တိုက်သစ်ပန္နောတာရုံကျောင်းတိုက်

ဓမ္မာစရိယ၊ ပါဠိပါရဂူ
အရှင်ဂုဏိဿရ
၏

# ယမကပါဠိ

(ဒုတိယတွဲ)

သာသနာ ၂၅၅၃ ကောဇာ ၁၃၇၁ ၂၀၀၉-ခုနှစ်

ယမကပါဠိ (ဒုတိယတွဲ)

http://www.dhammadownload.com

http://www.dhammadownload.com

မြောင်းမြမြို့
တိုက်သစ်ပဒ္ဓောတာရုံကျောင်းတိုက်

ဓမ္မာစရိယ၊ ပါဠိပါရဂူ
အရှင်ဂုဏိဿရ
၏

# ယမကဇောတိ

(ဒုတိယတွဲ)

သာသနာ ၂၅၅၃ ကောဇာ ၁၃၇၁ ၂၀၀၉-ခုနှစ်

http://www.dhammadownload.com

ပုံနှိပ်ခြင်း

၂၀၀၉ - ခုနှစ်၊ အောက်တိုဘာလ

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးဝင်းနိုင်

(မှတ်ပုံတင်အမှတ် - ၀၃၈၄၃/၀၂၄၀၅) က ထုတ်ဝေ၍

သာသနာရေးဦးစီးဌာနအတွက်

ဦးနိုင်လေး (မှတ်ပုံတင်အမှတ် - ၀၈၈၅၀)

သီရိတိပိဋကပုံနှိပ်တိုက်

အမှတ် - ၃၃၃၊ ဗိုလ်ဆွန်ပက်လမ်း၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့က ပုံနှိပ်သည်။

http://www.dhammadownload.com



# နိဒါန်း

ကဏ္ဍမ္ဗပါဒပသုဒဿိတပါဋိဟီရံ၊
တဒ္ဒေသိတဉ္စ ယမကာဒျတိသဏ္ဍာဓမ္မံ။
တဇ္ဈာတကံ ယမကအဋ္ဌမကာဒိသံဃံ၊
ဝါစာပကေ မမ ဂုရူ ဂရု သမ္မ ဝန္ဒေ။

ကဏ္ဍမ္ဗပါဒပသုဒဿိတပါဋိဟီရံ–ကဏ္ဍဥယျာဉ်စောင့်သည် စိုက်ပျိုးအပ်သော သရက်ဖြူပင်၏အနီး၌ ကောင်းစွာပြအပ်သော တန်ခိုးပြာဋိဟာ ရှိတော်မူသော မြတ်စွာဘုရားကိုလည်းကောင်း၊ တဒ္ဒေသိတံ–ထိုမြတ်စွာဘုရားသည် ဟောကြားတော်မူအပ်သော၊ ယမကာဒျတိသဏ္ဍာဓမ္မံ စ–ယမိုက်ဒေသနာတော် အစရှိသော အလွန်သိမ်မွေ့နက်နဲ ခက်ခဲသော သုတ္တန်တရားတော် ဝိနည်းတရားတော် အဘိဓမ္မာတရားတော်ကိုလည်းကောင်း၊ တဇ္ဈာတကံ–ထိုဘုရားတရားရတနာနှစ်ပါးကြောင့် ကောင်းစွာမသွေ ဖြစ်ပေါ်၍လာပေသော၊ ယမကအဋ္ဌမကာဒိသံဃံ စ–မင်္ဂဖိုလ်နှစ်ပါး အစုံထားသည့် လေးပါးသချာ ဒက္ခိဏေယျဂဏနာနည်း ပစ္စောရောဟနဂဏနာနည်းအားဖြင့် အဋ္ဌမကအမည်ရသည့် သောတာပတ္တိမဂ္ဂဋ္ဌာန်အစရှိသော အရိယာသံဃာအပေါင်းကိုလည်းကောင်း၊ မမ–ယမကဗောဓိကျမ်းစာကို ရေးသားသော အကျွန်ုပ်ကို၊ ဝါစာပကေ–သာသနာအတွက် ရည်ရွယ်ချက်ဖြင့် မပျက်မသွေ စာပေပို့ချပေးတော်မူကြကုန်သော၊ မမ–ယမကဗောဓိကျမ်းစာကို ရေးသားသော အကျွန်ုပ်၏၊ ဂုရူစ–မုံရွာမြို့နယ် ကျောက္ကာတောင်ရွာ မဟာဗောဓိ ဆရာတော် (အရှင်ဩဘာသထေရ်)အမှူးရှိသော ခင်မွန်သုံးဂိုဏ်းချုပ်နွယ်ဝင် ဆရာတော်တို့ကိုလည်းကောင်း၊ ဂုရူစ–ရွှေကျင်နိကာယ ဒသမ သာသနာပိုင် ဝိသုဒ္ဓါရုံ မြောင်းမြဆရာတော်ကြီး အမှူးရှိသော မြောင်းမြ ပဓ္ဓောတာရုံဆရာတော် တို့ကိုလည်းကောင်း၊ ဂုရူစ–နိကာယ်ကျမ်းစာများကို ပေါက်ရောက်အောင် ပို့ချပေးတော်မူသော ထီးဆောင်းဆရာတော် (အရှင်စက္ကပါလထေရ်)တို့ကိုလည်းကောင်း၊ အဟံ–တပည့် ဂုဏ်သြရသည်၊ ဂရု–လေးလေးမြတ်မြတ်၊ သမ္မ–ရိုရိုသေသေ၊ ဝန္ဒေ–လက်အုပ်ချီမိုး မာန်ကိုချိုးကာ ရှိခိုးကန်တော့ပါ၏ဘုရား။

မြတ်စွာဘုရားသခင်သည် အရှင်ပိဏ္ဍောလ ဒထေရ် ရာဇဂြိုဟ်သူဌေး၏ စန္ဒကူးသပိတ်ကို တန်ခိုးပြပြီးယူရာ နှစ်နှစ်ကာကာ ကဲ့ရဲ့တော်မူပြီး "တန်ခိုး

http://www.dhammadownload.com



မပြရ”ဟု သိက္ခာပုဒ်ပညတ်တော်မူပါသည်။ တိတ္ထိတို့သည် ဤအခွင့်အရေးကို ယူကာ ရဟန်းဂေါတမသည် သူ့သာဝကတွေအတွက် “တန်ခိုး မပြရ”ဟု သိက္ခာပုဒ်ပညတ်ပြီးပြီ၊ သူလဲပဲ တန်ခိုးပြတော့မည်မဟုတ်–ဟုတွေးကာ “ဟိုတုန်းက ဘာမဟုတ်တဲ့ သစ်သားသပိတ်ကလေးအတွက် ကိုယ့်ဂုဏ်ကို မဖော်ခဲ့ကြတာ၊ ကိုယ့်ဂုဏ်ကို စောင့်ထိန်းခဲ့ကြတာ၊ ယခုတော့ ရဟန်းဂေါတမနဲ့ကို တန်ခိုးပြိုင်မည်”–ဟု လှည့်လည် ကြွေးကြော်ကြတော့သည်။ ဤတွင် ဘုရားရှင်က ယနေ့ကထောက် လေးလမြောက် ဝါဆိုလပြည့်နေ့ သာဝတ္ထိပြည် ကဏ္ဍဥယျာဉ်စောင့် စိုက်ပျိုးအပ်သည့် သရက်ပင်အောက်၌ တန်ခိုးပြမည်ဟု အတိအကျ သတ်မှတ်တော်မူလိုက်သည်၊ ဤသို့ ရက်အတိအကျ သတ်မှတ်တော်မူပြီးနောက် ရာဇဂြိုဟ်မှ သာဝတ္ထိသို့ ကြွတော်မူသည်။

ပါဋိဟာရိယ။ ။ပဋိပက္ခေ ဟရတီတိ–ပါဋိဟာရိယံ၊ ပတိပုဗ္ဗ ဟရဓာတ်၊ ဏျပစ္စည်းဖြင့်ပြီးသော ပါဋိဟာရိယပုဒ်သည် “ဆန့်ကျင်ဘက် သတ္တဝါတို့ကို ဖယ်ရှားတတ်သော တန်ခိုးပြာဋိဟာ”ဟူသော အနက်ကို ဟော၏၊ တန်ခိုးပြာဋိဟာပြနိုင်ဖို့ အခြေခံသည် ဣဒ္ဓိပါဒ် ၄ပါးပင်တည်း၊ ယင်းဣဒ္ဓိပါဒ် ၄ပါးကို ဘုရားရှင် နိုင်နင်းကျွမ်းကျင်တော်မူသည်။ ချဲ့ဦးအံ့၊ ဘုရားရှင်သည် ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသ–ဟူသော ဣဒ္ဓိပါဒ် ၄ပါးကို ဘာဝိတ–ကိုယ်တော့်သန္တာန်မှာ ထုံမွမ်းထား၏၊ ဗဟုလီကတ–အထပ်ထပ် အခါက်ခါက် ကြိမ်ဖန်များစွာ အလေ့အလာ ပြုထား၏၊ ယာနီကတ–အာဇာနည်မြင်းနှင့် ကပ်ယှဉ်အပ်သော ယာဉ်ရထားကဲ့သို့ အလိုရှိသလို ရှေ့နောက်အတိုးအဆုတ် ပြုလုပ်နိုင်၏၊ ဝတ္ထုကတ–သန့်ရှင်းပြီးသော မြေရာကဲ့သို့ စိတ်ညစ်နွမ်းကြောင်း ဥပက္ကိလေသတရားတို့ကို သုတ်သင် ရှင်းလင်းပြီး ဖြစ်၏၊ အနုဋ္ဌိတ–အလိုရှိအပ်သည့် အကျိုးနှင့်ထိုက်တန်အောင် ထားအပ်ပြီး ဆောက်တည်အပ်ပြီး ဖြစ်၏၊ ပရိစိတ–ထက်ဝန်းကျင် ဆည်းပူးအပ် လေ့ကျင့်အပ်ပြီး ဖြစ်၏၊ သုသမာရဒ္ဓ–သူ့နေရာနှင့်သူ သပ်သပ်ရပ်ရပ် ကောင်းစွာထားအပ်ပြီးလည်း ဖြစ်၏။

ယခုပြမည့် တန်ခိုးပြာဋိဟာသည် သာမန် တန်ခိုးပြာဋိဟာ မဟုတ်၊ “ယမကပါဋိဟာရိယ”ခေါ်သည့် ရေအစုံ မီးအစုံထွက်သည့် တန်ခိုးပြာဋိဟာ ဖြစ်၏၊ သာမန် တန်ခိုးပြာဋိဟာမဟုတ်သောကြောင့် သာမညပုဂ္ဂိုလ် မဆိုထားဘိ အလွန်တန်ခိုးပြင်းထန်သည့် ဆဋ္ဌာဘိညာ ပဋိသမ္ဘိဒါပတ္တ ဣဒ္ဓိမန္တတေဒဂ်ရ အရှင်မဟာ

http://www.dhammadownload.com



မောဂ္ဂလာန်က သူတာဝန်ယူပါရစေ–ဟု ခွင့်တောင်းသည်ကိုပင် ခွင့်ပေးတော်မမူ၊ မောဂ္ဂလာန်! ဤကိစ္စသည် သာဝကတို့၏ တာဝန်မဟုတ်၊ အဋ္ဌာဒါနပရိဒီပန–ငါဘုရားကိုယ်တော်တိုင် တာဝန်ယူကာ ပြုရမည့်ကိစ္စဖြစ်ပေသည်–ဟု မိန့်တော်မူကာ ပယ်မြစ်တော်မူသည်။

ဤသို့လျှင် ဣဒ္ဓိပါဒ် ၄ပါးကို နိုင်နင်းတော်မူသော ဘုရားရှင်သည် တကယ့်အရေးကိစ္စ၌ သာဝကတို့အား တာဝန်မလွှဲအပ်ဘဲ ကိုယ်တော်တိုင် တာဝန်ယူတော်မူသည်၊ ဘုရားရှင်ကိုယ်တော်တိုင် တန်ခိုးပြမည်ဟု ရက်အတိအကျ သတ်မှတ်တော်မူလိုက်သည့်အခါ ရာဇဂြိုဟ်စသော တိုင်းပြည်အရပ်ရပ်မှ ပရိသတ်တို့သည် သာဝတ္ထိသို့ စုရုံးရောက်ရှိနေကြပေပြီ။ ၆–ဝါရတော်မူပြီးသော မြတ်စွာဘုရားသည် သတ်မှတ်ထားသည့် ဝါဆိုလပြည့်နေ့သို့ ရောက်သည့်အခါ ၂၄–ယူဇနာရှိ ပရိသတ်အလယ်၌ "ယမကပါဋိဟာရိယ"ခေါ် တန်ခိုးပြာဋိဟာကို ပြတော်မူသည်။

၁။ အထက်ပိုင်းကိုယ်တော်မှ မီးအလျှံတော်၊ အောက်ပိုင်းကိုယ်တော်မှ ရေအလျဉ်တော်။ အောက်ပိုင်းကိုယ်တော်မှ မီးအလျှံတော်၊ အထက်ပိုင်းကိုယ်တော်မှ ရေအလျဉ်တော်။

၂။ ရှေ့ပိုင်းကိုယ်တော်မှ မီးအလျှံတော်၊ နောက်ပိုင်းကိုယ်တော်မှ ရေအလျဉ်တော်။ နောက်ပိုင်းကိုယ်တော်မှ မီးအလျှံတော်၊ ရှေ့ပိုင်းကိုယ်တော်မှ ရေအလျဉ်တော်။

၃။ လက်ျာမျက်လုံးတော်မှ မီးအလျှံတော်၊ လက်ဝဲ မျက်လုံးတော်မှ ရေအလျဉ်တော်။ လက်ဝဲမျက်လုံးတော်မှ မီးအလျှံတော်၊ လက်ျာမျက်လုံးတော်မှ ရေအလျဉ်တော်။

၄။ လက်ျာနားတွင်းတော်မှ မီးအလျှံတော်၊ လက်ဝဲနားတွင်းတော်မှ ရေအလျဉ်တော်။ လက်ဝဲ နားတွင်းတော်မှ မီးအလျှံတော်၊ လက်ျာနားတွင်းတော်မှ ရေအလျဉ်တော်။

၅။ လက်ျာ နှာခေါင်းတွင်းတော်မှ မီးအလျှံတော်၊ လက်ဝဲ နှာခေါင်းတွင်းတော်မှ ရေအလျဉ်တော်။ လက်ဝဲ နှာခေါင်းတွင်းတော်မှ မီးအလျှံတော်၊ လက်ျာနှာခေါင်းတွင်းတော်မှ ရေအလျဉ်တော်။

http://www.dhammadownload.com



၆။ လက်ျာပခုံးစွန်းတော်မှ မီးအလျှံတော်၊ လက်ဝဲ ပခုံးစွန်းတော်မှ ရေအလျဉ်တော်။ လက်ဝဲပခုံးတော်မှ မီးအလျှံတော်၊ လက်ျာပခုံးစွန်းတော်မှ ရေအလျဉ်တော်။

၇။ လက်ျာလက်တော်မှ မီးအလျှံတော်၊ လက်ဝဲ လက်တော်မှ ရေအလျဉ်တော်။ လက်ဝဲလက်တော်မှ မီးအလျှံတော်၊ လက်ျာလက်တော်မှ ရေအလျဉ်တော်။

၈။ လက်ျာနံပါးတော်မှ မီးအလျှံတော်၊ လက်ဝဲနံပါးတော်မှ ရေအလျဉ်တော်။ လက်ဝဲ နံပါးတော်မှ မီးအလျှံတော်၊ လက်ျာနံပါးတော်မှ ရေအလျဉ်တော်။

၉။ လက်ျာ ခြေတော်မှ မီးအလျှံတော်၊ လက်ဝဲခြေတော်မှ ရေအလျဉ်တော်။ လက်ဝဲ ခြေတော်မှ မီးအလျှံတော်၊ လက်ျာခြေတော်မှ ရေအလျဉ်တော်။

၁၀။ လက်ချောင်းတော် လက်ချောင်းတော်တိုင်းမှ မီးအလျှံတော်၊ လက်ကြားတော် လက်ကြားတော်တိုင်းမှ ရေအလျဉ်တော်။ လက်ကြားတော် လက်ကြားတော်တိုင်းမှ မီးအလျှံတော်၊ လက်ချောင်းတော် လက်ချောင်းတော်တိုင်းမှ ရေအလျဉ်တော်။

၁၁။ တစ်ချောင်း တစ်ချောင်းသော မွေးညင်းတော်မှ မီးအလျှံတော်၊ မွေးညင်းတွင်းတော်တိုင်း မွေးညင်းတွင်းတော်တိုင်းမှ ရေအလျဉ်တော်။ မွေးညင်းတွင်းတော်တိုင်း မွေးညင်းတွင်းတော်တိုင်းမှ မီးအလျှံတော်၊ တစ်ချောင်း တစ်ချောင်းသော မွေးညင်းတော်မှ ရေအလျဉ်တော်။

ဤသို့ ပြတော်မူသည်မှာ အံ့ဩဘနန်းပင် ဖြစ်တော့သည်၊ အညိုတစ်ဖြာ အဝါတစ်လီ အနီတစ်ဆူ အဖြူတစ်ကြောင်း ရောင်မောင်းတစ်ချက် ပြိုးပြက်ဆန်းကြယ် ရောင်ခြည်တော်ခြောက်သွယ်တို့လည်း ကွန့်မြူးလျက်ရှိပေသည်။

ထိုရောင်ခြည်တော် ခြောက်သွယ်တို့၏ အလယ်၌ ဘုရားရှင်သည် စင်္ကြံကြွတော်မူ၏၊ ဖန်ဆင်းအပ်သည့် နိမ္မိတဘုရားရှင်က ရပ်တော်မူ, ထိုင်တော်မူ, လျောင်းတော်မူ၏။ ဘုရားရှင်သည် ရပ်တော်မူ၏၊ နိမ္မိတဘုရားရှင်က စင်္ကြံကြွတော်မူ, ထိုင်တော်မူ, လျောင်းတော်မူ၏။ ဘုရားရှင်သည် ထိုင်တော်မူ၏၊ နိမ္မိတဘုရားရှင်က စင်္ကြံကြွတော်မူ, ရပ်တော်မူ, လျောင်းတော်မူ၏။ ဘုရားရှင်သည် လျောင်းတော်မူ၏၊ နိမ္မိတဘုရားရှင်က စင်္ကြံကြွတော်မူ, ရပ်တော်မူ, ထိုင်တော်မူ၏။

ထို့ပြင် နိမ္မိတဘုရားရှင်က စင်္ကြံကြွတော်မူသည့်အခါ ပကတိဘုရားရှင်သည် ရပ်တော်မူ, ထိုင်တော်မူ, လျောင်းတော်မူ၏၊ နိမ္မိတဘုရားရှင်က ရပ်တော်မူ

http://www.dhammadownload.com



သည့်အခါ ပကတိဘုရားရှင်သည် စင်္ကြံကြွတော်မူ, ထိုင်တော်မူ, လျောင်းတော်မူ၏၊ နိမ္မိတဘုရားရှင်က လျောင်းတော်မူသည့်အခါ ပကတိဘုရားရှင်သည် စင်္ကြံကြွတော်မူ, ရပ်တော်မူ, ထိုင်တော်မူ၏။ ဤသည်ကား ဘုရားရှင်၏ ယမကပါဋိဟာရိယဉာဏ်တော်, တန်ခိုးတော်ပင် ဖြစ်ပေသည်။

ဤသို့သော တန်ခိုးပြာဋိဟာကို ဖူးတွေ့ကြရသော လူနတ်ဗြဟ္မာ သတ္တဝါတို့၏ သာဓုသံကား တစ်ခဲနက် ပြန့်ထွက်လျက် ရှိပေသည်၊ တိတ္ထိဆရာကြီးများနှင့် တိတ္ထိပရိသတ်တို့ကား ခြေဦးတည့်ရာ ထွက်ပြေးကြလေသည်။ ဘုရားရှင်သည် ပရိသတ်အား တရားဟောတော်မူပြီးနောက် ရှေးဘုရားရှင်တို့၏ ဓမ္မတာအတိုင်း နှစ်လှမ်းသုံးဖဝါးဖြင့် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူသည်၊ ထိုတာဝတိံသာနတ်ပြည်၌ သတ္တမဝါကပ်တော်မူသည်၊ ပင်လယ်ကသစ်ပင်ရင်းခင်းထားအပ်သည့် ပဏ္ဍုကမ္ဗလာ မြကျောက်ဖြာထက်၌ ထိုင်တော်မူကာ မယ်တော်ဖြစ်ခဲ့ဖူးသည့် သန္တုသိတနတ်သားကို အမှူးထား၍ စကြာဝဠာတိုက်တစ်သောင်းမှ ရောက်လာကြသော နတ်ဗြဟ္မာတို့အား သဗ္ဗညုတဉာဏ်တော်အစွမ်းဖြင့် ဝါတွင်းသုံးလကာလပတ်လုံး အဘိဓမ္မာဒေသနာတော်ကို ဟောတော်မူသည်။

ထိုသို့ဟောတော်မူရာဝယ် တာဝတိံသာနတ်ပြည်၌ အကျယ်ဟောတော်မူသည်၊ စန္ဒကူးတော၌ ဝါကပ်သော အရှင်သာရိပုတ္တရာအား အကျဉ်းဟောတော်မူသည်၊ အရှင်သာရိပုတ္တရာက လင်းနို့သားဖြစ်ခဲ့ဖူးသော မိမိ၏တပည့် ရဟန်းငါးရာတို့အား မကျဉ်းမကျယ် ဟောတော်မူသည်။ ယင်း အဘိဓမ္မာဒေသနာတော်သည် ဓမ္မသင်္ဂဏီကျမ်း, ဝိဘင်းကျမ်း, ဓာတုကထာကျမ်း, ပုဂ္ဂလပညတ်ကျမ်း, ကထာဝတ္ထုကျမ်း, ယမိုက်ကျမ်း, ပဋ္ဌာန်းကျမ်း–ဟု ၇–ကျမ်းရှိ၏။ အဋ္ဌကထာ ဆရာများက ဓမ္မသင်္ဂဏီကျမ်းကို အဋ္ဌသာလိနီအဋ္ဌကထာဟူ၍လည်းကောင်း၊ ဝိဘင်းကျမ်းကို သမ္မောဟဝိနောဒနီအဋ္ဌကထာဟူ၍လည်းကောင်း၊ ကျန် ၅–ကျမ်းကို ပဉ္စပကရဏအဋ္ဌကထာဟူ၍လည်းကောင်း အမည်တပ်ကာ ဖွင့်ပြတော် မူကြသည်။

ထိုဆိုအပ်ခဲ့ပြီးသော ပါဠိတော်နှင့် အဋ္ဌကထာများကို ဘုရားရှင်လက်ထက်တော်မှစ၍ သံဃာတော်များ သင်ယူလေ့ကျက် ဆောင်ရွက်တော်မူခဲ့ကြရာ ယခု

http://www.dhammadownload.com



မြန်မာပြည် မျက်မှောက်ခေတ်အထိပင် ဖြစ်ပါသည်၊ ရှေးမြန်မာဆရာတော်ကြီးများသည် "မြန်မာအဋ္ဌကထာ"ဟု ဆိုရလောက်သည့် မာတိကာအရကောက်ကျမ်း၊ ဓာတုကထာအရကောက်ကျမ်း၊ ယမိုက်အရကောက်ကျမ်း၊ ပဋ္ဌာန်းအရကောက်ကျမ်းကြီးများကို ပို့ချစဉ်အတိုင်း ရေးသားပြုစုတော်မူခဲ့ကြသည်၊ အဋ္ဌကထာ၌ အတန်ငယ် ဖွင့်ဆိုချက်ကို အစဆွဲယူကာ အကျယ်တဝင့် ထုတ်ဖော်ဖွင့်ပြတော်မူကြသည်၊ အရကောက်ပြတော်မူကြသည်။

ထိုအရကောက်ကျမ်းတို့တွင် ယမိုက်အရကောက်ကျမ်း၊ ပဋ္ဌာန်းအရကောက်ကျမ်းတို့၌ အနက်အဓိပ္ပါယ်များနှင့်တကွ အရကောက်ပြပုံတို့မှာ နက်နဲခက်ခဲလှပါသည်၊ ထိုအရကောက်ပုံတို့ကို နားလည်နိုင်ရန် ပဋ္ဌာနဖော်နှင့် ယမကဖော်(ပထမတွဲ)တို့ကို ရေးသားခဲ့ပြီး ဖြစ်ပါသည်။ ယခု ယမကဖော်(ဒုတိယတွဲ)ကို ဆက်လက်ရေးသားပါသည်၊ ယမကဖော်(ပထမတွဲ)၌ ပါဠိတော်ထွက်ပုံ၊ အရကောက်ပုံ၊ ဝါရယှက်ဟောပုံတို့ကို အသေးစိတ် ညွှန်ပြခဲ့ပြီး ဖြစ်ပါသည်၊ ထို့ကြောင့် ဤယမကဖော်(ဒုတိယတွဲ)၌ အထက်ယမိုက် ၅-ကျမ်းကို အရကောက်ကျမ်းလာအတိုင်း ဟောနိုင်ရန်၊ အရကောက်နိုင်ရန် သင့်လျော်ရုံ လိုအပ်သလောက်သာ ရှင်းပြပါသည်၊ အောက်ယမိုက်များကို နားလည်သဘောပေါက်ခဲ့ပြီးပါက အထက်ယမိုက်များကို နားလည်သဘောပေါက်နိုင်ပါသည်။

ပါဠိတော်ဟောပုံထူးခြားသည်မှာ အနုသယယမိုက်နှင့် စိတ္တယမိုက်တို့ ဖြစ်ပါသည်၊ အနုသယယမိုက်၌ ဝါရတိုင်း ဝါရတိုင်းတွင် ပဝတ္တိဋ္ဌာန လေးဋ္ဌာနကို အခြေခံကာ ဧကမူမှစ၍ ဆမူအထိဟောထားရာ လွန်စွာကျယ်ဝန်းလှပါသည်၊ ဤသည်ကို တစ်ခုချင်းရှင်းပြနေရလျှင် ရှင်းရင်းရှင်းရင်း ရှုပ်ထွေးသွားနိုင်ပါသည်၊ ထို့ကြောင့် ပါဠိတော်နှင့်တိုက်ဆိုင်ကာ ဟောနည်းကိုသာ ညွှန်ပြရပါသည်၊ အရကောက်ပုံကား မခက်ပါ။ စိတ္တယမိုက်၌ ဝါရကြီး ၃-ဝါရကိုမူတည်ကာ ပုဂ္ဂလစသော ၃ဝါရ၊ ဥပ္ပါဒနိရောဓကာလသမ္ဘေဒစသော ဝါရငယ် ၁၄-ဝါရတို့ဖြင့် ဟောပြတော်မူထားပါသည်၊ ယင်းဝါရတို့ကို ဟောနိုင်ရန် ဇီထိချကာ ရှင်းပြထားပါသည်၊ ဇီထိကို သဘောပေါက်ပါက လွယ်ကူစွာ ဟောနိုင်ပါလိမ့်မည်၊ အရကောက်ပုံကား မခက်ပါ။ ဣန္ဒြိယယမိုက်ကား ဣန္ဒြေသရုပ်များသည့်အတိုင်း ကျယ်ဝန်းလှပါသည်၊ ပဋိသန္ဓေခဏ၊ စုတိခဏ ၂-ချက်၌သာဟောသည့်ဣန္ဒြေ၊ ပဋိသန္ဓေ၊ ပဝတ္တိ၊ စုတိခဏ ၃-ချက်လုံး၌ ဟောသည့်ဣန္ဒြေဟု ၂-မျိုးရှိသည့်

http://www.dhammadownload.com



အတွက် ၂–ပိုင်းခွဲကာ ရှင်းပြထားပါသည်။ ပရိညာဝါရ၌လည်း ပါဠိတော်နည်း, အရကောက်နည်းဟု ၂နည်းသရုပ်ခွဲပြထားပါသည်၊ အညိန္ဒြေမူလ–မူလဳဝယ် ပါဠိတော်စာအုပ်၌ "မဗ္ဗေ ဆ ဉာဏာနိ အညိန္ဒြိယာနိ"အရ ပစ္စုပ္ပန္နဝါရ၌ အထက် မဂ္ဂဋ္ဌာန် ၃ယောက်လုံးကို ယူပြီးထုတ်ထားသည့် ဝိဘင်းပါဠိရှိပါသည်၊ အရကောက်ဆရာကြီးက ပရိညာကိစ္စဟူသည် မတ္တကကိစ္စပတ္တဖြစ်၍ အရဟတ္တ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် တစ်ယောက်ကိုသာယူပြီး ဝိဘင်းထုတ် အရကောက်ပြထားပါ သည်၊ ထို့ကြောင့် သရုပ် ၂နည်း ခွဲပြထားပါသည်။

ဤသို့လျှင် ဤယမကဖောစိ၌ ဝိဘင်းထုတ်ပုံ, အရကောက်ပုံတို့ကို သက်ဆိုင်ရာ ယမိုက်အလိုက် သရုပ်ခွဲ၍လည်းကောင်း၊ ပီထိချပြ၍လည်းကောင်း သဘောသဘာဝ ယူဆချက်နှင့်တကွ ရှင်းလင်းတင်ပြထားပါသည်။ ဤရှင်းပြချက်များသည် အရကောက်ဆရာတော်ကြီး၏ အာဘော်ကို ဖော်သည့်အနေအားဖြင့်လည်းကောင်း၊ ရှေးရှေးဆရာတော်တို့၏ ပို့ချချက်များကို နည်းယူ၍လည်းကောင်း၊ နှစ်ပေါင်း ၃၀–ကျော်ပို့ချပြီးမှ ရလာသောအတွေ့အကြုံများကို အခြေခံ၍လည်းကောင်း ဖော်ထုတ်ထားသည့် ရှင်းပြချက်များ ဖြစ်ပါသည်၊အမှားမြင်က ပြင်ဆင်တော်မူကြပါရန် ခွင့်ပန်ပါသည်။

အရှင်ဂုဏိသရ
၁၃၇၁–ခုနှစ်၊ သီတင်းကျွတ်လပြည့် အဘိဓမ္မာနေ့။
(၃၊ ၁၀၊ ၂၀၀၉)

http://www.dhammadownload.com



# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၆။ သင်္ခါရယမိုက်၊ | ပဏ္ဏတ္တိဝါရ | ၁ |
| | ပဝတ္တိဝါရ | ၉ |
| | ပရိညာဝါရ | ၄၁ |
| ၇။ အနုသယယမိုက်၊ | အခြေခံ | ၄၂ |
| | အနုသယဝါရ | ၅၃ |
| | ပဇဟာနဝါရ | ၅၆ |
| | ပဟီနဝါရ | ၅၈ |
| | ဓာတုဝါရ | ၅၉ |
| ၈။ စိတ္တယမိုက်၊ | ဥဒ္ဒေသ | ၆၀ |
| | ၁-သုဒ္ဓစိတ္တသာမည | ၆၈ |
| | ၂-သုတ္တန္တစိတ္တမိဿကဝိသေသ | ၈၆ |
| | ၃-အဘိဓမ္မစိတ္တမိဿကဝိသေသ | ၉၀ |
| ၉။ ဓမ္မယမိုက်၊ | ပဏ္ဏတ္တိဝါရ | ၉၄ |
| | ပဝတ္တိဝါရ | ၉၉ |
| | ဘာဝနာဝါရ | ၁၁၄ |
| ၁၀။ ဣန္ဒြိယယမိုက်၊ | ပဏ္ဏတ္တိဝါရ | ၁၁၅ |
| ပဝတ္တိဝါရ၊ | ပထမပိုင်း | ၁၂၄ |
| | ဒုတိယပိုင်း | ၁၄၂ |
| | ပရိညာဝါရ | ၁၅၉ |
| ပါဠိတော်အချုပ်- | | |
| | သင်္ခါရယမိုက် | ၁၆၁ |
| | အနုသယယမိုက် | ၁၈၄ |
| | စိတ္တယမိုက် | ၂၃၈ |
| | ဓမ္မယမိုက် | ၂၅၉ |
| | ဣန္ဒြိယယမိုက် | ၂၇၅ |
| | နိဂုံး | ၃၄၅ |

http://www.dhammadownload.com



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ၆။ သင်္ခါရယမိုက်

## ပဏ္ဏတ္တိဝါရ ၊ ဥဒ္ဒေသ

သစ္စယမိုက်ကို ဟောတော်မူသည်၏အခြားမဲ့၌ သင်္ခါရယမိုက်ကိုဟောတော်မူ၏၊ ထိုသင်္ခါရယမိုက်သည်လည်း–

| | |
|---|---|
| ပဏ္ဏတ္တိဝါရ+ပဝတ္တိဝါရ+ပရိညာဝါရ | = ၃။ |
| ဥဒ္ဒေသ+နိဒ္ဒေသ | = ၂။ |
| ပရိစ္ဆေဒဝါရ+ပရိစ္ဆိန္နုဒ္ဒေသဝါရ+ဝိဘာဂဝါရ | = ၃။ |
| တစ်နည်းကား–သင်္ခါရုဒ္ဒေသ+နာမဝဝတ္ထာန်+သရူပကျွာ+နယဝါရ | = ၄။ |

ဟောဟန်ကား–

၁။ သင်္ခါရုဒ္ဒေသ = တယော သင်္ခါရာ။

၂။ နာမဝဝတ္ထာန် = ကာယသင်္ခါရော၊ ဝစီသင်္ခါရော၊ စိတ္တသင်္ခါရော။

၃။ သရူပကျွာဝါရ = အဿာသပဿာသာ ကာယသင်္ခါရော၊ ဝိတက္က–ဝိစာရာ ဝစီသင်္ခါရော၊ သညာ စ ဝေဒနာ စ စိတ္တ–သင်္ခါရော၊ ထပေတွာ ဝိတက္ကဝိစာရေ သဗ္ဗေပိ စိတ္တသမ္ပယုတ္တကာ ဓမ္မာ စိတ္တသင်္ခါရော။

၄။ နယဝါရ = ပဒသောဓနဝါရ+ပဒသောဓနမူလစက္ကဝါရ+သုဒ္ဓသင်္ခါရဝါရ = ၃။

### ၄။ နယဝါရ

| ၁။ ပဒသောဓနဝါရ | ၂။ မူလစက္ကဝါရ | ၃။ သုဒ္ဓသင်္ခါရ |
|---|---|---|
| ကာယော၊ ကာယသင်္ခါရော | သင်္ခါရာ၊ ဝစီ, စိတ္တ | ကာယ, ဝစီ |
| ဝစီ၊ ဝစီသင်္ခါရော | ။ ကာယ, စိတ္တ | ကာယ,စိတ္တ |
| စိတ္တံ၊ စိတ္တသင်္ခါရော | ။ ကာယ, ဝစီ | ဝစီ, စိတ္တ |

http://www.dhammadownload.com



**ပါဠိတော်ဟောပုံ။** ။ပဒသောဓနဝါရ အနုလုံမှာ " ကာယော, ကာယသင်္ခါရော။ ကာယသင်္ခါရော, ကာယော " လို့ ရှေ့နောက်အပြန်အလှန် (အနုလောမ၊ ပဋိလောမ) ဟောပါ။ ပစ္စနိက်မှာ န, ပဋိသေဓထည့်ပြီး " န ကာယော, န ကာယသင်္ခါရော" စသည်ဖြင့်ဟောပါ။ ပဒသောဓနမူလစက္က ဝါရမှာ ပဒသောဓနဝါရကို မူလအခြေခံ (အနုလောမ)ထားပြီး "ကာယော ကာယသင်္ခါရော။ သင်္ခါရာ ဝစီသင်္ခါရော"စသည်ဖြင့် မူလီသွတ်ကာ မူလီကို ပဋိလောမထားပြီး ဟောပါ။

သုဒ္ဓသင်္ခါရဝါရမှာ " ကာယသင်္ခါရော, ဝစီသင်္ခါရော " ဟု အနုလောမ ၊ ဝစီသင်္ခါရော, ကာယသင်္ခါရော " လို့ ပဋိလောမဟောပါ ၊ ပစ္စနိက်မှာ န, ပဋိသေဓ ထည့်ပြီး ဟောပါ ။

## ဝါရစသည်ရေတွက်ပုံ

သင်္ခါရယမိုက်၏ ပဏ္ဏတ္တိဝါရ ဥဒ္ဒေသ၌ ဝါရငယ် ၃-ပါး ၊ နယ ၆-ပါး ၊ ယမက ၂၄-ပါး ၊ ပုစ္ဆာ ၄၈-ပါး ၊ အတ္ထ ၉၆-ပါးဖြစ်သတည်း ။

အဋ္ဌစတ္တာလီသ ဟောန္တိ၊ ပုစ္ဆာ သင်္ခါရယမကေ။
ပဏ္ဏတ္တိဝါရဥဒ္ဒေသေ၊ ဣတိ ဧ ယျာ ဝိဘာဝိနာ။

ရှေးမြန်မာတစ်နာရီသည် ယခုခေတ်စက်နာရီ ၂၄-မိနစ်နှင့် ညီမျှ၏။

| | | |
|---|---|---|
| ရှေးမြန်မာတစ်နာရီလျှင် ထွက်သက် – ၃၆၀ | } | ၇၂၀ |
| ဝင်သက် – ၃၆၀ | | |
| | | × ၆၀–နာရီ |
| တစ်နေ့လျှင် ထွက်သက်ဝင်သက်ပေါင်း– | | ၄၃၂၀၀ |
| ယခုခေတ်တစ်နာရီလျှင် ထွက်သက် – ၉၀၀ | } | ၁၈၀၀ |
| ဝင်သက် – ၉၀၀ | | |
| | | × ၂၄ – နာရီ |
| တစ်နေ့လျှင် ထွက်သက်ဝင်သက်ပေါင်း– | | ၄၃၂၀၀ |

**ထွက်သက်ဝင်သက် မရသူများ**

**ဆောင်။** ။အမိဝမ်းဖြစ်၊ ရေငုပ်နစ်တည်း၊ တွက်စစ်လေပါ၊ ပြဟ္မာဟူသမျှ နိရောဓနှင့်၊ စတုတ္ထစျာန်နေ၊ တွေဝေလေသူ၊ သေသသူဟု၊ မှတ်ယူညှိမျှ၊ ခုနစ်ဝ၊ မရ ထွက်သက်ဝင်သက်တည်း။ (ဝိသုဒ္ဓါရုံ)

http://www.dhammadownload.com



## သင်္ဂါရသရုပ်ခွဲ

| | ကာယ | ဝစီ | စိတ္တ | ဈာန်ဘုံ စိတ်ပုဂ်၊ ခွဲဝေထုတ်၊ သရုပ်မြင်ပါစေ။ |
|---|---|---|---|---|
| ဈာန် | ။ | ။ | ။ | ၁ – ပထမဈာန်ဇော–၂၀။ |
| | | ။ | ။ | ၂ – ဒုဈာန်ဇော–၁၀၊ တဈာန်ဇော–၁၀။ |
| | | | ။ | ၃ – စတုတ္ထဈာန်ဇော–၁၈။ |
| ဘုံ | ။ | ။ | ။ | ၁ – ကာမ ၁၁–ဘုံ။ |
| | | ။ | ။ | ၂ – အသညသတ်မှတစ်ပါး ရူ–၁၅၊ အရူ၄ဘုံ။ |
| | | | | ၃ – အသညသတ်ဘုံ။ |
| စိတ္တုပ္ပါဒ် | ။ | ။ | ။ | ၁ – ဒွေး၁၀၊ ပဋိ၊ စုတိတို့မှတစ်ပါး ကာမစိတ်–၄၄ |
| | | ။ | ။ | ၂ – ပဈာန်ဝိပါက် ဒုဈာန်ဝိပါက်။ |
| | | ။ | ။ | ၃–ဒွေး၁၀၊ တ, စ,မဈာန်ဝိပါက်၊ အရူပဝိပါက်။ |
| ပုဂ္ဂိုလ် | ။ | ။ | ။ | ၁–ဗလဝါရမ္မဏဖြစ်သော ကာမာဝစရပုဂ္ဂိုလ်။ |
| | | ။ | ။ | ၂–ဒုဗ္ဗလာရမ္မဏဖြစ်သော ကာမာဝစရပုဂ္ဂိုလ် [အမိဝမ်းကိန်း၊ စဈာန်ဝင်၊ ရေခဲကိန်း၊ မုစ္ဆာကာလဋ္ဌဖြစ်သော ပုဂ္ဂိုလ်။] |
| | | ။ | ။ | ၃ – ရူပ,အရူပပုဂ္ဂိုလ် ။ |
| | | | | ၄ – အသညသတ်၊ နိရောဓဝင်စားခိုက်၊ သေသော(ခပ်သိမ်းသောစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ)ပုဂ္ဂိုလ်။ |

## ဆိုရိုးနှင့် အဓိပ္ပါယ်

**၁။ ကာယသင်္ခါရ။** ။ကာယသင်္ခါရဟူသည်ကား စတုသမုဋ္ဌာနိက ရုပ်ဟုဆိုအပ်သော ကရဇကာယ၏ အကျိုးဆက်ဖြစ်သော အဿာသပဿာသ ဟု ဆိုအပ်သော စိတ္တဇဝါယောဓာတ်တည်း။ ထိုကာယသင်္ခါရသည်–

(၁) ဈာန်အားဖြင့် ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်တို့၌ဖြစ်၏၊ စတုတ္ထဈာန်၌ မဖြစ်။

(၂) ဘုံအားဖြင့်ကား ကာမတစ်ဆယ့်တစ်ဘုံ၌သာ ဖြစ်၏၊ ရူပဘုံ အရူပဘုံတို့၌ မဖြစ်။

http://www.dhammadownload.com



(၃) စိတ္တုပ္ပါဒ်အားဖြင့်ကား ဒွေးပဉ္စဝိညာဉ်တစ်ဆယ်, ပဋိသန္ဓေစုတိမှတစ်ပါးသော စိတ်လေးဆယ့်လေးခု၌သာ ဖြစ်၏။

(၄) ပုဂ္ဂိုလ်အားဖြင့်ကား ဗလပါရမ္မဏာဖြစ်သော ကာမပုဂ္ဂိုလ်၌သာ ဖြစ်၏။ အမိဝမ်း၌ ကိန်းနေသောပုဂ္ဂိုလ်၊ ရေ့ခြဲကိန်းသောပုဂ္ဂိုလ်၊ မုစ္ဆာကာလ၌ ဖြစ်သောပုဂ္ဂိုလ်၊ သေသောပုဂ္ဂိုလ်၊ စတုတ္ထဈာန်ဝင်စားနိုက်သော ကာမပုဂ္ဂိုလ် ရူပပုဂ္ဂိုလ် အရူပပုဂ္ဂိုလ်၊ နိရောဓသမာပတ် ဝင်စားနိုက်သောပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ်တို့၌ မဖြစ်။

**၂။ ဝစီသင်္ခါရ။** ။ဝစီသင်္ခါရဟူသည်ကား ဝစီ၏အကြောင်းဖြစ်သော ဝိတက်ဝိစာရတည်း။ ထိုဝစီသင်္ခါရသည်–

(၁) ဈာန်အားဖြင့် မူလဘူတဖြစ်သော ပထမဈာန်၌သာ ဖြစ်၏။

(၂) ဘုံအားဖြင့်ကား အသညသတ်ဘုံမှ တစ်ပါးသော အလုံးစုံသောဘုံ၌ ဖြစ်၏။

(၃) စိတ္တုပ္ပါဒ်အားဖြင့်ကား ဒွေးပဉ္စဝိညာဉ်မှတစ်ပါးသော ကာမစိတ် ၄၄–ခု၊ ပထမဈာန်ဝိပါက်၊ ဒုတိယဈာန်ဝိပါက်တို့၌သာ ဖြစ်၏။ [ပထမဈာန်ဝိပါက် ဒုတိယဈာန်ဝိပါက်တို့ကို (အရကောက်စာအုပ်၌ မပြသော်လည်း) ဆရာနည်းအရ ထည့်ထားပါသည်။]

(၄) ပုဂ္ဂိုလ်အားဖြင့်ကား အသညသတ်ပုဂ္ဂိုလ်, နိရောဓသမာပတ် ဝင်စားနိုက်သောပုဂ္ဂိုလ်, သေသောပုဂ္ဂိုလ်မှတစ်ပါး အလုံးစုံသောပုဂ္ဂိုလ်၌ ဖြစ်ပါသည်။

**၃။ စိတ္တသင်္ခါရ။** ။စိတ္တသင်္ခါရဟူသည်ကား ဝိတက်ဝိစာရမှတစ်ပါးသော စေတသိက် ၅၀–တည်း။ ထိုစိတ္တသင်္ခါရသည်–

(၁) ဈာန်အားဖြင့် အလုံးစုံသော ဈာန်၌ဖြစ်၏။

(၂) ဘုံအားဖြင့်ကား အသညသတ်ဘုံမှ တစ်ပါးသော အလုံးစုံသော ဘုံ၌ ဖြစ်၏။

(၃) စိတ္တုပ္ပါဒ်အားဖြင့်ကား အလုံးစုံသော ကာမစိတ် ၅၄–ခု၊ မဟဂ္ဂုတ်ဝိပါက် ၉–ခုတို့၌ ဖြစ်၏။ [မဟဂ္ဂုတ်ဝိပါက် ၉–ခုကို (အရကောက်စာအုပ်၌ မပါသော်လည်း) ဆရာနည်းအရ ထည့်ထားပါသည်။]

(၄) ပုဂ္ဂိုလ်အားဖြင့်ကား အသညသတ်ပုဂ္ဂိုလ်,နိရောဓသမာပတ် ဝင်စားနိုက်သောပုဂ္ဂိုလ်, သေသောပုဂ္ဂိုလ်မှတစ်ပါး အလုံးစုံသောပုဂ္ဂိုလ်၌ဖြစ်၏။

http://www.dhammadownload.com



ဒီသင်္ဂါရမှာ တစ်ခုသတိပြုဖို့က မဟဂ္ဂုတ်, လောကုတ္တရာဈာန်ဇောများကို "ဈာန်စိတ်"လို့ခေါ်ပြီး ကျန်စိတ်များကို "စိတ္တုပ္ပါဒ်"လို့ ခေါ်ပါတယ်၊ ကျန်စိတ် ဆိုတာက ကာမစိတ် ၅၄-ပါးနဲ့ မဟဂ္ဂုတ်ဝိပါက် ၉-ပါးတို့ဖြစ်ပါတယ်။

**ဆောင်** ၁။ ပ ဒု တ ဈာန်၊ ဘုံကာမံ၊ ဒွေးချန် စိတ်ကာမ။
ဗလဝါရမ္မဏာ၊ ပုဂ်ကာမာ၊ မှတ်ပါ ကာယ-သင်္ဂါရ ။
၂။ ဈာန်ပထမာ၊ ဘုံပုဂ်မှာ၊ ကာမာရူပ-အရူပ။
ပဋိဝိဉ် ကင်းပ၊ စိတ်ကာမနှင့်၊ ပ ဒု ဈာန် ဝိ၊ စိတ္တုပ်သိ၊ ဝစီသင်္ဂါရ။
၃။ ဈာန်ဘုံ စိတ်ပုဂ်၊ အကုန်ထုတ်၊ သရုပ်စိတ္တ-သင်္ဂါရ။
သဉ် နိ သေသူ၊ ပုဂ္ဂိုလ်မူ၊ သုံးဆူ သင်္ဂါရ-လွတ်ကင်းပ။

ဥဒ္ဒေသဝါရ ပြီး၏။

http://www.dhammadownload.com



## ပဏ္ဏတ္တိဝါရ၊ နိဒ္ဒေသ

### ၁။ ပဒသောဓနဝါရ

| အနုလုံ–သန္နိဋ္ဌာန်(ကာယော) | သံသယ(ကာယသင်္ခါရော) |
|---|---|
| ၁။ စတုသမုဋ္ဌာနိကရုပ်ဟုဆိုအပ်သော အကြောင်းဖြစ်သော ကရဇကာယ။ | ကရဇကာယ၏ အကျိုးဆက်ဖြစ်သော အဿာသပဿာသဟုဆိုအပ်သော စိတ္တဇဝါယောဓာတ်။ |
| ၂။ အကျိုးဆက်ဖြစ်သော ဝစီဘေဒသဒ္ဒ။ | ဝစီဘေဒသဒ္ဒ၏ အကြောင်းဖြစ်သော ဝိတက်, ဝိစာရ။ |
| ၃။ အကြောင်းဖြစ်သော စိတ်–၈၉ ။ | အကျိုးဖြစ်သော ဝိတက်, ဝိစာရမှ တစ်ပါး စေ–၅၀။ |

အနုလုံမှာ သန္နိဋ္ဌာန်,သံသယတို့ အရမတူသောကြောင့် "နော" ဝိဘင်းချည်း ထုတ်ပါ၊ ပစ္စနိက်မှာ "ကာယော၊ ကာယသင်္ခါရော" တို့ကို တစ်ဖက်ရဝိဘင်း လှည့် ဟောပါ၊ ၂–ဖက်ရကို "ကာယဥ္စ ကာယသင်္ခါရဉ္စ ထပေတွာ အဝသေသာ နစေဝ ကာယော န စ ကာယသင်္ခါရော" လို့ ဝိဘင်းထုတ်ပါ၊ ဝစီ, စိတ္တတို့ မှာလည်း နည်းတူပင် ဖြစ်ပါတယ်။

### ပစ္စနိက် ၂–ဖက်ရ (န ကာယော၊ န ကာယသင်္ခါရော)

၁။ ကာယ,ကာယသင်္ခါရမှတစ်ပါး စိတ်–၈၉၊ စေ–၅၂၊ ရုပ်–၂၈၊ နိဗ္ဗာန်၊ ပညတ်။
၂။ ဝစီ, ဝစီသင်္ခါရမှတစ်ပါး–၈၉၊ ၅၀၊ ၂၈၊ နိဗ္ဗာန်၊ ပညတ်။
၃။ စိတ္တ, စိတ္တသင်္ခါရမှတစ်ပါး ဝိတက်ဝိစာရ၊ ရုပ်–၂၈၊ နိဗ္ဗာန်၊ ပညတ်။

### ၂။ ပဒသောဓနမူလစက္ကဝါရ

| အနုလုံ–အနုလောမ | ပဋိလောမ |
|---|---|
| ၁။ ကာယော၊ ကာယသင်္ခါရော | သင်္ခါရာ၊ ဝစီ,စိတ္တသင်္ခါရော |
| ၂။ ဝစီ၊ ဝစီသင်္ခါရော | ။ ကာယ, စိတ္တ – |
| ၃။ စိတ္တံ၊ စိတ္တသင်္ခါရော (ပဒသောဓနအတိုင်း) | ။ ကာယ, ဝစီ – |

http://www.dhammadownload.com



| ပစ္စနိက်–အနုလောမ | ပဋိလောမ |
|---|---|
| န ကာယော၊ န ကာယသင်္ခါရော (ပဒသောဓနအတိုင်း) | န သင်္ခါရာ၊ န ဝစီသင်္ခါရော |

အနုလုံအနုလောမမှာ ပဒသောဓနဝါရအတိုင်း "နော" ဝိဘင်းချည်းထုတ်ပါ၊ ပဋိလောမမှာ "ဝစီသင်္ခါရော သင်္ခါရောစေဝ ဝစီသင်္ခါရောစ၊ အဝသေသာ သင်္ခါရာ န ဝစီသင်္ခါရော" လို့ ၂–ဖက်ရ တစ်ဖက်ရ ဝိဘင်းလိမ်ထုတ်ပါ ၊ ဒီပဋိလောမမှာ သန္နိဋ္ဌာန် "သင်္ခါရာ" အရ သင်္ခါရ ၃–ပါးလုံးရပါတယ် ၊ သံသယ "ဝစီသင်္ခါရော" အရ ဝစီသင်္ခါရသာ ရပါတယ် ၊ ဒါ့ကြောင့် ကာယ, စိတ္တသင်္ခါရတို့ကို တစ်ဖက်ရ၊ ဝစီသင်္ခါရကို ၂–ဖက်ရကောက်ပါ၊ ကျန်မူလမူလီများမှာလည်း နည်းတူ ပင်ဖြစ်ပါတယ်။

ပစ္စနိက်အနုလောမမှာ ပဒသောဓနဝါရအတိုင်း တစ်ဖက်ရ ၂–ဖက်ရဝိဘင်း ထုတ်ပါ၊ ပဋိလောမမှာ "အာမန္တာ" ချည်းထုတ်ပါ၊ "သင်္ခါရ ၃–ပါးမှတစ်ပါး စိတ် ၈၉၊ ရုပ်–၂၈၊ နိဗ္ဗာန်၊ ပညတ်ရ၏" လို့ ကောက်ပါ။

## ၃။ သုဒ္ဓသင်္ခါရဝါရ

| အနုလုံ–သန္နိဋ္ဌာန် | သံသယ | ပစ္စနိက် ၂–ဖက်ရ | |
|---|---|---|---|
| ၁။ ကာယသင်္ခါရော၊ | ဝစီသင်္ခါရော | န ကာယသင်္ခါရော၊ | န ဝစီသင်္ခါရော |
| ၂။ ကာယသင်္ခါရော၊ | စိတ္တသင်္ခါရော | န ကာယ | န စိတ္တ |
| ၃။ ဝစီသင်္ခါရော၊ | စိတ္တသင်္ခါရော | န ဝစီ | န စိတ္တ |

အနုလုံမှာ သင်္ခါရ ၃–ပါးတို့ တစ်ပါးနှင့်တစ်ပါး အရမတူသောကြောင့် "နော" ဝိဘင်းချည်းထုတ်ပါ ၊ ပဒသောဓနဝါရမှာ အရကောက်ခဲ့သည့်အတိုင်း သင်္ခါရ ၃–ပါးတို့၏အရကို အသီးသီးကောက်ပါ ။

ပစ္စနိက်မှ တစ်ဖက်ရ ၂–ဖက်ရဝိဘင်း ထုတ်ပါ၊ အနုလောမမှာ "ဝစီသင်္ခါရော န ကာယသင်္ခါရော ဝစီသင်္ခါရော၊ ကာယသင်္ခါရဉ္စ ဝစီသင်္ခါရဉ္စ ထပေတွာ အဝသေသာ နစေဝ ကာယသင်္ခါရော နစ ဝစီသင်္ခါရော" လို့ ဝိဘင်းထုတ်ပါ၊ ပဋိလောမမှာ "ကာယသင်္ခါရော န ဝစီသင်္ခါရော ကာယသင်္ခါရော၊ ဝစီသင်္ခါရဉ္စ ကာယသင်္ခါရဉ္စ ထပေတွာ အဝသေသာ နစေဝ ဝစီသင်္ခါရော နစ ကာယသင်္ခါရော" လို့ ဝိဘင်းထုတ်ပါ၊ ကျန်မူလ မူလီများကိုလည်း ဤနည်းတူထုတ်ပါ ။

http://www.dhammadownload.com



## အရကောက်

၁။ နကာယ နဝစီသင်္ခါရ မှာ ကာယဝစီသင်္ခါရမှတစ်ပါး ၈၉၊ ၅၀၊ ၂၈၊ နိဗ္ဗာန်၊ ပညတ်–တို့ကို ၂–ဖက်ရကောက်ပါ။

၂။ နကာယ နစိတ္တမှာ ကာယစိတ္တသင်္ခါရမှတစ်ပါး ၈၉၊ ဝိတက်ဝိစာရ၊ ၂၈၊ နိဗ္ဗာန်၊ ပညတ် ။

၃။ နဝစီ နစိတ္တမှာ ဝစီစိတ္တသင်္ခါရမှတစ်ပါး ၈၉၊ ၂၈၊ နိဗ္ဗာန်၊ ပညတ်။

ပဏ္ဏတ္တိဝါရ ပြီး၏။

http://www.dhammadownload.com



# ပဝတ္တိဝါရ

## ပဝတ္တိဝါရ အခြေခံ

၁။ ဒီသင်္ဂါရယမိုက် ပဝတ္တိဝါရမှာ သင်္ဂါရသရုပ်အားဖြင့် သင်္ဂါရ ၃-ပါးကို ဟောပါတယ်၊

၂။ ကာလဘေဒအားဖြင့် ပစ္စုပ္ပန်စသော ဝါရ ၆-ပါးလုံးကို ဟောပါတယ်၊

၃။ ဠမသို့ဣ သင်္ဂါရယမကေ "အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ ဝိတက္က ဝိစာရာနံ ဥပ္ပါဒက္ခဏေ"တိအာဒိဝစနတော ပစ္စုပ္ပန္နာဒိကာလဘေဒေါ ပဝတ္တိ-ဝသေနာပိ ဂဟေတဗ္ဗော၊ န စုတိပဋိသန္ဓိဝသေနေဝ-ဟူသော အဋ္ဌကထာဆရာ၏ မိန့်ဆိုချက်အရ ခဏအားဖြင့် ပဋိသန္ဓေ, ပဝတ္တိ, စုတိ-ဟူသော ခဏ ၃-ပါး လုံးကို ဟောပါတယ်။

၄။ ခဏ ၃-ပါးလုံးကို ဟောအပ်သောကြောင့် (မဂ်ပုဂ္ဂိုလ် ၄-ယောက်ကိုပါ ရနိုင်၍) ပုဂ္ဂိုလ်အားဖြင့် ပုထုဇဉ် ၄-ယောက်, အရိယာ ၈-ယောက်-ဟု ၁၂-ယောက်လုံးကိုပင် ဟောပါတယ်။

၅။ "ဒုတိယဈာနေ တတိယဈာနေ တတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇတိ"တိ အာဒိဝစနတော စ ဈာနမ္ပိ ဩကာသဝသေန ဂဟိတံ-ဟူသော အဋ္ဌကထာဆရာ၏ မိန့်ဆိုချက်အရ ပထမဈာန်စသော ဈာန် ၄-ပါးလုံးကိုလည်း "ဩကာသ=ဘုံ" အနေအားဖြင့် ဟောပါတယ်။

၆။ သင်္ဂါရ ၃-ပါးတို့တွင် ဝစီသင်္ခါရနှင့် စိတ္တသင်္ခါရသည် ပဋိသန္ဓေ, ပဝတ္တိ, စုတိ-ဟူသော ကာလ ၃-ပါး၌ ဖြစ်ပါတယ်၊ ကာယသင်္ခါရက ပဝတ္တိအခါ မှာသာ ထိုက်သည်အားလျော်စွာ ဖြစ်ပါတယ်၊ ပဋိသန္ဓေအခါ စုတိအခါတို့မှာ မဖြစ်ပါဘူး။

**ဆောင်။** ။ခဏသုံးလီ၊ ဝစီစိတ္တ၊ ဖြစ်ကုန်ကြ၊ ကာယသင်္ခါ ပဝတ်သာ။

ရှင်းရှုးမယ်ဆိုလျှင်၊ ကာယသင်္ခါရအရ အဿာသပဿာသဟူသောထွက် သက် ဝင်သက် စိတ္တဇဝါယောဓာတ်ကိုလည်းကောင်း၊ ယင်း စိတ္တဇဝါယောဓာတ် ဟူသော ကာယသင်္ခါရ၏ဖြစ်ရာ စိတ္တုပ္ပါဒ်များကိုလည်းကောင်း ပဏ္ဏတ္တိဝါရမှာ

http://www.dhammadownload.com



ပြခဲ့ပြီးပါပြီ။ အဲဒီ ထွက်သက်ဝင်သက်ဟာ ပဋိသန္ဓေတည်ဆဲဥပါဒ်ခဏ, စုတိဆဲဘင်ခဏတို့၌ မဖြစ်နိုင်ပါဘူး ပဝတ္တိအခါမှာသာ ဖြစ်နိုင်ပါတယ်။

ဝစီသင်္ခါရအရ ဝစီဘေဒသဒ္ဒ၏ အကြောင်းဖြစ်တဲ့ (ဝစီဘေဒသဒ္ဒကို ဖြစ်စေနိုင်တဲ့)ကြံစည်မှု တွေးတောမှု သဘောရှိသည့် ဝိတက်ဝိစာရတို့ကို ပဏ္ဍတ္တိဝါရမှာ အရကောက်ခဲ့ပါတယ်။ အဲဒီ ဝိတက်ဝိစာရနှင့် တကွဖြစ်သောစိတ်ကို သဝိတက္ကသဝိစာရစိတ်၊ တကွမဖြစ်သောစိတ်ကို အဝိတက္ကအဝိစာရစိတ်–လို့ ခေါ်ပါတယ်။ သဝိတက္ကသဝိစာရစိတ် အခိုက်အတန့်မှာ ဝစီသင်္ခါရ ဖြစ်နိုင်ပါတယ်၊ အဝိတက္ကအဝိစာရစိတ် အခိုက်အတန့်မှာတော့ ဝစီသင်္ခါရ မဖြစ်နိုင်ပါဘူး ။ ပဋိသန္ဓေ, ပဝတ္တိ, စုတိ–ကာလသုံးပါးလုံးမှာ သဝိတက္ကသဝိစာရစိတ်များ အားလုံးကုန်တစ်ပြိုင်နက် မဖြစ်နိုင်ဘဲထိုက်သည်အားလျော်စွာသာ ဖြစ်နိုင်ပုံကို ဉာဏ်ဖြင့်စဉ်းစားကြည့်နိုင်ပါတယ်။

စိတ္တသင်္ခါရ အရ ဝိတက်ဝိစာရမှတစ်ပါး စေတသိက် ၅၀–ကိုလည်းကောင်း၊ စိတ္တသင်္ခါရ၏ဖြစ်ရာ စိတ္တုပ္ပါဒ်များကိုလည်းကောင်း ပဏ္ဍတ္တိဝါရ၌ပင် ပြခဲ့ပါပြီ။ ပဋိသန္ဓေ, ပဝတ္တိ, စုတိ ကာလသုံးပါးလုံး၌ စိတ္တသင်္ခါရဟူသော စိတ္တုပ္ပါဒ်များသည် ဥပါဒ်တိုင်း ဥပါဒ်တိုင်း ဖြစ်နိုင်ကြပါတယ်။ အဲဒီတော့ သင်္ခါရ ၃–ပါးတို့၏ သဘောကိုလည်းကောင်း၊ ကာလ ၃–ပါးတို့၏ သဘောကိုလည်းကောင်း၊ သင်္ခါရ ၃–ပါးတို့၏ ကာလ ၃–ပါး၌ ဖြစ်,မဖြစ်ကိုလည်းကောင်း ပိုင်းပိုင်းခြားခြား နားလည်မှတ်သားထားရပါမယ်။

၇။ အပ္ပနာဇောဟုဆိုအပ်သော မဟဂ္ဂုတ်လောကုတ္တရာ ဈာန်ဇော ၅၀–တို့၏ အခိုက်အတန့်နှင့် ပြည့်စုံသူကို "ဈာန်ဝင်စားသူ"လို့ ခေါ်ပါတယ်။ ကာမစိတ် ၅၄–ခုနှင့် မဟဂ္ဂုတ်ဝိပါက် ၉–ခုတို့ အခိုက်အတန့်နှင့် ပြည့်စုံသူကို "ဈာန်မဝင်စားသူ"လို့ ခေါ်ပါတယ်။

၈။ စိတ်တို့ရဲ့သဘောဟာ ထွက်သက်ဝင်သက်ကို ရှူရှိုက်နေစဉ် အခါမှာလည်း ဖြစ်လျက်ပင်ရှိပါတယ်။ ဒါ့ကြောင့် ထွက်သက်ဝင်သက်ကို ရှူရှိုက်နေစဉ်အခါ၌ဖြစ်သော စိတ်ဟူသမျှတို့၏ ဥပါဒ်အခိုက်အတန့်ကို "အဿာသပဿာသနှင့်တကွဖြစ်သော"ဟုလည်းကောင်း၊ ထွက်သက်ဝင်သက် တန့်နေစဉ်အခါ၌ဖြစ်သော စိတ်ဟူသမျှတို့၏ ဥပါဒ်အခိုက်အတန့်ကို "အဿာသပဿာသကင်းသော"ဟု လည်းကောင်း ခေါ်ဆိုရပါတယ်။

http://www.dhammadownload.com



စိတ်တို့မည်သည် ဥပါဒ်ခဏ၌သာ စိတ္တဇရုပ်ကို ဖြစ်စေနိုင်ကြပါတယ်၊ ဌီခဏ, ဘင်ခဏတို့၌ စိတ္တဇရုပ်ကို မဖြစ်စေနိုင်ကြပါဘူး၊ ဒါ့ကြောင့် သဗ္ဗေသံ စိတ္တာသ ဘင်္ဂက္ခဏေ–ခပ်သိမ်းသောစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီပုဂ္ဂိုလ်ကို အရ ကောက်ရာမှာ "အသညာသပသညာသနှင့် တကွဖြစ်သော၊ အသညာသပသညာသ ကင်းသော"ဟူသော ဝိသေသနများ ထည့်စွက်ရန် မလိုတော့ဘူး။

## ၉။ ချာန်ဇောရေတွက်ပုံ(စတုက္ကနည်း)

(၁) ရူပကုသိုလ်ကြိယာ ပထမချာန်ဇော–၂၊ လောကုတ္တရာ ပထမချာန်ဇော ၈၊ ပေါင်း ပထမချာန်ဇော–၁၀။ ရူပကုသိုလ်ကြိယာ ဒုတိယချာန်ဇော–၂၊ လောကုတ္တရာ ဒုတိယချာန်ဇော–၈၊ ပေါင်း ဒုတိယချာန်ဇော–၁၀။ ၎င်းနှစ်ခုတို့ကို ပေါင်း၍ စတုက္ကနည်းအားဖြင့် ပထမချာန်ဇော ၂၀–လို့ ရေတွက်ပါတယ်။ [ပထမချာန်–၁၁၊ ဒုတိယချာန်–၁၁၌ ဇောမထိုက်သည့် ဝိပါက်စိတ် ၂–ခုကို ပယ် နှုတ်ထားသည်။]

(၂) ရူပကုသိုလ်ကြိယာ တတိယချာန်ဇော–၂၊ လောကုတ္တရာ တတိယချာန် ဇော ၈၊ ပေါင်း ဒုတိယချာန်ဇော–၁၀။ (စတုက္ကနည်း)

(၃) ရူပကုသိုလ်ကြိယာ စတုတ္ထချာန်ဇော–၂၊ လောကုတ္တရာ စတုတ္ထချာန် ဇော–၈၊ ပေါင်း တတိယချာန်ဇော–၁၀။

(၄) မဟဂ္ဂုတ်ကုသိုလ်ပဉ္စမချာန်–၅၊ ကြိယာပဉ္စမချာန်–၅၊ လောကုတ္တရာ ပဉ္စမချာန်–၈၊ ပေါင်း စတုတ္ထချာန်ဇော–၁၈။ ဒါဟာ ကာမဘုံ ရူပဘုံတို့မှာ ရအပ် တဲ့ ချာန်ဇောများဖြစ်ပါတယ်။

အရူပဘုံမှာတော့ သောတာပတ္တိမဂ်နှင့် ရူပချာန်များ မဖြစ်နိုင်ကြပါဘူး၊ ဒါ့ကြောင့် ၎င်းတို့ကို ပယ်နုတ်ပြီး ရေတွက်ရပါမယ်။ စတုက္ကနည်းအားဖြင့် သောတာပတ္တိမဂ်ကြဉ် လောကုတ္တရာ ပထမချာန်ဇော (၇+၇)–၁၄၊ ဒုတိယချာန် ဇော–၇၊ တတိယချာန်ဇော–၇၊ အရူပကုသိုလ်–၄၊ ကြိယာ–၄၊ သောတာပတ္တိမဂ် ကြဉ် လောကုတ္တရာပဉ္စမချာန်ဇော–၇၊ ပေါင်း စတုတ္ထချာန်ဇော–၁၅။ ဒီအချက် များကို ကြေညက်အောင် လေ့လာထားရပါမယ်။

http://www.dhammadownload.com



## ဟောရိုးစစ်

ပဏ္ဏတ္တိဝါရကို ဟောတော်မူသည်၏အခြားမဲ့၌ ပဝတ္တိဝါရကို ဟောတော်မူ၏၊ ထိုပဝတ္တိဝါရသည်လည်း–

ဥပ္ပါဒဝါရ+နိရောဓဝါရ+ဥပ္ပါဒနိရောဓဝါရ –၃
ပစ္စုပ္ပန္နဝါရ+အတီတ+အနာဂတ+ပွန်တီ+ပွန်နာ+တီနာ –၆
အနုလုံ+ပစ္စနိက် –၂
ပုဂ္ဂလဝါရ+ဩကာသဝါရ+ပုဂ္ဂလောကာသဝါရ –၃
ကာယသင်္ခါရမူ+ဝစီသင်္ခါရမူ –၂
ဝစီသင်္ခါရမူလီ+စိတ္တသင်္ခါရမူလီ –၂
အနုလောမ+ပဋိလောမ –၂
ပုစ္ဆာ+ဝိသဇ္ဇနာ –၂
သန္နိဋ္ဌာန်+သံသယ –၂

ဟောဟန်ကား–

### ဩကာသဝါရ

ဒီသင်္ခါရယမိုက်မှာလဲ အောက်ယမိုက်များအတိုင်း ဩကာသဝါရကို အရင်ဟောပါမယ်၊ ဩကာသဝါရဟာ သူ့ဆိုင်ရာယမိုက်ရဲ့ အခြေခံသရုပ်ဆိုတာကို အမြဲတမ်း ပြောနေပါတယ်၊ စကားလုံးတွေဟာ ထပ်နေပါပြီ၊ ဒီလိုထပ်ပြောမှလဲ စွဲမှာဖြစ်ပါတယ်၊ ဒါ့ကြောင့် ထပ်ထပ်ပြောနေရပါတယ်။ ထပ်ဟောရဲ့ အမြွတ်သဘောကို အတတ်ဟောရမယ်ဆိုရင် ပါးစပ်ပြောမဟုတ်ပါဘူး၊–

| ကာယ | ဝစီ | စိတ္တ | သရုပ် | ပစ္စနိက် |
|---|---|---|---|---|
| ။ | ။ | ။ | ၁–ပထမဈာနေ တတ္ထ | |
| ။ | | ။ | ၂–၃၊ တ–ဈာနေ တတ္ထ | ၆–အသညသတ္တေ တတ္ထ |
| | | ။ | ၃–စတုတ္ထဈာနေ တတ္ထ | |
| ။ | ။ | | ၄–ကာမာဝစရေ တတ္ထ | |
| | ။ | ။ | ၅–ရူ၊ အရူပါဝစရေ တတ္ထ | |

ဩကာသဝါရက မခက်ပါဘူး၊ ခွဲပြထားတဲ့ သရုပ်ကိုကြည့်ပါ၊ ဈာန် ၃–ပုံနဲ့ ဘုံ၃–ပုံသာ ရှိပါတယ်။ သရုပ်ကိုကြည့်ပြီး ပထမဈာန်၌ သင်္ခါရသုံးပါးလုံး

http://www.dhammadownload.com



ရှိပုံ၊ ဒုတိယ, တတိယဈာန်များ၌ ကာယသင်္ခါရစိတ္တသင်္ခါရသာရှိပုံ၊ စတုတ္ထဈာန်၌ စိတ္တသင်္ခါရသာရှိပုံ၊ ကာမဘုံ၌ သင်္ခါရသုံးပါးလုံးရှိပုံ၊ ရူပ, အရူပဘုံများ၌ ကာယသင်္ခါရ မရပုံ၊ အသညသတ်ဘုံ၌ သင်္ခါရ ၃-ပါးလုံး မရပုံများကို သဘောညဏ်သက်ဝင်သည်အထိ မှတ်သားထားဖို့ပဲလိုပါတယ်။ ဒါ နားလည်သဘောပေါက်လျှင် ပါဠိတော် ဟောနိုင်ပါပြီ၊ မူလ+မူလီ တစ်ဖက်ရ, နှစ်ဖက်ရကြည့်ပြီး ဟောပါ၊ အောက်ယမိုက်ဆိုခဲ့ပြီးသူက ဒီမှာ ခက်စရာအကြောင်း မရှိပါဘူး။

## သင်္ခါရယမိုက်၊ ပဝတ္တိဝါရ၊ တရားသရုပ် အချုပ်

### ပစ္စုပ္ပန်

| ကာယ | ဝစီ | စိတ္တ | × |
|---|---|---|---|
| အဿာ-ပ ဒု တဈာန်<br>၀၀ | သဝိ, သစာ-ပဈာန်<br>၀၀ | ပဒုတစဈာန်<br>၀၀ | (သဗ္ဗေသံ စိတ္တဿ<br>ဥပ္ပါ/ဘင်္ဂက္ခဏေ) |
| ကာမ-၄၄။ | ကာမ-၄၄၊<br>ရူပ၊ အရူပ။ | ကာမ-၅၄၊<br>ရူပ၊ အရူပ။ | နိရောဓသမာပန္နာနံ၊<br>အသညသတ္တာနံ။ |
| (အဿာနှင့်တကွစိတ်)<br>၀၀ | (သဝိ,သစာစိတ်)<br>၀၀ | (စိတ်အားလုံး)<br>၀၀ | |

**အတိတ်ပုဂ္ဂလ။** ။သဗ္ဗပုဂ္ဂလ (အားလုံးရ) ။

### အတိတ် ၊ ပုဂ္ဂလော

| အရင်းခံသရုပ် | × | စိတ္တ | ဝစီ၊ စိတ္တ | ကာယ၊ စိတ္တ |
|---|---|---|---|---|
| ၁/ ဈာနေဝကာသ | | စ-ဈာန် | ပ-ဈာန် | ပဒုတ-ဈာန် |
| ၂/ ဘုမ္မောကာသ | | | | |
| ၁-ကာမ | | | ကာမာဝစရာနံ | ကာမာဝစရာနံ |
| ၂-သုဒ္ဓါဝါသ | ပဋ္ဌိ | ဘွင်-၁၆မ | ဓဓဓဓဓဓဓ-စု။ | |
| ၃-ကြွင်းရူ၊ အရူ | | | ပဋ္ဌိ-စု။ | |
| ၄-အသညသတ် | | | | |

http://www.dhammadownload.com



## အနာဂတ်၊ ပုဂ္ဂလ+ပုဂ္ဂလော

| အရင်းခံသရုပ် | ကာ၊ စီ၊ စိ | ဝစီ၊ စိတ္တ | စိတ္တ | × |
|---|---|---|---|---|
| ၁/ပစ္ဆိမဘဝိက<br>ကာမ<br>မရဏာသန္န<br>ဝီထိ<br>ရူ-အရူ<br>မရဏာသန္န<br>ဝီထိ | ပဋိဘွင်-ဘွင် | ၃၃ ၃၂ ဓရုံရုံ-<br>ဘွင် ဘွင်-၀ ဓ၄ ဓ-<br>၀၀၀<br>အဆုံးအသာ ဓရုံရုံဘွင်-<br>ဓဘွင်-<br>သ,ပြု/ပဋိဘွင်နဒမဓ-၅ဘွင်<br>အ,ပြု /ပဋိဘွင် နဒမဓ-၄ | ဓ<br>ဓ ဘွင်<br>၀၀၀၀၀၀ | ပစ္ဆိမ<br>၀၀၀<br>ပစ္ဆိမ<br>၀၀၀<br>ပစ္ဆိမ<br>၀၀၀ |
| ၂/ကာမမှ-<br>ရူ အရူသို့၊<br>ရူ-အရူချင်း | ပဋိဘွင်, ဘွင် | ဘွင် ဘွင်-နဒ-ဝဓ၅စု။<br>အဆုံးအသာ<br>အသညသတ်,<br>အကနိဋ္ဌမှတစ်ပါး ရူ,အရူ | | |
| ၃/ကာမဖြစ်ပြန်<br>ချာနေဝကာသ<br>ဝင်စား/ပဉနဂေါ<br>မဝင်စား/ပဉနဂေါ | ပဋိ- စု ။<br>ကာမ၊သုဒ္ဓါမှတစ်ပါး<br>ရူ၊ အရူ<br>ချာန်--ချာန်။<br>ချာန်--ချာန် | ချာန်--ချာန်-- | | ချာန်။<br>၀၀၀ |
| ဘုမ္မောကာသ | (ဣ) ကာမ၊ | (ဣ)ကာမ,ရူပ,အရူပ | | အသည<br>သတ္တာနံ |

ဝီထိမှာ အထက်က ၁-နံပါတ် ပစ္ဆိမဘဝိကအတိုင်း။

**မှတ်ဖွယ်။** ။ပုဂ္ဂလဝါရ ၌ နိရောဓသမာပန္နပုဂ္ဂိုလ်, အသညသတ်ပုဂ္ဂိုလ်များ ကာယ, ဝစီ, စိတ္တ ၃-ပါးလုံး ဖြစ်လတ္တံ့ချုပ်လတ္တံ့ရ၏၊ ဝိဘင်းသီးသန့်ကား မထွက်၊ ဝါရယှက် ပစ္စုပ္ပန္နာနာဂတပုဂ္ဂလဝါရကျမှ အနာဂတ်၏ တစ်ဖက်ရ ဝိဘင်းထွက်ပါလိမ့်မယ် ။

http://www.dhammadownload.com



## ပဝတ္တိဝါရ၊ ပစ္စုပ္ပန္န၊ ဥပ္ပါဒ

အခု ပစ္စုပ္ပန္နဝါရကို ဟောကြရမယ်၊ တရားဝင်မဟောခင် ပစ္စုပ္ပန္နဝါရရဲ့ သဘောတရားကို ကြိုတင်သိထားကြမှဖြစ်မယ်၊ ဒါ့ကြောင့် သရုပ်ခွဲပြထားတဲ့ ပစ္စုပ္ပန္နဝါရကို အာရုံပြုပါ၊ အဲဒီသရုပ်ကိုကြည့်ပြီး ပြောမှာပါ။ သင်္ခါရက ၃-ပါးဆိုတော့ အဲဒီသင်္ခါရတို့ရဲ့ (ပစ္စုပ္ပန္နဝါရနဲ့ဆက်နွယ်တဲ့) သဘာဝကို နားလည်ထားရမယ်၊ ဒါဖြင့် ရှင်းကြရအောင်။

### (၁) ကာယသင်္ခါရ

"အဿာသပဿာသာ ကာယသင်္ခါရော"လို့ဆိုတော့ ကာယသင်္ခါရကို (က) အဿာသပဿာသနှင့် တကွဖြစ်သော စိတ်၊ (ခ) အဿာသပဿာသ ကင်းသော စိတ်-လို့ နှစ်မျိုးခွဲထားရမယ်၊ ဒါမှ အရကောက်တဲ့အခါ သဘော ပေါက်ပါလိမ့်မယ်။ (အဿာနှင့်တကွဖြစ်သော၊ (ခ) အဿာကင်းသော-လို့ အတိုချုပ်မှတ်ခဲ့ပါ။) ကာယသင်္ခါရမှာ "အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ၊ ဘင်္ဂက္ခဏေ"လို့ ဝိဘင်းထုတ်ရပါတယ်၊ သူမရတဲ့တရားတွေကိုတော့ "ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ"လို့ထုတ်ရပါတယ်၊

### (၂) ဝစီသင်္ခါရ

"ဝိတက္ကဝိစာရာ ဝစီသင်္ခါရော"လို့ဆိုတော့ ဝစီသင်္ခါရကို (က) ဝိတက် ဝိစာရနှင့် ယှဉ်သောစိတ်၊ (ခ) ဝိတက်ဝိစာရနှင့် မယှဉ်သောစိတ်-လို့ နှစ်မျိုးခွဲထားရမယ်။ (သူ့ကိုလဲ သဝိ သစာ၊ (ခ) အဝိ အစာ-လို့ အတိုချုပ်မှတ်ခဲ့ပါ။) ဝစီသင်္ခါရမှာ "ဝိတက္ကဝိစာရာနံ ဥပ္ပါဒက္ခဏေ၊ ဘင်္ဂက္ခဏေ"လို့ ဝိဘင်းထုတ်ရပါတယ်၊ မရတဲ့တရားတွေကိုတော့ "ဝိနာ ဝိတက္ကဝိစာရေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ၊ ဘင်္ဂက္ခဏေ"လို့ ထုတ်ရပါတယ်။

ဒီဝစီသင်္ခါရမှာ ဒါနဲ့မပြီးသေးဘူး၊ သင်္ခါရယမိုက် အခြေခံသရုပ်ထဲမှာ ကာမ, ရူပ, အရူပတွေ ပါနေပါတယ်၊ အဲဒီဘုံတွေအလိုက် ဝိတက်ဝိစာရတို့ ယှဉ်, မယှဉ်စိတ်တွေကို သိထားဖို့ သရုပ်ကွဲထားဖို့ လိုပါတယ်၊ ဒီသရုပ်မကွဲရင် အရကောက်နားလည်မှာ မဟုတ်ပါဘူး၊ ဒါ့ကြောင့် ဒီသရုပ်ကို ခွဲကြရအောင်။

http://www.dhammadownload.com



အသီတိ ဝီထိစိတ္တာနိ၊ ကာမေ ရူပေ ယထာရဟံ။
စတုသဋ္ဌိ တထာ ရူပေ၊ ဒွေစတ္တာလီသ လဗ္ဘရေ။

ဒီဂါထာ ရတယ်မဟုတ်လား၊ ဘယ်မှာပါသလဲ၊ ဟော့... မေးလိုက်ရင် ရုတ်တရက် မရဘူး၊ စပ်ဖြစပ်ဖြနဲ့၊ ဒီလိုပုံစံနဲ့ ယမိုက်ပဋ္ဌာန်းဆိုနေလို့ ဘယ်နားလည်လိမ့်မှာတုန်း၊ တစ်ခါတစ်ရံ ငေါ့တော့တော့ ပြောလိုက်ရသေးတယ်၊ အစေလက ဝင်မှာ ပါတယ်မဟုတ်လား-လို့။ အခြေခံစာကို လွှတ်မပစ်ရဘူး၊ အခြေခံစာကို အခြေတည်ပြီး အထက်တန်းကို တက်ရပါတယ်၊ ဒါ့ကြောင့် ဒီအခြေခံဂါထာကို ကြည့်ပြီး သရုပ်ခွဲကြရအောင်။

**ကာမဘုံ**။ ။ကာမဘုံမှာ မဟဂ္ဂုတ်ဝိပါက် ၉-ခုကြဉ် ဝီထိစိတ် (၈၀) ရပါတယ်၊ ဒါ နောက်ထပ် အထူးပြောစရာ မလိုတော့ပါဘူး။

**ရူပဘုံ**။ ။ရူပဘုံမှာ (၆၄)ပါး ရပါတယ်။ သူ့သရုပ်က-လောဘမူ၊ မောဟမူ။ စက္ခုဝိ-၂၊ သော-၂၊ သံ-၂၊ တီ-၃၊ အဟိတ်ကြိ-၃၊ မဟာကု-၃၊ မဟာကြိ-၈။ မဟဂ္ဂုတ်ကု-၉၊ ကြိ-၉။ လောကုတ်-၈။ ဒါကဝီထိစိတ်အနေနဲ့ ရတာပါ၊ သာမညစိတ်အနေနဲ့ ပြောရင် ရူပဝိပါက် ၅-ခုထပ်ထည့်၊ ပေါင်း (၆၉) ပါး ရပါတယ်။

**အရူပဘုံ**။ ။အရူပဘုံမှာ (၄၂)ပါး ရပါတယ်။ သူ့သရုပ်က-လောဘမူ၊ မောဟမူ။ မနောဒွါ။ မဟာကု-၈၊ ကြိ-၈။ အရူပကု-၄၊ ကြိ-၄။ အထက်မဂ်-၃၊ ဖိုလ်-၄။ ဒီမှာလဲ ဝီထိစိတ်အနေနဲ့ ရတာဖြစ်ပါတယ်၊ သာမညစိတ်အနေနဲ့ ပြောရရင် ရူပဝိပါက် ၄-ခုထပ်ထည့်၊ ပေါင်း(၄၆)ပါး ရပါတယ်။

အခြေခံသင်္ဂြိုဟ်မှာ သင်ယူခဲ့တဲ့ ဒီသရုပ်ကို နားလည်ထားပြီးသား ဖြစ်ရမယ်၊ အခုထုတ်ပြတဲ့သရုပ်ကို ညက်နေအောင် ကျက်မှတ်ပါ၊ ဆောင်ပုဒ်လုပ်ပေးဖို့ မလိုပါဘူး၊ ဒါသည်ပင်လျှင် ဆောင်ပုဒ်လို့ သဘောထားပါ။ ရူပဘုံမှာဆိုရင် "လောဘမူ, မောဟမူ, စက္ခုဝိညာဉ်ဒွေး, သောတဝိညာဉ်ဒွေး"စသည်ဖြင့် နှုတ်တက်နေပါစေ။ အရူပဘုံသရုပ်ကိုလဲ"လောဘမူ, မောဟမူ, မနောဒွါရာဝဇ္ဇန်း" စသည်ဖြင့် နှုတ်တက်နေပါစေ။ အဲဒီထဲကမှ သဝိတက္ကသဝိစာရစိတ်, အဝိတက္က အဝိစာရစိတ် ခွဲယူရမယ်၊ ဒီလို အခြေခံကိုင်လိုက်တော့ လွယ်သွားတာပေါ့။ သဝိတက္ကသဝိစာရဆိုတော့ ဝိတက်နဲ့ယှဉ်တဲ့စိတ်၊ ဝိစာရနဲ့ယှဉ်တဲ့စိတ်၊ ဒါအထူး ပြောစရာမလိုပါဘူး၊ သိပြီးသားပါ။ ကိုင်း -သရုပ်နေပုံကိုကြည့်။

http://www.dhammadownload.com



ပစ္စုပ္ပန္န၊ ဥပ္ပါဒ

| | သဝိတက္ကသဝိစာရ | အဝိတက္ကအဝိစာရ |
|---|---|---|
| **ကာမဘုံ**– | ဒွေးပဥ္စဝိကြဉ် ကာမ–၄၄။ | –ဒွေးပဥ္စဝိ–၁၀။ |
| **ရူပဘုံ**– | လော၊ မော။ သံ–၂၊ တီ–၃၊ အဟိတ်ကြိ–၃။မဟာကြိ–၈။ ပ, ဒုစျာန်ဝိပါက်–၂။ (၃၆) | –စက္ခု–၂၊ သော–၂။ တ, စ, မစျာန် ဝိပါက်–၃။ (၇) |
| **အရူပဘုံ**– | လော၊ မော။ မနောဒွါ။ မဟာကု–၈၊ ကြိ–၈။ (၂၇) | –အရူပဝိပါက်–၄။ |

ဒီသရုပ်ကို သေချာစွာကြည့်ပါ။ ရူပဘုံက သဝိ–သစာ, အဝိ–အစာ ၂ခုကို ပေါင်းလိုက်ရင် ၄၃–ပေါ့၊ အဲဒါကို ပေါင်းကောက်တဲ့အခါမှာ "လော၊ မော။ စက္ခု–၂၊ သော–၂၊ သံ–၂၊ တီ–၃၊ အဟိတ်ကြိ–၃။ မဟာကု–၈၊ ကြိ–၈။ ရူပဝိပါက်–၅ခု"လို့ စိတ်အစဉ်အတိုင်းကြအောင် ဆိုရိုးပြုရပါတယ်။ ဒီအတိုင်းပဲ အရူပဘုံက သဝိ–သစာ, အဝိ–အစာ ၂ခုကို ပေါင်းလိုက်ရင် ၃၁။ ဒါကို ပေါင်းကောက်တဲ့အခါမှာ "လော၊ မော။ မနောဒွါ။ မဟာကု–၈၊ ကြိ–၈။ အရူပဝိပါက် ၄–ခု"လို့ ဆိုရိုးပြုရပါတယ်။ (ကာယမူ+စိတ္တမူလီ။ ၃၁၄–၅) သရုပ်ခွဲပြထားတာနဲ့ တိုက်ဆိုင်ကြည့်ပါ၊ သဘောပေါက်အောင်ကြည့်ပါ။

## (၃) စိတ္တသင်္ခါရ

စိတ္တသင်္ခါရဆိုတာက ပဏ္ဏတ္တိဝါရ ဥဒ္ဒေသတုန်းက ဟောခဲ့တဲ့အတိုင်း ဝိတက်ဝိစာရမှတစ်ပါး စေတသိက် ၅၀–ဖြစ်ပါတယ်၊ စျာန်, ဘုံ, စိတ်, ပုဂ်အားလုံးလောက် ရတယ်ဆိုပါတော့၊ ပဏ္ဏတ္တိတုန်းက သရုပ်ခွဲခဲ့ပြီးပါပြီ။

အခုပြောခဲ့တာတွေဟာ ပစ္စုပ္ပန္နဝါရ ဟောနိုင်ဖို့ အခြေခံအချက်အလက်တွေ ဖြစ်ပါတယ်၊ ဒီအချက်အလက်တွေကို မပျက်မကွက် လေ့လာမှတ်သားကြရမယ်၊ အသက်ထွက်ချင် ထွက်သွားစမ်းပါစေဆိုတဲ့ ခွဲမျိုးလိုပါတယ်၊ ဒါကသဘော ပြောတာပါ၊ အသက်ထွက်အောင်လဲ မလုပ်ပါနဲ့၊ ဘယ်သူမှလဲ အသက်ထွက် အောင် လုပ်မှာမဟုတ်ဘူး၊ လောကအနေနဲ့ပြောရင် အရက်တစ်ခွက်လောက် တောင် တန်ဖိုးထားဖို့ အခက်သားလား။

http://www.dhammadownload.com



## ပစ္စုပ္ပန္နဝါရ ဆိုရိုးများ

အခြေခံသဘောတရား အချက်အလက်များကို ပြောခဲ့ပြီးပါပြီ၊ အရကောက် ဆိုရိုးများကို ကြိုတင်ကျက်မှတ်ထားသင့်ပါတယ်၊ အရမ်းကျက်ဖို့မဟုတ်ပါဘူး၊ သဘောဉာဏ်သက်ဝင်စေပြီး ကျက်ဖို့ဖြစ်ပါတယ်၊ အရကောက်ဆိုရိုးများကို ထုတ်ပြပါမယ်။

### ၁။ အသညာသပသညာသာနံ ဥပ္ပါဒက္ခဏေ

အသညာသပသညာသနှင့်တကွ ပထမဈာန်ဇောနှစ်ဆယ်, ဒုတိယဈာန်ဇော တစ်ဆယ်, တတိယဈာန်ဇော တစ်ဆယ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရပုဂ္ဂိုလ် (တို့အား ပထမဈာန် ဒုတိယဈာန် တတိယ ဈာန်ဟုဆိုအပ်သော ဈာနောကာသ)။

အသညာသပသညာသနှင့်တကွဖြစ်သော ဒွေးပဉ္စဝိညာဉ်တစ်ဆယ်ကြဉ်သော ကာမစိတ် လေးဆယ့်လေးခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင် စားသော ကာမာဝစရပုဂ္ဂိုလ် (တို့အား ကာမ ၁၁–ဘုံဟုဆိုအပ်သော ဘုမ္မော ကာသ)။

### ၂။ ဝိနာ ဝိတက္ကဝိစာရေဟိ အသညာသပသညာသာနံ ဥပ္ပါဒက္ခဏေ

အသညာသပသညာသနှင့်တကွ ဒုတိယဈာန်ဇော–၁၀၊ တတိယဈာန်ဇော– ၁၀တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရပုဂ္ဂိုလ် (တို့အား ဒု, တ, ဈာန်ဟုဆိုအပ်သော ဈာနောကာသ)။

### ၃။ ပထမဇ္ဈာနံ သမာပန္နာနံ ကာမာဝစရာနံ အသညာ–ဥပ္ပါ

အသညာသပသညာသနှင့်တကွ ပထမဈာန်ဇော ၂၀–တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ ဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရပုဂ္ဂိုလ် (တို့အား ပထမဈာန်ဟု ဆိုအပ်သော ဈာနောကာသ)။

အသညာသပသညာသနှင့်တကွ ဒွေးပဉ္စဝိညာဉ်တစ်ဆယ်ကြဉ်သောကာမစိတ် ၄၄–ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်(တို့အား ကာမ ၁၁–ဘုံဟုဆိုအပ်သော ဘုမ္မောကာသ)။

http://www.dhammadownload.com



ပစ္စုပ္ပန္န၊ ဥပ္ပါဒ

## ၄။ ဝိတက္ကဝိစာရာနံ ဥပ္ပါဒက္ခဏေ

ပ–ဈာန်ဇော ၂၀–တို့၏ ဥပ္ပါ–ကာမာဝစရ ရူပါဝစရပုဂ္ဂိုလ်၊ သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာပထမဈာန်ဇော ၁၄–ခုတို့၏ ဥပ္ပါ–အရူပါဝစရပုဂ္ဂိုလ်။ (ဤပုဂ္ဂိုလ်တို့အား ပ–ဈာန်ဟုဆိုအပ်သော ဈာနောကာသ။)

ဒွေးပဉ္စဝိညာဉ်တစ်ဆယ်ကြဉ်သော ကာမစိတ် ၄၄–ခုတို့၏ ဥပ္ပါ–ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁–ဘုံ ဘုမ္မောကာသ)။ လောဘမူ,မောဟမူ၊ သံ–၂, တီ–၃, အဟိတ်ကြိ–၃၊ မဟာကု–၈ခု, မဟာကြိ–၈ခု၊ ပ–ဈာန်ဝိပါက်, ဒု–ဈာန်ဝိပါက်ဟုဆိုအပ်သော သဝိတက္ကသဝိစာရစိတ် ၃၆ခုတို့၏ ဥပ္ပါ–ရူပါဝစရပုဂ္ဂိုလ် (တို့အား အသညသတ်ကြဉ်သော ရူပ ၁၅ဘုံ–ဘုမ္မောကာသ)။လောဘမူ, မောဟမူ၊ မနောဒွါရဝဇ္ဇန်း၊ မဟာကု–၈ခု, မဟာကြိ–၈ခုဟုဆိုအပ်သော သဝိတက္ကသဝိစာရစိတ် ၂၇–ခုတို့၏ ဥပ္ပါ–အရူပါဝစရပုဂ္ဂိုလ် (တို့အား အရူပ ၄–ဘုံဟုဆိုအပ်သော ဘုမ္မောကာသ)။

## ၅။ ဝိနာ အသညာသတ္တဿသေဟိ ဝိတက္ကဝိစာရာနံ ဥပ္ပါ–

အသညာ–ကင်းသော ပ–ဈာန်ဇော ၂၀တို့၏ ဥပ္ပါ–ကာမာဝစရ ရူပါဝစရပုဂ္ဂိုလ်၊ သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာ ပ–ဈာန်ဇော ၁၄ခုတို့၏ဥပ္ပါ–အရူပါဝစရပုဂ္ဂိုလ်။(ဤပုဂ္ဂိုလ်တို့အား ပ–ဈာန်ဟုဆိုအပ်သော ဈာနောကာသ)

ဒွေးပဉ္စဝိညာဉ်တစ်ဆယ်ကြဉ်သော ကာမစိတ် ၄၄ခုတို့၏ ဥပ္ပါ–ကာမာဝစရပုဂ္ဂိုလ် (တို့အား ကာမ ၁၁ဘုံ–ဘုမ္မောကာသ)။ လောဘမူ,မောဟမူ၊ သံ–၂, တီ–၃, အဟိတ်ကြိယာ–၃၊ မဟာကု–၈ခု, မဟာကြိ–၈ခု၊ ပ–ဈာန်ဝိပါက်, ဒု–ဈာန်ဝိပါက်ဟုဆိုအပ်သော သဝိတက္ကသဝိစာရစိတ် ၃၆–ခုတို့၏ ဥပ္ပါ–ရူပါဝစရပုဂ္ဂိုလ်(တို့အား အသညသတ်ကြဉ်သော ရူပ ၁၅ဘုံ–ဘုမ္မောကာသ)။ လောဘမူ, မောဟမူ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကု–၈ခု, မဟာကြိ–၈ခုဟု ဆိုအပ်သော သဝိတက္ကသဝိစာရစိတ် ၂၇–ခုတို့၏ ဥပ္ပါ–အရူပါဝစရပုဂ္ဂိုလ် (တို့အား အရူပ ၄ဘုံ–ဘုမ္မောကာသ)။

## ၆။ ဝိနာ အသညာသတ္တဿသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ

အသညာ–ကင်းသော ပ–၂၀, ဒု–၁၀, တ–၁၀, စ–ဈာန်ဇော ၁၈–ခုတို့၏ ဥပ္ပါ–ကာမာဝစရ ရူပါဝစရပုဂ္ဂိုလ်၊ သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာ

http://www.dhammadownload.com



ပ–၁၄ခု၊ ဒ–၇ခု၊ တ–၇ခု၊ စ–ဈာန်ဇော ၁၅–ခုတို့၏ ဥပ္ပါ–အရူပါဝစရပုဂ္ဂိုလ်။ (ဤပုဂ္ဂိုလ်တို့အား ပ၊ ဒ၊ တ၊ စ–ဈာန်ဟုဆိုအပ်သော ဈာနေဝကာသ။)

အဿာ–ကင်းသော ကာမစိတ် ၄၄–ခုတို့၏ ဥပ္ပါ–ကာမာဝစရပုဂ္ဂိုလ် (တို့အား ကာမ ၁၁ဘုံ–ဘုမ္မောကာသ)။ လောဘမူ၊ မောဟမူ၊ စက္ခုဝိ–၂၊ သောတဝိ–၂၊ သံ–၂၊ တီ–၃၊ အဟိတ်ကြိ–၃ခု၊ မဟာကု–၈ခု၊ မဟာကြိ–၈ခု၊ ရူပဝိပါက် ၅–ခုဟုဆိုအပ်သော သဝိတက္ကသဝိစာရ အဝိတက္ကအဝိစာရစိတ် ၄၃–ခုတို့၏ ဥပ္ပါ–ရူပါဝစရပုဂ္ဂိုလ် (တို့အား အသညသတ်ကြဉ်သော ရူပ ၁၅ဘုံ–ဘုမ္မောကာသ)။ လောဘမူ၊ မောဟမူ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကု–ကြိ၊ အရူပဝိပါက် ၄–ခုဟုဆိုအပ်သော သဝိတက္ကသဝိစာရ အဝိတက္ကအဝိစာရစိတ် ၃၁–ခုတို့၏ ဥပ္ပါ–အရူပါဝစရပုဂ္ဂိုလ်(တို့အား အရူပ ၄ဘုံ–ဘုမ္မောကာသ)။

## ၇။ ဝိနာ ဝိတက္ကဝိစာရေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ

ဒ–၁၀၊ တ–၁၀၊ စ–ဈာန်ဇော ၁၈–ခုတို့၏ ဥပ္ပါ–ကာမာဝစရ ရူပါဝစရ ပုဂ္ဂိုလ်၊ သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာ ဒ–၇ခု၊ တ–၇ခု၊ စ–ဈာန်ဇော ၁၅–တို့၏ ဥပ္ပါ–အရူပါဝစရပုဂ္ဂိုလ်။ (ဤပုဂ္ဂိုလ်တို့အား ဒ–တ–စ–ဈာန်ဟုဆိုအပ်သော ဈာနေဝကာသ။)

ဒွေးပဉ္စဝိညာဉ်တစ်ဆယ်တို့၏ ဥပ္ပါ–ကာမာဝစရပုဂ္ဂိုလ် (တို့အား ကာမ ၁၁ဘုံ–ဘုမ္မောကာသ)။ စက္ခုဝိ–၂၊ သောတဝိ–၂၊ တ–စ–မ–ဈာန်ဝိပါက်၊ အရူပဝိပါက် ၄–ခုဟုဆိုအပ်သော အဝိတက္ကအဝိစာရစိတ် ၁၁–ခုတို့၏ ဥပ္ပါ–ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ် (တို့အား အသညသတ်ကြဉ်သော ရူပ ၁၅–ဘုံ၊ အရူပ ၄–ဘုံဟုဆိုအပ်သော ဘုမ္မောကာသ)။

## ၈။ ဝိနာ အဿာသပဿာသေဟိ အဝိတက္ကအဝိစာရစိတ္တဿ ဥပ္ပါ–

အဿာ–ကင်းသော ဒ–၁၀၊ တ–၁၀၊ စ–ဈာန်ဇော ၁၈–ခုတို့၏ ဥပ္ပါ–ကာမာဝစရ ရူပါဝစရပုဂ္ဂိုလ်၊ သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာ ဒ–၇ခု၊ တ–၇ခု၊ စ–ဈာန်ဇော ၁၅–ခုတို့၏ ဥပ္ပါ–အရူပါဝစရပုဂ္ဂိုလ်။ ဤပုဂ္ဂိုလ်တို့အား ဒ–တ–စ–ဈာန်ဟုဆိုအပ်သော ဈာနေဝကာသ။)

ဒွေးပဉ္စဝိညာဉ် ၁၀–တို့၏ ဥပ္ပါ–ကာမာဝစရပုဂ္ဂိုလ် (တို့အား ကာမ ၁၁ဘုံ –ဘုမ္မောကာသ)။ စက္ခုဝိ–၂၊ သောတဝိ–၂၊ တ–စ–မ–ဈာန်ဝိပါက်၊ အရူပဝိပါက်

http://www.dhammadownload.com



ပစ္စုပ္ပန္န၊ ဥပ္ပါဒ

၄–ခုဟုဆိုအပ်သော အဝိတက္ကအဝိစာရစိတ် ၁၁–ခုတို့၏ ဥပ္ပါ–ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ် (တို့အား အသညသတ်ကြဉ်သော ရူပ ၁၅–ဘုံ၊ အရူပ ၄–ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ)။

## ၉။ သဗ္ဗေသံ စိတ္တာသ ဘင်္ဂက္ခဏေ၊ နိရောဓ၊ အသညသတ္တာနံ

ခပ်သိမ်းသော စိတ်တို့၏ ဘင်္ဂက္ခဏာသမင်္ဂီ ဟုဆိုအပ်သော ဈာန်ဝင်စား မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ် (တို့အား ပ–ဒု–တ–စ–ဈာန်ဟုဆိုအပ်သော ဈာနောကာသ။ ကာမ ၁၁–ဘုံ၊ အသညသတ်ကြဉ်သော ရူပ ၁၅–ဘုံ၊ အရူပ ၄–ဘုံဟုဆိုအပ်သော ဘုမ္မောကာသ)။

နိရောဓသမာပတ် ဝင်စားခိုက်သော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်၊ အသညသတ် ဥပပဇ္ဇန္တစဝန္တဖြစ်သော သုဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ် (တို့အား အသညသတ်ဘုံ ဟုဆိုအပ်သော ဘုမ္မောကာသ)။

ဒါဟာ အရကောက်ဆိုရိုးများ ဖြစ်ပါတယ်၊ ဒီအရကောက်ဆိုရိုးများကို ကျေညက်အောင် လေ့လာထားရမယ်၊ ဆိုရိုး ဖတ်ကြည့်ရုံနဲ့ သဘောပေါက် လောက်ပါတယ်၊ ဆိုရိုးနောက်ကို လိုက်မကျက်ဘဲ သဘောနောက်မှာ ဆိုရိုး ဖြစ်ပါစေ၊ လိုရင်းကတော့ အခြေခံက သရုပ်ခွဲပြခဲ့တဲ့ ဝိတက်ဝိစာရတို့ ယှဉ်–မယှဉ်စိတ်ကို ကာမ, ရူပ, အရူပဘုံအလိုက် ခွဲကောက်တယ်၊ တွဲကောက်တယ်၊ အဲဒီ အခွဲအတွဲကို နားလည်ရင် ဆိုရိုးကိစ္စ ပြီးတာပါပဲ။ ဒါ့ကြောင့် သဘော လိုတယ်၊ အပြောချိုမယ်၊ မနောပျိုမယ်ဆိုရင် ဟောနိုင်ပြီ၊ သဘောပိုင်ပြီ၊ အဟော လှိုင်ပြီ။ လှိုင်ပြီ ပိုင်ပြီ နိုင်ပြီဆိုရင် မူလ+မူလီကိုင်ပြီး တရားဝင်ဟောကြစို့။

ပစ္စုပ္ပန္နဝါရဆိုတော့ ပစ္စုပ္ပန်ရဲ့သဘာဝအတိုင်း အနုလုံမှာ ဥပ္ပါဒက္ခဏာတွေ ကိုသာ တစ်ဖက်ရ နှစ်ဖက်ရ ဝေဖန်ဟောမှာ ဖြစ်ပါတယ်၊ ဘင်္ဂက္ခဏာအားလုံးက မူလ+မူလီအတိုင်း အမြဲတမ်း ပစ္စနိက်ထွက်ပါလိမ့်မယ်၊ ဒီသဘာဝကို ကြိုတင် နားလည်ထားပြီးသား ဖြစ်ရမယ်၊ အောက်ယမိုက် ပစ္စုပ္ပန်တွေတုန်းကအတိုင်း ပေါ့၊ ဒီသဘော နားလည်တယ်မဟုတ်လား၊ အမေးက ရေလာမြောင်းပေးမေး တော့ အဖြေကလည်လည်, မလည်လည် "မှန်ပါ" လာမှာပဲ၊ ကိုင်း–လည်တယ်ပဲ ဆိုပါတော့။ ဒါဖြင့် ကာယ+ဝစီ စ,ကြစို့၊ ခွဲပြထားတဲ့သရုပ်ကို အာရုံစိုက်ထားပါ၊ ဒီသရုပ်ကိုကြည့်ပြီး ရှင်းပြမှာဖြစ်ပါတယ်။

http://www.dhammadownload.com



စာစောက ပြောခဲ့တဲ့ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ၊ ဘင်္ဂက္ခဏေ။ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ၊ ဘင်္ဂက္ခဏေ–ဆိုတဲ့ ကာယရဲ့ ရ–မရဝိဘင်း။ ဝိတက္ကဝိစာရာနံ ဥပ္ပါဒက္ခဏေ၊ ဘင်္ဂက္ခဏေ။ ဝိနာ ဝိတက္ကဝိစာရေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ၊ ဘင်္ဂက္ခဏေ–ဆိုတဲ့ ဝစီရဲ့ ရ–မရဝိဘင်း များကိုလဲ မေ့မပြစ်ပါနဲ့၊ အမှတ်ရနေပါစေ၊ ရှေ့ပြောနောက်မေ့ မဖြစ်စေရဘူး၊ အရာရာသတိပေါ့။

ပညာရပ်တစ်ခုကို သင်ယူတဲ့အခါမှာ သတိ, သမာဓိ, ပညာ၊ ဒီ ၃–ချက် သိပ်အရေးကြီးပါတယ်။ အဋ္ဌကထာဆရာများကတော့ “ပါဠိဂ္ဂဟဏေ သတိ–ပုဗ္ဗင်္ဂမာယ ပညာယ, အတ္ထဂ္ဂဟဏေ ပညာပုဗ္ဗင်္ဂမာယ သတိယာ သမန္နာဂတာ”လို့ မေဓာဝိနီပုဒ်ကို ဖွင့်ပြတော်မူကြပါတယ်။ ပါဠိကို အရကျက်တဲ့အခါမှာ သတိ ပဓာန၊ အနက်အဓိပ္ပါယ်ကို ဆင်ခြင်စဉ်းစားတဲ့အခါမှာ ပညာပဓာနဖြစ်ပါတယ်။ အဲဒီ ပညာပဓာနမှာ သမာဓိအကူအညီရမှ နားလည်သဘောပေါက်နိုင်ပါတယ်၊ သမာဓိအားကောင်းရမယ်၊ “မန်းကီးသမာဓိ”မျိုးနဲ့တော့ မရဘူး ။ မန်းကီးသမာဓိ ဆိုတာ သိတယ်မဟုတ်လား။ အဲ–စကား အတော်ရှည်သွားပြီ၊ စကြစို့။

**ကာယ+ဝစီ။** ။ကာယက အဿာနှင့်တကွဖြစ်တဲ့ ပ–ဒု–တ–ဈာန်နဲ့ ကာမကို ရပါတယ်၊ ဝစီက သဝိ,သစာဖြစ်တဲ့ ပ–ဈာန်နဲ့ ကာမ, ရူပ, အရူပတို့ကို ရပါတယ်။ ဒီနှစ်ခုကို ယှဉ်ကြည့်လိုက်ရင် ဘယ်ဟာက တစ်ဖက်ရ, ဘယ်ဟာက နှစ်ဖက်ရဆိုတာ သိနိုင်ပါပြီ။ သတိပြုဖို့က ဒီမှာ အဲဒီဈာန်သရုပ် စိတ်သရုပ်တွေကို သုံးသပ်ပြီး ဝိဘင်းမထုတ်ပါဘူး ။ ကာယရဲ့ အဿာသအမည်၊ ဝစီရဲ့ ဝိတက် ဝိစာရအမည်များနဲ့ ဝိဘင်းထုတ် ဟောတော်မူပါတယ်။ ဘင်္ဂက္ခဏအားလုံးနဲ့ အဿာကင်းတဲ့ အဝိတက္ကအဝိစာရစိတ်တို့ရဲ့ ဥပ္ပါဒက္ခဏ,နိရောဓ,အသညသတ် တို့က ပစ္စနိက်နှစ်ဖက်ရများ ဖြစ်ပါတယ်၊ ပုဂ္ဂလောမှာ နိရောဓကို မထုတ်ရဘူး ပေါ့။ ဒီ စ,ကာစ မူလမူလီမှာ ဝိဘင်းပါဠိများကို ထုတ်ပြပါမယ်။

၁။ ဝိနာ ဝိတက္ကဝိစာရေဟိ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ။

၂။ ဝိနာ အဿာသပဿာသေဟိ ဝိတက္ကဝိစာရာနံ ဥပ္ပါဒက္ခဏေ။

၃။ ပဌမဈာနံ သမာပန္နာနံ၊ ကာမာဝစရာနံ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ။

F3A

http://www.dhammadownload.com



ပစ္စုပ္ပန္၊ ဥပ္ပါဒ

၄။ သဗ္ဗေသံ စိတ္တာသ ဘင်္ဂက္ခဏော၊ ဝိနာ အသညာသတ္တသဝေဟိ အဝိတက္က အဝိစာရစိတ္တာသ ဥပ္ပါဒက္ခဏော၊ နိရောဓသမာပန္နာနံ၊ အသညသတ္တာနံ။ ဒါဟာ ဝိဘင်းအချုပ်ဖြစ်ပါတယ်၊ နောက်လာမည့် မူလမူလီတွေမှာ ရှင်းပြတာကို သဘောမပေါက်တတ်သေးရင် ပါဠိတော်ပိုင်းမှာ ပြထားတဲ့ ဝိဘင်းပါဠိအချုပ်ကို ကြည့်ပါ။

**ကာယ+စိတ္တ။** ။ကာယ ရတာကို ပြောပြီးပါပြီ၊ စိတ္တက ရှာန်ကုန်, စိတ်ကုန် အားလုံးရပါတယ်၊ အနုလောမ အာမန္တာ။ ပဋိလောမမှာ အသညာကင်းတဲ့ ဥပ္ပါဒက္ခဏတွေက စိတ္တရဲ့တစ်ဖက်ရ၊ ဝိနာ အသညာသတ္တသဝေဟိ စိတ္တာသ ဥပ္ပါဒက္ခဏော။ အသညာနှင့် တကွဖြစ်တဲ့ ဥပ္ပါဒက္ခဏတွေက နှစ်ဖက်ရ၊ အသညာသ ပဿာသာနံ ဥပ္ပါဒက္ခဏော။ ဘင်္ဂက္ခဏအားလုံးနဲ့ နိရောဓ အသညသတ်တို့က ပစ္စနိက် နှစ်ဖက်ရ၊ သဗ္ဗေသံ စိတ္တာသ ဘင်္ဂက္ခဏော၊ နိရောဓသမာပန္နာနံ၊ အသည သတ္တာနံ။

**ဝစီ+စိတ္တ။** ။ဝစီရတာရော စိတ္တရတာရော ပြောပြီးပါပြီ၊ ဝစီထက် စိတ္တက အရသာပါတယ်၊ အနုလောမ အာမန္တာ။ ဝိတက်ဝိစာရကင်းတဲ့ ဥပ္ပါ ဒက္ခဏတွေက စိတ္တရဲ့တစ်ဖက်ရ၊ ဝိနာ ဝိတက္ကဝိစာရေဟိ စိတ္တာသ ဥပ္ပါဒက္ခဏော။ ဝိတက်ဝိစာရနှင့် တကွဖြစ်တဲ့ ဥပ္ပါဒက္ခဏတွေက နှစ်ဖက်ရ၊ ဝိတက္ကဝိစာရာနံ ဥပ္ပါဒက္ခဏော။ ဘင်္ဂက္ခဏအားလုံးနဲ့ နိရောဓ အသညသတ်တို့က **ပစ္စနိက်** နှစ် ဖက်ရ၊ သဗ္ဗေသံ စိတ္တာသ ဘင်္ဂက္ခဏော၊ နိရောဓသမာပန္နာနံ၊ အသညသတ္တာနံ။

အခုရှင်းပြနေတာဟာ အလွတ်ရှင်းပြ, အလွတ်ပြောနေတာ မဟုတ်ပါဘူး၊ သရုပ်ကိုကြည့် ပြောနေတာ, ရှင်းပြနေတာဖြစ်ပါတယ်၊ သရုပ်ကို အာရုံစိုက်ထား ရမယ်၊ ဒါဟာ ဥပ္ပါဒဝါရဖြစ်ပါတယ်၊ ဥပ္ပါဒဝါရ ပြီးပါပြီ။ **နိရောဓဝါရ**မှာ ဘင်္ဂက္ခဏပြောင်းဟောရုံပါပဲ၊ အောက်ယမိုက်တွေမှာ ဟောခဲ့ပြီးဖြစ်လို့ သဘော ပေါက်လောက်ပါပြီ၊ ဥပ္ပါဒနိရောဓဝါရသွားကြစို့။

*********

http://www.dhammadownload.com



## ဥပ္ပါဒနိရောဓဝါရ

ဥပ္ပါဒနိရောဓဝါရကိုင်ပုံက မခက်ပါဘူး ။ အောက်ယမိုက်တွေတုန်းကလဲ ပြောခဲ့ပြီ၊ ကိုင်ပြခဲ့ပြီ၊ သရုပ်ကွဲပြီး သဘောသွား နားလည်ဖို့သာ လိုပါတယ်၊ သဘောသွား နားလည်ရင် ကိုင်တတ် ဟောတတ်ပါတယ်၊ ဒီမှာလဲ အတန်ငယ်တော့ ရှင်းပြပါဦးမယ်။

**ကာယ+ဝစီ။** ။မူကာယက အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေကို ရပါတယ်၊ မူလီဝစီက ဝိတက္ကဝိစာရာနံ ဘင်္ဂက္ခဏေကို ရပါတယ်၊ မတူကြဘူး၊ ဒါ့ကြောင့် အနုလုံမှာ နှစ်ဖက်ရ မရှိဘူး၊ နောဝိဘင်း ထုတ်ပါ။ **ပစ္စနိက်** နှစ်ဖက်ရကျန်တာက အဿာကင်းတဲ့ ဥပ္ပါဒက္ခဏ၊ ဝိတက်ဝိစာရကင်းတဲ့ ဘင်္ဂက္ခဏ၊ နိရောဓ, အသညသတ်တို့ဖြစ်ပါတယ်။ ဝိနာ အဿာသပဿာသေဟိ စိတ္တာသ ဥပ္ပါဒက္ခဏေ၊ ဝိနာ ဝိတက္ကဝိစာရေဟိ စိတ္တာသ ဘင်္ဂက္ခဏေ၊ နိရောဓသမာပန္နာနံ၊ အသညသတ္တာနံ-လို့ ဝိဘင်းပါဠိထုတ်ပါ။ **အရကောက်တဲ့အခါမှာ** ကာယရတဲ့ ပ-ဒု-တ-စျာန်နဲ့ ကာမဥပ္ပါဒက္ခဏသမင်္ဂီ ပုဂ္ဂိုလ်ဘုံများကို ကောက်ပါ။ ဝစီရတဲ့ ပ-စျာန်နဲ့ ကာမ, ရူပ, အရူပ ဘင်္ဂက္ခဏသမင်္ဂီ ပုဂ္ဂိုလ်ဘုံများကို ကောက်ပါ။ ပစ္စနိက်ကောက်လဲ ဒီသဘောပါပဲ။

**ကာယ+စိတ္တ။** ။ကာယမူ ဝစီမူလီမှာ ကာယက ခုနကအတိုင်း အဿာ ဥပ္ပါဒက္ခဏ၊ စိတ္တက ဈာန်ကုန်, စိတ်ကုန်ရတော့ သဗ္ဗေသံ စိတ္တာသ ဘင်္ဂက္ခဏေ၊ နောဝိဘင်း။ **ပစ္စနိက်** နှစ်ဖက်ရကျန်တာက အဿာကင်းတဲ့ ဥပ္ပါဒက္ခဏနဲ့ နိရောဓ, အသညသတ်များ ဖြစ်ပါတယ်၊ မူလီဘက်က ဘင်္ဂက္ခဏမကျန်တော့ဘူး၊ အနုလုံမှာ အားလုံးထုတ်သွားပြီးပြီ။

**ဝစီ+စိတ္တ။** ။ဝစီမူ စိတ္တမူလီမှာ သူတို့ရဲ့ တရားရသရုပ် သိပြီးပါပြီ၊ ဝစီက ဝိတက်ဝိစာရ ဥပ္ပါဒက္ခဏ၊ စိတ္တက သဗ္ဗဘင်္ဂက္ခဏ၊ အနုလုံမှာ နောဝိဘင်း။ **ပစ္စနိက်** နှစ်ဖက်ရကျန်တာက ဝိတက်ဝိစာရကင်းတဲ့ ဥပ္ပါဒက္ခဏနဲ့ နိရောဓ, အသညသတ်များ ဖြစ်ပါတယ်၊ သဘောပေါက်လောက်ပါတယ်။ အခြေခံ သရုပ်ကိုနိုင်ပြီး သဘောအယူအဆကို နားလည်ရင်လွယ်ကူပါတယ်။ ဒါဟာ ပစ္စုပ္ပန္နဝါရကို ဥပ္ပါဒ-စသော ၃-ဝါရကို တစ်ခါတည်း ဟောလိုက်တာပါပဲ၊ ပစ္စုပ္ပန္နဝါရ ပြီးပါပြီ။

http://www.dhammadownload.com



## အတီတဝါရ

အတီတဝါရ ရောက်လာပါပြီ၊ ပုဂ္ဂလဝါရက ထုံးစံအတိုင်းပါပဲ၊ သင်္ခါရ ၃–ပါးလုံး မဖြစ်ဖူး မချုပ်ဖူးသော ပုဂ္ဂိုလ်မည်သည် မရှိ၊ ဖြစ်ဖူး ချုပ်ဖူးသော ပုဂ္ဂိုလ်ချည်းသာ ဖြစ်ပါတယ်၊ ဒါ့ကြောင့် အနုလုံမှာ "အာမန္တာ" ဝိဘင်းထုတ်ပြီး၊ "ခပ်သိမ်းသော ပုထုဇဉ်လေးယောက်, အရိယာရှစ်ယောက် ရှ၏"လို့ အရကောက်ပါ။ ပစ္စနိက်မှာ "နတ္ထိ" ဝိဘင်းထုတ်ပါ၊ အရကောက်စရာ မရှိပါဘူး။ ပုဂ္ဂလောကာသဝါရအတွက် ဆိုရိုးကို အရင်ကြောင်းထားကြရအောင်၊ ကျက်ထားကြရအောင်၊ မခက်ပါဘူး၊ ဝီထိထဲကိုကြည့်ပြီး ဆိုရိုးလုပ်ရမှာ ဖြစ်ပါတယ်။

### ၁။ ပထမဈာန် သမာပန္နာန်

ပထမဈာန်ဇော ၂၀–တို့၏ ခဏတ္တယသမင်္ဂီ ဟုဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပထမဈာန်ဟုဆိုအပ်သော ဈာနောကာသ။

### ၂။ ဒု–တ–ဈာန် သမာပန္နာန်

ဒု–ဈာန်ဇော ၁၁, တ–ဈာန်ဇော ၁၀တို့၏ ခဏတ္တယသမင်္ဂီ ဟုဆိုအပ်သော ဈာန်ဝင်းစားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ဒု–တ–ဈာန် ဟုဆိုအပ်သော ဈာနောကာသ။

### ၃။ စ–ဈာန် သမာပန္နာန်

စတုတ္ထဈာန်ဇော ၁၈–ခုတို့၏ ခဏတ္တယသမင်္ဂီ ဟုဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား စတုတ္ထဈာန်ဟုဆိုအပ်သော ဈာနောကာသ။

### ၄။ ကာမာဝစရာန်

ကာမစိတ် ၅၄–ခုတို့၏ ခဏတ္တယသမင်္ဂီ ဟုဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမ ၁၁–ဘုံဟုဆိုအပ်သော ဘုမ္မောကာသ။

### ၅။ ရူပါဝစရာန် အရူပါဝစရာန်

သုဒ္ဓါဝါသဖြစ်အံ့၊ ဘဝနိကန္တိကပထမဇောမှစ၍ စုတိတိုင်အောင်, ကြွင်းသော ရူပါဝစရ အရူပါဝစရဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော

http://www.dhammadownload.com



သဝိတက္ကသဝိစာရ အဝိတက္ကအဝိစာရစိတ် ၄၇–ခုတို့၏ ခဏာတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား အသည– သတ်ကြဉ်သော ရူပ ၁၅–ဘုံ၊ အရူပ ၄–ဘုံဟုဆိုအပ်သော ဘုမ္မောကာသ။

## ၆။ သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ

ရူပါဝစရပဉ္စမဈာန်ပဋိသန္ဓေတစ်ခု, စေတသိက် တိံသတို့၏ ခဏာတ္တယ သမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ၅–ဘုံ။

## ၇။ သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ

သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနောင် ပဌမဘဝင်ဟုဆိုအပ်သော မုချဒုတိယစိတ်၊ ထိုစိတ်နှင့် ဝစီသင်္ခါရဖြစ်ဖူးပြီးသည်ကို အတိတ်၌ မရကောင်းသောအဖြစ်ဖြင့် တူသောကြောင့် တံသဒိသဒုတိယစိတ်ဟုဆိုအပ်သော ဘဝင် ၁၅–ချက်, မနော ဒွါရာဝဇ္ဇန်း၊ ဤ ၁၇–ချက်သော စိတ်တို့၏ ခဏာတ္တယသမင်္ဂီဟုဆိုအပ်သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ၅–ဘုံဟုဆိုအပ်သော ဘုမ္မော ကာသ။

## ၈။ ကြွတာရေသံ ရူပါဝစရာနံ အရူပါဝစရာနံ

သုဒ္ဓါဝါသဖြစ်အံ့၊ ဘဝနိကန္တိကပဌမဇောမှစ၍ စုတိတိုင်အောင်, ကြွင်းသော ရူပါဝစရ အရူပါဝစရဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော သဝိတက္ကသဝိစာရ အဝိတက္ကအဝိစာရစိတ် ၄၇–ခုတို့၏ ခဏာတ္တယသမင်္ဂီဟုဆို အပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား အသညသတ် ကြဉ်သော ရူပ ၁၅–ဘုံ၊ အရူပ ၄–ဘုံဟုဆိုအပ်သော ဘုမ္မောကာသ။

## ၉။ အသညသတ္တာနံ

အသညသတ် ဥပ္ပဇ္ဇန္တစဝန္တဖြစ်သော သုဂတိအဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံဟုဆိုအပ်သော ဘုမ္မောကာသ။

*****

ပုဂ္ဂလောကာသဝါရမှာ (၁) ဈာနောကာသ၊ (၂) ဘုမ္မောကာသ–လို့ နှစ်ပိုင်း ရှိပါတယ်။ ဈာနောကာသပိုင်းမှာ "ပဌမဇ္ဈာနံ သမာပန္နာနံ၊ ဒုတိယဇ္ဈာနံ သမာ ပန္နာနံ"စသည်ဖြင့် ရသင့်တဲ့အလိုက် ဝိဘင်းထုတ်ရမယ်။ ဘုမ္မောကာသပိုင်းမှာ (၁) ကာမ၊ (၂) သုဒ္ဓါဝါသ၊ (၃) ကြွင်း ရူပ အရူပ၊ (၄) အသညသတ်–လို့

http://www.dhammadownload.com



၄မျိုး ခွဲပြထားပါတယ်။ သုဒ္ဓါဝါသဝီထိမှာ အပိုင်း ၃ပိုင်းရှိပါတယ်၊ အစဉ်အတိုင်း ဝိဘင်းများကတော့–

၁။ သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ။

၂။ သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ။

၃။ ဣတရေသံ ရူပါဝစရာနံ အရူပါဝစရာနံ။

ပထမအပိုင်းနဲ့ ဒုတိယအပိုင်းတို့ တပေါင်းတည်း ရတဲ့အခါမှာ ပထမအပိုင်း ပဋိသန္ဓေကို သီးသန့် ဝိဘင်းမထုတ်တော့ဘဲ "သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ"လို့သာ ဝိဘင်းထုတ်ရမယ်၊ အရကောက်တဲ့အခါမှာတော့ ပဋိသန္ဓေကိုပါ သွင်းကောက်ရမယ်၊ ဒီသဘောကို သစ္စယမိုက်တုန်းကလဲ ပြခဲ့ပြီး ပြောခဲ့ပြီး ပါပြီ၊ သုဒ္ဓါဝါသပဋိသန္ဓေနဲ့ အသညသတ်တို့ဟာ အမြဲတမ်း ပစ္စနိက်ထွက်နေ ပါလိမ့်မယ်။

## သဘာဝယူဆချက်

(၁) သင်္ခါရ ၃–ပါးတို့ရဲ့ ဆိုင်ရာဘုံစိတ်တို့မှာ ဖြစ်–မဖြစ်သဘောကို ပြော ချင်ပါသေးတယ်၊ ကာယသင်္ခါရဟာ ကာမဘုံ, ကာမပုဂ္ဂိုလ်တို့မှာသာ ဖြစ်ပါ တယ်၊ ရူပ,အရူပဘုံတို့မှာ မဖြစ်ပါဘူး။ (ပဏ္ဏတ္တိဝါရတုန်းကလပြောခဲ့ပါပြီ။) ရူပအရူပဗြဟ္မာတို့မှာ ထွက်သက်ဝင်သက် မရှိဘူး–လို့ ဆိုလိုပါတယ်။ ဒါ့ကြောင့် သုဒ္ဓါဝါသဝီထိပိုင်းမှာ ကာယသင်္ခါရကို မရနိုင်တော့ဘူး၊ ထည့်စဉ်းစားဖို့ မလို တော့ဘူး။

(၂) ပဋိသန္ဓေခဏ, ဘဝင် ၁၆ချက်ခဏတို့မှာ တွေးတောမှု, ကြံစည်မှုလို့ ဆိုတဲ့ ဝိတက်ဝိစာရတို့ မဖြစ်ကြသေးဘူး၊ အာဝဇ္ဇန်းစိတ်ကျမှ တွေးတော ကြံစည်မှု ပါလာပါတယ်၊ အဲဒီအာဝဇ္ဇန်းခဏမှာ ဝစီသင်္ခါရ ဖြစ်ဆဲသာ ရှိပါ သေးတယ်၊ အာဝဇ္ဇန်းရဲ့ ဟိုဘက်ကျမှသာ ဝစီသင်္ခါရ ဖြစ်ဖူး ချုပ်ဖူး ရပါတယ်။ ဒါ့ကြောင့် ပဋိသန္ဓေမှစ၍ မနောဒွါရာဝဇ္ဇန်းတိုင်အောင် ဝစီသင်္ခါရ ဖြစ်ဖူး ချုပ်ဖူး မရ၊ ဘဝနိကန္တိကပထမဇောမှစ၍ စုတိတိုင်အောင် ဝစီသင်္ခါရ ဖြစ်ဖူး ချုပ်ဖူး ရပါတယ်။

၃။ စိတ္တသင်္ခါရက ပဋိသန္ဓေခဏမှာ ဖြစ်ဆဲသာ ရှိပါသေးတယ်၊ ပဋိသန္ဓေရဲ့ ဟိုဘက်ကျမှသာ ဖြစ်ဖူး ချုပ်ဖူး ရပါတယ်။ ဒီသဘာဝများကို သုဒ္ဓါဝါသဝီထိကို

http://www.dhammadownload.com



ကြည့်ပြီး သဘောကျသည်အထိ တွေးတောစဉ်းစားပါ၊ ဒါမှသာ ဝိဘင်းထုတ်ရာ, အရကောက်ရာတို့မှာ နားလည် သဘောပေါက် လွယ်ကူပါလိမ့်မယ်။ ကဲ-ဒါဖြင့် မူလ+မူလီ ရ+မရသရုပ်ကြည့်ပြီး ဟောကြစို့၊ သရုပ်နဲ့ဝီထိကို အာရုံစိုက်ထားပါ။

**ကာယ+ဝစီ**။ ။(ကာယမူဆိုတော့ သုဒ္ဓါဝါသဝီထိကို ကြည့်ဖို့မလိုဘူး၊ ရိုးရိုးသရုပ်ကိုသာ ကြည့်ပါ။) ကာယရဲ့တစ်ဖက်ရက ဒု-တ-ဈာန် (ဒု-တ-ဈာန် သမာပန္နာနံ)။ ဝစီရဲ့တစ်ဖက်ရက ရူ-အရူ (ရူပါဝစရာနံ အရူပါဝစရာနံ)။ နှစ်ဖက်ရက ပထမဈာန်နဲ့ကာမ (ပထမဈာန် သမာပန္နာနံ၊ ကာမာဝစရာနံ)။ ပစ္စနိက်မှာ စတုတ္ထဈာန်နဲ့ သုဒ္ဓါဝါသဝီထိပိုင်းက ဝစီမရတဲ့ ပ-ဒု-နှစ်ပိုင်း, အသညသတ်တို့ ဖြစ်ပါတယ်။ (စ-ဈာန် သမာပန္နာနံ၊ သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ၊ အသညသတ္တာနံ။)

**ကာယ+စိတ္တ**။ ။ကာယထက် စိတ္တက သာနေပါတယ်၊ အနုလောမ အာမန္တာ။ စိတ္တရဲ့ တစ်ဖက်ရက စ-ဈာန်နဲ့ ရူ-အရူ။ နှစ်ဖက်ရက ပ-ဒု-တ-ဈာန်နဲ့ ကာမ။ ပစ္စနိက်က သုဒ္ဓါဝါသပဋိသန္ဓေနဲ့ အသညသတ်။ သရုပ်ကြည့်တတ်ရင် ရှင်းပါတယ်။

**ဝစီ+စိတ္တ**။ ။ဝစီထက် စိတ္တက သာနေပါတယ်၊ အနုလောမ အာမန္တာ။ စိတ္တရဲ့ တစ်ဖက်ရက ဒု-တ-စ-ဈာန်များနဲ့ သုဒ္ဓါဝါသဝီထိ ဒုတိယအပိုင်း။ နှစ်ဖက်ရက ပ-ဈာန်နဲ့ ကာမရယ်၊ နောက်ပြီးတော့ သုဒ္ဓါဝါသဝီထိထဲက နောက်ဆုံးအပိုင်းနဲ့ ကျန်ရူ-အရူတို့ ဖြစ်ပါတယ်၊ ဣတရေသံ ရူပါဝစရာနံ အရူပါဝစရာနံ-ဝိဘင်းပေါ့။ ပစ္စနိက်က သုဒ္ဓါဝါသပဋိသန္ဓေနဲ့ အသညသတ်တို့ပဲဖြစ်ပါတယ်။ ရှင်းတယ်မဟုတ်လား၊ မရှင်းရင် ရှုပ်လို့သာ မှတ်ပေတော့။

အတိတ်ရဲ့ သဘာဝအတိုင်း ဥပ္ပါဒ, နိရောဓ, ဥပ္ပါဒနိရောဓတို့ အတူတူပါပဲ၊ ဥပ္ပဇ္ဇိတ္ထ, နိရုဇ္ဈိတ္ထကြိယာပဲ ကွာပါတယ်၊ အဲဒီတော့ အတီတဝါရ ပြီးပါပြီ။

*****

http://www.dhammadownload.com



## အနာဂတ၊ ဥပ္ပါဒဝါရ

အနာဂတ ပုဂ္ဂလဝါရရဲ့ သရုပ်အနေအထားကို ပြောပြပါမယ်၊ အခုခွဲပြထားတဲ့ သရုပ်အနေအထားကို ကြည့်လိုက်ရင် ရှုပ်သလိုလို ထင်ရပါလိမ့်မယ်၊ အဲဒီ ရှုပ်သလိုလိုကို ရှင်းပြလိုက်ရင် အရှုပ်ပြယ်သွားပါလိမ့်မယ်၊ အေးလေ– အရှုပ် ပြယ်မှလဲ အဟုတ်လွယ်မှာကိုး၊ အဲဒီတော့ အဟုတ်လွယ်အောင် ကျုပ် "ခြယ်"ပြမယ်၊ ဆိုသူ ဟောသူတွေကသာ သရုပ်တကယ်မြင်ပါစေ။ အကျဉ်းသရုပ်ရော အကျယ်သရုပ်ပါ တကယ်အဟုတ် နားလည်ထားရမယ်။ အကျယ်သရုပ်ကို မလည်ရှုပ်လုပ်ရင် အမယ်ဘုတ်ကယ် သူ့ချည်ခင်ဖြစ်သွားမယ်။

"အန္ဓော ဇဠော ဗဟိဇဠော၊ တန္တာကုလကဇာတကာ။
အနိစ္ဆဋ္ဌာ အနိဗ္ဗေဌာ၊ မဟာလ္လိကာယ ကေနစိ"–တဲ့

အခု အဲဒီသရုပ်ကို ရှင်းပြပါ့မယ်၊ သရုပ်ခွဲထားပုံကို ဉာဏ်ဖြင့် စိုက်ကြည့်ထားပါ။

## အခြေခံ သရုပ် ၃–မျိုး

သရုပ်မှာ အခြေခံ ၃–မျိုး ပြထားပါတယ်။

၁။ ပစ္ဆိမဘဝိကပုဂ္ဂိုလ်
၂။ ကာမမှ ရူ–အရူသို့ (ရူ–အရူချင်းချင်း)
၃။ ကာမဖြစ်ပြန်ကောင်း

ဒီအခြေခံသရုပ် ၃–မျိုးကို တစ်ခုချင်း ရှင်းပြပါမယ်။

## (၁) ပစ္ဆိမဘဝိကပုဂ္ဂိုလ်

ပစ္ဆိမဘဝိကမှာ ၁–ကာမပစ္ဆိမဘဝိက၊ ၂–ရူပအရူပပစ္ဆိမဘဝိက–လို့ နှစ်မျိုးခွဲပြီး အသီးသီး မရဏာသန္ဓေဝီထိများ ချပြထားပါတယ်၊ ဆိုရိုးဟန်နဲ့ ပြောကြရ၊ ရှင်းကြရအောင်၊ ကာမပစ္ဆိမဘဝိက မရဏာသန္ဓေဝီထိကို အာရုံစိုက်ထားပါ။

**ကာမပစ္ဆိမဘဝိက၌–**

၁–ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်မှပြန်၍ရေသော် အဆုံးစွန်အသင်္ခာသပသင်္ခာသနှင့်တကွဖြစ်သော တေတ္တိံသမစိတ်၏ အနန္တရတိုင်အောင် တစ်ပိုင်း၊ ၂–အဆုံးစွန်အသင်္ခာသပသင်္ခာသနှင့်တကွဖြစ်သော တေတ္တိံသမစိတ်မှသည် ပစ္ဆိမစိတ်၏

http://www.dhammadownload.com



အနန္တရဖြစ်သော ဒုတိယတဒါရုံ, မရဏာသန္နပဉ္စမဇော, ဘဝင်တိုင်အောင် တစ်ပိုင်း၊ ၃–ပစ္ဆိမစိတ် တစ်ပိုင်း။ အစဉ်အတိုင်းဝိဘင်းများမှာ–

၁။ ဣတရေသံ တေသံ။

၂။ ယဿ စိတ္တဿ အနန္တရာ ကာမာဝစရာနံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ။

၃။ (ကာမာဝစရေ) ပစ္ဆိမစိတ္တဿမင်္ဂီနံ။

၂–နံပါတ်မှာ ရှင်းစရာရှိပါသေးတယ်၊ "ဒုတိယတဒါရုံ, မရဏာသန္နပဉ္စမဇော, ဘဝင်တိုင်အောင်"ဆိုတာက တဒါရုံဆုံးသော, ဇောဆုံးသော, ဘဝင်ဆုံးသော မရဏာသန္န ၄–ဝီထိကို ဆိုရိုးပြုထားတာ ဖြစ်ပါတယ်၊ ၄–ဝီထိချပြထားတာကို သတိပြုပါ။ ၄–ဝီထိဆိုတာက– "ပစ္စာသန္နမရဏာဿ တဿ ဝီထိစိတ္တာဝသာနေ ဘဝင်္ဂက္ခယေ ဝါ ဝစနဝသေန ပစ္စုပ္ပန္နဘဝပရိယောသာနဘူတံ စုတိ–စိတ္တံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။"ဆိုတဲ့ သင်္ဂြိုဟ်ပါဠိပေါ့၊ ရတယ်မဟုတ်လား၊ ဟော–စပ်ဖြစ်ဖြစ်လုပ်နေကြပြီ၊ အခြေခံစာနော်၊ သတိပြုပါ၊ အခြေခံစာတွေကို ဒီလိုနေရာမှာ အသုံးပြုနိုင်ရမယ်၊ အသုံးပြုတတ်ရမယ်။ "ဝီထိစိတ္တာဝသာနေ" ဆိုတာက–(၁) တဒါရုံနောင် စုတိ၊ (၂) ဇောနောင် စုတိ။ "ဘဝင်္ဂက္ခယေ"ဆို တာက–(၃) တဒါရုံဘဝင်နောင် စုတိ၊ (၄) ဇောဘဝင်နောင် စုတိ။ ဒီမရဏာသန္န ၄–ဝီထိကို ပြထားတာဖြစ်ပါတယ်။ ကိုင်း–ပြောစရာရှိတာ ပြောပြီးပါပြီ၊ ရှေ့သွားကြစို့။

## ရူပအရူပ ပစ္ဆိမဘဝိကဒွိ–

ရူပအရူပပစ္ဆိမဘဝိကမှာ သဝိတက္ကသဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သော ဝီထိ၊ အဝိတက္ကအဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သော ဝီထိ–လို့ နှစ်မျိုးပြထားပါတယ်၊ အတိုကောက်ကတော့ သ–ပြု၊ အ–ပြုပေါ့၊ သူ့သရုပ် ထုတ်လိုက်ကြဦးစို့။

သ–ပြု။ ။ပထမဈာန်ဝိပါက်, ဒုတိယဈာန်ဝိပါက်–ဟုဆိုအပ်သော သဝိတက္ကသဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သောသူ။

အ–ပြု။ ။တတိယဈာန်ဝိပါက်, စတုတ္ထဈာန်ဝိပါက်, ပဉ္စမဈာန်ဝိပါက်, အရူပဝိပါက် ၄–ခုဟုဆိုအပ်သော အဝိတက္ကအဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သောသူ။

http://www.dhammadownload.com



အနာဂတ၊ ဥပ္ပါဒ

သ–ပြုဖြစ်အံ့၊ (ဝီထိကို အာရုံစိုက်ပါ။) ၁–ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် တစ်ပိုင်း၊ ၂–ပစ္ဆိမစိတ် တစ်ပိုင်း။ အစဉ်အတိုင်း ဝိဘင်းများမှာ–

၁။ ရူပါဝစရေ ပစ္ဆိမဘဝိကာနံ။

၂။ (ရူပါဝစရေ) ပစ္ဆိမစိတ္တသမင်္ဂီနံ။

အ–ပြုဖြစ်အံ့၊ (ဝီထိကို အာရုံစိုက်ပါ။) ၁–ပဋိသန္ဓေမှစ၍ မရဏာသန္နစတုတ္ထ ဇောတိုင်အောင် တစ်ပိုင်း၊ ၂–မရဏာသန္နစတုတ္ထဇောမှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် တစ်ပိုင်း၊ ၃–ပစ္ဆိမစိတ် တစ်ပိုင်း။ အစဉ်အတိုင်း ဝိဘင်း များမှာ–

၁။ အရူပေ ပစ္ဆိမဘဝိကာနံ။

၂။ ယဿ စိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ။

၃။ (အရူပေ) ပစ္ဆိမစိတ္တသမင်္ဂီနံ။ (သို့မဟုတ်) အဝိတက္ကအဝိစာရ စိတ္တသမင်္ဂီနံ။

အခုရှင်းပြနေတာတွေဟာ (၁) နံပါတ် ပစ္ဆိမဘဝိကပုဂ္ဂိုလ်အပိုင်း ဖြစ်ပါတယ်၊ ချပြထားတဲ့ ဝီထိကိုကြည့်ပြီး ပိုင်းပြတယ်၊ ဝိဘင်းထုတ်ပြတယ်၊ ဒါကို နှုတ်ရရော သဘောပေါက်ရော ကျေညက်နေအောင် လေ့လာကျက်မှတ်ထားရမယ်။ အရ ကောက်လဲ ဒီဝီထိအပိုင်းတွေထဲမှာပဲ ရှိပါတယ်၊ အရကောက် ဆရာတော်ကြီးက ဒီဝီထိကိုကြည့်ပြီး ကောက်ပြထားတာ ဖြစ်ပါတယ်၊ အရကောက်စာအုပ်ကြီးနဲ့ တိုက်ဆိုင်ကြည့်ပါ။

## (၂) ရူ–အရူသို့

“ရူ–အရူသို့”ဆိုတော့ ကာမသုဂတိဘုံက တက်ရမှာပေါ့၊ အာယတနမှာလို ပဲပေါ့၊ ဒီမှာတော့ ဝီထိပိုင်းနဲ့ဆိုတော့–(ဝီထိကို အာရုံစိုက်ပါ)။ ၁–ပဋိသန္ဓေမှစ၍ အဆုံး စွန်အသောနှင့်တကွဖြစ်သောစိတ်၏ အနန္တရတိုင်အောင် တစ်ပိုင်း၊ ၂–အဆုံးစွန် အသောမှစ၍ စုတိတိုင်အောင် တစ်ပိုင်း။ အစဉ်အတိုင်း ဝိဘင်းများမှာ–

၁။ က္ကတရေသံ တေသံ။

၂။ ယေ ရူပါဝစရံ အရူပါဝစရံ ဥပပဇ္ဇိတ္ဝာ ပရိနိဗ္ဗာယိဿန္တိ၊ တေသံ စဝန္တာနံ။

http://www.dhammadownload.com



ဒါဟာ (၂) နံပါတ် ရူ-အရူသို့ အပိုင်းဖြစ်ပါတယ်။ ရူ-အရူချင်း ဘုံပြောင်းပြီး ပရိနိဗ္ဗာန်ပြုမည့်ပုဂ္ဂိုလ်များအတွက် ပြောလိုပါသေးတယ်၊ ရူပဘုံထဲက အသည-သတ် ဘုံမှာရှိတဲ့ ပုဂ္ဂိုလ်ဟာ ပုထုဇဉ်သာဖြစ်ပါတယ်၊ မဂ်ဖိုလ်ရနိုင်တဲ့အခွင့် မရှိတဲ့ဘုံဖြစ်လို့ အသညသတ်ဘုံမှစုတေရင် ကာမဘုံ လာရမှာဖြစ်ပါတယ်။ နောက်တစ်ခါ အကနိဋ္ဌဘုံပုဂ္ဂိုလ်၊ ဒီအကနိဋ္ဌဘုံက ဘဝဂ်သီသဖြစ်ပါတယ်၊ ဒီဘုံမှာရှိတဲ့ အရိယာပုဂ္ဂိုလ်များဟာ ဒီဘုံကပဲပရိနိဗ္ဗာန်ပြုတော်မူကြမှာပါ၊ အခြားဘုံ မရွှေ့ပြောင်းကြတော့ပါဘူး။ ဒါ့ကြောင့် "ရူပါဝစရအရူပါဝစရ ဘုံချင်း ချင်းဖြစ်၍ ပရိနိဗ္ဗာန် ပြုလတ္တံ့သော"ကို ကောက်တဲ့အခါမှာ "အသညသတ်၊ အကနိဋ္ဌမှတစ်ပါး ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်"ကို ကောက်ရပါတယ်။

## (၃) ကာမဖြစ်ပြန်ကောင်း

ကာမဖြစ်ပြန်ကောင်းဆိုတာက ဘယ်ဘုံရောက်ရောက် ကာမဘုံပြန်လာဦးမယ့်၊ ဖြစ်ဦးမယ့်ပုဂ္ဂိုလ်ပေါ့၊ အဲဒီ ပုဂ္ဂိုလ်တွေက ကာမာဝစရပုဂ္ဂိုလ်နဲ့ သုဒ္ဓါဝါသမှတစ်ပါး ရူပအရူပပုဂ္ဂိုလ်များ ဖြစ်ပါတယ်။ သူက လွယ်ပါတယ်၊ ဝီထိတစ်ပိုင်းတည်း၊ ပဋိသန္ဓေမှ စုတိတိုင်အောင်။ (ဝိဘင်းက သင်္ခါရအားလုံးရ "ဣတရေသံ တေသံ"ဖြစ်ပါတယ်။ အခုရှင်းပြနေတာဟာ သရုပ်ခွဲဝီထိကို ကြည့်ပြီး ရှင်းပြနေတာ ဖြစ်ပါတယ်၊ ဒါ့ကြောင့် အဲဒီ သရုပ်ခွဲဝီထိကို အာရုံစိုက်ထားရပါတယ်။

### ပစ္ဆိမစိတ္တသမင်္ဂီနံ

နောက်ပြီးတော့ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်တို့ရဲ့ နောက်ဆုံးစိတ်လို့ ခေါ်တဲ့ "ပစ္ဆိမစိတ်"၊ အဲဒီ ပစ္ဆိမစိတ်နှင့်ပြည့်စုံတဲ့ပုဂ္ဂိုလ်၊ ပစ္ဆိမစိတ္တသမင်္ဂီပုဂ္ဂိုလ်လို့ ခေါ်တာပေါ့၊ အဲဒါကို သရုပ်ခွဲကြဦးစို့၊ ဒီပစ္ဆိမသရုပ်ကွဲမှ ဝိဘင်းထုတ်မှန်ပါလိမ့်မယ်၊ ဝီထိသရုပ်ခွဲထဲမှာ နောက်ဆုံး "ပစ္ဆိမ"လို့ ပြထားပါတယ်။ အဲဒီပစ္ဆိမဟာ ကာမပစ္ဆိမ၊ သ-ပြုပစ္ဆိမ၊ အ-ပြုပစ္ဆိမ-လို့ ၃မျိုးခွဲပြထားပါတယ်၊ ဒီပစ္ဆိမကို အောက်ယမိုက်တွေတုန်းကလဲသူ့သရုပ်အားလျော်စွာ ခွဲပြခဲ့ပြီးဖြစ်ပါတယ်၊ အခုဒီမှာလဲ ဒီသရုပ်အားလျော်စွာ ခွဲပြမယ်၊ အောက်ပါအနေအထားကိုကြည့်ပါ။

ပစ္ဆိမစိတ္တသမင်္ဂီနံ

| ကာမ | သ-ပြု | အ-ပြု |
|---|---|---|
| ဝဝ | ဝဝ | ဝဝ |

http://www.dhammadownload.com



အနာဂတ၊ ဥပ္ပါဒ

၁။ ကာမာဝစရာနံ ပဋိသန္ဓိမစိတ္တာသဿ ဥပ္ပါဒက္ခဏေ၊ ဘင်္ဂက္ခဏေ၊ (ဥပါဒ်,ဘင် နှစ်ခုပေါင်းလျှင်) ကာမာဝစရေ ပဋိသန္ဓိမစိတ္တာသမင်္ဂီနံ။ (၃–ချက်)

၂။ သဝိတက္ကသဝိစာရပဋိသန္ဓိမစိတ္တာသဿ ဥပ္ပါဒက္ခဏေ၊ ဘင်္ဂက္ခဏေ၊ (ဥပါဒ်, ဘင်နှစ်ခုပေါင်းလျှင်) သဝိတက္ကသဝိစာရပဋိသန္ဓိမစိတ္တာသမင်္ဂီနံ။ (၃–ချက်)

၃။ အဝိတက္ကအဝိစာရပဋိသန္ဓိမစိတ္တာသဿ ဥပ္ပါဒက္ခဏေ၊ ဘင်္ဂက္ခဏေ၊ (ဥပါဒ်, ဘင်နှစ်ခုပေါင်းလျှင်) အဝိတက္ကအဝိစာရပဋိသန္ဓိမစိတ္တာသမင်္ဂီနံ။ (၃–ချက်)

၄။ ဥပါဒ် ၃–ခုပေါင်းလျှင် ပဋိသန္ဓိမစိတ္တာသဿ ဥပ္ပါဒက္ခဏေ၊ ဘင် ၃–ခုပေါင်း လျှင် ပဋိသန္ဓိမစိတ္တာသဿ ဘင်္ဂက္ခဏေ၊ ဥပါဒ်ရောဘင်ပါ အားလုံးပေါင်းလျှင် ပဋိသန္ဓိမစိတ္တာ သမင်္ဂီနံ။

ဒီဝိဘင်းထွက်သရုပ်ကို (ခင်းပြထားတဲ့ ပုံစံကိုကြည့်ပြီး) နောကျေနေအောင် လေ့လာထားရမယ်၊ သဘောပေါက်နေရမယ်။ နောက်တစ်ခုက ကာမမှာ (ဝစီ သင်္ခါရ) ဝိတက်ဝိစာရ ယှဉ်နေပါတယ်၊ သ–ပြုမှာလဲယှဉ်နေတယ်၊ ဒါ့ကြောင့် ကာမနဲ့ သ–ပြု နှစ်ခုတွဲရနေလျှင် "သဝိတက္ကသဝိစာရ" အမည်တစ်ခုတည်း ဖြင့်သာ ဝိဘင်း ထုတ်ရပါတယ်၊ ကာမအမည်သုံးဖို့ မလိုတော့ပါဘူး ။ ဒီအချက် ကိုလဲ အထူး သတိပြုရမယ်။ [ဒါဟာ အနာဂတပုဂ္ဂလဝါရအတွက် ဝိဘင်းထုတ် ဖို့ အခြေခံ အချက်အလက်တွေပါပဲ။]

**ဆောင်။** ။ကာမ သ,ပြု ဤနှစ်ခုတို့၊ ပေါင်းစုရသော်၊ သဝိ သစာ၊
မည်သညာဖြင့်၊ ကာမမဖက်၊ ဝိဘင်းထွက်၏၊ ဝိတက်ဝိစာ၊
ယင်းနှစ်ဖြာ၊ ယှဉ်ပါလေသောကြောင့်။

*****

http://www.dhammadownload.com



## အနာဂါတဝါရ ဆိုရိုးများ

အနာဂတ ပုဂ္ဂလဝါရကိုဟောနိုင်ဖို့ အခြေခံအချက်အလက်များကို ပြောပြပြီးပါပြီ။ တရားဝင်ဟောဖို့ပဲ လိုပါတော့တယ်၊ တရားဝင်မဟောခင် ဝိဘင်းပါဠိတော် အနက်ကို အရင်ပြောထားနှင့်ပါမယ်။

**အနက်ပေး။** ။ယဿ စိတ္တဿ အနန္တရာ ကာမာဝစရာနံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ။ ယဿ စိတ္တဿ–ပစ္ဆိမစိတ်မှ ပြန်၍ရေသော် အဆုံးစွန်သော အဿာသ ပဿာသနှင့်တကွဖြစ်သော အကြင်တေတ္တိံသမစိတ်၏၊ အနန္တရာ– အခြားမဲ့၌၊ ကာမာဝစရာနံ–ကာမာဝစရပုဂ္ဂိုလ်တို့အား၊ ပစ္ဆိမစိတ္တံ–ပစ္ဆိမစိတ်သည်၊ ဥပ္ပဇ္ဇိဿတိ– ဖြစ်လတ္တံ့၊ တေသံ–ထိုပုဂ္ဂိုလ်တို့အား။ (ကောက်၊ ၃၂၃)

**ပါဠိ။** ။ယဿ စိတ္တဿ–ယာဒိသဿ ပစ္ဆိမစိတ္တတော ပဋိလောမဂဏနာယ အန္တိမေန အဿာသပဿာသေန သဟုပ္ပန္နဿ တေတ္တိံသမစိတ္တဿ၊ အနန္တရာ–အနန္တရေ၊ ကာမာဝစရာနံ–ကာမာဝစရပုဂ္ဂလာနံ၊ ပစ္ဆိမစိတ္တံ–စရိမကစိတ္တံ၊ ဥပ္ပဇ္ဇိဿတိ–ပဝတ္တိဿတိ၊ တေသံ–တာဒိသာနံ ပုဂ္ဂလာနံ စ။

**အနက်ပေး။** ။ဣတရေသံ ကာမာဝစရာနံ တေသံ တတ္ထ။ ဣတရေသံ– အဆုံးစွန် အဿာသပဿာသနနှင့် တကွဖြစ်သော တေတ္တိံသမစိတ်မှသည် ပစ္ဆိမစိတ်၏ အနန္တရဖြစ်သော ဒုတိယတဒါရုံ, မရဏာသန္နပဋ္ဌမဇော, ဘဝင်တိုင်အောင်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီပုဂ္ဂိုလ်မှ တစ်ပါးကုန်သော၊ ကာမာဝစရာနံ–တို့အား။ (ကောက်၊ ၃၂၉)

**ပါဠိ။** ။ဣတရေသံ–အန္တိမေန အဿသပဿာသေန သဟုပ္ပန္နာ တေတ္တိံသမစိတ္တတော ပဋ္ဌာယ ယာဝ ပစ္ဆိမစိတ္တဿ အနန္တရဘူတံ ဒုတိယတဒါရမ္မဏံ မရဏာသန္နပဋ္ဌမဇဝနံ ဘဝင်္ဂ စ ဟောတိ, တာဝ ဥပ္ပန္နာနံ စိတ္တာနံ ခဏတ္တယသမင်္ဂီပုဂ္ဂလေဟိ အညေသံ၊ ကာမာဝစရာနံ–ကာမာဝစရပုဂ္ဂလာနံ။

**အနက်ပေး။** ။ယဿ စိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ။ ယဿ စိတ္တဿ–အကြင်မရဏာသန္နပဋ္ဌမဇော,ဘဝင်စိတ်၏၊ အနန္တရာ–အခြားမဲ့၌၊ အဝိတက္ကအဝိစာရံ–အဝိတက္ကအဝိစာရဖြစ်သော၊ ပစ္ဆိမစိတ္တံ–ပစ္ဆိမစိတ်သည်၊ ဥပ္ပဇ္ဇိဿတိ–ဖြစ်လတ္တံ့၊ တေန–ထိုမရဏာသန္နပဋ္ဌမဇော, ဘဝင်စိတ်နှင့်၊ သမင်္ဂီနံ–ပြည့်စုံသောပုဂ္ဂိုလ်တို့အား။ (ကောက်၊ ၃၃၁)

http://www.dhammadownload.com



**ပါဠိ**။ ။ယဿ စိတ္တဿ–ယာဒိသဿ မရဏာသန္နပဉ္စမဇဝနဿ စ ဘဝင်္ဂစိတ္တဿ စ၊ အနန္တရာ–အနန္တရေ၊ အဝိတက္ကအဝိစာရံ–အဝိတက္ကအဝိစာရ ဘူတံ၊ ပစ္ဆိမစိတ္တံ–စရိမကစိတ္တံ၊ ဥပ္ပဇ္ဇိဿတိ–ပဝတ္တိဿတိ၊ တေသံ–တာဒိသေနံ မရဏာသန္နပဉ္စမဇဝနေနံ ဘဝင်္ဂစိတ္တာနံ စ၊ သမင်္ဂီနံ–သမ္ပန္နာနံ ပုဂ္ဂလာနံ။

**ကာယ+ဝစီ**။ ။ဝိဘင်းထွက်ပုံကို ပြောပါ့မယ်၊ သရုပ်ခွဲပြထားတဲ့ ဝီထိကို အာရုံပြုပါ၊ ကာယ+ဝစီမှာ ဝစီက သာပါတယ်၊ **အနုလောမ** အာမန္တာ။ **ပဋိလောမ**မှာ ကာမပစ္ဆိမမှ ဒုတိယအပိုင်း၊ ရူအရူပစ္ဆိမမှ သ–ပြု ပထမအပိုင်း၊ အ–ပြု ပထမ အပိုင်း၊ ရူအရူ သို့မှ ဒုတိယအပိုင်း၊ ဒီအပိုင်းတွေဟာ ဝစီရဲ့ တစ်ဖက်ရ ဖြစ်ပါတယ်။ ကာမပစ္ဆိမမှ ပထမအပိုင်း၊ ရူ အရူသို့ ပထမအပိုင်း၊ ကာမဖြစ်ပြန်ကောင်းတွေက အနုလုံ နှစ်ဖက်ရ ဖြစ်ပါတယ်၊ ဝိဘင်းက အနာဂတ် ပုဂ္ဂလထုံးစံအတိုင်း "ဣတရေသံ တေသံ" ဖြစ်ပါတယ်။

နောက်ဆုံး ပစ္ဆိမဘဝိကနှင့် အ–ပြု ဒုတိယအပိုင်းတို့က **ပစ္စနိက်**နှစ်ဖက်ရ ဖြစ်ပါတယ်။ ဒီအပိုင်းတွေကို ဘယ်လိုဘယ်လို ဝိဘင်းထုတ်ရမယ် ဆိုတာကို ဝီထိကိုပိုင်းပြီး သရုပ်ခွဲပြစဉ်က ထုတ်ပြခဲ့ပြီးဖြစ်ပါတယ်၊ အဲဒါကို ပြန်ကြည့်ပါ၊ သို့မဟုတ် နောက်ပိုင်းက ပါဠိတော်အကျဉ်းချုပ်ကို ကြည့်ပါ၊ အရကောက်က တော့ ဝီထိပိုင်းပြခဲ့တဲ့အတိုင်း ဆိုရိုးလုပ်ပြီး ကောက်ရမှာဖြစ်ပါတယ်၊အရကောက် စာအုပ်ကြီးနဲ့ တိုက်ဆိုင်ကြည့်ပါ။

**ကာယ+စိတ္တ**။ ။ကာယ+စိတ္တမှာလဲ စိတ္တကသာပါတယ်၊ **အနုလောမ** အာမန္တာ။ **ပဋိလောမ**မှာ ဝိဘင်းက ဝစီမူလီအတိုင်းပါပဲ။ **ပစ္စနိက်** နှစ်ဖက်ရမှာ မူလီစိတ္တက ပဉ္စမဇော,ပဉ္စမဇောဘင်ထိအောင် ဖြစ်လတ္တံ့ ရနေပါတယ်၊ ဒါ့ကြောင့် ပစ္ဆိမစိတ္တသမင်္ဂီနံသာ ကျန်ပါတယ်။

**ဝစီ+စိတ္တ**။ ။ဝစီ+စိတ္တမှာလစိတ္တက သာပါတယ်၊ **အနုလောမ** အာမန္တာ။ **ပဋိလောမ**မှာ ပဉ္စမဇော, ပဉ္စမဇောဘင်က စိတ္တရဲ့ တစ်ဖက်ရဖြစ်ပါတယ်။ **အနုလုံ** နှစ်ဖက်ရက "ဣတရေသံ တေသံ"။ **ပစ္စနိက်** နှစ်ဖက်ရက ပစ္ဆိမစိတ္တသမင်္ဂီနံ။

*****

http://www.dhammadownload.com



## နိရောဓဝါရ

နိရောဓဝါရမှာ အသေးစိတ်ရှင်းပြနေမယ်ဆိုရင် ပြီးနိုင်မယ် မဟုတ်ပါဘူး၊ အောက်ယမိုက်တွေတုန်းကလဲ ဝိဘင်းထွက်ယူဆပုံကို ရှင်းပြခဲ့ပြီး ဖြစ်ပါတယ်၊ ဒါ့ကြောင့် သရုပ်ခွဲဇီထိကိုကြည့်ပြီး သဘောတရားလောက်သာ အတန်ငယ် ထောက်ပြပါမယ်။ အနာဂတ် နိရောဓဝါရမှာ ဆိုင်ရာဆိုင်ရာ ဇီထိအပိုင်းရှိ ဥပ္ပါဒဝါရတုန်းက မရခဲ့တဲ့ စိတ္တုပ္ပါဒ်တို့ရဲ့ ဥပါဒ်ဟာ အနုလုံဝင်လာပါတယ်၊ ရှေ့ယမိုက်တွေတုန်းက ခဏခဏပြောခဲ့တဲ့ "ဥပါဒ်သည် ဘင်ကိုမျှော်က ချုပ်လတ္တံ့" ဆိုတဲ့ စကားပါပဲ၊ သရုပ်ခွဲပြထားတဲ့ ဇီထိသရုပ်ကို သေချာစွာကြည့်ပါ၊ ဥပ္ပါဒနိရောဓဝါရလဲ ဒီသဘောသွားအတိုင်းပါပဲ။ သရုပ်ကိုမြင်အောင် ကြည့်တတ်ဖို့ပဲလိုပါတယ်။

ကာယမူဝစီမူလီမှာ (ဇီထိသရုပ်ကိုကြည့်ပါ)၊ ကာမပစ္ဆိမဘဝိက၏ ဘင်သာ ပစ္စနိက်ကျန်ပါတယ်။ သ–ပြု ဇီထိမှာလဲ ပစ္ဆိမစိတ်၏ဘင်သာ ပစ္စနိက်ကျန်ပါတယ်၊ အ–ပြုဇီထိမှာ ဓောနောင်စုတိဖြစ်အံ့ ပဋ္ဌမဓော၏ဘင်၊ ဘွင်နောင်စုတိဖြစ်အံ့ ပဋ္ဌမဓော၏ဘင်, ဘွင်၏ခဏတ္တယသမင်္ဂီနှင့် ပစ္ဆိမစိတ္တသမင်္ဂီနံတို့ ပစ္စနိက်ကျန် ပါတယ်။ ဒါဟာ ဇီထိသရုပ်ကိုကြည့်ပြီး ပြောနေတာဖြစ်ပါတယ်၊ ဒါ့ကြောင့် ဇီထိသရုပ်ကို အာရုံစိုက်ထားပါ၊ ဒီလို ဇီထိသရုပ်ကို အာရုံစိုက်ပြီး ဟောလျှင် နားလည်နိုင်ပါတယ်။

## အနာဂတ၊ ပုဂ္ဂလောကာသဝါရ

ပုဂ္ဂလောကာသဝါရမှာ ပုဂ္ဂလဝါရနဲ့ ဝိဘင်းထွက် သိပ်မကွာလှပါဘူး၊ ဈာန်တွေကို ဩကာသအနေနဲ့ ဟောထားတော့ ဈာန်တွေဝင်လာမယ်၊ အသညသတ်ဝင်လာမယ်၊ ဘုံရဲ့ သတ်မှတ်ချက်ကြောင့် "ရူပါဝစရာနံ အရူပါဝစရာနံ" ဝိဘင်းများထွက်လာမယ်။ ဈာန်နဲ့ပတ်သက်လို့ ကာမမှာ ပ, ဒု, တဈာန်ရတယ်၊ ဝစီမှာ ပထမဈာန်သာရတယ်၊ စိတ္တမှာ ဈာန် (၄) ပါးလုံးရတယ်ဆိုတာ ပစ္စုပ္ပန္နဝါရတုန်းကပင် သရုပ်ခွဲခဲ့ပြီး ဟောခဲ့ပြီး ဖြစ်ပါတယ်၊ အသညသတ်နဲ့ပတ်သက်လို့ အသညသတ်ဟာ အဿာသပဿာသကာယသင်္ခါရောလဲမဟုတ်ဘူး၊ ဝိတက္ကဝိစာရ ဝစီသင်္ခါရောလမဟုတ်ဘူး၊ သညာစ ဝေဒနာစ စိတ္တသင်္ခါရောလဲ မဟုတ်ဘူး၊ ဒါ့ကြောင့် အမြဲတမ်း ပစ္စနိက်နှစ်ဖက်ရ ထွက်ပါလိမ့်မယ်။

**အနာဂတဝါရ ပြီး၏။**

http://www.dhammadownload.com





## ၄။ ပစ္စုပ္ပန္နာတီတဝါရ

ဝါရယုက်ရဲ့ သဘောတွေ အယူအဆတွေကို အောက်ယမိုက်များမှာ ယမိုက်တိုင်း ယမိုက်တိုင်း ရှင်းလင်းခဲ့ပြီး ဖြစ်ပါတယ်၊ သူ့ဆိုင်ရာ ယမိုက်အလိုက် သရုပ်ကိုကြည့်ပြီး ကိုင်တွယ်သုံးသပ် ဟောသွားဖို့ပါပဲ။ အတန်ငယ် ထပ်ပြောရမယ်ဆိုလျှင် အခုဝါရက ပစ္စုပ္ပန္နာတီတဝါရဖြစ်လို့ သရုပ်ခွဲပြထားတဲ့ ပစ္စုပ္ပန်သရုပ်ကို ကြည့်ပါ၊ အတိတ်သရုပ်ကို ကြည့်ပါ၊ အဲဒီ သရုပ် (၂) ခုကို ဉာဏ်ဖြင့် တိုက်ဆိုင်ပြီး ကြည့်ပါ။ အတိတ်မရသော တရားကို ပစ္စုပ္ပန်က ယူနိုင်သလောက်ယူ၊ ပစ္စုပ္ပန်ရဲ့ တစ်ဖက်ရ၊ ကျန်တာ ပစ္စနိက်သွား။ ပစ္စုပ္ပန်မရသောတရားကို အတိတ်က ယူနိုင်သလောက်ယူ၊ အတိတ်ရဲ့ တစ်ဖက်ရ၊ ကျန်တာ ပစ္စနိက်သွား။ ကျန်တာမရှိရင်တော့ ဝိဘင်းထုံးစံအတိုင်း ပါဠိဂတိ, နတ္ထိဝိဘင်းများ ထွက်မှာပေါ့။

အတန်ငယ်မျှ ရှင်းပြပါဦးမယ်၊ ပုဂ္ဂလဝါရမှာ အတိတ်က တရားကုန်ရသောကြောင့် (၁) ပစ္စုပ္ပန်ရသောတရားက နှစ်ဖက်ရ၊ (၂) ပစ္စုပ္ပန်မရသောတရားက အတိတ်ရဲ့ တစ်ဖက်ရဖြစ်ပါတယ်၊ ပစ္စနိက်သံသယကြွင်း မရှိတော့ပါဘူး။

ပုဂ္ဂလောကာသဝါရမှာ ဝိဘင်းကိုင်ပုံ သိသာရုံ တစ်ခုမျှ ရှင်းပြပါဦးမယ်။ ကာယမူစိတ္တမူလီမှာ ပထမဈာန်နှင့် ကာမ,က နှစ်ဖက်ရဖြစ်ပါတယ်၊ ပထမဈာန် သမာပန္နာနံ ကာမာဝစရာနံ–ကို အစိတ်စိတ်ခွဲလိုက်လျှင် (၄) စိတ်ရပါတယ်။ ထက်ခြမ်းခွဲလိုက်လျှင် နှစ်ခြမ်းရပါတယ်၊ ဥပ္ပါဒက္ခဏ တစ်ခြမ်း, ဘင်္ဂက္ခဏ တစ်ခြမ်းပေါ့။ ဘင်္ဂက္ခဏတစ်ခြမ်းက (ဥပ္ပါဒဝါရမှာ) အတိတ်ရဲ့ တစ်ဖက်ရ ဖြစ်ပါတယ်။ နောက်တစ်ခါ ဥပ္ပါဒက္ခဏ တစ်ခြမ်းထဲက အသညာကင်းသော ဥပ္ပါဒက္ခဏ တစ်ခြမ်းကလဲ အတိတ်ရဲ့ တစ်ဖက်ရပင် ဖြစ်ပါတယ်၊ အသညာသနှင့် တကွဖြစ်သော ဥပ္ပါဒက္ခဏတစ်စိတ်သာ နှစ်ဖက်ရ ဖြစ်ပါတယ်။ ချုပ်လိုက်မယ်ဆိုရင် ဘင်္ဂက္ခဏ နှစ်စိတ်တစ်ခြမ်းနှင့် အသညာသကင်းတဲ့ ဥပ္ပါဒက္ခဏတစ်စိတ်၊ ပေါင်း (၃) စိတ်ဟာ အတိတ်ရဲ့ တစ်ဖက်ရဖြစ်ပါတယ်၊ အသညာသနှင့်တကွဖြစ်တဲ့ ဥပ္ပါဒက္ခဏ တစ်စိတ်ဟာ နှစ်ဖက်ရ ဖြစ်ပါတယ်၊ ဒါ့ကြောင့် တစ်ဖက်ရကို "ပထမဈာနံ သမာပန္နာနံ ကာမာဝစရာနံ အသညာသပသညာသာနံ ဘင်္ဂက္ခဏေ, တေသံယေဝ ဝိနာ အသညာသပသညာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ,(ရူပါဝစရာနံ အရူပါဝစရာနံ)"လို့ ဝိဘင်းထုတ်ရပါတယ်။ နှစ်ဖက်ရကို ပထမဈာနံ သမာပန္နာနံ

http://www.dhammadownload.com



ကာမာဝစရာန် အသညာသပသညာသာန် ဥပ္ပါဒက္ခဏေ–လို့ ဝိဘင်းထုတ်ပါ လိမ့်မယ်။

⊛⊛⊛⊛⊛

ပစ္စုပ္ပန္နာတီတဝါရ ပြီး၏။

## ၅။ ပစ္စုပ္ပန္နာနာဂတဝါရ

ဒီ ပစ္စုပ္ပန္နာနာဂတဝါရမှာလဲ ပစ္စုပ္ပန်သရုပ်၊ အနာဂတ်သရုပ် (၂)ခုကို အချင်းချင်း တိုက်ဆိုင်ကြည့်ပါ။ အနာဂတ်မရသောတရားကို ပစ္စုပ္ပန်က ယူနိုင်သလောက်ယူ၊ ပစ္စုပ္ပန်ရဲ့ တစ်ဖက်ရ၊ ကျန်တာ ပစ္စနိက်သွား။ ပစ္စုပ္ပန်မရသောတရားကို အနာဂတ်က ယူနိုင်သလောက်ယူ၊ အနာဂတ်ရဲ့ တစ်ဖက်ရ၊ ကျန်တာ ပစ္စနိက်သွား။

ပုဂ္ဂလောကာသဝါရ ကာယမူ+ဝစီမူလီမှာ နှစ်ဖက်ရ ပထမစျာန်ကို မဝင်စားအဆုံးစျာန်ရဲ့ ဥပါဒ်ဟာ အနုလောမ တစ်ဖက်ရသို့ သွားပါတယ်၊ ဘင်္ဂက္ခဏက တော့ ပစ္စနိက်နှစ်ဖက်ရသွားပါတယ်။ ဒီလို ရသင့်သည်အားလျော်စွာ သွားတာကို သဘောသဘာဝကို ချိန်ဆကာ သိနိုင်ပါတယ်။

⊛⊛⊛⊛⊛

ပစ္စုပ္ပန္နာနာဂတဝါရ ပြီး၏။

## ၆။ အတီတာနာဂတဝါရ

ဒီ အတီတာနာဂတဝါရမှာလဲ အတိတ်သရုပ် အနာဂတ်သရုပ် (၂)ခုကို အချင်းချင်း တိုက်ဆိုင်ကြည့်ပါ၊ အနာဂတ်မရသောတရားကို အတိတ်က ယူနိုင်သလောက်ယူ၊ အတိတ်ရဲ့ တစ်ဖက်ရ၊ ကျန်တာ ပစ္စနိက်သွား။ အတိတ်မရသောတရားကို အနာဂတ်က ယူနိုင်သလောက်ယူ၊ အနာဂတ်ရဲ့ တစ်ဖက်ရ၊ ကျန်တာ ပစ္စနိက်သွား။ ကျန်တာ မရှိရင်တော့ ဝိဘင်းစည်းကမ်းအတိုင်း နတ္ထိ၊ ပါဠိဂတိ ဝိဘင်းများ ထွက်ပါလိမ့်မယ်။

ဝါရယှက်များအတွက် ဒီလောက် ညွှန်လိုက်တယ်ဆိုရင် ကျေနပ်လောက်ပါပြီ၊ သဘောအယူအဆနဲ့ ရှင်းလင်းသင်ပြနေတာဖြစ်လို့ မူလ+မူလီတစ်ခုချင်း အသေးစိတ်စရာ မလိုတော့ပါဘူး။

http://www.dhammadownload.com



အတီတာနာဂတ၊ ဉပ္ပါဒ

ဒီ အတီတာနာဂတ ပုဂ္ဂလောကာသဝါရမှာ နှစ်ဖက်ရ၏ မဝင်စားလတ္တံ့ အဆုံးချုန်များကို အနုလောမတစ်ဖက်ရမှာ "ရသင့်"အနေဖြင့် အရကောက် ဆရာကြီးက သွင်းကောက်ပြထားပါတယ်။ (ကောက်၊ ၃၄၈)

## ဝိဘင်းဆန်း

အတီတာနာဂတ ပုဂ္ဂလောကာသဝါရမှာ ဝစီမူ+စိတ္တမူလီတို့ ရကြသည်အား လျော်စွာ ဝိဘင်းထုတ်ဟောပါက ဖြစ်နိုင်သော်လည်း လွယ်လွယ်ကျဉ်းကျဉ်း သိစေတော်မူလိုခြင်း, နားလည်စေတော်မူလိုခြင်းကြောင့် "သဝိတက္ကသဝိစာရ ဘူမိယံ ပစ္ဆိမစိတ္တသမင်္ဂီနံ"စသော ဆန်းကျယ်သည့် ဝိဘင်းများကို ဟောထား တော်မူပါတယ်။ တကယ်လို့ ရေးရေးဝါရများလို အကျယ်ဟောပါက အောက်ပါ အတိုင်း ဖြစ်နိုင်ပါတယ်။

၁။ ပစ္ဆိမစိတ္တသမင်္ဂီနံ။

၂။ ဒုတိယဈာနံ တတိယဈာနံ စတုတ္ထဈာနံ သမာပန္နာနံ၊
သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ။

၃။ ပထမဈာနံ သမာပန္နာနံ ကာမာဝစရာနံ၊
ဣတရေသံ ရူပါဝစရာနံ အရူပါဝစရာနံ။

၄။ အသညသတ္တာနံ။

အမှန်ကတော့ အနုလောမတစ်ဖက်ရမှာ "ပစ္ဆိမစိတ္တသမင်္ဂီနံ"လို့ ဝိဘင်း ထုတ်ရုံမျှဖြင့် တရားမပြည့်စုံသေးပါဘူး၊ အနုလုံနှစ်ဖက်ရမှာ ကြွင်းကျန်တဲ့ "ပထမဈာန်ကို မဝင်စား အဆုံးချုန်၏ ခဏတ္တယသမင်္ဂီ"ကျန်နေပါသေးတယ်။ အဲဒီအကျန်ကို အနုလောမတစ်ဖက်ရမှာ သွင်းယူတော်မူလိုသောကြောင့် "သဝိတက္ကသဝိစာရဘူမိယံ ပစ္ဆိမစိတ္တသမင်္ဂီနံ"လို့ ဟောတော်မူပါတယ်၊ ဒီလို ဟောတော်မူလိုက်ခြင်းဖြင့် ပစ္ဆိမစိတ္တသမင်္ဂီသာမက ပထမဈာန်ကို မဝင်စား အဆုံးချုန်၏ ခဏတ္တယသမင်္ဂီသည်လည်း အကျုံးဝင်သွားပါတော့တယ်။

နောက်တစ်ခါ ပစ္စနိက်နှစ်ဖက်ရမှာလည်း "အသညသတ္တာနံ"လို့ ဝိဘင်း ထုတ်ရုံမျှဖြင့် တရားမပြည့်စုံသေးပါဘူး၊ ပဋိလောမတစ်ဖက်ရမှ ကြွင်းကျန်တဲ့ "ဒုတိယ, တတိယ, စတုတ္ထဈာန်ကိုမဝင်စား အဆုံးချုန်များ၏ ခဏတ္တယသမင်္ဂီ" ကျန်ပါသေးတယ်။ အဲဒီအကျန်ကို ပစ္စနိက်နှစ်ဖက်ရမှာ သွင်းယူတော်မူလို

http://www.dhammadownload.com



သောကြောင့် "အဝိတက္ကအဝိစာရဘူမိယံ အသညသတ္တာနံ"လို့ ဟောတော်မူပါတယ်၊ ဒီလို ဟောတော်မူလိုက်ခြင်းဖြင့် အသညသတ်သာမက "ဒုတိယ တတိယ စတုတ္ထဈာန်ကို မဝင်စား အဆုံးဈာန်တို့၏ ခဏတ္တယသမင်္ဂီ" များလည်း အကျုံးဝင်သွားပါတော့တယ်။

**စောဒနာဖွယ်**

သဝိတက္ကသဝိစာရံ–စသည်ဖြင့် ဝိဘင်းမထုတ်ဘဲ ရေးရေးဝါရများကဲ့သို့ ရသင့်အနေဖြင့် သွင်းကောက်သော် မဖြစ်နိုင်ဘူးလောဟု စောဒနာဖွယ်ရှိပါတယ်၊ မဖြစ်နိုင်ဟုပင် ဖြေရပါမယ်။ ရှင်းပြပါဦးမယ်၊ ရသင့်သဘောဟာ (ယေဘုယျအားဖြင့်) နောက်ကပြခဲ့သည့်အတိုင်း ၁–မှ အကြွင်းသည် ၄–သို့သွား၍၊ ၃–မှ အကြွင်းသည် ၂–သို့သွား၏၊ ဒီမူလမူလီမှာတော့ ၃–မှ ဈာန်ကြွင်းသည် ၁–သို့ သွား၍၊ ၂–မှဈာန်ကြွင်းသည် ၄–သို့သွားပါတယ်၊ ဒါ့ကြောင့် ရသင့်အနေဖြင့် သွင်း၍ မကောက်နိုင်ပေ။ အခုရှင်းပြတာဟာ အရကောက်ဆရာကြီး၏ အရကောက်ပုံကိုကြည့်ပြီး စဉ်းစားမိတဲ့ မိမိ၏ အယူအဆ အတွေးအခေါ်မျှသာ ဖြစ်ပါတယ်။

**ဆောင်။** ။တီနာပုဂ္ဂလော၊ ရောကာဟောသည့်၊ သဘောမညီ၊ ဝစီစိတ္တ၊ ဤဝါရဋ္ဌ၊ ဓမ္မခပင်း၊ ကျန်မကြွင်းနှင့်၊ လွယ်ကျဉ်းရှင်းရန်၊ စိတ်ရည်သန်၍၊ ဝိတ္တာရံနယ၊ ဟောမပြဘဲ၊ သဝိတက္က သဝိစာရံ၊ ဘူမိယံဟု၊ ဝေဖန်ဆန်းပြား၊ ဟောဖော်ကြားသည့်... ဉာဏ်အား သဗ္ဗညု အစွမ်းတည်း။

အတီတာနာဂတဝါရ ပြီး၏။

ပဝတ္တိဝါရပြီး၏။

http://www.dhammadownload.com



## ပရိညာဝါရ

ပရိညာဝါရက အောက်ခန္ဓယမိုက်အတိုင်း ဟောရမှာပါပဲ၊ ပစ္စုပ္ပန္နဝါရမှာ အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ "အဂ္ဂမဂ္ဂသမင်္ဂီနံ"။ အတီတဝါရမှာ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်၊ "အရဟာ"။ အနာဂတဝါရမှာ ကျွတ်ထိုက်သော ပုထုဇဉ်နဲ့ အောက်မဂ္ဂဋ္ဌာန် (၃) ယောက်၊ အောက်ဖလဋ္ဌာန် (၃) ယောက်၊ "ယေ မဂ္ဂံ ပဋိလဘိဿန္တိ, တေ"။ ယော ကာယသင်္ခါရံ ပရိဇာနာတိ၊ သော ဝစီသင်္ခါရံ ပရိဇာနာတီတိ၊ အာမန္တာ–စသည်ဖြင့် ဟောပါ။

ပရိညာဝါရပြီး၏။

သင်္ခါရယမိုက် ပြီး၏

http://www.dhammadownload.com



## ၇ ။ အနုသယယမိုက်

### အခြေခံဆောင်ပုဒ်များ

**ဥပ္ပတ္တိဋ္ဌာနအဓိပ္ပါယ်**

အနုသယကို၊ တရားကိုယ်ကောက်၊ ထိုနောက်ပုဂ္ဂိုလ်–အားဖြင့်ဆို၍၊ ထိုကို ပယ်, မပယ်၊ ဌာနနယ်ပါ၊ ဝေဒနာဟု၊ အနုသေတိ၊ ၅–မျိုးရှိ၊ ဥပ္ပတ္တိဝယ်–အဓိပ္ပါယ်။

**မဟာဝါရ ၇–ပါး**

၁။ အနုသယ၊ သာနုသနှင့်၊ ပဇဟ ပရိညာ၊ ပဟီနာ ဥပ္ပဇ်၊ ဓာတုဖြစ်၊ ခုနစ် မဟာ–ဝါရမှာ။

၂။ အနုသာန၊ ဥပ္ပဇ်ဟု၊ သုံးခု တူမကွာ။

၃။ ပဇဟန၊ ပရိည၊ နှစ်ဝ ထပ်တူလာ။

၄။ ပဟီန ဓာတူ၊ ဤနှစ်ဆူ၊ မတူ သီးသန့်လာ။

**ဟောအပ်သည့်ပုဂ္ဂိုလ်**

၁။ နု, ဟီ, ဓာတု၊ ဤသုံးခု၊ ပုထု ဖလဋ္ဌာန်။

၂။ ပဇဟနတွင်၊ ပုထုဇဉ်တစ်၊ ရိယာရှစ်၊ ဟောလစ် ကိုးယောက်မှန်။

၃။ ဒက္ခိဏေယျ၊ ဂဏနဖြင့်၊ အဋ္ဌမကော၊ သူ့သဘော၊ သောတာမဂ္ဂဋ္ဌာန်။

၄။ စိစစ် ပိုင်းခြား၊ ပုဂ္ဂိုလ်များ၊ မှတ်သား သိကြရန်။

**ပဇဟနဝါရနှင့် ပုဂ္ဂိုလ်**

၁။ အဋ္ဌ မကာ၊ ဒိ, ဝိစ္ဆာ၊ နာဂါ ကာပဋိ။

၂။ အဂ္ဂမဂ္ဂ၊ မာ ဘ အ၊ သုံးဝ ပယ်ကြဉ်ဘိ။

၃။ ကျန်ပုဂ္ဂလာ၊ ခြောက်ယောက်မှာ၊ မစ္ဆာ ဟူ၍သိ။

**ဩကာသဝါရ**

၁။ ပ ဒိဋ္ဌ ဝိ အ၊ ဤလေးဝ၊ ဌာန ဒုက္ခတွင်။

၂။ ပ ဘ ကြဉ်ထ၊ ဤငါးဝ၊ ဌာန ကာမတွင်။

၃။ ကာ ပ ကြဉ်ထ၊ ကျန်ငါးဝ၊ ရူပ အရူတွင်။

၄။ အပရိယာပန္န၊ ဤဌာန၊ သဗ္ဗအားလုံးစင်။

http://www.dhammadownload.com



လုံမြှတ်–နိုက်ယုတ်၊ စဉ်တိုင်းထုတ်။

၁။ အနုသယ၊ ပဇဟာနဝယ်၊ ဌာန ပုဂ္ဂလာ၊ နှစ်ဖြာ နှစ်ဖုံ၊ လုံမြှတ်–နိုက်ယုတ် စဉ်တိုင်းထုတ် ။

၂။ စတု ပဥ္စ၊ ဆမူပဋိ၊ သန္နိရှုသော်၊ နုလုံဖြစ်လျက်၊ ယုတ်တစ်ဖက်ရ၊ တွေ့လေက၊ ယုတ်မှ စ၍ထုတ်။

၃။ ပဟီနဝယ်၊ ပုဂ္ဂလကို၊ စဉ်တိုင်း ဆိုထုတ်–လုံယုတ် နိုက်မြှတ်၊ ဌာန ဓာတ်၊ အမြှတ် စ၍ထုတ်။

## (၁)မဟာဝါရ ၇–ပါး

အနုသယယမိုက်မှာ အနုသယဝါရ, သာနုသယဝါရ, ပဇဟာနဝါရ, ပရိညာဝါရ, ပဟီနဝါရ, ဥပ္ပဇ္ဇနဝါရ, ဓာတုဝါရ–လို့ မဟာဝါရ ခုနစ်ဝါရရှိပါတယ်။ အဲဒီ ခုနစ်ဝါရထဲက အနုသယ သာနုသယ ဥပ္ပဇ္ဇနဝါရတို့က တူပါတယ်၊ ပဇဟာနဝါရနှင့် ပရိညာဝါရတို့ တူပါတယ်၊ ပဟီနဝါရ ဓာတုဝါရတို့မှာ အတူမရှိကြပါ၊ သူ့ဝါရနှင့်သူ သရုပ်ခွဲပြီး ဟောရပါမယ်၊ အဲဒီတော့ တူရာကိုပေါင်းလိုက်ပါက အနုသယဝါရ, ပဇဟာနဝါရ, ပဟီနဝါရ, ဓာတုဝါရ–ဟူသော လေးဝါရကိုသာ ဟောရပါတော့မယ်။ အဲဒီ လေးဝါရထဲက ရှေ့သုံးဝါရတို့၏ ပုဂ္ဂလဝါရအတွက် အသီးသီး သရုပ်ခွဲပြထားပါတယ်၊ ပုဂ္ဂလောကာသဝါရအတွက်မှာတော့ သုံးဝါရ တပေါင်းတည်း ပြထားပါတယ်၊ ပုဂ္ဂလောကာသကို ဟောတဲ့အခါ သက်ဆိုင်ရာ ပုဂ္ဂလဝါရနှင့် တိုက်ဆိုင်ပြီး ဟောရပါမယ်။ ဓာတုဝါရအတွက်ကို သီးသန့် သရုပ်ခွဲပြထားပါတယ်။

## (၂) ဟောအပ်သည့်ပုဂ္ဂိုလ်

အနုသယ ပဟီန ဓာတုဟူသော သုံးဝါရတို့မှာ ပုထုဇဉ်နှင့် ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်ကို ဟောပါတယ်၊ ပဇဟာနဝါရမှာ ပုထုဇဉ်နှင့် အရိယာရှစ်ယောက်ကို ဟောပါတယ်။ အဲဒီ ပုဂ္ဂိုလ်တွေထဲက အနုလုံမှာ သောတာပတ္တိမဂ္ဂဋ္ဌာန်, အနာဂါမိမဂ္ဂဋ္ဌာန်, အရဟတ္တမဂ္ဂဋ္ဌာန်–ဟု မဂ္ဂဋ္ဌာန်သုံးယောက်ကို ဟောပြီး၊ ပစ္စနိက်မှာ ကျန်ပုဂ္ဂိုလ် ခြောက်ယောက်ကို ဟောပါတယ်၊ ဒီပဇဟာနဝါရမှာ သောတာပတ္တိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ကို ဒက္ခိဏေယျဂဏနနည်း, ပစ္စောရောဟနဂဏန နည်းအားဖြင့် "အဋ္ဌမကော"ဟု ဟောတော်မူပါတယ်၊ အလျှုခံပုဂ္ဂိုလ်တွေထဲမှာ အမြှတ်ဆုံး အရဟတ္တဖလဋ္ဌာန် (ရဟန္တာ) ပုဂ္ဂိုလ်က ပထမကဖြစ်ပါတယ်၊

http://www.dhammadownload.com



အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်မှ နောက်ပြန်ရေတွက်လျှင် သောတာပတ္တိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်က ရှစ်ယောက်မြောက် "အဋ္ဌမက" ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် "အဋ္ဌမကော"ဟူသောအမည်ဟာ သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၏ မှတ်သား ကြောင်း အမည်မျှသာ ဖြစ်ပါတယ်။

## (၃) အနုသယဝါရနှင့် ပုဂ္ဂိုလ်

ပုထုဇဉ်ပုဂ္ဂိုလ်၏ သန္တာန်မှာ အနုသယခုနစ်ပါးလုံး ကိန်းပါတယ်၊ သောတာ ပန်, သကဒါဂါမ်ပုဂ္ဂိုလ်တို့၏ သန္တာန်မှာ ဒိဋ္ဌိဝိစိကိစ္ဆာကြဉ် ကျန်ငါးပါး ကိန်းပါ တယ်၊ အနာဂါမ်ပုဂ္ဂိုလ်၏ သန္တာန်မှာ မာန ဘဝ အဝိဇ္ဇာ သုံးပါး ကိန်းပါတယ်၊ ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်မှာ မည်သည့်အနုသယမျှ မကိန်းတော့ပါ။

## (၄) ပဇဟနဝါရနှင့် ပုဂ္ဂိုလ်

သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ဟာ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကို အကြွင်းမဲ့ ပယ်စွန့်ပြီး ကျန် အနုသယငါးပါးကို တဒေကဋ္ဌ (တစ်စိတ်တစ်ဒေသ) အားဖြင့် ပယ်စွန့်ပါ တယ်။ အနာဂါမ်ပုဂ္ဂိုလ်ဟာ ကာမရာဂနှင့် ပဋိဃာနုသယကို အကြွင်းမဲ့ ပယ်စွန့် ပြီး မာနဘဝအဝိဇ္ဇာနုသယတို့ကို တဒေကဋ္ဌအားဖြင့် ပယ်စွန့်ပါတယ်။အရဟတ္တ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ကတော့ အနုသယအားလုံးကို အကြွင်းမဲ့ ပယ်စွန့်၏၊ မပယ်စွန့် အပ်သည့် အနုသယဟူ၍ မရှိတော့ပြီ။

## (၅) ဥပ္ပတ္တိဋ္ဌာန အဓိပ္ပါယ်

ဥပ္ပတ္တိဋ္ဌာန အဓိပ္ပါယ်ကို အရကောက်ဆရာကြီး (နှာ၊ ၃၈၉–၅) ပြအပ်သည့် အတိုင်း နားလည်သဘောပေါက်ရန် လိုပါတယ်၊ အနုသယတို့၏ တရားကိုယ်ကို အသီးသီး ကောက်ပြီးနောက်

၁။ ပုဂ္ဂိုလ်အားဖြင့်

၂။ ပယ်/မပယ်အားဖြင့်

၃။ ဌာနဟူသော ဘုံအားဖြင့်

၄။ ဝေဒနာအားဖြင့်

၅။ အနုသေတိ ။ ပ ။ ဥပ္ပဇ္ဇတိဋ္ဌ အဓိပ္ပါယ်ကား–ဟု ဆောင်ပုဒ်ပါ အချက်များကို ခေါင်းစဉ်ပြု မှတ်သားပြီး အရကောက်စာအုပ်ကြီးနှင့် တိုက်ဆိုင် ကြည့်ရှုလေ့လာပါက နားလည် သဘောပေါက်နိုင်ပါတယ်။

http://www.dhammadownload.com



## (၆) ဩကာသဝါရနှင့် ပုဂ္ဂိုလ်

ဒုက္ခဋ္ဌာနမှာ ပဋိဃာနုသယ, ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာနုသယ, အဝိဇ္ဇာနုသယ ဟု အနုသယလေးပါး ကိန်းပါတယ်။ ကာမဋ္ဌာနမှာ ကာမ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, အဝိဇ္ဇာနုသယဟု အနုသယငါးပါး ကိန်းပါတယ်။ ရူပအရူပဋ္ဌာနမှာ ဒိဋ္ဌိ, ဝိစိကိစ္ဆာ, မာန, ဘဝ, အဝိဇ္ဇာဟု အနုသယငါးပါး ကိန်းပါတယ်။ အပရိယာပန္နဟူသော လောကုတ္တရာတရားကိုးပါးမှာ မည်သည့်အနုသယမျှ မကိန်းပါ။ တစ်နည်းအားဖြင့် ကာမရာဂါနုသယသည် ကာမဋ္ဌာနမှာသာ ကိန်းပါတယ်။ ပဋိဃာနုသယသည် ဒုက္ခဋ္ဌာနမှာသာ ကိန်းပါတယ်။ မာနာနုသယသည် ကာမဋ္ဌာန,ရူပအရူပဋ္ဌာနဟု နှစ်ဌာနတို့မှာ ကိန်းပါတယ်။ ဒိဋ္ဌာနုသယ,ဝိစိကိစ္ဆာနုသယတို့သည် ဒုက္ခ ဋ္ဌာန, ကာမဋ္ဌာန, ရူပ အရူပဋ္ဌာနဟု သုံးဌာနတို့မှာ ကိန်းပါတယ်။ ဘဝရာဂါနုသယသည် ရူပအရူပဋ္ဌာနမှာသာ ကိန်းပါတယ်။ အဝိဇ္ဇာနုသယသည် (ဒိဋ္ဌိ ဝိစိကိစ္ဆာတို့နည်းတူ) သုံးဌာနတို့မှာ ကိန်းပါတယ်။

## (၇) လုံမြတ်+နိက်ယုတ်၊ စဉ်တိုင်းထုတ်

အနုသယဝါရ ပဇဟာနဝါရတို့မှာ ဌာနရော ပုဂ္ဂိုလ်ကိုပါ အနုလုံမှာ အမြတ်မှစ၍ ထုတ်ပြီး၊ ပစ္စနိက်မှာ အယုတ်မှ စထုတ်ရပါတယ်။ ဒါပေမယ့် စတုမူ ပဥ္စမူ ဆမူ အဝိဇ္ဇာမူလီ ပဋိလောမ သန္နိဋ္ဌာန်ပုဒ်၏ အရထုတ်ရာမျိုးမှာ အနုလုံပင်ဖြစ်စေကာမူ အယုတ်ဒုက္ခဋ္ဌာနမှစပြီး ထုတ်ရပါတယ်။ အကြောင်းမှာ–တစ်ဖက်ရသက်သက် ဖြစ်သောကြောင့်ပါပဲ။ ပဟီနဝါရမှာ ပုဂ္ဂိုလ်ကို လုံယုတ်+နိက်မြတ် အစဉ်အတိုင်း ထုတ်ပါ။ ဌာနကိုတော့ အနုလုံ ပစ္စနိက် နှစ်ပါးလုံးမှာပင် အမြတ်မှစ၍ ထုတ်ပါ။

### မဂ်ပုဂ္ဂိုလ်တို့က အနုသယကို အဆင့်ဆင့်ပယ်ပုံ

သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်က ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကို အကြွင်းမဲ့ ပယ်ပါတယ်၊ ကျန်အနုသယငါးပါးကို တဒေကဋ္ဌ (တစ်စိတ်တစ်ဒေသ)အားဖြင့် ပယ်ပါတယ်။ ရှင်းပြပါဦးမယ်၊ ဒိဋ္ဌိက ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄–ခုမှာ ယှဉ်ပါတယ်၊ ဝိစိကိစ္ဆာက ဝိစိကိစ္ဆာသမ္ပယုတ်စိတ်မှာ ယှဉ်ပါတယ်၊ ဒါ့ကြောင့် သောတာပတ္တိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်က

၁။ ဒိဋ္ဌာနုသယ ဝိစိကိစ္ဆာနုသယတို့ကို အကြွင်းမဲ့ ပယ်ပါတယ်။

http://www.dhammadownload.com



၂။ ဒိဋ္ဌိဂတသမ္ပယုတ်ဖြစ်သည့်(ဒိဋ္ဌိနှင့်ယှဉ်သည့်)လောဘမူဟူသော ကာမရာဂါနုသယကိုလည်းကောင်း၊ ဒေါသမူဒွေးဟူသော ပဋိဃာနုသယကိုလည်းကောင်း အကြွင်းမဲ့ မပယ်။

၃။ အပါယဂမနီယဖြစ်သော (က) ဒိဋ္ဌိဂတဝိပ္ပယုတ်၌ယှဉ်သည့် ကာမရာဂါနုသယကိုလည်းကောင်း၊ (ခ) ဒေါသမူဒွေး၌ယှဉ်သည့် ပဋိဃာနုသယကိုလည်းကောင်း၊ (ဂ) ဒိဋ္ဌိဂတဝိပ္ပယုတ်၌ယှဉ်သည့် မာနာနုသယကိုလည်းကောင်း ပယ်ပါတယ်။

၄။ အပါယဂမနီယဖြစ်သော (က) ဒိဋ္ဌိဂတဝိပ္ပယုတ်၌ယှဉ်သည့် ကာမရာဂါနုသယကိုလည်းကောင်း၊ (ခ) ဒေါသမူဒွေး၌ယှဉ်သည့် ပဋိဃာနုသယကို လည်းကောင်း၊ (ဂ) ကာမဘုံ၌ တပ်တတ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်၌ယှဉ်သည့် မာနာနုသယကိုလည်းကောင်း၊ (ဃ) ရူပရာဂ အရူပရာဂဟု ဆိုအပ်သောဒိဋ္ဌိဂတဝိပ္ပယုတ်လောဘနှင့် သမ္ပယုတ်ဖြစ်သော မာနာနုသယကိုလည်းကောင်း မပယ်။[ဒီ၄–နံပါတ် အပါယဂမနီယဖြစ်သော (က၊ ခ၊ ဂ) အနုသယများကို အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ကျမှ ပယ်ပါလိမ့်မည် (ဃ)ကို အရဟတ္တမဂ္ဂဋ္ဌာန်ကျမှ ပယ်ပါလိမ့်မယ်။]

သကဒါဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည် ရုန့်ရင်းသော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄–ခုကိုလည်းကောင်း၊ ရုန့်ရင်းသော ဒေါသမူဒွေးကိုလည်းကောင်း ပယ်ပါတယ်။ အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်က ကာမရာဂါနုသယ ပဋိဃာနုသယတို့ကို အကြွင်းမဲ့ ပယ်ပါတယ်၊ မာနာနုသယ ဘဝရာဂါနုသယ အဝိဇ္ဇာနုသယတို့ကို တဒေကဋ္ဌအားဖြင့် ပယ်ပါတယ်။ ရှင်းပြပါဦးမယ်၊ အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်က အကြွင်းမဲ့မပယ်အပ်ခဲ့သေးသည့်–

၁။ ၄–နံပါတ်ရှိ (က၊ ခ၊ ဂ) တို့ကို အကြွင်းမဲ့ ပယ်ပါတယ်။ (ဃ) ရူပဘုံ အရူပဘုံ၌ တပ်တတ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်၌ယှဉ်သော မာနာနုသယ တစ်စိတ်ကိုလည်းကောင်း၊

၂။ စိတ္တက္ခဏပြားသော ဒိဋ္ဌိဂတဝိပ္ပယုတ်နှင့်ယှဉ်သော ဘဝရာဂါနုသယကိုလည်းကောင်း အားနည်းစေပါတယ်။

၃။ ဒိဋ္ဌိဂတဝိပ္ပယုတ်နှင့်ယှဉ်သည့် မောဟဟူသော အဝိဇ္ဇာနုသယ၊ အပါယဂမနီယဖြစ်သော ဒေါသမူဒွေးနှင့် သမ္ပယုတ်ဖြစ်သော မောဟဟူသော အဝိဇ္ဇာနုသယတို့ကို ပယ်ပါတယ်၊ အကြွင်းမဲ့တော့ မပယ်ပါ။

http://www.dhammadownload.com



၄။ ဥဒ္ဒစ္စသဟဂုတ် မောဟ၊ ရူပရာဂ အရူပရာဂနှင့်ယှဉ်သော ဒိဋ္ဌိဂတ ဝိပ္ပယုတ် မောဟဟူသော အဝိဇ္ဇာနုသယတို့ကို မပယ်ပါ။

အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည် အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်က အကြွင်းမဲ့ မပယ်အပ်ခဲ့သေးသည့် အနုသယများကို ပယ်ပါတယ်၊ မာန ဘဝ အဝိဇ္ဇာနုသယများကို လည်း အကြွင်းမဲ့ ပယ်စွန့်ပါတယ်၊ အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်က မပယ်အပ်သည့် အနုသယဟူ၍ တစ်စိုးတစ်စိ မရှိတော့ပါ။

## ပယ်ပုံအဓိပ္ပါယ် "ဟန်"တစ်မျိုး

သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်က ဒိဋ္ဌာနုသယနှင့် ဝိစိကိစ္ဆာနုသယကို အကြွင်း မဲ့ ပယ်ပါတယ်၊ ကျန်အနုသယငါးပါးကို တဒေကဠ(တစ်စိတ်တစ်ဒေသ) အားဖြင့် ပယ်ပါတယ်။

**(၁) ကာမရာဂါနုသယကို တဒေကဠပယ်ရာ၌** သောတာပန်ပုဂ္ဂိုလ်က ဒိဋ္ဌာနုသယကို ပယ်သည့်အခါ (က) ဒိဋ္ဌိဂတသမ္ပယုတ်ဖြစ်သည့် (ဒိဋ္ဌိနှင့်ယှဉ်သည့်) လောဘမူဟူသော ကာမရာဂါနုသယကိုလည်းကောင်း၊ (ခ) အပါယ ဂမနီယဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်၌ယှဉ်သည့် ကာမရာဂါနုသယကို လည်း ကောင်း အကြွင်းမဲ့ ပယ်ပါတယ်၊ (ဂ)အပါယဂမနီယဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် ၌ယှဉ်သည့် လောဘမူဟူသော ကာမရာဂါနုသယကိုကား မပယ်။ [ (ဂ)ကို အနာဂါမိ မဂ္ဂဋ္ဌာန်က ပယ်ပါလိမ့်မယ်။]

**(၂) ပဋိဃာနုသယကို တဒေကဠပယ်ရာ၌** (က) ဒေါသမူဒွေးဟူသော ပဋိဃာနုသယကိုလည်းကောင်း၊ (ခ) အပါယဂမနီယဖြစ်သော ဒေါသမူဒွေး၌ ယှဉ်သည့် ပဋိဃာနုသယကိုလည်းကောင်း အကြွင်းမဲ့ ပယ်ပါတယ်။ (ဂ)အပါယ ဂမနီယ မဖြစ်သော ဒေါသမူဒွေး၌ ယှဉ်သည့် ပဋိဃာနုသယကိုကား မပယ်။ [(ဂ)ကို အနာဂါမိမဂ္ဂဋ္ဌာန်က ပယ်ပါလိမ့်မယ်။]

**(၃)မာနာနုသယကို တဒေကဠပယ်ရာ၌** (က) အပါယဂမနီယဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် စိတ္တုပ္ပါဒ်ကိုလည်းကောင်း၊ (ခ) ဒိဋ္ဌိဂတဝိပ္ပယုတ်နှင့်ယှဉ်သည့် မာနာနုသယကိုလည်းကောင်း အကြွင်းမဲ့ ပယ်ပါတယ်။ (ဂ) အပါယဂမနီယဖြစ် သော ကာမဘုံ၌တပ်တတ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် နှင့်ယှဉ်သည့် မာနာ နုသယကို လည်းကောင်း၊ (ဃ) ရူပရာဂအရူပရာဂဟုဆိုအပ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်၌ ယှဉ်၍

http://www.dhammadownload.com



လောဘနှင့် သမ္ပယုတ်ဖြစ်သော မာနာနုသယကိုလည်းကောင်း မပယ်။ [(ဂ) ကို အနာဂါမိမဂ္ဂဋ္ဌာန်က ပယ်ပါလိမ့်မယ်၊ (ဃ)ကို အရဟတ္တမဂ္ဂဋ္ဌာန်က ပယ်ပါလိမ့်မယ်။]

(၄) ဘဝရာဂါနုသယကို တဒေကဋ္ဌပယ်ရာ၌

(၅) အဝိဇ္ဇာနုသယကို တဒေကဋ္ဌပယ်ရာ၌

အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်က ကာမရာဂါနုသယ ပဋိဃာနုသယတို့ကို အကြွင်းမဲ့ ပယ်ပါတယ်၊ ကျန် မာန ဘဝ အဝိဇ္ဇာနုသယ သုံးပါးတို့ကို တဒေကဋ္ဌ (တစ်စိတ်တစ်ဒေသ)အားဖြင့် ပယ်ပါတယ်။

(၁) မာနာနုသယကို တဒေကဋ္ဌပယ်ရာ၌ (က) ကာမဘုံ၌ တပ်တတ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်၌ယှဉ်သော မာနာနုသယတစ်စိတ်ကို အကြွင်းမဲ့ ပယ်ပါတယ်။ (ခ) ရူပရာဂ အရူပရာဂဟုဆိုအပ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်၌ယှဉ်သော လောဘနှင့် သမ္ပယုတ်ဖြစ်သော မာနာနုသယတစ်စိတ်ကိုကား မပယ်။ [(ခ)ကို အရဟတ္တမဂ္ဂဋ္ဌာန်က ပယ်ပါလိမ့်မယ်။]

(၂) ဘဝရာဂါနုသယကို တဒေကဋ္ဌပယ်ရာ၌ (က) စိတ္တက္ခဏပြားသော ဒိဋ္ဌိဂတဝိပ္ပယုတ်နှင့်ယှဉ်သော ဘဝရာဂါနုသယကို အားနည်းစေပါတယ်၊ အကုန်တော့ မပယ်ပါ။ [အရဟတ္တမဂ္ဂဋ္ဌာန်က အကုန်ပယ်ပါလိမ့်မယ်။]

(၃) အဝိဇ္ဇာနုသယကို တဒေကဋ္ဌပယ်ရာ၌ (က) ဒိဋ္ဌိဂတဝိပ္ပယုတ်နှင့် ယှဉ်သည့် မောဟဟူသော အဝိဇ္ဇာနုသယ၊ အပါယဂမနီယ မဖြစ်သော ဒေါသမူဒွေးနှင့် သမ္ပယုတ်ဖြစ်သော မောဟဟူသော အဝိဇ္ဇာနုသယတို့ကို ပယ်ပါတယ်။ (ခ) ဥဒ္ဒစ္စသဟဂုတ် မောဟ၊ ရူပရာဂ အရူပရာဂနှင့်ယှဉ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် မောဟဟူသော အဝိဇ္ဇာနုသယတို့ကို မပယ်ပါ။ [(ခ) ကို အရဟတ္တမဂ္ဂဋ္ဌာန်က ပယ်ပါလိမ့်မယ်။]

http://www.dhammadownload.com



## အနုသယတို့၏ အရကောက်

၁။ **ကာမရာဂါနုသယ**–ကာမဘုံ၌ တပ်တတ်သော လောဘစေတသိက်၊ ပုထုဇဉ် သောတာပန် သကဒါဂါမ်တို့၌ ဖြစ်၏။

၂။ **ပဋိဃာနုသယ**–ဒေါသမူဒွေး၌ရှိသော ဒေါသစေတသိက်၊ ပုထုဇဉ် သောတာပန်သကဒါဂါမ်တို့၌ ဖြစ်၏။

၃။ **မာနာနုသယ**–ဒိဋ္ဌိဂုတ်ဝိပ္ပယုတ်လေးခု၌သာယှဉ်သော မာနစေတသိက်၊ ပုထုဇဉ် သောတာပန် သကဒါဂါမ် အနာဂါမ်တို့၌ ဖြစ်၏။

၄။ **ဒိဋ္ဌာနုသယ**–ဒိဋ္ဌိဂုတ်သမ္ပယုတ်စိတ်လေးခု၌သာ ယှဉ်သော ဒိဋ္ဌိစေတသိက်၊ ပုထုဇဉ်ပုဂ္ဂိုလ်၌သာ ဖြစ်၏။

၅။ **ဝိစိကိစ္ဆာနုသယ**–ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ ယှဉ်သော ဝိစိကိစ္ဆာစေတသိက်၊ ပုထုဇဉ်ပုဂ္ဂိုလ်၌သာ ဖြစ်၏။

၆။ **ဘဝရာဂါနုသယ**–ရူပဘုံအရူပဘုံတို့၌ တပ်တတ်သော ဒိဋ္ဌိဂုတ်ဝိပ္ပယုတ်လေးခု၌သာ ယှဉ်သော လောဘစေတသိက်၊ ပုထုဇဉ် သောတာပန် သကဒါဂါမ် အနာဂါမ်ပုဂ္ဂိုလ်တို့၌ ဖြစ်၏။

၇။ **အဝိဇ္ဇာနုသယ**–အကုသိုလ်စိတ်၁၂ သည်၌ ယှဉ်သော မောဟစေတသိက်၊ ပုထုဇဉ် သောတာပန် သကဒါဂါမ် အနာဂါမ်ပုဂ္ဂိုလ်တို့၌ ဖြစ်၏။

http://www.dhammadownload.com



## ဟောရိုးစစ်

သခ်ါရယမိုက်ကို ဟောတော်မူသည်၏အခြားမဲ့၌ အနုသယယမိုက်ကိုဟောတော်မူ၏၊ ထိုအနုသယယမိုက်သည်လည်း .....

ပရိစ္ဆေဒဝါရ + ပရိစ္ဆိန္နုဒ္ဒေသဝါရ + ဥပ္ပတ္တိဋ္ဌာနဝါရ + မဟာဝါရ =၄။

တစ်နည်းကား–အနုသယုဒ္ဒေသ + နာမဝဝတ္ထာန် + ဥပ္ပတ္တိဋ္ဌာန + မဟာဝါရ =၄။

(ဥပ္ပတ္တိဋ္ဌာနတိုင်အောင် အသီးသီးဟောပါဦး၊)မဟာဝါရသည်လည်း–

အနုသယဝါရ + သာနုသယ + ပဇဟန + ပရိညာ + ပဟီန + ဥပ္ပဇ္ဇန + ဓာတုဝါရ =၇။

အနုလုံ + ပစ္စနိက် =၂။

ပုဂ္ဂလဝါရ + ဩကာသဝါရ + ပုဂ္ဂလောကာသဝါရ =၃။

ကေမူ + ဒွိမူ + တိမူ + စတုမူ + ပဥ္စမူ + ဆမူ =၆။

ကာမရာဂါနုသယမူ ။ ပ ။ ဘဝရာဂါနုသယမူ =၆။

ပဋိဃာနုသယမူလီ ။ ပ ။ အဝိဇ္ဇာနုသယမူလီ =၆။

အနုလောမ + ပဋိလောမ =၂။

ပုစ္ဆာ + ဝိဿဇ္ဇနာ =၂။

သန္နိဋ္ဌာန် + သံသယ =၂။

ဟောဟန်ကား–

**၁။ အနုသယုဒ္ဒေသ။** ။သတ္တ အနုသယာ။

**၂။ နာမဝဝတ္ထာန်။** ။ကာမရာဂါနုသယော၊ ပဋိဃာနုသယော၊ မာနာနုသယော၊ ဒိဋ္ဌာနုသယော၊ ဝိစိကိစ္ဆာနုသယော၊ ဘဝရာဂါနုသယော၊ အဝိဇ္ဇာနုသယော ။

## ၃။ ဥပ္ပတ္တိဋ္ဌာနဝါရ

| ကာ | ပ | မာ | ဒိ,ဝိ | ဘ | အ | ကတ္ထ ကာမရာဂါနုသယော အနုသေတိ |
|---|---|---|---|---|---|---|
| | ။ | | ။ | | ။ | – ဒုက္ခာယ ဝေဒနာယ ဧတ္ထ |
| ။ | | ။ | ။ | | ။ | – ကာမဓာတုယာ ဒွီသု ဝေဒနာသု ဧတ္ထ |
| | | ။ | ။ | ။ | ။ | – ရူပဓာတုယာ အရူပဓာတုယာ ဧတ္ထ |

**အမှာ။** ။ဌာနသုံးခုလုံးကိုရက “သဗ္ဗသက္ကာယ ပရိယာပန္နေသုဓမ္မေသု”ဟုဆိုပါ ။

http://www.dhammadownload.com



## ၄။ မဟာဝါရ

<table>
<tr><th>ဝါရ</th><th>ဒိ, ဝိ</th><th colspan="2">ကာ၊ ပ</th><th colspan="3">မာ၊ ဘ၊ အ</th><th>ပုဂ္ဂိုလ်သရုပ်ခွဲ</th></tr>
<tr><td rowspan="4">အနုသာနုဥပွစ်</td><td>။</td><td colspan="2">။</td><td colspan="3">။</td><td>၁-ပုထုဇ္ဇနသည် တိဏ္ဏံ</td></tr>
<tr><td></td><td colspan="2">။</td><td colspan="3">။</td><td>၂-ဒွိန္နံ တိဏ္ဏံ</td></tr>
<tr><td></td><td colspan="2"></td><td colspan="3">။</td><td>၃-အနာဂါမိသည် ဒွိန္နံ</td></tr>
<tr><td></td><td colspan="2"></td><td colspan="3"></td><td>၄-အရဟာတော</td></tr>
<tr><td rowspan="4">ပဇဟာနုပရိညာ</td><td>။</td><td colspan="2">-</td><td colspan="3">-</td><td>၁- အဋ္ဌမကော</td></tr>
<tr><td></td><td colspan="2">။</td><td colspan="3">-</td><td>၂-အနာဂါမိမဂ္ဂသမင်္ဂီ</td></tr>
<tr><td></td><td colspan="2"></td><td colspan="3">။</td><td>၃- အဂ္ဂမဂ္ဂသမင်္ဂီ</td></tr>
<tr><td></td><td colspan="2"></td><td colspan="3"></td><td>၄- - - ထပေတွာ အဝသေသာ ပုဂ္ဂလာ (ပု, သက, ဖ -၄)</td></tr>
<tr><td rowspan="4">ပဟီန</td><td></td><td colspan="2"></td><td colspan="3"></td><td>၁- ပုထုဇ္ဇနသည် တိဏ္ဏံ</td></tr>
<tr><td>။</td><td colspan="2"></td><td colspan="3"></td><td>၂-ဒွိန္နံ တိဏ္ဏံ</td></tr>
<tr><td>။</td><td colspan="2">။</td><td colspan="3"></td><td>၃- အနာဂါမိသည် ဒွိန္နံ</td></tr>
<tr><td>။</td><td colspan="2">။</td><td colspan="3">။</td><td>၄- အရဟာတော</td></tr>
<tr><td rowspan="4">အားလုံး၏ ဩကာသ နှင့် ပုဂ္ဂလော</td><td>။</td><td></td><td>။</td><td></td><td></td><td>။</td><td>၁-ဒုက္ခာယ ဝေဒနာယ</td></tr>
<tr><td>။</td><td>။</td><td></td><td>။</td><td></td><td>။</td><td>၂-ကာမဓာတုယာ ဒွိသု ဝေဒနာသု</td></tr>
<tr><td>။</td><td></td><td></td><td>။</td><td>။</td><td>။</td><td>၃- ရူပ, အရူပဓာတုယာ</td></tr>
<tr><td></td><td></td><td></td><td></td><td></td><td></td><td>၄-အပရိယာပန္နေ ( - - သဗ္ဗတ္ထ)</td></tr>
</table>

http://www.dhammadownload.com



## ဓာတုဝါရ

| ပုဂ္ဂိုလ် / အနုသယ | ပုထု | သော သ | နာ | ဘုံပြောင်း ဘုံလွှဲ | | |
|---|---|---|---|---|---|---|
| ၁-ဒိ၊ ဝိ | ။ | | | | | |
| ၂-ကာ၊ ပ | ။ | ။ | | | | |
| ၃-မာ၊ ဘ၊ အ | ။ | ။ | ။ | မှ | သို့ | ပုဂ္ဂိုလ် |
| ၁-ကာ၊ ကာ | | | + | ကာ-၁၁ | ကာ-၁၁ | ပု ၄၊ အော်ဖ-၂။ |
| ၂- ။ ရူ | | | | ကာ-၇ | ရူ-၁၆ | သု၊ တိ၊ အော်ဖ-၃။ |
| ၃- ။ အရူ | | | | ကာ-၇ | အရူ-၄ | -တိ၊ အော်ဖ-၃။ |
| ၄- ရူ၊ ရူ | | | | ရူ-၁၄ | ရူ-၁၅ | -တိ၊ အော်ဖ-၃။ |
| ၅- ။ ကာ | | + | + | ရူ-၁၁ | ကာ-၇ | သု၊ တိ။ |
| ၆- ။ အရူ | | | | ရူ-၁၀ | အရူ-၄ | -တိ၊ အော်ဖ-၃။ |
| ၇- အရူ၊ အရူ | | | | အရူ-၄ | အရူ-၄ | -တိ၊ အော်ဖ-၃။ |
| ၈- ။ ကာ | | + | + | အရူ-၄ | ကာ-၇ | -တိ။ |
| ၉- ။ ရူ | + | + | + | အရူ-၄ | + | + + + |

### ပုစ္ဆာ

ကာမဓာတုယာ စုတဿ ကာမဓာတုံ ဥပပဇ္ဇန္တဿ ကတိ အနုသယာ အနုသေန္တိ၊ ကတိ အနုသယာ နာနုသေန္တိ၊ ကတိ အနုသယာ ဘင်္ဂါ ။

### ဝိဿဇ္ဇနာ

ကာမဓာတုယာ စုတဿ ကာမဓာတုံ ဥပပဇ္ဇန္တဿ ကဿစိ (သတ္တ၊ ပဉ္စ၊ တယော) အနုသယာ အနုသေန္တိ၊ အနုသယာ ဘင်္ဂါ နတ္ထိ ။

### နောက်ဆုံး အရူ-ရူ၌

အရူပဓာတုယာ စုတဿ ရူပဓာတုယာ ဥပပတ္တိနာမ နတ္ထိ၊ ဟေဋ္ဌာ ဥပပဇ္ဇမာနော ကာမဓာတုံယေဝ ဥပပဇ္ဇတိ၊ သတ္တေဝ အနုသယာ အနုသေန္တိ၊ အနုသယာ ဘင်္ဂါ နတ္ထိ ။

http://www.dhammadownload.com



## ဓာတုဝါရ

| မူ- မူလီရွေးရန် | ကာမ | ရူပ | အရူပ |
|---|---|---|---|
| ၁-ကာမဓာတုယာ | ॥ | | |
| ၂-ရူပဓာတုယာ | | ॥ | |
| ၃-အရူပဓာတုယာ | | | ॥ |
| ၄-န ကာမ | | ॥ | ॥ |
| ၅-န ရူပ | ॥ | | ॥ |
| ၆-န အရူပ | ॥ | ॥ | |
| ၇-န ကာမ န အရူပ | | ॥ | |
| ၈-န ရူပ န အရူပ | ॥ | | |
| ၉-န ကာမ န ရူပ | | | ॥ |

## အနုသယယမိုက်ဟောပုံ မှတ်သားဖွယ်များ

## အနုသယဝါရ

### ပုဂ္ဂလဝါရ

မဟာဝါရမှာ ၇-ဝါရရှိတဲ့အနက် အနုသယဝါရဟောပုံကို ပြောပြပါမယ်။ အနုသယဆိုတာ ကိန်းတာပေါ့၊ ဘယ်ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဘယ်အနုသယကိန်းတယ်ဆိုတာကို ဝေဖန်ပြတာဖြစ်ပါတယ်။ ဒီအနုသယဝါရမှာ ပုထုဇဉ်နဲ့ ဖလဋ္ဌာန် ပုဂ္ဂိုလ် ၄-ယောက်ကို ဟောပါတယ်၊ သရုပ်စဉ်အနေအားဖြင့် အနုသယ၇-ပါး လုံးကိန်းတဲ့ ပုထုဇဉ်ကို အစထားပြီး သရုပ်တည်ခင်းပြထားပါတယ်၊ ပြီးတော့မှ ဒွိန္န၊ အနာဂါမိဿ၊ အရဟာတော-လို့ စဉ်ထားပါတယ်၊ ဒီသရုပ်ကို ကြည့်ပြီး ဟောရမှာပါ၊ အခု မူလ+မူလီယှဉ်ပြီး ပြောပြပါမယ်။

**ကာမ+ပဋိဃ**။ ။မူကာမနဲ့ မူလီပဋိဃတို့ဟာ အရတူပါတယ်၊ ပုထုဇ္ဇနဿနဲ့ ဒွိန္န ရကြပါတယ်၊ ဒါ့ကြောင့် အနုလုံမှာ အာမန္တာ ထုတ်ပါ။ ပစ္စနိက်မှာ အနာဂါမိဿနဲ့ အရဟာတော-အရတူကြပြန်ပါတယ်၊ ဒါ့ကြောင့် ပစ္စနိက်မှာလဲ အာမန္တာထုတ်ပါ။

http://www.dhammadownload.com



ကာမ+မာန။ ။ကာမမူ မာနမူလီမှာ မာနက အနာဂါမိသာ သာနေပါတယ်၊ ဒါကြောင့် အနုလောမမှာ အာမန္တာ ထုတ်ပါ။ ပဋိလောမမှာ အဲဒီ သာနေတဲ့ အနာဂါမိသာဟာ မာနရဲ့ တစ်ဖက်ရဖြစ်ပါတယ်၊ ပစ္စနိက် ၂-ဖက်ရက အရဟာတော ဖြစ်ပါတယ်။ [သရုပ်ကိုကြည့်ပြီး ကေမူပြီးသည်အထိ ဒီအတိုင်း ဟောသွားရပါမယ်။]

(ဒွိမူ) ကာ-ပ+မာန။ ။သရုပ်ကို ကြည့်ပါ၊ ဒွိမူမှာ မူကာမပဋိဃတို့ အရတူပါတယ်၊ တိဏ္ဏံ ပုဂ္ဂလာနံ။ မူလီမာနက အနာဂါမိသာ သာပါတယ်၊ ဒါကြောင့် အနုလောမမှာ အာမန္တာ။ ပဋိလောမမှာ အနာဂါမိသာက တစ်ဖက်ရ၊ တိဏ္ဏံက နှစ်ဖက်ရဖြစ်ပါတယ်။ ပစ္စနိက် ၂-ဖက်ရက အရဟာတော ဖြစ်ပါတယ်။

(တိမူ) ကာ-ပ-မာ+ဒိဋ္ဌိ(ဝိစိကိစ္ဆာ)။ ။အနုလောမမှာ မူ၃-ပါးလုံး ရတာက ပုထုဇ္ဇနသာ, ဒွိန္နံတို့ဖြစ်ပါတယ်၊ အဲဒီထဲက ဒွိန္နံက မူရဲ့တစ်ဖက်ရ၊ ပုထုဇ္ဇနသာက နှစ်ဖက်ရ ဖြစ်ပါတယ်။ ပဋိလောမမှာ သန္နိဋ္ဌာန်က ပုထုဇ္ဇနသာ သာဖြစ်လို့ သံသယက သာနေပါတယ်၊ အာမန္တာထုတ်ပါ။ ပစ္စနိက် အနုလောမမှာ မူ ၃-ပါးလုံး မရတာက အရဟာတောသာ ဖြစ်ပါတယ်၊ နောက်ပုဒ် သံသယက သာနေလို့ အာမန္တာထုတ်ပါ။ ပဋိလောမကျတော့ သတိပြုရလိမ့်မယ်၊ သန္နိဋ္ဌာန် သံသယ ပုဒ်တစ်စိတ်တွေ ဝင်လာပါတယ်၊ အဲဒါကို ရှင်းပြပါမယ်။ အနုလောမပဲ ဖြစ်ဖြစ်, ပဋိလောမပဲဖြစ်ဖြစ် သန္နိဋ္ဌာန်ဟာ ပဓာနပါပဲ၊ ယဿ ဝါ ပန ဒိဋ္ဌာနု-သယော နာနုသေတိ-ဆိုတဲ့ သန္နိဋ္ဌာန်ပုဒ်အရ ဒိဋ္ဌာနုသယမကိန်းတဲ့ ဒွိန္နံ, အနာ-ဂါမိသာ, အရဟာတော-တို့ကို ရပါတယ်၊ အဲဒီအထဲက ဒွိန္နံက ဒိဋ္ဌာနုသယရဲ့ သန္နိဋ္ဌာန်ပုဒ်တစ်ဖက်ရ သတ်သတ်ဖြစ်ပါတယ်၊ အနာဂါမိသာက သန္နိဋ္ဌာန်ဒိဋ္ဌာနုသယနဲ့ သံသယ ကာမပဋိဃတို့ရဲ့ သန္နိဋ္ဌာန် သံသယပုဒ်တစ်စိတ်ဖြစ်ပါတယ်၊ အရဟာတောကတော့ နှစ်ဖက်ရ သတ်သတ်ပါ။ ဒါကြောင့် ပါဠိတော်မှာ "ဒွိန္နံ ပုဂ္ဂလာနံ ဝိစိကိစ္ဆာနုသယော နာနုသေတိ, နော စ တေသံ ကာမရာဂါနုသယော စ ပဋိဃာနုသယော စ မာနာနုသယော စ နာနုသေန္တိ၊ အနာဂါမိဿ ဝိစိကိစ္ဆာနုသယော စ ကာမရာဂါနုသယော စ ပဋိဃာနုသယော စ နာနုသေန္တိ, နော စ တဿ မာနာနုသယော နာနုသေတိ၊ အရဟာတော ဝိစိကိစ္ဆာနုသယော စ နာနုသေတိ, ကာမရာဂါနုသယော စ ပဋိဃာနုသယော စ မာနာနုသယော စ နာနုသေန္တိ။"လို့ ရှိပါတယ်။ (ပါဠိတော်၊ ဒု၊ ၈၂)

http://www.dhammadownload.com



အခုပြောခဲ့သလို တိမူကစပြီး သန္နိဋ္ဌာန်သံသယ ပုဒ်တစ်စိတ်တွေ ဝင်လာပါလိမ့်မယ်၊ အဲဒီလို ဝင်လာတာတွေကို မူလ+မူလီတည်ပြီး ရှင်းပြနေရလျှင်ပြီးနိုင်မှာ မဟုတ်တော့ဘူး၊ ဟောပုံ သဘောလောက်ကိုသာ ထောက်ပြပါမယ်။

ဒီ ပုဂ္ဂလဝါရမှာ အနုသယအားလုံးတို့ရဲ့ ပစ္စနိက်ဟာ "အရဟာတော"ဖြစ်ပါတယ်၊ "အနာဂါမိဿ"ပါ ပစ္စနိက်ထွက်လျှင် "ဒွိန္နံ" ဖြစ်ပါတယ်၊ ဒီဒွိန္နံကို အထက်ဒွိန္နံ-လို့ခေါ်ပါတယ်၊ သောတာပန်နဲ့ သကဒါဂါမ်ကို အောက်ဒွိန္နံ-လို့ခေါ်ပါတယ်။ သောတာပန်, သကဒါဂါမ်, အနာဂါမ်တို့ကို အထက်တိဏ္ဏံ-လို့ခေါ်ပါတယ်၊ ပုထုဇဉ်, သောတာပန်, သကဒါဂါမ်တို့ကို အောက်တိဏ္ဏံ-လို့ခေါ်ပါတယ်။

## ဩကာသဝါရ

ဩကာသဝါရမှာ ဒွိမူကစပြီး (ဌာနမတူသောကြောင့်) အနုလုံ အနုလောမမှာ "နတ္ထိ" ဝိဘင်းချည်း ထုတ်ရပါမယ်။ (ပုဂ္ဂလောကာသဝါရမှာလဲ ဒီလိုပါပဲ။)

## ပုဂ္ဂလောကာသဝါရ

ပုဂ္ဂလောကာသဝါရမှာ အရဟာတောသာ ပစ္စနိက်ကျန်ခဲ့လျှင် " အရဟာတော သဗ္ဗတ္ထ "ဟုလည်းကောင်း၊ အနာဂါမိဿပါ ပစ္စနိက်ထွက်ခဲ့သော် " ဒွိန္နံ သဗ္ဗတ္ထ" ဟုလည်းကောင်း ဝိဘင်းထုတ်ရပါမယ်၊ ၄င်းပုဂ္ဂိုလ်တို့အတွက် ဌာနအားလုံး ပစ္စနိက်-လို့ ဆိုလိုပါတယ်။ ဒွိမူမှစပြီး သန္နိဋ္ဌာန်သံသယ ပုဒ်တစ်စိတ်တွေ ဝင်လာမည်ဖြစ်လို့ သတိထားကာ ဟောရပါမယ် ။

## အယုတ်အမြတ်

ဒီ အနုသယဝါရနှင့် ပဇဟနဝါရများမှာ သန္နိဋ္ဌာန်သံသယ ပုဒ်တစ်စိတ်တွေ ဝင်လာတဲ့အခါ အနုလုံမှာ ပုဂ္ဂိုလ်ရော ဌာနပါ နှစ်ခုစလုံး အမြတ်မှစပြီး ဝိဘင်းထုတ်ပါ၊ ပစ္စနိက်မှာ အယုတ်မှစပြီး ဝိဘင်းထုတ်ပါ။

အနုလုံ တိမူ အဝိဇ္ဇာမူလီ, စတုမူ အဝိဇ္ဇာမူလီ, ပဉ္စမူ အဝိဇ္ဇာမူလီ, ဆမူ အဝိဇ္ဇာမူလီတို့၏ ပဋိလောမမှာ အယုတ် ဒုက္ခဋ္ဌာနမှစပြီး ထုတ်ထားတာကတော့ အဝိဇ္ဇာ၏ တစ်ဖက်ရသတ်သတ်ဖြစ်သောကြောင့် ဖြစ်ပါတယ်။

## ဝါရတူများ

ဒီအနုသယဝါရနှင့်တူသည့် ဝါရများမှာ သာနုသယဝါရနှင့် ဥပ္ပဇ္ဇနဝါရတို့ဖြစ်ပါတယ်။ သာနုသယဝါရ၏ အနုလုံကို (ပုဂ္ဂလ, ဩကာသအားလျော်စွာ)

http://www.dhammadownload.com



"ယော ယတော ကာမရာဂါနုသယေန သာနုသယော၊ သော တတော ပဋိဃာနုသယေန သာနုသယော"စသည်ဖြင့် ဟောပါ၊ ပစ္စနိက်ကို "နိရာနုသယော"ဟု ဟောပါ။ ဥပ္ပဇ္ဇနဝါရကို "ယဿ ယတ္ထ ကာမရာဂါနုသယော ဥပ္ပဇ္ဇတိ"စသည်ဖြင့် ဟောပါ။

## ပဇဟနဝါရ

### ပုဂ္ဂလဝါရ

ပုဂ္ဂလဝါရ ပစ္စနိက် ၂-ဖက်ရကို ဝိဘင်းထုတ်ရာမှာ အနုလုံ၌ ဟောအပ်သည့် မူလမူလီပုဂ္ဂိုလ်များကို "ကံပုဒ်"လုပ်ပြီး ဒွိန္န မဂ္ဂသမင်္ဂီနံ ထပေတွာ, အနာဂါမိမဂ္ဂသမင်္ဂိဉ္စ အဋ္ဌမကဉ္စ ထပေတွာ,အဂ္ဂမဂ္ဂသမင်္ဂိဉ္စ အဋ္ဌမကဉ္စ ထပေတွာ အဝသေသာ ပုဂ္ဂလာ-ဟု ဝိဘင်းထုတ်ရပါမယ်။

### တဒေကဋ္ဌဝိဘင်း

သောတာပတ္တိမဂ္ဂဋ္ဌာန်, အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တွေဟာ မိမိတို့ပယ်အပ်သည့် အနုသယမှတစ်ပါး ကျန်အနုသယများကိုလည်း တဒေကဋ္ဌ (တစ်စိတ်တစ်ဒေသ)အားဖြင့် ပယ်ကြပါသေးတယ်။ အဲဒီလို ပယ်ပုံကို သရုပ်ခွဲဇယားမှာ (–) ဒီအမှတ် သင်္ကေတဖြင့် ပြထားပါတယ်၊ တဒေကဋ္ဌဝိဘင်းကို အနုလုံမှာသာ ထုတ်ရပါတယ်၊ ပစ္စနိက်မှာ မထုတ်ရပါဘူး။ တဒေကဋ္ဌဝိဘင်းဟာ အာမန္တာဝိဘင်း သဘောမျိုးပင် ဖြစ်ပါတယ်၊ ဒါပေမယ့် တူတော့ မတူတတ်ဘူး၊ "အာမန္တာပဋိရူပကဝိဘင်း"လို့ ဆိုနိုင်ဖွယ်ရှိပါတယ်၊ အာမန္တာထုတ်ရမယ့်အရာမှာတဒေကဋ္ဌကိုထုတ်ပါ-လို့ ဆိုလိုပါတယ်။

### တဒေကဋ္ဌပယ်ပုံ

အတူတကွ ပယ်ထိုက်သည်၏အဖြစ်ဖြင့် တစ်ယောက်တည်းသော ပုဂ္ဂိုလ်၌တည်သော အနုသယကို ပယ်ခြင်းသည် တဒေကဋ္ဌပယ်ခြင်း ဖြစ်ပါတယ်၊ သောတာ ပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်က တဒေကဋ္ဌပယ်ပုံကို အတန်ငယ် ရှင်းပြပါဦးမယ်။ သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည် ဒိဋ္ဌာနုသယနှင့် ဝိစိကိစ္ဆာနုသယကို အကြွင်းမဲ့ ပယ်ပါတယ်၊ ကျန်အနုသယ ၅-ပါးကို တဒေကဋ္ဌ(တစ်စိတ်တစ်ဒေသ)အားဖြင့် ပယ်ပါတယ်။ ပယ်ပုံမှာ-

http://www.dhammadownload.com



၁။ ကာမရာဂါနုသယကို တဒေကဠပယ်ရာ၌ သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည် ဒိဋ္ဌာနုသယကိုပယ်သည့်အခါ... (က) ဒိဋ္ဌိဂတသမ္ပယုတ်ဖြစ်သည့် (ဒိဋ္ဌိနှင့်ယှဉ်သည့်) လောဘဟူသော ကာမရာဂါနုသယကိုလည်းကောင်း၊ (ခ) အပါယဂမနီယဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်၌ယှဉ်သည့် ကာမရာဂါနုသယကို လည်းကောင်း အကြွင်းမဲ့ ပယ်၏။ (ဂ) အပါယဂမနီယ မဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်၌ယှဉ်သည့် လောဘဟူသော ကာမရာဂါနုသယကိုကား မပယ်။

၂။ ပဋိဃာနုသယကို တဒေကဠပယ်ရာ၌– (က) ဒေါသမူဒွေးဟူသော ပဋိဃာနုသယကိုလည်းကောင်း၊ (ခ) အပါယဂမနီယဖြစ်သော ဒေါသမူဒွေး၌ယှဉ်သည့် ပဋိဃာနုသယကိုလည်းကောင်း အကြွင်းမဲ့ ပယ်၏။ (ဂ) အပါယဂမနီယမဖြစ်သော ဒေါသမူဒွေး၌ယှဉ်သည့် ပဋိဃာနုသယကိုကား မပယ်။

၃။ မာနာနုသယကို တဒေကဠပယ်ရာ၌– (က) အပါယဂမနီယ မဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ္တုပ္ပါဒ်ကိုလည်းကောင်း၊ (ခ) ဒိဋ္ဌိဂတဝိပ္ပယုတ်နှင့်ယှဉ်သည့် မာနာနုသယကိုလည်းကောင်း အကြွင်းမဲ့ ပယ်၏။ (ဂ) အပါယဂမနီယ မဖြစ်သော ကာမဘုံ၌ တပ်တတ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်နှင့်ယှဉ်သည့် မာနာနုသယကိုလည်းကောင်း၊ (ဃ) ရူပရာဂ အရူပရာဂ–ဟုဆိုအပ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်၌ယှဉ်၍ လောဘနှင့် သမ္ပယုတ်ဖြစ်သော မာနာနုသယကိုလည်း ကောင်း မပယ်။ [(ဂ)ကို အနာဂါမိမဂ္ဂဋ္ဌာန်က ပယ်မည်၊ (ဃ)ကို အရဟတ္တမဂ္ဂဋ္ဌာန်က ပယ်မည်] အခုပြခဲ့ တာဟာ သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်က တဒေကဠပယ်ပုံ အမြွက်ဖြစ်ပါတယ်။

## ပုဂ္ဂလောကာသဝါရ

ပုဂ္ဂလောကာသဝါရ၏ အနုလုံမှာ ပုဂ္ဂိုလ်ဖြစ်စေ,ဌာနဖြစ်စေ တစ်ခုနဲ့တစ်ခု မတူရာ၌လည်းကောင်း၊ ပုဂ္ဂိုလ်ဌာန နှစ်ခုစလုံး မတူရာ၌လည်းကောင်း "နော" ဝိဘင်းထုတ်ပါ၊ တဒေကဠပယ်ရာ၌ကား တဒေကဠပင် ထုတ်ရပါမယ်။ ပရိညာဝါရလည်း ဤပဇဟနဝါရနှင့် တူပါတယ်။

http://www.dhammadownload.com



## ပဟီနဝါရ

### ဩကာသဝါရ

ဩကာသဝါရမှာ အနုသယတို့ရသည့် ဌာနကိုသာ ကိုင်ရပါမယ်၊ မရသည့် ဌာနကို မကိုင်ရပါဘူး၊ ဒါ့ကြောင့် မည်သည့်အနုသယမျှ မကိန်းရာ အပရိယာပန္န ဌာနကို လုံးဝသုံးသပ်ဖွယ်မလိုတော့ပါ။

ကာမနဲ့ ပဋိဃတို့ဟာ ဌာနမတူပါဘူး၊ အဲဒီလို သန္နိဋ္ဌာန်သံသယတို့ အရ မတူလျှင် "နော" ဝိဘင်းထုတ်ရမယ့် ဝိဘင်းစည်းကမ်းရှိတယ်၊ ဒါပေမယ့် ဒီပဟီန ဝါရမှာ နောဝိဘင်း မထုတ်ရဘူး၊ "န ဝတ္တဗ္ဗော ပဟီနောတိ ဝါ အပ္ပဟီနောတိ ဝါ"လို့ ရွတ်ဆိုရပါမယ်။ ဒီမှာလည်း အာမန္တာပဋိရူပက တဒေကဒေ္သဝိဘင်းလို "နောပဋိရူပက န ဝတ္တဗ္ဗော" ဝိဘင်း-လို့ ဆိုနိုင်ဖွယ်ရှိပါတယ်။

နောက်တစ်ခုထူးတာက- ဒီပဟီန ဩကာသဝါရမှာ မရသည့်ဌာနကို မကိုင် ရဘဲ ရသည့်ဌာနကိုသာ ကိုင်ရတာကြောင့် အနုလုံ၊ ပစ္စနိက် ၂-ပါးစလုံး ဝိဘင်း ထွက် တူပါတယ်၊ လုံးဝကွဲပြားမှု မရှိပါဘူး၊ ဒါဟာ အထူးပါပဲ။

### ပုဂ္ဂလောကာသဝါရ

(ပုဂ္ဂိုလ် တူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ) ဌာနကွဲလျှင် "န ဝတ္တဗ္ဗော" ထုတ်ပါ၊ ဌာနတူ ပုဂ္ဂိုလ်တူလျှင် တစ်ဖက်ရ နှစ်ဖက်ရ ထုတ်ပါ၊ ၂-ခုလုံးတူလျှင် "အာမန္တာ"ထုတ်ပါ။

ဝိဘင်းထုတ်တဲ့အခါ အနုလုံမှာ ပုဂ္ဂိုလ်ကို အယုတ်မှ စထုတ်ပါ၊ ပစ္စနိက်မှာ အမြတ်မှ စထုတ်ပါ။ ဌာနကိုတော့ အနုလုံပစ္စနိက် ၂-ပါးလုံးမှာပင် အမြတ်မှစ၍ ထုတ်ပါ။

http://www.dhammadownload.com



## ဓာတုဝါရ

ဓာတုဝါရမှာ ပုစ္ဆာဝါရ,ဝိသဇ္ဇနာဝါရ–လို့ ဝါရ ၂–မျိုးရှိပါတယ်၊ ပုစ္ဆာဝါရမှာ ကာမဓာတုမူ, ရူပ, အရူပ, န ကာမ, န ရူပ, န အရူပ, န ကာမ န အရူပ, န ရူပ န အရူပ, န ကာမ န ရူပမူ–အားဖြင့် မူ ၉–ပါးရှိပါတယ်၊ တစ်မူတစ်မူမှာ အဲဒီ ၉–ချက်ကိုပင် မူလီသွတ်ရသောကြောင့် ( ၉ × ၉ = ၈၁) ပုစ္ဆာပေါင်း ၈၁–ပုစ္ဆာ ဖြစ်ပါတယ်။ ပြထားအပ်တဲ့ သရုပ်ခွဲဇယားကိုကြည့်ပြီး ဝိသဇ္ဇနာဝါရကို ဟောရမှာ ဖြစ်ပါတယ်။ စုတိ,ပဋိသန္ဓေများကို နိုင်ထားလျှင် ခက်ခဲဖွယ် မရှိပါဘူး။

**ပုစ္ဆာ။** ။ကာမဓာတုယာ စုတဿ ကာမဓာတုံ ဥပပဇ္ဇန္တဿ ကတိ အနုသယာ အနုသေန္တိ၊ ကတိ အနုသယာ နာနုသေန္တိ၊ ကတိ အနုသယာ ဘင်္ဂါ။

**ဝိသဇ္ဇနာ။** ။ကာမဓာတုယာ စုတဿ ကာမဓာတုံ ဥပပဇ္ဇန္တဿ ကဿစိ သတ္တ အနုသယာ အနုသေန္တိ၊ ကဿစိ ပဉ္စ အနုသယာ အနုသေန္တိ၊ အနုသယာ ဘင်္ဂါ နတ္ထိ။

အနုသယယမိုက်ဟာ အလွန်ကျယ်ဝန်းပါတယ်၊ အရကောက်ပုံကတော့ မခက်ပါဘူး၊ ပါဠိတော်ကျယ်ဝန်းတာကို ပြောတာပါ၊ ပါဠိတော်စာအုပ်မှာ စာရွက်ရေပေါင်း (၁၁၇)ရွက်ရှိပါတယ်၊ စာမျက်နှာအနေနဲ့ကတော့ (၂၃၄)မျက်နှာ ရှိပါတယ်။ ဒီလောက်ကျယ်ဝန်းတာကို မူလ+မူလီတစ်ခုချင်း ရှင်းပြနေရရင် ပြီးနိုင်မှာ မဟုတ်ပါဘူး၊ ဒါ့ကြောင့် ဟောပုံနည်းလောက်ကိုသာ ညွှန်ပြရပါတယ်၊ အဲဒီ ဟောနည်းကို မြဲမြဲကိုင်ပြီး ပါဠိတော်စာအုပ်နဲ့ တိုက်ဆိုင်ကြည့်ကြရပါတယ်။ ဒါ့ကြောင့် ဝါရအလိုက် သရုပ်ခင်းပြပြီး ဟောနည်းကိုသာ ညွှန်ပြလိုက်ရပါတယ်။

အနုသယယမိုက် ပြီး၏။

http://www.dhammadownload.com



## ၈။ စိတ္တယမိုက်

**ဟောရိုးစစ်**

အနုသယယမိုက်ကို ဟောတော်မူသည်၏ အခြားမဲ့၌ စိတ္တယမိုက်ကို ဟောတော်မူ၏၊ ထိုစိတ္တယမိုက်သည်လည်း-

| | |
|---|---|
| ဥဒ္ဒေသ + နိဒ္ဒေသ | = ၂ |
| သုဒ္ဓစိတ္တသာမည + သုတ္တန္တစိတ္တမိဿကဝိသေသ + အဘိဓမ္မစိတ္တမိဿကဝိသေသ | = ၃ |
| ပုဂ္ဂလဝါရ + ဓမ္မဝါရ + ပုဂ္ဂလဓမ္မဝါရ | = ၃ |
| ဥပ္ပါဒနိရောဓကာလသမ္ဘေဒဝါရ..... စသည် | =၁၄ |
| အနုလုံ + ပစ္စနိက် | = ၂ |
| အနုလောမပုစ္ဆာ + ပဋိလောမပုစ္ဆာ | = ၂ |
| သန္နိဋ္ဌာန် + သံသယ | = ၂ |

ဟောဟန်ကား

### ၁။ သုဒ္ဓစိတ္တသာမညဝါရ၊ ဥဒ္ဒေသပါဠိတော်

| ဝါရအမည် | ဟောပုံနည်းပြပါဠိ |
|---|---|
| ၁။ ဥပ္ပါဒနိရောဓကာလသမ္ဘေဒ | -ယဿ စိတ္တံ ဥပ္ပဇ္ဇတိ န နိရုဇ္ဈတိ၊ တဿ စိတ္တံ နိရုဇ္ဈိဿတိ န ဥပ္ပဇ္ဇိဿတိ။ ယဿ ဝါပန- |
| ၂။ ဥပ္ပါဒုပ္ပန္န | -ယဿ စိတ္တံ ဥပ္ပဇ္ဇတိ၊ တဿ စိတ္တံ ဥပ္ပန္နံ။ ယဿ ဝါပန- |
| ၃။ နိရောဓုပ္ပန္န | -ယဿ စိတ္တံ နိရုဇ္ဈတိ၊ တဿ စိတ္တံ ဥပ္ပန္နံ။ ယဿ ဝါပန- |
| ၄။ ဥပ္ပါဒ (၃) | ပန်+တီ၊ ပန်+နာ၊ တီ+နာ၊-၃ဝါရ။ |
| ၅။ နိရောဓ (၃) | ။ |
| ၆။ ဥပ္ပါဒနိရောဓ (၃) | ။ |
| ၇။ ဥပ္ပဇ္ဇမာန, နနိရောဓ | -ယဿ စိတ္တံ ဥပ္ပဇ္ဇတိ၊ တဿ စိတ္တံ န နိရုဇ္ဈတိ။ |

http://www.dhammadownload.com



| | |
|---|---|
| ၈။ ဥပ္ပဇ္ဇမာနုပ္ပန္န | –ယဿ စိတ္တံ ဥပ္ပဇ္ဇမာနံ၊ တဿ စိတ္တံ ဥပ္ပန္နံ။ |
| ၉။ နိရုဇ္ဈမာနုပ္ပန္န | –ယဿ စိတ္တံ နိရုဇ္ဈမာနံ၊ တဿ စိတ္တံ ဥပ္ပန္နံ။ |
| ၁၀။ ဥပ္ပန္နုပ္ပါဒ (၂) | –ယဿစိတ္တံဥပ္ပန္နံ၊(တိတ်၊နာဖြင့် ၂–ဝါရသွား)။ |
| ၁၁။ အတီတာနာဂတ | –ယဿ စိတ္တံ ဥပ္ပဇ္ဇိတ္ထ၊ (နော စ တဿ စိတ္တံ ဥပ္ပန္နံ) တဿ စိတ္တံ ဥပ္ပဇ္ဇိဿတိ။– |
| ၁၂။ ဥပ္ပန္နုပ္ပဇ္ဇမာန | –ဥပ္ပန္နံ ဥပ္ပဇ္ဇမာနံ။ ဥပ္ပဇ္ဇမာနံ ဥပ္ပန္နံ။ |
| ၁၃။ နိရုဒ္ဓနိရုဇ္ဈမာန | –နိရုဒ္ဓံ နိရုဇ္ဈမာနံ။ နိရုဇ္ဈမာနံ နိရုဒ္ဓံ။ |
| ၁၄။ အတိက္ကန္တကာလ | –ယဿ စိတ္တံ ဥပ္ပဇ္ဇမာနံ ခဏံ ခဏံ ဝီတိက္ကန္တံ အတိက္ကန္တကာလံ၊ နိရုဇ္ဈမာနံ ခဏံ ခဏံ ဝီတိ–က္ကန္တံ အတိက္ကန္တကာလံ တဿ စိတ္တံ။ |
| | –ယဿ ဝါပန စိတ္တံ နိရုဇ္ဈမာနံ ခဏံ ခဏံ ဝီတိက္ကန္တံ အတိက္ကန္တကာလံ၊ ဥပ္ပဇ္ဇမာနံ ခဏံ ခဏံ ဝီတိက္ကန္တံ အတိက္ကန္တကာလံ တဿ စိတ္တံ။ |

မှတ်ဖွယ်။ ။ပစ္စနိက်ကို ဟောလိုက " န, မရှိက န, ကိုသွင်း၊ န,ရှိလျှင်းက န, ကိုပယ် "၍ ဟောပါ၊ အတီတာနာဂတဝါရရှိ " နော " ကိုကားမပြင်ရ။ ဓမ္မဝါရ၌ " ယံ စိတ္တံ ဥပ္ပဇ္ဇတိ " စသည်ဖြင့် ဟောရမည်၊ ပုဂ္ဂလဓမ္မဝါရ၌ "ယဿ ယံ စိတ္တံ ဥပ္ပဇ္ဇတိ " စသည်ဖြင့် ဟောရမည်။ သွက်လက်လျင်မြန်စွာ **ဟောတတ် ရေတွက်တတ်အောင် လေ့ကျင့်ပါ။**

**ဆောင်။** ။သမ္ဘေဒါ–ဥပ္ပါဒုပ်၊ နိရောဓု–ပ္ပန္နာ၊ ဥပ္ပါဒ–နိရောဓာ၊ ဥပ္ပါဒါ–နိရောဥပ္ပဇ္ဇမာန်–နနိရောဓာငယ်၊ ဥပ္ပဇ္ဇမာ–နုပ္ပန္နော။ နိရုဇ္ဈ–မာနုပ္ပန္နံ၊ ဥပ္ပန္နုပ္ပါဒေါ။ အတီတာနာဂတောရယ်နဲ့ (သူ့သဘောထူးဟန်၊ ကာရကနှစ်ဖြာ မပါယုတ်ပါတဲ့) ဥပ္ပန္နု–ပ္ပဇ္ဇမာနံ။ နိရုဒ္ဓ–နိရုဇ္ဈမာနံငယ်၊ အတိက္ကန်–ကာလစွက်ပါလို့၊ စဉ်မပျက်–စုဒ္ဒသာ၊ ထုတ်ဟောကြပါ။

*ဥပ္ပါနိရော–သုံးစီလာတယ်၊ ဥပ္ပန္နုပ္ပါ–နှစ်သာမှတ်တော့လေး။

[ *ဥပ္ပါနိရောဖြင့် ဥပ္ပါဒဝါရ, နိရောဓဝါရ, ဥပ္ပါဒနိရောဓဝါရတို့ကို ပြလိုပါသည်။ ] (ပန်းကုံး )

http://www.dhammadownload.com



## ဝါရစသည် ရေတွက်ပုံ

(၁) ဥပ္ပါဒနိရောဓကာလသမ္ဘေဒဝါရ အနုလုံမှာ ယမကတစ်ပါး၊ ပုစ္ဆာနှစ်ပါး၊ အတ္ထလေးပါး ရှိပါတယ်။ ပစ္စနိက်မှာလဲ ဒီနည်းတူပါပဲ။ အနုလုံပစ္စနိက် နှစ်ပါးကို ပေါင်းလိုက်မယ်ဆိုရင် ဥပ္ပါဒနိရောဓကာလသမ္ဘေဒဝါရမှာ ယမကနှစ်ပါး၊ ပုစ္ဆာလေးပါး၊ အတ္ထရှစ်ပါး ဖြစ်ပါတယ်။ [ကျန်၁၃-ဝါရ (ဝါရပိုနှင့်တကွ ဝါရ ၂၀)မှာလဲ ထို့အတူပင် ဖြစ်ပါတယ်။]

(၂) အဲဒီတော့ ပုဂ္ဂလဝါရမှာ ဝါရငယ်-၁၄ပါး၊ (ဝါရပို ၇-ပါးထည့်မယ်ဆိုရင် ဝါရငယ်ပေါင်း ၂၁ပါး) ယမက-၄၂ပါး၊ ပုစ္ဆာ-၈၄ပါး၊ အတ္ထ-၁၆၈ပါး ဖြစ်ပါတယ်။ [ဓမ္မဝါရ ပုဂ္ဂလဓမ္မဝါရတို့မှာလဲ ဝါရငယ်-၂၁ပါး၊ ယမက-၄၂ပါး၊ ပုစ္ဆာ-၈၄ပါး၊ အတ္ထ-၁၆၈ပါးစီပင် ရှိပါတယ်။]

(၃) အဲဒီတော့ သုဒ္ဓစိတ္တသာမညဝါရမှာ

| | |
|---|---|
| ဝါရကြီး- | ၃ ပါး |
| | × ၁၄ |
| ဝါရငယ်- | ၄၂ ပါး |
| ဝါရပို- | +၂၁ (၃× ၇) |
| ဝါရငယ်ပေါင်း | ၆၃ ပါး |
| | × ၂ |
| ယမက | ၁၂၆ ပါး |
| | × ၂ |
| ပုစ္ဆာ | ၂၅၂ ပါး |
| | × ၂ |
| အတ္ထ | ၅၀၄ ပါး ဖြစ်ပါတယ်။ |

ဒွေပညာသ အတီတာနိ၊ ဒုဝေ ပုစ္ဆာသတာနိ စ။
သုဒ္ဓိကေ စိတ္တယမကေ၊ ဝါရေ ဘဝန္တိ သဉ္ဇိတော။

⊛⊛⊛⊛⊛

သုဒ္ဓစိတ္တသာမညဝါရ ပြီး၏။

http://www.dhammadownload.com



## ၂။ သုတ္တန္တစိတ္တမိဿကဝိသေသ

သုဒ္ဓစိတ္တကို ဟောတော်မူသည်၏အခြားမဲ့၌ သုတ္တန္တစိတ္တမိဿကဝိသေသ ကို ဟောတော်မူ၏။ ထိုသည်လည်း .....

| | |
|---|---|
| သရာဂပဒမိဿက+ဝီတရာဂပဒမိဿက စသည်- | =၁၆ |
| ပုဂ္ဂလ+ဓမ္မ+ပုဂ္ဂလဓမ္မဝါရ- | = ၃ |
| ဉပ္ပါဒနိရောဓကာလသမ္ဘေဒဝါရ စသည်- | =၁၄ |
| အနုလုံ+ပစ္စနိက်- | = ၂ |
| အနုလောမပုစ္ဆာ+ပဋိလောမပုစ္ဆာ- | = ၂ |
| သန္နိဋ္ဌာန်+သံသယ- | = ၂ |

ဟောဟန်ကား-

| ပဒမိဿကအမည် | စိတ်အမည် | တရားကိုယ် |
|---|---|---|
| ၁။ သရာဂမိဿက | သရာဂစိတ် | လောဘမူစိတ်-၈။ |
| ၂။ ဝီတရာဂ | ဝီတရာဂစိတ် | ကြွင်းစိတ်-၈၁။ |
| ၃။ သဒေါသ | သဒေါသစိတ် | ဒေါသမူဒွေး။ |
| ၄။ ဝီတဒေါသ | ဝီတဒေါသစိတ် | ကြွင်းစိတ်-၈၇။ |
| ၅။ သမောဟ | သမောဟစိတ် | မောဟမူဒွေး။ |
| ၆။ ဝီတမောဟ | ဝီတမောဟစိတ် | ကြွင်းစိတ်-၈၇။ |
| ၇။ သံခိတ္တ | သံခိတ္တစိတ် | ဉဒ္ဓစ္စသမ္ပယုတ်စိတ်-၁။ |
| ၈။ ဝိက္ခိတ္တ | ဝိက္ခိတ္တစိတ် | ကြွင်းစိတ်-၈၈။ |
| ၉။ မဟဂ္ဂတ | မဟဂ္ဂတစိတ် | မဟဂ္ဂုတ်စိတ်-၂၇ |
| ၁၀။ အမဟဂ္ဂတ | အမဟဂ္ဂတစိတ် | ကြွင်းစိတ်-၆၂။ |
| ၁၁။ ဉတ္တရ | သဉတ္တရစိတ် | လောကီစိတ်-၈၁။ |
| ၁၂။ အနုတ္တရ | အနုတ္တရစိတ် | လောကုတ္တရာစိတ်-၈။ |
| ၁၃။ သမာဟိတ | သမာဟိတစိတ် | မဟဂ္ဂုတ်လောကုတ္တရာစိတ်၃၅။ |
| ၁၄။ အသမာဟိတ | အသမာဟိတစိတ် | ကာမစိတ်-၅၄။ |
| ၁၅။ ဝိမုတ္တ | ဝိမုတ္တစိတ် | လောကုတ္တရာစိတ်-၈။ |
| ၁၆။ အဝိမုတ္တပဒမိဿက | အဝိမုတ္တစိတ် | လောကီစိတ်-၈၁။ |

**ဆောင်။** ။ရာ ဒေါ မော သံ၊ မဟဂ္ဂံ၊ ဉတ္တရံ သမာ-ဝိမုတ္တာ။
ပဋိပက္ခ၊ ထပ်၍ပြ၊ ဓမ္မဆယ့်ခြောက်ဖြာ။

http://www.dhammadownload.com



ယသ္သ သရာဂံ စိတ္တံ ဥပ္ပဇ္ဇတိ န နိရုဇ္ဈတိ၊ တဿ သရာဂံ စိတ္တံ နိရုဇ္ဈိဿတိ န ဥပ္ပဇ္ဇိဿတိ။ ဤသို့ စသည်ဖြင့် ဥပ္ပါဒနိရောဓကာလသမ္ဘေဒစသော ၁၄– ဝါရတို့ဖြင့် သုတ္တန္တစိတ္တမိဿကဝိသေသကို ဟောရမည် ။

## ဝါရစသည် ရေတွက်ပုံ

(၁) အဲဒီတော့ ပုဂ္ဂလဝါရမှာ ဝါရငယ်–၁၄ပါး (ဝါရပိုနှင့်တကွ ၂၁ပါး) ယမက–၄၂ပါး၊ ပုစ္ဆာ–၈၄ပါး၊ အတ္ထ–၁၆၈ပါး ဖြစ်ပါတယ်။ [ဓမ္မဝါရ ပုဂ္ဂလဓမ္မဝါရတို့မှာလဲ ထို့အတူပင် ဖြစ်ပါတယ်။]

(၂) အဲဒီတော့ သရာဂပဒမိဿကမှာ ဝါရကြီး–၃ပါး၊ ဝါရငယ်–၄၂ပါး၊ ယမက–၁၂၆ပါး၊ ပုစ္ဆာ–၂၅၂ပါး၊ အတ္ထ–၅၀၄ပါး ဖြစ်ပါတယ်။ [ဝီတရာဂပဒ မိဿက အစရှိသည်တို့မှာလဲ ထို့အတူပင် ဖြစ်ပါတယ်။]

(၃) ဒီတော့ သုတ္တန္တစိတ္တမိဿကဝိသေသမှာ

| | |
|---|---|
| ပဒ– | ၁၆ ပါး |
| | × ၃ |
| ဝါရကြီး | ၄၈ ပါး |
| | × ၁၄ |
| ဝါရငယ် | ၆၇၂ ပါး |
| ဝါရပို | + ၃၃၆ (၄၈ × ၇) |
| ဝါရငယ်ပေါင်း | ၁၀၀၈ |
| | × ၂ |
| ယမက | ၂၀၁၆ ပါး |
| | × ၂ |
| ပုစ္ဆာ | ၄၀၃၂ ပါး |
| | × ၂ |
| အတ္ထ | ၈၀၆၄ ပါး ဖြစ်ပါတယ်။ |

ဒွတ္တိံသ ပုစ္ဆာဓိကာနိ၊ စတ္တာရိ သဟဿာနိ စ။
သရာဂါဒိ မိဿကမှိ၊ ဝါရေ ဘဝန္တိ သဉ္ဇိတော။
(ဤဂါထာ၌ ဝါရငယ်အပို ၇–ခု မပါ။)

သုတ္တန္တစိတ္တမိဿကဝိသေသ ပြီး၏။

http://www.dhammadownload.com



## ၃။ အဘိဓမ္မစိတ္တမိဿကဝိသေသ

သုတ္တန္တစိတ္တမိဿကဝိသေသကို ဟောတော်မူသည်၏ အခြားမဲ့၌ အဘိဓမ္မ စိတ္တမိဿကဝိသေသကို ဟောတော်မူ၏၊ ထိုသည်လည်း ...

| | |
|---|---|
| တိကမာတိကာဥဒ္ဒေသ+ဒုကမာတိကာဥဒ္ဒေသ– | = ၂။ |
| ကုသလတိက်+ဝေဒနာတိက်စသည်– | =၂၂။ |
| ကုသလပဒ+အကုသလပဒ+အဗျာကတပဒ စသည်– | = ၃။ |
| ပုဂ္ဂလဝါရ+ဓမ္မဝါရ+ပုဂ္ဂလဓမ္မဝါရ– | = ၃။ |
| ဥပ္ပါဒနိရောဓကာလသမ္ဘေဒဝါရ စသည်– | =၁၄။ |
| အနုလုံ+ပစ္စနိက်– | = ၂။ |
| အနုလောမပုစ္ဆာ+ပဋိလောမပုစ္ဆာ– | = ၂။ |
| သန္နိဋ္ဌာန်+သံသယ– | = ၂ |

ဟောဟန်ကား– ယဿ ကုသလံ စိတ္တံ ဥပ္ပဇ္ဇတိ န နိရုဇ္ဈတိ၊ တဿ ကုသလံ စိတ္တံ နိရုဇ္ဈိဿတိ န ဥပ္ပဇ္ဇိဿတိ။ –စသည်ဖြင့် ဟောပါ။

### ဝါရစသည် ရေတွက်ပုံ

(၁) ဤသို့လျှင် ပုဂ္ဂလဝါရ၌ ဝါရငယ် ၁၄–ပါး၊ (ဝါရပိုနှင့် တကွ ၂၁– ပါး) ယမက ၄၂–ပါး၊ ပုစ္ဆာ ၈၄–ပါး၊ အတ္ထ ၁၆၈–ပါးဖြစ်သတည်း။ [ဓမ္မဝါရ ပုဂ္ဂလဓမ္မဝါရတို့၌လည်း ထို့အတူပင် ဖြစ်၏။]၏

(၂) ဤသို့လျှင် ကုသလပဒ၌ ဝါရကြီး ၃–ပါး၊ ဝါရငယ် ၄၂–ပါး၊ ယမက ၁၂၆–ပါး၊ ပုစ္ဆာ ၂၅၂–ပါး၊ အတ္ထ ၅၀၄–ပါးဖြစ်သတည်း။ [အကုသလပဒ၊ အဗျာကတပဒတို့၌လည်း ထို့အတူပင် ဖြစ်၏။]

(၃) ဤသို့လျှင် ကုသလတိက်၌ ပဒ ၃–ပါး၊ ဝါရကြီး ၉–ပါး၊ ဝါရငယ် ၁၂၆–ပါး၊ ယမက ၃၇၈–ပါး၊ ပုစ္ဆာ ၇၅၆–ပါး၊ အတ္ထ ၁၅၁၂–ပါးဖြစ်သတည်း။ [ကျန်တိက်တို့၌လည်း ထို့အတူပင် ဖြစ်၏။]

http://www.dhammadownload.com



(၄) ဤသို့လျှင် တိကမာတိကာဥဒ္ဒေသ၌

| | | |
|---|---|---|
| ပဒ | – | ၆၆–ပါး၊ |
| | | × ၃ |
| ဝါရကြီး | – | ၁၉၈–ပါး |
| | – | × ၁၄ |
| ဝါရငယ် | – | ၂၇၇၂–ပါး |
| ဝါရပို | – | + ၁၃၈၆–ပါး |
| ဝါရငယ်ပေါင်း | – | ၄၁၅၈–ပါး |
| | | × ၂ |
| ယမက | – | ၈၃၁၆–ပါး |
| | | × ၂ |
| ပုစ္ဆာ | – | ၁၆၆၃၂–ပါး |
| | | × ၂ |
| အတ္ထ | – | ၃၃၂၆၄–ပါး ဖြစ်သတည်း။ |

(၅) ဤသို့လျှင် ဒုကမာတိကာ ဥဒ္ဒေသ၌

| | | |
|---|---|---|
| ပဒ | – | ၂၀၀ |
| | | × ၃ |
| ဝါရကြီး | – | ၆၀၀ |
| | | × ၁၄ |
| ဝါရငယ် | – | ၈၄၀၀ |
| ဝါရပို | – | + ၄၂၀၀ |
| ဝါရငယ်ပေါင်း | | ၁၂၆၀၀ |
| | | × ၂ |
| ယမက | – | ၂၅၂၀၀ |
| | | × ၂ |
| ပုစ္ဆာ | – | ၅၀၄၀၀ |
| | | × ၂ |
| အတ္ထ | – | ၁၀၀၈၀၀ –ဖြစ်သတည်း။ |

http://www.dhammadownload.com



(၆) ဤသို့လျှင် အဘိဓမ္မစိတ္တမိဿကဝိသေကဌ် ပဒ ၂၆၆–ပါး၊ ဝါရကြီး ၇၉၈–ပါး၊ ဝါရငယ် ၁၁၁၇၂–ပါး၊ (ဝါရပိုနှင့်တကွ ဝါရငယ်ပေါင်း ၁၆၇၅၈–ပါး၊) ယမက ၃၃၅၁၆–ပါး၊ ပုစ္ဆာ ၆၇၀၃၂–ပါး၊ အတ္ထ ၁၃၄၀၆၄–ပါး ဖြစ်သတည်း။

**အချုပ်။** ။ဤသို့လျှင် စိတ္တယမိုက်၏ မာတိကာနယတို့၌ ပဒ–(၁+၁၆+၂၆၆) ၂၈၃–ပါး၊ ဝါရကြီး ၈၄၉–ပါး၊ ဝါရငယ် ၁၁၈၈၆–ပါး၊ (ဝါရပိုနှင့်တကွ ဝါရငယ်ပေါင်း ၁၇၈၂၉–ပါး၊) ယမက ၃၅၆၅၈–ပါး၊ ပုစ္ဆာ ၇၁၃၁၆–ပါး၊ အတ္ထ ၁၄၂၆၃၂–ပါး ဖြစ်သတည်း။

တိကမာတိကာ ဒုကမာတိကာတို့၌ ရုပ်သာရ၍ စိတ်စေတသိက်မရသော ပုဒ်တို့ကို မောဃပုစ္ဆာအားဖြင့် ဟောတော်မူသည်။ [ယာနိပေတ္ထ သနိဒဿနာဒီနိ ပဒါနိ စိတ္တေန သဒ္ဓိံ န ယုဇ္ဇန္တိ၊ တာနိ မောဃပုစ္ဆာဝသေန ဌပိတာနိ။ဋ္ဌ၊၃၃၂]

ကေသတ္တတိ သဟဿံ၊ တိသတ သောဠသုတ္တရံ။
သဗ္ဗေသံ စိတ္တယမကေ၊ ပုစ္ဆာနံ သချ်မုဒ္ဒိသေ။

❁❁❁❁❁

အဘိဓမ္မစိတ္တမိဿကဝိသေသ ပြီး၏။

ဥဒ္ဒေသဝါရ ပြီး၏။

http://www.dhammadownload.com



# နိဒ္ဒေသဝါရ

## ၁။ သုဒ္ဓစိတ္တသာမည

## ၁–ပုဂ္ဂလဝါရ (၁၁–ဝါရအထိသာ)

ပဋိ တိ န ဒ န $\frac{\text{ဂေါ}}{\text{ဝေါ}}$ မဂ် ဖ ဖ ဘွင်၊ (သန်) ဓ–၅ (၀၀၀) | စု (၀၀၀) (ပစ္ဆိမ)။

### ညွှန်ကြားချက်

၁။ တစ်ဝီထိလုံး၌ (၁) စိတ္တဿ ဥပ္ပါဒက္ခဏေ၊ (၂) စိတ္တဿ ဘင်္ဂက္ခဏေ၊ (၃) စိတ္တသမင်္ဂီနံ–ဟု ဝိဘင်းထုတ်ပါ။

၂။ နောက်ဆုံး စုတိစိတ်ကို "ပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေ၊ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ၊ ပစ္ဆိမစိတ္တသမင်္ဂီနံ"–ဟု ဝိဘင်းထုတ်ပါ၊ ပစ္ဆိမစိတ်ကို ထုတ်ပြီးပါက ကျန်စိတ်များကို "က္လတရေသံ"ခံထုတ်ပါ။

၃။ ဥပ္ပဇ္ဇတိ, ဥပ္ပဇ္ဇမာနကြိယာ ၂–ချက်သည် ဝီထိစိတ် အားလုံးတို့၏ ဥပ္ပါဒက္ခဏများကို ရ၏။ (စိတ္တဿ ဥပ္ပါဒက္ခဏေ)

၄။ နိရုဇ္ဈတိ, နိရုဇ္ဈမာန ကြိယာ ၂–ချက်သည် ဝီထိစိတ် အားလုံးတို့၏ ဘင်္ဂက္ခဏများကို ရ၏။ (စိတ္တဿ ဘင်္ဂက္ခဏေ)

၅။ ဥပ္ပန္နကြိယာသည် ဥပ္ပါဒက္ခဏ, ဘင်္ဂက္ခဏ ၂–မျိုးလုံးကို ရ၏။ (စိတ္တသမင်္ဂီနံ)

၆။ ဥပ္ပဇ္ဇိဿတိ ကြိယာသည် ပစ္ဆိမစိတ်မှ တစ်ပါးသော ရှေ့ပိုင်းစိတ်များကို ရ၏။ နိရောဓနှင့် အသညသတ်ကိုလည်း ရ၏။

၇။ နိရုဇ္ဈိဿတိ ကြိယာသည် ပစ္ဆိမစိတ်၏ ဘင်္ဂက္ခဏမှ တစ်ပါးသော ရှေ့ပိုင်းစိတ်များကို ရ၏၊ နိရောဓနှင့် အသညသတ်ကိုလည်း ရ၏။

၈။ ဥပ္ပဇ္ဇိတ္ထ, နိရုဇ္ဈိတ္ထ, နိရုဒ္ဓ အတိတ်ကြိယာတို့ကား အထက်ပါ ဝီထိစိတ် အားလုံးအပြင် နိရောဓနှင့် အသညသတ်ကိုလည်း ရ၏။

http://www.dhammadownload.com



သုဒ္ဓစိတ္တသာမည၊ ပုဂ္ဂလဝါရ

**အမှာ။** ။ကြိယာများကို ကိုင်ပြီး သတ်မှတ်ပြမှသာ အသိဉာဏ် ရှင်းမည်ဖြစ်သောကြောင့် ဤသို့ (ကြိယာများကို ကိုင်ပြီး) သတ်မှတ်ပြရခြင်း ဖြစ်ပါသည်၊ ဤကား နားလည်ရုံသတ်မှတ်ပြခြင်း ဖြစ်ပါ၏။ စင်စစ်မှာ ဖြစ်ဆဲချုပ်ဆဲစသော ကြိယာတို့၏ သဘောကို တဆင့်တက်ပြီး နားလည်ရမည် ဖြစ်ပါသည်။

၁။ ဥပ္ပါဒက္ခဏံ ဥပ္ပဇ္ဇတိ၊ ဥပ္ပဇ္ဇမာနံ ဘင်္ဂက္ခဏံ။
နိရုဇ္ဈတိ နိရုဇ္ဈမာနံ၊ ဥပ္ပန္နံ တု ခဏတ္တယံ။

၂။ ဥပ္ပဇ္ဇိဿတိ ဝိညေယျံ၊ ပစ္ဆိမစိတ္တဝဇ္ဇိတံ။
နိရုဇ္ဈိဿတိ ဝိညာဏံ၊ ပစ္ဆိမဘင်္ဂဝဇ္ဇိတံ။

၃။ ဥပ္ပဇ္ဇိတ္ထ နိရုဇ္ဈိတ္ထ၊ နိရုဒ္ဓံ သကလံ မနံ။
နိရောဓသညသတ္တာနံ၊ ဥပ္ပဇ္ဇိဿတိ ပဉ္စကံ။

ဥပ္ပါဒက္ခဏံ–စိတ်တိုင်း၏ ဥပ္ပါဒက္ခဏသည်၊ ဥပ္ပဇ္ဇတိ ဥပ္ပဇ္ဇမာနံ–ဥပ္ပဇ္ဇတိ ဥပ္ပဇ္ဇမာနမည်၏၊ ဝါ–ဖြစ်ဆဲမည်၏၊ ဘင်္ဂက္ခဏံ–စိတ်တိုင်း၏ ဘင်္ဂက္ခဏသည်၊ နိရုဇ္ဈတိ နိရုဇ္ဈမာနံ–နိရုဇ္ဈတိ နိရုဇ္ဈမာနမည်၏၊ ဝါ–ချုပ်ဆဲမည်၏။ ခဏတ္တယံ တု–စိတ်တိုင်း၏ ဥပါဒ်ဌီဘင်ဟူသော ခဏတ္တယသည်ကား၊ ဥပ္ပန္နံ–ဥပ္ပန္နမည်၏၊ ဝါ–ခဏတ္တယသို့ ရောက်ဆဲမည်၏၊ ဝါ–ပစ္စုပ္ပန်မည်၏။

ပစ္ဆိမစိတ္တဝဇ္ဇိတံ– ပစ္ဆိမစိတ်သည်ကြဉ်အပ်သော၊ ဝိညာဏံ–ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင်သော စိတ်အားလုံးကို၊ ဥပ္ပဇ္ဇိဿတိ–ဥပ္ပဇ္ဇိဿတိ ဟူ၍၊ ဝါ– ဖြစ်လတ္တံ့ဟူ၍၊ ဝိညေယျံ–သိအပ်၏။ ပစ္ဆိမဘင်္ဂဝဇ္ဇိတံ–ပစ္ဆိမစိတ်၏ ဘင်သည်ကြဉ်အပ်သော၊ ဝိညာဏံ–ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ ဥပါဒ်တိုင်အောင် စိတ်အားလုံးကို၊ နိရုဇ္ဈိဿတိဟူ၍၊ ဝါ–ချုပ်လတ္တံ့ဟူ၍၊ ဝိညေယျံ–သိအပ်၏။

သကလံ မနံ–တစ်ဝိထိလုံးရှိ စိတ်အားလုံးသည်၊ ဥပ္ပဇ္ဇိတ္ထ နိရုဇ္ဈိတ္ထ နိရုဒ္ဓံ–ဥပ္ပဇ္ဇိတ္ထ နိရုဇ္ဈိတ္ထ နိရုဒ္ဓမည်၏၊ ဝါ– ဖြစ်ခဲ့ပြီး ချုပ်ခဲ့ပြီးမည်၏။ နိရောဓာသညသတ္တာနံ– နိရောဓသမာပတ်ဝင်စားဆဲသောပုဂ္ဂိုလ် အသညသတ်ပုဂ္ဂိုလ်တို့၏၊ မနံ–စိတ်သည်၊ ဥပ္ပဇ္ဇိဿတိပဉ္စကံ– ချုပ်လတ္တံ့စသော ၅–ပါးအပေါင်းဖြစ်၏၊ ဝါ– ဥပ္ပဇ္ဇိဿတိ, နိရုဇ္ဈိဿတိ, ဥပ္ပဇ္ဇိတ္ထ, နိရုဇ္ဈိတ္ထ, နိရုဒ္ဓမည်၏။

http://www.dhammadownload.com



## ၁။ ဥပ္ပါဒနိရောဓကာလသမ္ဘေဒဝါရ

### ဥပ္ပဇ္ဇတိ, နိရုဇ္ဈတိ+နိရုဇ္ဈိဿတိ, န ဥပ္ပဇ္ဇိဿတိ

အခု ၁–နံပါတ် သုဒ္ဓစိတ္တဿာမညဝါရကို ဟောရမှာ ဖြစ်ပါတယ်၊ အဲဒီ သုဒ္ဓစိတ္တဿာမညဝါရမှာ ဟောရိုးစစ်ခဲ့တဲ့အတိုင်း ပုဂ္ဂလဝါရကို အရင်ဟောရမယ်၊ အဲဒီ ပုဂ္ဂလဝါရမှာလဲ ဝါရငယ် (၁၄)ပါး ရှိပါတယ်။ အဲဒီ ဝါရငယ် (၁၄)ပါးထဲက ပထမဦးဆုံး ဥပ္ပါဒနိရောဓကာလသမ္ဘေဒဝါရကို ဟောရမယ်၊ "စ, စခြင်း ဆောက်နဲ့ထွင်း"ဆိုသလို ဒီဝါရမှာ ရှေ့ပုဒ်ရော နောက်ပုဒ်ပါ ကြိယာနှစ်ထပ်စီ ပါနေပါတယ်၊ ဒါ့ကြောင့် သတိပြုပါ၊ ဝီထိကို အာရုံစိုက်ပါ၊ သတ်မှတ်ပြထားတဲ့ ကြိယာပုဒ်တွေကိုလဲ သတိပြုပါ။

အနုလုံ အနုလောမမှာ ပထမကြိယာ ဥပ္ပဇ္ဇတိအရ တစ်ဝီထိလုံးရှိ ဥပ္ပါဒက္ခဏများကို ရပါတယ်၊ ဒုတိယကြိယာ န နိရုဇ္ဈတိ လိုက်လာသော်လဲ "ဖြစ်ဆဲ ဖြစ်၍ ချုပ်ဆဲ မဟုတ်"ဆိုတော့ တစ်ဝီထိလုံးရှိ ဥပါဒ်အားလုံးကိုပင် ရပါတယ်၊ ဒါဟာ သန္နိဋ္ဌာန်ပုဒ်အရ ဖြစ်ပါတယ်။ သံသယပုဒ်ကို ကြည့်ကြဦးစို့၊ ပထမ နိရုဇ္ဈိဿတိကြိယာအရ ချုပ်လတ္တံ့ဆိုတော့ ပစ္ဆိမစိတ်၏ ဥပါဒ်ကိုသာ ရပါတယ်၊ ဒုတိယကြိယာ န ဥပ္ပဇ္ဇိဿတိ လိုက်လာသော်လဲ "ချုပ်လတ္တံ့သာ ဖြစ်၍ ဖြစ်လတ္တံ့ မဟုတ်"ဆိုတော့ ပစ္ဆိမစိတ်၏ ဥပါဒ်ကိုပင် ရပါတယ်၊ အဲဒီတော့ သန္နိဋ္ဌာန်သံသယ ယှဉ်ကြည့်စမ်းပါ။

| သန္နိဋ္ဌာန် | သံသယ |
|---|---|
| ဥပါဒ်အားလုံ | ပစ္ဆိမစိတ်၏ ဥပါဒ် |

ဒီနှိုင်းယှဉ်ချက်ကို ကြည့်လိုက်ရင်ပဲ ဘယ်ဟာ တစ်ဖက်ရ, ဘယ်ဟာ နှစ်ဖက် ရဆိုတာ သိသာပါတယ်၊ ဒါဟာ ဝီထိကို ကြည့်ပြီး ပြောနေတာပါ၊ ပစ္ဆိမစိတ်၏ ဥပါဒ်က နှစ်ဖက်ရ, ကျန်ဥပါဒ်တွေက တစ်ဖက်ရ ဖြစ်ပါတယ်၊ ဝိဘင်းလိမ်ဖြစ်လို့ နှစ်ဖက်ရကို ရှေးဦးစွာ ထုတ်ရပါမယ်။ ပဋိလောမမှာတော့ "အာမန္တာ"ဝိဘင်း ထုတ်ရမည်ဆိုတာ အနုလောမ ရှင်းလင်းချက်ကို ကြည့်ရုံမျှဖြင့် နားလည် လောက်ပါတယ်။

http://www.dhammadownload.com



သုဒ္ဓစိတ္တသာမည၊ ပုဂ္ဂလဝါရ

ပစ္စနိက်မှာ ကြိယာတစ်ခုစီ မကိုင်ဘဲ နှစ်ခုတွဲကိုင်ပြီး ပြောပါမယ်၊ အနုလောမမှာ ယဿ စိတ္တံ န ဥပ္ပဇ္ဇတိ နိရုဇ္ဈတိ "ဖြစ်ဆဲကား မဟုတ်, ချုပ်ဆဲ" ဟူသော သန္နိဋ္ဌာန်ပုဒ်အရ တစ်ဝီထိလုံးရှိ ဘင်အားလုံးကို ရပါတယ်၊ တဿ စိတ္တံ န နိရုဇ္ဈိဿတိ ဥပ္ပဇ္ဇိဿတိ "မချုပ်လည်း မချုပ်လတ္တံ့၊ ဖြစ်လည်း ဖြစ်လတ္တံ့" ဟူသော သံသယပုဒ်အရကတော့ မရှိပါဘူး၊ ခုနကလို နှိုင်းယှဉ်ကြည့်ပါ။

| | |
|---|---|
| သန္နိဋ္ဌာန် | သံသယ |
| ဘင်အားလုံး | × |

ဒီနှိုင်းယှဉ်ချက်ကို ကြည့်ရုံမျှဖြင့် အနုလောမမှာ "နော" ဝိဘင်း၊ ပဋိလောမမှာ "နတ္ထိ" ဝိဘင်း ထုတ်ရမယ်ဆိုတာကို နားလည်နိုင်ပါတယ်။ [နောက်လာမည့် ကာလသမ္ဘေဒဝါရတိုင်းမှာ ဒီနည်းအတိုင်းပဲ ဆိုတာ အခုကတည်းက မှတ်သားထားခဲ့ပါ။]

## ၂။ ဥပ္ပါဒုပ္ပန္နဝါရ

### ဥပ္ပဇ္ဇတိ+ဥပ္ပန္နံ

ဝီထိကိုကြည့်ပါ၊ ဥပ္ပဇ္ဇတိက ဥပါဒ်အားလုံးကို ရပါတယ်၊ ဥပ္ပန္နက ခဏတ္တယဆိုတော့ ဥပါဒ်သာမက ဘင်ကိုပါ ရပါတယ်၊ ဥပါဒ်က နှစ်ဖက်ရ၊ ဘင်က တစ်ဖက်ရ၊ အနုလောမ အာမန္တာ၊ ပဋိလောမ ဘင်္ဂက္ခဏေပေ၊ အနုလုံ မူလ မူလီကိုင်လိုက်တာ ဝီထိစိတ်အားလုံး ကုန်သွားပါပြီ။ ပစ္စနိက် နှစ်ဖက်ရအတွက် ဝီထိစိတ်ထဲမပါတဲ့ "နိရောဓသမာပန္နာနံ, အသညသတ္တာနံ"တို့သာ ကျန်ပါတယ်။

## ၃။ နိရောဓုပ္ပန္နဝါရ

### နိရုဇ္ဈတိ+ဥပ္ပန္နံ

ဝီထိကြည့်ပြောနေတာဖြစ်လို့ ဝီထိကိုသာ အာရုံစိုက်ထားပါ၊ နိရုဇ္ဈတိက ဘင်အားလုံးကို ရပါတယ်၊ ဥပ္ပန္နက (ခုနကအတိုင်း) ဥပါဒ်ရောဘင်ပါ ရပါတယ်၊ ဘင်က နှစ်ဖက်ရ၊ ဥပါဒ်က တစ်ဖက်ရ ဖြစ်ပါတယ်၊ ခုနကဝါရနှင့် ပြောင်းပြန်ပေါ့။ ပစ္စနိက် နှစ်ဖက်ရအတွက် (ခုနကလိုပဲ) နိရောဓ, အသညသတ်တို့သာ ကျန်ပါတယ်။

http://www.dhammadownload.com



## ၄။ ဥပ္ပါဒဝါရ

ဒီဥပ္ပါဒဝါရမှာ ပစ္စုပ္ပန္နာတီတဝါရ, ပစ္စုပ္ပန္နာနာဂတဝါရ, အတီတာနာဂတ ဝါရလို့ သုံးဝါရခွဲပြီး ဟောပါတယ်၊ အဲဒါကို တစ်ခုချင်း ကြည့်ကြရအောင်။

### (က) ဥပ္ပဇ္ဇတိ+ဥပ္ပဇ္ဇိတ္ထ

ဥပ္ပဇ္ဇတိက ဥပါဒ်ကိုသာ ရပါတယ်၊ ဥပ္ပဇ္ဇိတ္ထက တစ်ဝီထိလုံးရှိ ဥပါဒ် ဘင်ကိုသာမက နိရောဓအေသညသတ်တို့ကိုလဲ ရပါတယ်၊ အဲဒီတော့ ဥပါဒ်က နှစ်ဖက်ရ၊ ဘင်နဲ့ နိရောဓအေသညသတ်တို့က ဥပ္ပဇ္ဇိတ္ထရဲ့ တစ်ဖက်ရ ဖြစ်ပါတယ်။ ပစ္စနိက် နှစ်ဖက်ရမရှိတော့ပါဘူး၊ ဝိဘင်းစည်းကမ်းအရ ပါဠိဂတိ, နတ္ထိထုတ်ပါ။

### (ခ) ဥပ္ပဇ္ဇတိ+ဥပ္ပဇ္ဇိဿတိ

ဥပ္ပဇ္ဇတိက ဥပါဒ်အားလုံးရတယ်ဆိုတာ ပြောစရာတောင် မလိုပါဘူး၊ ဥပ္ပဇ္ဇိဿတိက ပစ္ဆိမစိတ်ကို မရပါဘူး၊ ဒီလိုဆိုတော့ ပစ္ဆိမစိတ်၏ ဥပါဒ်က ဥပ္ပဇ္ဇတိရဲ့ တစ်ဖက်ရ၊ (ဘင်က ပစ္စနိက်သွားပါလိမ့်မယ်)၊ ကျန်ဥပါဒ်တွေက နှစ်ဖက်ရဖြစ်ပါတယ်။ ပဋိလောမမှာ ဥပ္ပဇ္ဇိဿတိရဲ့ တစ်ဖက်ရက ပစ္ဆိမစိတ်မှ တစ်ပါး ကျန်စိတ်တို့၏ ဘင်နဲ့ နိရောဓ, အသညသတ်တို့ဖြစ်ပါတယ်။ ပစ္စနိက် နှစ်ဖက်ရက ခုနကပြောခဲ့တဲ့ "ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ"ဖြစ်ပါတယ်။

### (ဂ) ဥပ္ပဇ္ဇိတ္ထ+ဥပ္ပဇ္ဇိဿတိ

အတိက်ဥပ္ပဇ္ဇိတ္ထက အကုန်လုံးရပါတယ်၊ အနာဂတ် ဥပ္ပဇ္ဇိဿတိက ပစ္ဆိမ စိတ် တစ်ခုကိုသာ မရတာပါ၊ အဲဒီတော့ ဥပ္ပဇ္ဇိဿတိမရတဲ့ "ပစ္ဆိမစိတ္တဿမင်္ဂိနံ"က ဥပ္ပဇ္ဇိတ္ထရဲ့ တစ်ဖက်ရ၊ "ဣတရေသံ တေသံ စိတ္တံ"က အနုလုံနှစ်ဖက်ရ ဖြစ်ပါ တယ်။ ပစ္စနိက်မှာ နှစ်ဖက်ရ မရှိပါဘူး၊ ဒါ့ကြောင့် ဝိဘင်းစည်းကမ်းအရ နိတ္ထိ, ပါဠိဂတိ ထုတ်ပါ။

**အမှာ။** ။၅–နိရောဓဝါရ၊ ၆–ဥပ္ပါဒနိရောဓဝါရ၊ ဒီနှစ်ဝါရမှာလဲ အထက်က ဥပ္ပါဒဝါရအတိုင်း ကာလသုံးပါးနဲ့ သုံးဝါရစီ ဟောပါတယ်၊ ပေါင်း ၆–ဝါရပေါ့၊ အဲဒီ ၆–ဝါရကို ဥပ္ပါဒဝါရနည်းတူ ဝီထိကိုကြည့်, ကြိယာသတ်မှတ်ချက်ကို မူကိုင်ပြီး ဟောပါ၊ ဟောနိုင်လောက်ပါပြီ၊ သဘောပေါက်လောက်ပါပြီ၊ ရှင်းလွန်း အားကြီးရင်လဲ ရှုပ်ယှက်ခတ်သွားတတ်ပါတယ်။

http://www.dhammadownload.com



သုဒ္ဓစိတ္တာသာမည၊ ပုဂ္ဂလဝါရ

## ၇။ ဥပ္ပဇ္ဇမာန န နိရောဓဝါရ

### ဥပ္ပဇ္ဇတိ+န နိရုဇ္ဈတိ

ဥပ္ပဇ္ဇတိကြိယာ လာပြန်ပြီ၊ ဥပါဒ်အားလုံး ရပါတယ်၊ န နိရုဇ္ဈတိကြိယာက န နိရုဇ္ဈတိဆိုတော့ ဘင်သာ မရတာပါ၊ ဥပါဒ်အားလုံးနဲ့ နိရောဓ အသည သတ်တို့ကို ရပါတယ်။ အဲဒီတော့ အနုလောမမှာ "အာမန္တာ"ထွက်ပြီး ပဋိလောမ မှာ "နိရောဓသမာပန္နာနံ, အသညသတ္တာနံ"က တစ်ဖက်ရ၊ "စိတ္တဿ ဥပ္ပါ ဒက္ခဏေ" က အနုလုံနှစ်ဖက်ရဖြစ်ပါတယ်။ ပစ္စနိက် နှစ်ဖက်ရမှာ "စိတ္တဿ ဘင်္ဂက္ခဏေ"ဖြစ်ပါတယ်။

## ၈။ ဥပ္ပဇ္ဇမာနုပ္ပန္နဝါရ

### ဥပ္ပဇ္ဇမာန+ဥပ္ပန္န

ဒီဝါရက ၂–နံပါတ် ဥပ္ပါဒုပ္ပန္နဝါရနှင့် တူပါတယ်၊ ဥပ္ပဇ္ဇမာနက ဥပါဒ်အားလုံး ရပါတယ်၊ ဥပ္ပန္နက ဥပါဒ်ရောဘင်ပါ ခဏတ္တယကို ရပါတယ်၊ ဥပါဒ်က နှစ်ဖက် ရ၊ ဘင်က တစ်ဖက်ရဆိုတာ ပေါ်လွင်ပါတယ်။ နိရောဓ အသညသတ်တို့က ပစ္စနိက် နှစ်ဖက်ရဖြစ်ပါတယ်။

## ၉။ နိရုဇ္ဈမာနုပ္ပန္နဝါရ

### နိရုဇ္ဈမာန+ဥပ္ပန္န

ဒီဝါရကလဲ ၃–နံပါတ် နိရောဓုပ္ပန္နဝါရနဲ့ တူပါတယ်၊ နိရုဇ္ဈမာနက ဘင် အားလုံး ရပါတယ်၊ ဥပ္ပန္နက ဥပါဒ်ရောဘင်ပါ ခဏတ္တယကို ရပါတယ်၊ ဘင်က နှစ်ဖက်ရ၊ ဥပါဒ်က တစ်ဖက်ရ ဆိုတာ ပေါ်လွင်ပါတယ်၊ နိရောဓ, အသညသတ် တို့က ပစ္စနိက် နှစ်ဖက်ရ ဖြစ်ပါတယ်။

## ၁၀။ ဥပ္ပန္နုပ္ပါဒဝါရ

### (က) ဥပ္ပန္န+ဥပ္ပဇ္ဇိတ္ထ

ဒီ ၁၀–နံပါတ်ဝါရမှာ အတိတ် အနာဂတ် ၂–ဝါရ ခွဲဟောပါတယ်၊ အခု ပစ္စုပ္ပန္နာတီတဝါရကို ကြည့်ပါ။ ဥပ္ပန္နက တစ်ဝီထိလုံး ခဏတ္တယကို ရတယ်၊

http://www.dhammadownload.com



ဥပ္ပန္နိတ္တက အဲဒီခဏတ္တယအပြင် နိရောဓ, အသညသတ်ကိုပါ ရပါတယ်။ အဲဒီတော့ ခဏတ္တယဆိုတော့ "စိတ္တသမင်္ဂီနံ"ပေါ့၊ အဲဒီ "စိတ္တသမင်္ဂီနံ"က နှစ်ဖက်ရ၊ အနုလောမ "အာမန္တာ"။ နိရောဓ, အသညသတ်က ပဋိလောမ တစ်ဖက်ရ ဖြစ်ပါတယ်။ ပစ္စနိက် နှစ်ဖက်ရ မရှိပါဘူး၊ ဝိဘင်းစည်းကမ်းအရ ပါဠိဂတိ, နတ္ထိ ထုတ်ပါ။

## (ခ) ဥပ္ပန္န+ဥပ္ပဇ္ဇိဿတိ

ဥပ္ပန္နအရ ပြောဖို့ မလိုတော့ပါဘူး၊ ခဏတ္တယပေါ့၊ ဥပ္ပဇ္ဇိဿတိက ပစ္ဆိမစိတ် မရဘူး၊ ပစ္ဆိမစိတ္တသမင်္ဂီနံပေါ့၊ အဲဒီ ပစ္ဆိမစိတ္တသမင်္ဂီနံဟာ အနုလောမ ဥပ္ပန္နံရဲ့ တစ်ဖက်ရ ဖြစ်ပါတယ်၊ အဲဒီ ပစ္ဆိမစိတ်မှ တစ်ပါး "ဣတရေသံ စိတ္တသမင်္ဂီနံ"က အနုလုံနှစ်ဖက်ရ ဖြစ်ပါတယ်။ နိရောဓ, အသညသတ်က ပဋိလောမ ဥပ္ပဇ္ဇိဿတိရဲ့ တစ်ဖက်ရ ဖြစ်ပါတယ်။ ပစ္စနိက် နှစ်ဖက်ရ မရှိပါဘူး၊ တစ်ဖက်ရ တွေသာ ရှိပါတယ်၊ ဒါ့ကြောင့် အနုလောမ, ပဋိလောမ နှစ်ချက်လုံး ပါဠိဂတိချည်းထုတ်ပါ။

### ၁၁။ အတီတာနာဂတဝါရ

## ဥပ္ပဇ္ဇိတ္ထ+ဥပ္ပဇ္ဇိဿတိ

ဒီ အတီတာနာဂတဝါရမှာ မူလမူလီ ကြိယာတို့ရဲ့ နောက်က "နော စ တဿ စိတ္တံ ဥပ္ပန္နံ"ဆိုတဲ့ နောဥပ္ပန္နကြိယာ ထည့်ရပါတယ်၊ ဥပ္ပဇ္ဇိတ္ထတော့ ဟုတ်တယ် ဥပ္ပဇ္ဇိဿတိတော့ ဟုတ်တယ်၊ ဒါပေမယ့် ဥပ္ပန္နမဟုတ်ရဘူးတဲ့၊ ဥပ္ပဇ္ဇိတ္ထရတဲ့ တရားထဲက ဥပ္ပန္နရတရားကို နုတ်, ဥပ္ပဇ္ဇိဿတိရတဲ့ တရားထဲက ဥပ္ပန္နရ တရားကိုနုတ်–လို့ ဆိုလိုပါတယ်၊ ဒါ အနုလုံရဲ့ သဘော၊ ဒီသဘောကို အရင်နားလည်ထားရပါမယ်၊ ပစ္စနိက်သဘောကို နောက်မှပြောပါမယ်။

အနုလောမမှာ သန္နိဋ္ဌာန် ဥပ္ပဇ္ဇိတ္ထအရ တစ်ဝီထိလုံး ရတယ်၊ နိရောဓ, အသည သတ်လဲ ရတယ်၊ နော ဥပ္ပန္နံ=ဥပ္ပန္နမဟုတ်ရဘူးဆိုတော့ ဥပ္ပန္နကလဲ တစ်ဝီထိလုံး ရနေတော့ နိရောဓ, အသညသတ်သာ ကျန်ပါတယ်၊ ဒါဟာ သန္နိဋ္ဌာန် ဥပ္ပဇ္ဇိတ္ထ အရ ဖြစ်ပါတယ်။ သံသယ ဥပ္ပဇ္ဇိဿတိအရက ပစ္ဆိမစိတ်မှ တစ်ပါး တစ်ဝီထိလုံး နဲ့ နိရောဓအသညသတ်တို့ ရပါတယ်။ အဲဒီတော့ နောက်ပုဒ်ကသာနေလို့ "အာမန္တာ"ဝိဘင်း ထုတ်ပြီး နိရောဓ, အသညသတ်ကို ကောက်ပါ။ ပဋိလောမ

http://www.dhammadownload.com



သုဒ္ဓစိတ္တသာမည၊ ပုဂ္ဂလဝါရ

ကြည့်ကြစို့၊ ပဋိလောမမှာ သန္နိဋ္ဌာန် ဥပ္ပန္နိဿတိအရ ပစ္ဆိမမှတစ်ပါး တစ်ဝီထိလုံးနဲ နိရောဓ, အသညသတ် ရပါတယ်၊ နော ဥပ္ပန္နံ= ဥပ္ပန္နမဟုတ်ရဘူးဆိုတော့ ခုနက လိုပဲ နိရောဓအသညသတ်ပဲ ကျန်ပါတယ်၊ ဒါဟာ သန္နိဋ္ဌာန် ဥပ္ပန္နိဿတိအရ ဖြစ်ပါတယ်။ သံသယ ဥပ္ပဇ္ဇိတ္ထအရက အကုန်လုံးရနေတော့ ဘာမှ ပြောမနေနဲ့၊ "အာမန္တာ"ထုတ်ပြီး နိရောဓအသညသတ်ကိုပဲ ကောက်ပါ၊ ဒါဟာ အနုလုံ သဘောသွားဖြစ်ပါတယ်။

ပစ္စနိက်ကို ကြည့်ပါ၊ အနုလောမမှာ သန္နိဋ္ဌာန် နုပ္ပဇ္ဇိတ္ထအရ ဘာမှ မရှိပါဘူး၊ ဘာမှ မရှိတာကို နော နုပ္ပန္နံ=ဥပ္ပန္နလဲ ဖြစ်ရမယ်လို့ ဘာမှပြောစရာ မလိုဘူး၊ နဂိုကမှ မရှိတာကို ဒါဖြစ်ရမယ်လို့ ပြောစရာ လိုသေးလား၊ အဲဒီတော့ နတ္ထိ ဝိဘင်းထုတ်ပေါ့၊ ဒါက အနုလောမ။ ပဋိလောမကို ဆက်ကြည့်၊ သန္နိဋ္ဌာန် နုပ္ပဇ္ဇိဿတိအရ ပစ္ဆိမစိတ်ကို ရပါတယ်၊ မပြီးသေးဘူး၊ နော နုပ္ပန္နံ လိုက်လာဦးမှာ၊ နော နုပ္ပန္နံ=ဥပ္ပန္နလဲ ဖြစ်ရမယ်ဆိုတော့ ခုနကရတဲ့ ပစ္ဆိမစိတ်ပဲ ရပါတယ်၊ ပစ္ဆိမ စိတ်ဟာ သန္နိဋ္ဌာန်အရပဲ၊ နောက် နုပ္ပဇ္ဇိတ္ထ သံသယလိုက်တဲ့အခါမှာ ဥပ္ပဇ္ဇိတ္ထ မဟုတ်ဘူးလားဆိုတော့ ပစ္ဆိမစိတ်ဟာ ဥပ္ပဇ္ဇိတ္ထဟုတ်တယ်လေ၊ ဒါ့ကြောင့် (နှစ်ဖက်ရလဲ မရှိလေတော့) ပါဠိဂတိဝိဘင်း ထုတ်ပါ။

ဒီဝါရတွေကို ကြည့်မယ်ဆိုရင် အဘိဓမ္မာဒေသနာတော်ဟာ စိတ်ဝင်စားစရာ မကောင်းဘူးလား၊ သဗ္ဗညုတဉာဏ်တော်နဲ့ ဟောထားတာနော်၊ အထစ်အငေါ့ အချွတ်အချော် မရှိ၊ ဒေါက်–ဒေါက်–ဒေါက်နဲ့ ဟောထားတာ၊ လူတစ်ခွန်း ဗုဒ္ဓက ၅၂၀–ခွန်းတဲ့၊ ဘယ်လောက်မြန်မယ်ဆိုတာ ခန့်မှန်းကြည့်ပေါ့၊ အင်း–အဲတွေ မပါဘူး၊ ဟုတ်ပေါင် ယောင်လို့ ဆိုတာတွေ မပါဘူး၊ အခု ဟောနေတဲ့ သူရော ကိုယ်ရော ဆိုတာက အထစ်ထစ် အငေါ့ငေါ့နဲ့၊ အဘိဓမ္မာ အထုံပါရမီ ဘယ် လောက်ပါတယ်ဆိုတာ ခန့်မှန်းသာ ကြည့်ကြပေတော့။ ဒါ့ကြောင့် အဘိဓမ္မာ အထုံပါရမီပါအောင် များများဟောပေးကြရမယ်၊ ထက်ထက်သန်သန် ဟောပေး ကြရမယ်၊ အခု ဟောလာတာ ၁၁–ဝါရ ပြီးသွားပါပြီ၊ ၃–ဝါရ ကျန်ပါသေးတယ်၊ အဲဒီ ၃–ဝါရကို တရားသရုပ်တစ်မျိုးနဲ့ ဟောကြရပါမယ်၊ ကဲ–တရားသရုပ် ထုတ်ကြစို့။

http://www.dhammadownload.com



## ကျန် ၃-ဝါရ

| ပစ္စုပ္ပန်စိတ် | အတိတ်စိတ် | အနာဂတ်စိတ် |
|---|---|---|
| ဝဝဝ | | |

### ညွှန်ကြားချက်

၁။ ပစ္စုပ္ပန်စိတ်၏ ဥပါဒ်ကို "ဥပ္ပါဒက္ခဏေ စိတ္တံ"၊ ဘင်ကို "ဘင်္ဂက္ခဏေ စိတ္တံ"၊ တစ်စိတ်လုံး (ခဏတ္တယ)ကို "ပစ္စုပ္ပန္နံ စိတ္တံ"ဟု ဝိဘင်းထုတ်ပါ။ အတိတ်စိတ်ကို "အတီတံ စိတ္တံ"၊ အနာဂတ်စိတ်ကို "အနာဂတံ စိတ္တံ"ဟု ဝိဘင်းထုတ်ပါ။

၂။ ဥပ္ပဇ္ဇတိ, ဥပ္ပဇ္ဇမာန ကြိယာ ၂-ချက်သည် ပစ္စုပ္ပန်စိတ်၏ ဥပ္ပါဒက္ခဏကိုသာ ရ၏။

၃။ နိရုဇ္ဈတိ, နိရုဇ္ဈမာ ကြိယာ ၂-ချက်သည် ပစ္စုပ္ပန်စိတ်၏ ဘင်္ဂက္ခဏကိုသာ ရ၏။

၄။ ဥပ္ပန္နကြိယာသည် ပစ္စုပ္ပန်တစ်စိတ်လုံးကို ရ၏။ (ပစ္စုပ္ပန္နံ စိတ္တံ)

၅။ ဥပ္ပဇ္ဇိဿတိကြိယာသည် အနာဂတ်စိတ်ကိုသာရ၏။ (အနာဂတံ စိတ္တံ)

၆။ နိရုဇ္ဈိဿတိကြိယာသည် ပစ္စုပ္ပန်စိတ်၏ ဥပ္ပါဒက္ခဏနှင့် အနာဂတ်စိတ်ကို ရ၏။

၇။ ဥပ္ပဇ္ဇိတ္ထ, နိရုဇ္ဈိတ္ထ, နိရုဒ္ဓ အတိတ်ကြိယာတို့ကား အတိတ်စိတ်ကိုသာ ရ၏။

**အမှာ။** ။ပစ္စုပ္ပန်စိတ်၏ ဥပ္ပါဒက္ခဏကို "ဥပ္ပါဒက္ခဏေ စိတ္တံ"၊ ဘင်္ဂက္ခဏကို "ဘင်္ဂက္ခဏေ စိတ္တံ"ဟု ဝိဘင်းထုတ်ပါ။ ပစ္စုပ္ပန်စိတ်၏ ဥပ္ပါဒက္ခဏနှင့် အနာဂတ်စိတ်တို့ တစ်ပေါင်းတည်းရရာ၌ "ဥပ္ပါဒက္ခဏေ အနာဂတံ စိတ္တံ"ဟု ဝိဘင်းထုတ်ပါ။ အတိတ်စိတ်နှင့် အနာဂတ်စိတ်တို့ တစ်ပေါင်းတည်းရရာ၌ "အတီတာနာဂတံ စိတ္တံ"ဟု ဝိဘင်းထုတ်ပါ။

http://www.dhammadownload.com



သုဒ္ဓစိတ္တသာမညာ၊ ပုဂ္ဂလဝါရ

**အရကောက်**

**ဥပ္ပါဒက္ခဏာ။** ။ဥပ္ပါဒက္ခဏစိတ်ရဲ့။ တစ်နည်းကား-စိတ်၏ ဥပ္ပါဒက္ခဏ သမင်္ဂီပုဂ္ဂိုလ် ရဲ့။

**ဘင်္ဂက္ခဏာ။** ။ဘင်္ဂက္ခဏစိတ်ရဲ့။ တစ်နည်းကား- စိတ်၏ ဘင်္ဂက္ခဏ သမင်္ဂီပုဂ္ဂိုလ် ရဲ့။

ဥပ္ပန္နုပ္ပဇ္ဇမာန, နိရုဒ္ဓနိရုဇ္ဈမာန ၂-ဝါရတို့၌ စိတ္တပဓာနဒေသနာ ဖြစ်သော ကြောင့် "ယဿ စိတ္တံ၊ တဿ စိတ္တံ"စသည်ဖြင့် ပုဂ္ဂိုလ်ကိုထည့်၍ မဟောပါ၊ "ဥပ္ပန္နံ ဥပ္ပဇ္ဇမာနန္တိ"စသည်ဖြင့် ဟောပါတယ်။

## ၁၂။ ဥပ္ပန္နုပ္ပဇ္ဇမာနဝါရ

**ဥပ္ပန္န+ဥပ္ပဇ္ဇမာန**

သတ်မှတ်ပေးထားတဲ့ ကြိယာများကို ကြည့်ပါ၊ ဥပ္ပန္နက ပစ္စုပ္ပန်တစ်စိတ်လုံး ကိုရတယ်၊ ဥပ္ပဇ္ဇမာနက ပစ္စုပ္ပန်၏ ဥပါဒ်ကိုသာ ရပါတယ်၊ ဒါ့ကြောင့် အနု လောမမှာ "ဘင်္ဂက္ခဏေ စိတ္တံ"က တစ်ဖက်ရ၊ "ဥပ္ပါဒက္ခဏေ စိတ္တံ"က နှစ်ဖက်ရ ဖြစ်ပါတယ်။ ပဋိလောမမှာ "အာမန္တာ"ထုတ်ပါ။ ပစ္စနိက် နှစ်ဖက်ရ ကျန်တာက အတိတ်စိတ်နဲ့ အနာဂတ်စိတ် ဖြစ်ပါတယ်၊ "အတီတာနာဂတံ စိတ္တံ"လို့ ဝိဘင်း ထုတ်ပါ။

## ၁၃။ နိရုဒ္ဓနိရုဇ္ဈမာနဝါရ

**နိရုဒ္ဓ+နိရုဇ္ဈမာန**

နိရုဒ္ဓကြိယာက အတိတ်စိတ်, နိရုဇ္ဈမာနကြိယာက ပစ္စုပ္ပန်စိတ်၏ဘင်၊ သန္နိဋ္ဌာန် သံသယ မတူကြဘူး၊ "နော"ဝိဘင်းထုတ်ပါ။ ပစ္စနိက်နှစ်ဖက်ရ ကျန်တာက ပစ္စုပ္ပန်စိတ်၏ ဥပါဒ်နဲ့ အနာဂတ်စိတ်တို့ ဖြစ်ပါတယ်၊ "ဥပ္ပါဒက္ခဏေ အနာဂတဉ္စ စိတ္တံ"လို့ ဝိဘင်းထုတ်ပါ။

## ၁၄။ အတိက္ကန္တကာလဝါရ

ဒီအတိက္ကန္တကာလဝါရမှာ ဟောတော်မူအပ်တဲ့ ပါဠိတော်ကို အနက် ထင်ဖို့, အဓိပ္ပါယ်နားလည်ဖို့ လိုအပ်ပါတယ်၊ ဘယ်ဟာက သန္နိဋ္ဌာန်ပါဠိတော်,

http://www.dhammadownload.com



ဘယ်ဟာက သံသယပါဠိတော် ဆိုတာကိုလဲ ကွဲဖို့ လိုပါတယ်။ အဲဒါ တစ်ချက် ထားခဲ့ဦး။ နောက်ပြီးတော့ ပြထားတဲ့သရုပ်ကို ကြည့်ပါ၊ ပစ္စုပ္ပန်စိတ်မှာ ခဏ ငယ် ၃-ချက် ပြထားပါတယ်၊ လိုရင်းကတော့ ဥပါဒ်ခဏနဲ့ ဘင်ခဏပါဘဲ၊ အတိက္ကန္တကာလဝါရဆိုတော့ အဲဒီ ဥပါဒ်ခဏ ဘင်ခဏကို လွန်၊ မလွန် သရုပ်ခွဲ ရမယ်။

ပစ္စုပ္ပန်၏ ဥပါဒ်ကို ကျော်လွန်တာက ဘင်္ဂက္ခဏနဲ့ အတိတ်စိတ်။
ပစ္စုပ္ပန်၏ ဘင်္ဂက္ခဏကို ကျော်လွန်တာက အတိတ်စိတ်။
ဒီနှစ်ချက်ကို သရုပ်ထဲကြည့်ပြီး သဘောပေါက် နားလည်နေရမယ်။

**ဆောင်။** ။ပွန်၏ ဥပါဒ်၊ ကျော်လွန်လတ်၊ နှစ်ရပ် ဘင် အတိတ်။
ပွန်၏ ဘင်ကို၊ ကျော်လွန်ဆို၊ မှတ်သို အတိတ်စိတ်။

ကိုင်း...ဒါဖြင့် ပါဠိတော်ကိုင်ပြီး ရှင်းကြစို့။ (၁) ယဿ စိတ္တံ ဥပ္ပဇ္ဇမာနံ ခဏံ=အကြင်ပုဂ္ဂိုလ်၏ စိတ်သည် ဥပါဒ်ခဏကို၊ ခဏံ=မကြာမြင့်မီက၊ ဝီတိက္ကန္တံ အတိက္ကန္တကာလံ= "ကျော်လွန်၏"တဲ့။ ဥပါဒ်ခဏကို ကျော်လွန်တဲ့ စိတ်ဟာ ဘင်္ဂက္ခဏနဲ့ အတိတ်စိတ်၊ ဒါဟာ သန္နိဋ္ဌာန်၊ မှတ်ထားခဲ့ပါ။

(၂) နိရုဇ္ဈမာနံ ခဏံ= ဘင်္ဂက္ခဏကို၊ ခဏံ=မကြာမြင့်မီက၊ ဝီတိက္ကန္တံ အတိက္ကန္တကာလံ="ကျော်လွန်၏"တဲ့။ ဘင်္ဂက္ခဏကို ကျော်လွန်တဲ့စိတ်ဟာ အတိတ် စိတ်၊ ဒါက သံသယ။ အဲဒီတော့ သန္နိဋ္ဌာန် သံသယနှစ်ခု ယှဉ်ကြည့်ပါ။

| သန္နိဋ္ဌာန် | သံသယ |
|---|---|
| ဘင်္ဂက္ခဏ၊ အတိတ်စိတ် | အတိတ်စိတ် |

ဒီနှိုင်းယှဉ်ချက်ကို ကြည့်ရှုမှုဖြင့် အနုလောမမှာ ဘင်္ဂက္ခဏစိတ်က တစ်ဖက်ရ၊ အတိတ်စိတ်က နှစ်ဖက်ရဆိုတာ နားလည်နိုင်ပါတယ်။ ပဋိလောမ မှာတော့"အာမန္တာ"ပေါ့၊ဒါပေမယ့် အာမန္တာဝိဘင်း မထွက်ပါဘူး၊အကြောင်းက- ပစ္စုပ္ပန်စိတ်၏ ဥပ္ပါဒက္ခဏ ဘင်္ဂက္ခဏ နှစ်ပါးလုံးကို ကျော်လွန်တာဟာ "အတိတ် စိတ်သာတည်း၊ ပစ္စုပ္ပန်စိတ်မဟုတ်"ဟူသော အနက်ထူးကို ပြလိုသောကြောင့် "အတီတံ စိတ္တံ"လို့ ဟောတော်မူပါတယ်။ ပါဠိသမားတွေအတွက် ပြောလိုက်ပါ ဦးမယ်၊ ပစ္စုပ္ပန္နစိတ္တဿ ဥဘောပိ ခဏေ အတိက္ကန္တကာလံ နာမ အတီတ စိတ္တမေဝ, န ပစ္စုပ္ပန္နံ စိတ္တန္တိ အတ္ထဝိသေသံ ဝိညာပေတုံ "အာမန္တာ"တိ အဝတွာ "အတီတံ စိတ္တံ"န္တိ ဝုတ္တံ။

http://www.dhammadownload.com



## သုဒ္ဓစိတ္တသာမည၊ ပုဂ္ဂလဝါရ

ပစ္စနိက်ကို ကြည့်ပါ၊ အနုလုံကို ပါဠိတော်ကို အသေးစိတ်ကိုင်ပြီး မပြော တော့ဘဲ ခြုံပြီး ပြောပါမယ်။ (၁) ယဿ စိတ္တံ န ဥပ္ပဇ္ဇမာနံ ခဏံ ခဏံ ဝီတိက္ကန္တံ အတိက္ကန္တကာလံ=ဥပ္ပါဒက္ခဏကို "မကျော်လွန်"သော စိတ်တဲ့၊ ဥပ္ပါဒက္ခဏကို မကျော်လွန်တာ ဥပ္ပါဒက္ခနဲ့ အနာဂတ်စိတ် ဖြစ်ပါတယ်၊ ဒါဟာ သန္နိဋ္ဌာန် မှတ်ထားခဲ့ပါ။ (၂) န နိရုဇ္ဈမာနံ ခဏံ ခဏံ ဝီတိက္ကန္တံ အတိက္ကန္တကာလံ= ဘင်္ဂက္ခဏကို "မကျော်လွန်"သော စိတ်တဲ့၊ ဘင်္ဂက္ခဏကို မကျော်လွန်တာလဲ ဥပ္ပါဒက္ခဏနဲ့ အနာဂတ်စိတ်ပဲ ဖြစ်ပါတယ်၊ ဒါက သံသယ။ အဲဒီတော့ သန္နိဋ္ဌာန် သံသယနှစ်ခု ယှဉ်ကြည့်ပါ။

| သန္နိဋ္ဌာန် | သံသယ |
|---|---|
| ဥပ္ပါဒက္ခဏ၊ အနာဂတ်စိတ် | ဥပ္ပါဒက္ခဏ၊ အနာဂတ်စိတ် |

ဒီနှိုင်းယှဉ်ချက်ကို ကြည့်ရုံမျှဖြင့် "အာမန္တာ"ထွက်မယ်ဆိုတာ သိသာပါတယ်၊ ဒါပေမယ့် "အာမန္တာ"ဝိဘင်း မထွက်ပါဘူး၊ အကြောင်းမှာ ဥပ္ပါဒက္ခဏနှင့် ဘင်္ဂက္ခဏနှစ်ပါးကို မလွန်သော စိတ်ဟူသည် ဥပ္ပါဒက္ခဏနှင့် အနာဂတ် စိတ်သာတည်း၊ အခြား (ဘင်္ဂက္ခဏနှင့် အတိတ်)စိတ် မဟုတ်–ဟူသော အနက် ထူးကို ပြလိုသောကြောင့် "ဥပ္ပါဒက္ခဏေ အနာဂတံ စိတ္တံ"လို့ ဟောတော် မူပါတယ်။ ဒီမှာလဲ ပါဠိသမားတွေအတွက် ပြောလိုက်ပါဦးမယ်၊ ဥဘောပိ ခဏေ အနတိက္ကန္တကာလံ နာမ ဥပ္ပါဒက္ခဏေ စ စိတ္တံ အနာဂတဉ္စ စိတ္တံ ဟောတိ, န ဘင်္ဂက္ခဏေ စိတ္တံ အတီတံ စိတ္တန္တိ အတ္ထဝိသေသံ ဝိညာပေတုံ "အာမန္တာ"တိ အဝတွာ "ဥပ္ပါဒက္ခဏေ အနာဂတံ စိတ္တ"န္တိ ဝုတ္တံ။

ပဋိလောမမှာ (၁) "ယဿ ဝါ ပန စိတ္တံ န နိရုဇ္ဈမာနံ ခဏံ ခဏံ ဝီတိက္ကန္တံ အတိက္ကန္တကာလံ=ဘင်္ဂက္ခဏကို "မကျော်လွန်"သော စိတ်တဲ့၊ ဘင်္ဂက္ခဏကို မကျော်လွန်တာက ဥပ္ပါဒက္ခဏ, ဘင်္ဂက္ခဏ, အနာဂတ်စိတ်–တို့ ဖြစ်ပါတယ်၊ ဒါဟာ သန္နိဋ္ဌာန်၊ မှတ်ထားခဲ့ပါ။

(၂) န ဥပ္ပဇ္ဇမာနံ ခဏံ ခဏံ ဝီတိက္ကန္တံ အတိက္ကန္တကာလံ=ဥပ္ပါဒက္ခဏကို "မလွန်သော စိတ်"တဲ့၊ အဲဒါက ဥပ္ပါဒက္ခဏနဲ့ အနာဂတ်စိတ်တို့ ဖြစ်ပါတယ်၊ ဒါက သံသယ။ အဲဒီတော့ သန္နိဋ္ဌာန် သံသယနှစ်ခု ယှဉ်ကြည့်ပါ။

http://www.dhammadownload.com



| သန္နိဋ္ဌာန် | သံသယ |
| --- | --- |
| ဥပ္ပါဒက္ခဏ, ဘင်္ဂက္ခဏ, အနာဂတ် | ဥပ္ပါဒက္ခဏ၊ အနာဂတ် |

ဒီနိုင်းယှဉ်ချက်ကို ကြည့်ရှုမှုဖြင့် ဘင်္ဂက္ခဏက တစ်ဖက်ရ၊ ဥပ္ပါဒက္ခဏနှင့် အနာဂတ်စိတ်က နှစ်ဖက်ရဆိုတာ နားလည်နိုင်ပါတယ်၊ ပါဠိတော်ရွတ်ပြပါမယ်။

ဘင်္ဂက္ခဏေ စိတ္တံ ဘင်္ဂက္ခဏံ အဝီတိက္ကန္တံ၊ နော စ ဥပ္ပါဒက္ခဏံ အဝီတိက္ကန္တံ။ ဥပ္ပါဒက္ခဏေ အနာဂတဉ္စ စိတ္တံ ဘင်္ဂက္ခဏဉ္စ အဝီတိက္ကန္တံ ဥပ္ပါဒက္ခဏဉ္စ အဝီ-တိက္ကန္တံ။ ဒါဟာ ဝိဘင်းပါဠိတော် ဖြစ်ပါတယ်။

ဒီအတိက္ကန္တဝါရရဲ့ ဆိုလိုယင်းက (၁) ပစ္စုပ္ပန်စိတ်၏ ဥပ္ပါဒက္ခဏကို ကျော်လွန်တာ ဘယ်စိတ်လဲ?၊ (၂) ဘင်္ဂက္ခဏကိုကျော်လွန်တာ ဘယ်စိတ်လဲ?၊ (၃) ဥပ္ပါဒက္ခဏကို မကျော်လွန်တာ ဘယ်စိတ်လဲ?၊ (၄) ဘင်္ဂက္ခဏကို မကျော်လွန်တာ ဘယ်စိတ်လဲ?၊ ဒီ ၄-ချက်ဖြစ်ပါတယ်၊ ပထမနှစ်ချက်က အနုလုံမေးခွန်း၊ နောက်နှစ်ချက်က ပစ္စနိက်မေးခွန်းများ ဖြစ်ပါတယ်။ အတိက္ကန္တဝါရ ပြီးပြီဆိုပါတော့၊ အရကောက်ဆရာကြီးရဲ့ အနက်ပေးပုံကို မှတ်သားသင့်ပါသေးတယ်၊ ပါဠိသမားတွေအတွက် ပါဠိလို အနက်ပေးပုံကိုလဲ ပြောပြပါမယ်။

အနက်။ ။ယဿ-အကြင်ပုဂ္ဂိုလ်အား၊ စိတ္တံ-စိတ်သည်၊ ဥပ္ပဇ္ဇမာနံ-ဖြစ်ဆဲသော၊ ခဏံ-ဥပ္ပါဒက္ခဏကို၊ ခဏံ-မမြင့်မီ၊ (တစ်နည်းကား) ခဏံ-မကြာမီ။ (တစ်နည်းကား) ခဏံ-ဖြုတ်ခြည်း ရုတ်ခြည်း၊ ဝီတိက္ကန္တံ-လွန်သည် ဖြစ်၍၊ အတိက္ကန္တကာလံ-လွန်သောကာလရှိသည်၊ ဟောတိ-၏၊ တဿ-ထိုပုဂ္ဂိုလ်အား၊ စိတ္တံ-စိတ်သည်၊ နိရုဇ္ဈမာနံ-ချုပ်ဆဲသော၊ ခဏံ-ဘင်္ဂက္ခဏကို၊ ခဏံ-မမြင့်မီ၊ ခဏံ-မကြာမီ၊ ခဏံ-ဖြုတ်ခြည်း ရုတ်ခြည်း၊ ဝီတိက္ကန္တံ-လွန်သည်ဖြစ်၍၊ အတိက္ကန္တကာလံ-လွန်သော ကာလရှိသလော၊ ဣတိပုစ္ဆာယံ-သည်၊ သတိ-သော်၊ ဘင်္ဂက္ခဏေ-ဘင်္ဂက္ခဏ၌၊ စိတ္တံ-စိတ်သည်၊ ဥပ္ပါဒက္ခဏံ-ဥပ္ပါဒက္ခဏကို၊ ဝီတိက္ကန္တံ-လွန်၍။ ဘင်္ဂက္ခဏံ-ဘင်္ဂက္ခဏကို၊ အဝီတိက္ကန္တံ-မလွန်၊ အတီတံစိတ္တံ-အတိတ်စိတ်သည်၊ ဥပ္ပါဒက္ခဏဉ္စ-လည်း၊ ဝီတိက္ကန္တံ-လွန်၏၊ ဘင်္ဂက္ခဏဉ္စ-လည်း၊ ဝီတိက္ကန္တံ-လွန်၏။

http://www.dhammadownload.com



ပါဠိ။ ။ယဿ-ယာဒိသဿ ပုဂ္ဂလဿ၊ စိတ္တံ မနံ (ဝုတ္တကတ္တုဘူတံ)၊ ဥပ္ပဇ္ဇမာနံ ခဏံ-ဥပ္ပါဒက္ခဏံ (အဝုတ္တကမ္မဘူတံ)၊ ခဏံ-အစိရံ အစိရေန ဝါ အစိရရတ္တာယ ဝါ။ ဝီတိက္ကန္တံ-အတိက္ကန္တံ ဟုတွာ၊ အတိက္ကန္တကာလံ-အတိက္ကန္တကာလေန သမန္နာဂတံ ဟောတိ၊ တဿ-တာဒိသဿ ပုဂ္ဂလဿ၊ စိတ္တံ-မနံ (ဝုတ္တကတ္တုဘူတံ)၊ နိရုဇ္ဈမာနံ ခဏံ-နိရုဇ္ဈန္တံ ဘင်္ဂက္ခဏံ၊ ခဏံ-အစိရံ အစိရေန ဝါ အစိရရတ္တာယ ဝါ၊ ဝီတိက္ကန္တံ-အတိက္ကန္တံ ဟုတွာ၊ အတိက္ကန္တကာလံ-ဟောတိနု အတိက္ကန္တကာလေန သမန္နာဂတံ၊ (က္လတိ ပုစ္ဆာယံ သတိ)။

အခုပြောခဲ့တာတွေဟာ သုဒ္ဓစိတ္တသာမညဝါရမှာ "ပုဂ္ဂလဝါရ, ဓမ္မဝါရ, ပုဂ္ဂလဓမ္မဝါရ"လို့ ၃-ဝါ ရရှိတဲ့အနက် ပထမဦးဆုံး ၁-နံပါတ် ပုဂ္ဂလဝါရဖြစ်ပါတယ်၊ ဓမ္မဝါရကို ဆက်လက် ဟောကြရပါမယ်၊ အခု ပုဂ္ဂလဝါရကို အပြီးသတ်လိုက်ကြစို့။

❀❀❀❀❀

ပုဂ္ဂလဝါရ ပြီး၏။

http://www.dhammadownload.com



## ၂။ ခန္ဓဝါရ

### ပစ္စုပ္ပန်စိတ် အတိတ်စိတ် အနာဂတ်စိတ်

ဒီခန္ဓဝါရမှာလဲ "ဥပ္ပါဒနိရောဓကာလသမ္ဘေဒဝါရ"စတဲ့ ၁၄-ဝါရ ရှိပါတယ်၊ ၁၄-ဝါရလုံးကို အထက်က သရုပ်ခွဲတည်ခင်းပြထားတဲ့ ပစ္စုပ္ပန်စိတ်, အတိတ်စိတ်, အနာဂတ်စိတ်တို့နဲ့ ဟောရမှာဖြစ်ပါတယ်၊ ပစ္စုပ္ပန်စိတ်ကို ဥပ္ပါဒက္ခဏ, ဘင်္ဂက္ခဏခွဲလိုက်ရင် သရုပ် ၄-မျိုးသာ ရှိပါတယ်၊ ဒီမှာ သရုပ်ကလဲရှင်း, ပုဂ္ဂလဝါရကိုလဲ ဟောခဲ့ပြီးဖြစ်လို့ လိုအပ်သလောက်သာ ရှင်းပြပါမယ်။

### ၁။ ဥပ္ပါဒနိရောဓကာလသမ္ဘေဒဝါရ

#### ဥပ္ပဇ္ဇတိ, န နိရုဇ္ဈတိ+နိရုဇ္ဈိဿတိ, န ဥပ္ပဇ္ဇိဿတိ

အနုလောမမှာ ဥပ္ပဇ္ဇတိ န နိရုဇ္ဈတိ= "ဖြစ်ဆဲဖြစ်၍ ချုပ်ဆဲမဟုတ်"ဆိုတဲ့ သန္နိဋ္ဌာန်ပုဒ်အရ ပစ္စုပ္ပန်စိတ်၏ ဥပါဒ်ကို ရပါတယ်။ နိရုဇ္ဈိဿတိ န ဥပ္ပဇ္ဇိဿတိ= "ချုပ်လတ္တံ့ဖြစ်၍ ဖြစ်လတ္တံ့ မဟုတ်"ဆိုတဲ့ သံသယပုဒ်အရလဲ ပစ္စုပ္ပန်စိတ်၏ ဥပါဒ်ကိုပင် ရပါတယ်။ အဲဒီတော့ သန္နိဋ္ဌာန်ပုဒ် သံသယပုဒ်တို့ အရတူနေလို့ အနုလောမရော ပဋိလောမပါ "အာမန္တာ"ထုတ်ပါ။

ပစ္စနိက်အနုလောမမှာ န ဥပ္ပဇ္ဇတိ နိရုဇ္ဈတိ="ဖြစ်ဆဲမဟုတ် ချုပ်ဆဲ" ဆိုတဲ့ သန္နိဋ္ဌာန်ပုဒ်အရ ပစ္စုပ္ပန်စိတ်၏ ဘင်ကို ရပါတယ်။ န နိရုဇ္ဈိဿတိ ဥပ္ပဇ္ဇိဿတိ= "ချုပ်လတ္တံ့မဟုတ် ဖြစ်လတ္တံ့"ဆိုတဲ့ သံသယပုဒ် အရကတော့ မရှိပါဘူး၊ သန္နိဋ္ဌာန်ပုဒ်အရသာရှိလို့ "နော"ဝိဘင်း ထုတ်ပါ။ ပဋိလောမမှာ ခုနက သံသယပုဒ်က သန္နိဋ္ဌာန်လာဖြစ်လို့ "နတ္ထိ" ဝိဘင်း ထုတ်ပါ။

### ၂။ ဥပ္ပါဒုပ္ပန္နဝါရ

#### ဥပ္ပဇ္ဇတိ+ဥပ္ပန္န

ဥပ္ပဇ္ဇတိက ဥပါဒ်၊ ဥပ္ပန္နက ဥပါဒ်ရောဘင်ပါ (ခဏတ္တယ)၊ အနုလောမ "အာမန္တာ"။ ပဋိလောမမှာ "ဘင်္ဂက္ခဏေ စိတ္တံ"က တစ်ဖက်ရ၊ "ဥပ္ပါဒက္ခဏေ စိတ္တံ"က နှစ်ဖက်ရ။ ပစ္စနိက်သံသယကြွင်းက "အတီတာနာဂတံ စိတ္တံ"။

http://www.dhammadownload.com



သုဒ္ဓစိတ္တသာမည၊ ဓမ္မဝါရ

## ၃။ နိရောဓပုစ္ဆဝါရ

### နိရုဇ္ဈတိ+ဥပ္ပန္န

နိရုဇ္ဈတိက ဘင်၊ ဥပ္ပန္နက ဥပါဒ်ရောဘင်ပါ (ခဏတ္တယ)၊ အနုလောမ "အာမန္တာ"။ ပဋိလောမမှာ "ဥပ္ပါဒက္ခဏေ စိတ္တံ"က တစ်ဖက်ရ၊ "ဘင်္ဂက္ခဏေ စိတ္တံ"က နှစ်ဖက်ရ။ ပစ္စနိက် သံသယကြွင်းက "အတီတာနာဂတံ စိတ္တံ"။

## ၄။ ဥပ္ပါဒဝါရ

### (က) ဥပ္ပဇ္ဇတိ+ဥပ္ပဇ္ဇိတ္ထ

ဥပ္ပဇ္ဇတိက ဥပါဒ်၊ ဥပ္ပဇ္ဇိတ္ထက အတိတ်စိတ်၊ သန္နိဋ္ဌာန်သံသယ အရမတူလို့ "နော"ဝိဘင်းထုတ်။ ပစ္စနိက်မှာ ဝိဘင်းလှည့်၊ နှစ်ဖက်ရက "ဘင်္ဂက္ခဏေ အနာဂတဉ္စ စိတ္တံ"။

### (ခ) ဥပ္ပဇ္ဇတိ+ဥပ္ပဇ္ဇိဿတိ

ဥပ္ပဇ္ဇတိက ဥပါဒ်၊ ဥပ္ပဇ္ဇိဿတိက အနာဂတ်စိတ်၊ သန္နိဋ္ဌာန်သံသယ အရမတူလို့ "နော"ဝိဘင်းထုတ်။ ပစ္စနိက်မှာ ဝိဘင်းလှည့်၊ နှစ်ဖက်ရက "ဘင်္ဂက္ခဏေ အတီတဉ္စ စိတ္တံ"။

### (ဂ) ဥပ္ပဇ္ဇိတ္ထ+ဥပ္ပဇ္ဇိဿတိ

ဥပ္ပဇ္ဇိတ္ထက အတိတ်စိတ်၊ ဥပ္ပဇ္ဇိဿတိက အနာဂတ်စိတ်၊ သန္နိဋ္ဌာန်သံသယ အရမတူလို့ "နော" ဝိဘင်းထုတ်။ ပစ္စနိက် ဝိဘင်းလှည့်၊ နှစ်ဖက်ရက ပစ္စုပ္ပန် တစ်စိတ်လုံးကျန်လို့ "ပစ္စုပ္ပန္နံ စိတ္တံ"။

**အမှာ။** ။၅-နိရောဓဝါရ၊ ၆-ဥပ္ပါဒနိရောဓဝါရတို့လဲ ဥပ္ပါဒဝါရ နည်းတူ ကာလ ၃-ပါးနဲ့ သရုပ်ကို ကြည့်ပြီး ၃-ဝါရစီ ဟောပါ။

## ၇။ ဥပ္ပဇ္ဇမာန န နိရောဓဝါရ

### ဥပ္ပဇ္ဇတိ+န နိရုဇ္ဈတိ

ဥပ္ပဇ္ဇတိက ဥပါဒ်၊ န နိရုဇ္ဈတိက ဥပါဒ်, အတိတ်စိတ်, အနာဂတ်စိတ်၊ အနုလောမ "အာမန္တာ"။ ပဋိလောမ တစ်ဖက်ရက "အတီတာနာဂတံ စိတ္တံ"၊

http://www.dhammadownload.com



နှစ်ဖက်ရက "ဥပ္ပါဒက္ခဏေ စိတ္တံ"။ ပစ္စနိက်သံသယကြွင်းက "ဘင်္ဂက္ခဏေ စိတ္တံ"။

### ၈။ ဥပ္ပဇ္ဇမာနုပ္ပန္နဝါရ

**ဥပ္ပဇ္ဇမာန+ဥပ္ပန္န**

ဒီဝါရက ၂–နံပါတ် ဥပ္ပါဒုပ္ပန္နဝါရနဲ့ တူပါတယ်၊ ဥပ္ပဇ္ဇမာနက ဥပါဒ်၊ ဥပ္ပန္နက ဥပါဒ်ရော ဘင်ပါ (ခဏတ္တယ)၊ အနုလောမ "အာမန္တာ"၊ ပဋိလောမမှာ "ဘင်္ဂက္ခဏေ စိတ္တံ"က တစ်ဖက်ရ၊ "ဥပ္ပါဒက္ခဏေ စိတ္တံ"က နှစ်ဖက်ရ။ ပစ္စနိက် သံသယကြွင်းက "အတီတာနာဂတံ စိတ္တံ"။

### ၉။ နိရုဇ္ဈမာနုပ္ပန္နဝါရ

**နိရုဇ္ဈမာန+ဥပ္ပန္န**

ဒီဝါရကလဲ ၃–နံပါတ် နိရောဓုပ္ပန္နဝါရနဲ့တူပါတယ်၊ နိရုဇ္ဈမာနက ဘင်၊ ဥပ္ပန္နက ဥပါဒ်ရော ဘင်ပါ (ခဏတ္တယ)၊ အနုလောမ "အာမန္တာ"။ ပဋိလောမမှာ "ဥပ္ပါဒက္ခဏေ စိတ္တံ"က တစ်ဖက်ရ။ "ဘင်္ဂက္ခဏေ စိတ္တံ"က နှစ်ဖက်ရ။ ပစ္စနိက် သံသယကြွင်းက "အတီတာနာဂတံ စိတ္တံ"။

### ၁၀။ ဥပ္ပန္နုပ္ပါဒဝါရ

**(က) ဥပ္ပန္န+ဥပ္ပဇ္ဇိတ္ထ**

ဒီ ၁၀–နံပါတ်ဝါရမှာ အတိတ်အနာဂတ် ၂–ဝါရခွဲဟောပါတယ်။ ဥပ္ပန္နက ပစ္စုပ္ပန်စိတ်၏ ခဏတ္တယ၊ ပစ္စုပ္ပန္န စိတ္တံ၊ ဥပ္ပဇ္ဇိတ္ထက "အတီတံ စိတ္တံ"၊ အရမတူဘူး၊ "နော" ဝိဘင်းထုတ်။ ပစ္စနိက်ဝိဘင်းလှည့်၊ နှစ်ဖက်ရက "အနာဂတံ စိတ္တံ"။

**(ခ) ဥပ္ပန္န+ဥပ္ပဇ္ဇိဿတိ**

အထက်ကဝါရနဲ့ အတိတ် အနာဂတ်ပဲ ကွာပါတယ်၊ ဥပ္ပန္နက ပစ္စုပ္ပန်စိတ်၏ ခဏတ္တယ၊ ပစ္စုပ္ပန္န စိတ္တံ၊ ဥပ္ပဇ္ဇိဿတိက "အနာဂတံ စိတ္တံ"၊ အရမတူဘူး၊ "နော" ဝိဘင်းထုတ်။ ပစ္စနိက် ဝိဘင်းလှည့်၊ နှစ်ဖက်ရက "အတီတံ စိတ္တံ"။

http://www.dhammadownload.com



## သုဒ္ဓစိတ္တသာမညာ၊ ဓမ္မဝါရ

## ၁၁။ အတီတာနာဂတဝါရ

### ဥပ္ပန္နိတ္တ+ဥပ္ပန္နိသဿတိ

ဒီ အတီတာနာဂတဝါရမှာ ပုဂ္ဂလဝါရတုန်းကလိုပဲ မူလမူလီ ကြိယာတို့ရဲ့ နောက်က “နော စ တဿ စိတ္တံ ဥပ္ပန္နံ”ဆိုတဲ့ နော ဥပ္ပန္နကြိယာ ထည့်ရပါတယ်၊ ဥပ္ပန္နတ္တ နော ဥပ္ပန္န=ဖြစ်ပြီး ဖြစ်၍ ခဏတ္တယစိတ် မဟုတ်ရဘူးဆိုတော့ အတိတ်စိတ်ရပါတယ်၊ ဒါက သန္နိဋ္ဌာန်။ သံသယက ဥပ္ပဇ္ဇိဿတိနော ဥပ္ပန္န= ဖြစ်လတ္တံ့ဖြစ်၍ ခဏတ္တယစိတ် မဟုတ်ရဘူးဆိုတော့ အနာဂတ်စိတ် ဖြစ်ပါတယ်။ အဲဒီတော့ အရမတူကြလို့ အနုလုံမှာ အနုလောမရော ပဋိလောမပါ “နော”ဝိဘင်းချည်းထုတ်ပါ။

ပစ္စနိက်ကို ကြည့်ပါ၊ အနုလောမသန္နိဋ္ဌာန်မှာ နုပ္ပန္နိတ္တ နော နုပ္ပန္န=ဥပ္ပန္နိတ္တ မဟုတ် ဥပ္ပန္နဖြစ်ရမယ်ဆိုတော့ ပစ္စုပ္ပန်စိတ်ကို ရပါတယ်။ သံသယမှာ နုပ္ပဇ္ဇိဿတိ နော နုပ္ပန္န=ဥပ္ပဇ္ဇိဿတိ မဟုတ် ဥပ္ပန္နဖြစ်ရမယ်ဆိုတော့ ပစ္စုပ္ပန်စိတ်ကိုပဲ ရပါတယ်။ အဲဒီတော့ အရတူနေကြလို့ အနုလောမရော ပဋိလောမပါ “အာမန္တာ” ချည်းထုတ်ပါ။

ဒါက အတီတာနာဂတဝါရဆိုတော့ ၁၁-ဝါရပြီးသွားပါပြီ၊ ၃-ဝါရ ကျန်ပါသေးတယ်၊ အဲဒီ ၃-ဝါရကို ပုဂ္ဂလဝါရအတိုင်း ဟောပါ၊ အဲဒီ ၃-ဝါရ ဟောပြီးရင် ၂-နံပါတ် ဓမ္မဝါရ ပြီးပါပြီ။ ပြီးတော့ ၃-နံပါတ် ပုဂ္ဂလဓမ္မဝါရကို ဆက်ဟောရပါမယ်၊ အဲဒီ ပုဂ္ဂလဓမ္မဝါရရှိ ၁၄-ဝါရလုံးကို ပစ္စုပ္ပန်စိတ်, အတိတ် စိတ်, အနာဂတ်စိတ်တို့ဖြင့် ဒီဓမ္မဝါရအတိုင်း ဟောပါ၊ ဟောပုံ ဟောနည်းက “ယဿ ယံ စိတ္တံ” စသည်ဖြင့် ဥဒ္ဒေသတုန်းက ဟောခဲ့ပြီး ဆိုခဲ့ပြီး ဖြစ်ပါတယ်၊ အဲဒီတော့ သုဒ္ဓစိတ္တသာမညဝါရ အပြီးသတ်လိုက်ကြစို့။ [ပုဂ္ဂလဓမ္မဝါရော ဓမ္မဝါရဂတိကောယေဝ။ -၅၊ ၃၃၄]

❀❀❀❀❀

သုဒ္ဓစိတ္တသာမညဝါရ ပြီး၏။

http://www.dhammadownload.com



## ၂။ သုတ္တန္တစိတ္တမိဿကဝိသေသ

**အစမထင်--**

| | |
|---|---|
| တီန-(လော) ဓ-၆ ၀၀၀<br>န-ဂေါ/ဝေါ-မဂ် ဖ ဖ ဓ-၆ ၀၀၀ | ဓ ၀၀၀ \| ရုံ ရုံ ဘွင်။ ဝေါ \| မဂ် ၀၀၀ \| ဖ ဖ ဘွင်၊-ပစ္ဆိမ။ |

**ညွှန်ကြားချက်**

၁။ တစ်ဝီထိလုံး၌ (၁) စိတ္တဿ ဥပ္ပါဒက္ခဏေ၊ (၂) စိတ္တဿ ဘင်္ဂက္ခဏေ၊ (၃) စိတ္တဿမဂ္ဂီနံ-ဟု ဝိဘင်းထုတ်ပါ။

၂။ အဆုံးလောဘဇောကို "သရာဂပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေ၊ သရာဂပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ၊ သရာဂပစ္ဆိမစိတ္တဿမဂ္ဂီနံ"ဟု ဝိဘင်းထုတ်ပါ။ သရာဂပစ္ဆိမစိတ်ကို ထုတ်ပြီးပါက ကျန်လောဘဇောများကို "ဣတရေသံ"ခံထုတ်ပါ။

၃။ ဝေါဒါန်ပိုင်းကို "ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ, တေသံ"ဟု ဝိဘင်းထုတ်ပါ၊ အရဟတ္တမဂ်ကို "အဂ္ဂမဂ္ဂသမင်္ဂီနံ"ဟု ထုတ်ပါ၊ နောက်ဆုံးပိုင်းကို "အရဟန္တာနံ"ဟု ထုတ်ပါ။

**၄။ ဥပ္ပဇ္ဇတိ, ဥပ္ပဇ္ဇမာန ကြိယာ ၂-ချက်သည် သရာဂ (ဇော) စိတ်တို့၏** ဥပ္ပါဒက္ခဏအားလုံးကို ရ၏။ (သရာဂစိတ္တဿ ဥပ္ပါဒက္ခဏေ)

၅။ နိရုဇ္ဈတိ, နိရုဇ္ဈမာန ကြိယာ ၂-ချက်သည် သရာဂ (ဇော) စိတ်တို့၏ ဘင်္ဂက္ခဏအားလုံးကို ရ၏။ (သရာဂစိတ္တဿ ဘင်္ဂက္ခဏေ)

၆။ ဥပ္ပန္နကြိယာသည် သရာဂ (ဇော) စိတ်တို့၏ ဥပ္ပါဒက္ခဏ, ဘင်္ဂက္ခဏ ၂-မျိုးလုံးကို ရ၏။ (သရာဂစိတ္တဿမဂ္ဂီနံ)

၇။ ဥပ္ပဇ္ဇိဿတိကြိယာသည် သရာဂပစ္ဆိမစိတ် (အဆုံးဇော)မှ တစ်ပါးသော ရှေ့ပိုင်းစိတ်များကို ရ၏၊ နိရောဓနှင့် အသညသတ်ကိုလည်း ရ၏။

၈။ နိရုဇ္ဈိဿတိ ကြိယာသည် သရာဂပစ္ဆိမစိတ် (အဆုံးဇော)၏ ဘင်္ဂက္ခဏမှ တစ်ပါးသော ရှေ့ပိုင်းစိတ်များကို ရ၏။ နိရောဓနှင့် အသညသတ် **ကိုလည်းရ၏။**

၉။ ဥပ္ပဇ္ဇိတ္ထ, နိရုဇ္ဈိတ္ထ, နိရုဒ္ဓ-အတိတ်ကြိယာတို့ကား အထက်ပါ ဝီထိ အားလုံးအပြင် နိရောဓနှင့် အသညသတ်ကိုလည်း ရ၏။

http://www.dhammadownload.com



သုတ္တန္တစိတ္တမိဿကဝိသေဿ၊ ပုဂ္ဂလဝါရ

အထူးမှတ်ရန်မှာ--သရာဂပဌမစိတ် (အဆုံးဖော) ၏ နောက်ပိုင်းဝိဘင်းများကို အနာဂတ်ကြိယာပါသော ဝါရများ၌သာ (ရသင့်, မရသင့်အားလျော်စွာ) ဝိဘင်းထုတ်ရမည်။ အနာဂတ်ကြိယာ မပါသောဝါရများ၌ လုံးဝ ဝိဘင်းမထုတ်ရ၊ ဝီတရာဂစိတ်ထဲ ပါဝင်၏။

ဒီသုတ္တန္တစိတ္တမိဿကဝိသေဿမှာ ဥဒ္ဒေသတုန်းက ဟောရိုးစစ်ခဲ့တဲ့အတိုင်း သရာဂပဒ, ဝီတရာဂပဒ-စသည်ဖြင့် ၁၆-ပါးရှိပါတယ်၊ အဲဒီ ၁၆-ပါးအနက် ပထမဦးဆုံး သရာဂပဒကို ဟောရမှာဖြစ်ပါတယ်၊ သရာဂဆိုတော့ "လောဘဖော စိတ်"ပေါ့၊ လောဘဖောဆိုတော့ နောက်ဆုံး လောဘဖောဟာ ပဓာန ဇာတ်လိုက်ပဲ၊ ချပြထားတဲ့ သရုပ်ခွဲဇီထိကို ကြည့်ပါ၊ ဝိဘင်းပါဠိရော အရကောက်ရော အဲဒီ ဇီထိထဲမှာရှိပါတယ်။ နောက်ပီးတော့ ဇီထိအောက်က ညွှန်ကြားချက်ကိုလဲ ကျေညက်အောင် လေ့လာပါ၊ လေ့လာလို့ သဘောပေါက်သွားရင် ဒီ သုတ္တန္တစိတ္တမိဿကဝိသေဿဝါရကို ဟောနိုင်ပါပြီ၊ ရှေ့ကပြီးခဲ့တဲ့ သုဒ္ဓစိတ္တသာမညဝါရတုန်းကလဲ အပြည့်အစုံ ရှင်းပြခဲ့ပြီးပြီပဲ၊ ဒါ့ကြောင့် တစ်ဝါရချင်း ရှင်းမပြတော့ဘဲ လိုအပ်တာလောက်ကိုသာ ထောက်ပြပါတော့မယ်။

## နိရောဓသမာပတ်

ဥပ္ပဇ္ဇိဿတိ-ဟူသော အနာဂတ်ကြိယာအရ "နိရောဓသမာပန္နာနံ"ကို ကောက်ရာမှာ ရဟန္တာပုဂ္ဂိုလ်ကို မကောက်ရပါဘူး၊ အနာဂါမ်ပုဂ္ဂိုလ်ကိုသာ ကောက်ရပါတယ်၊ မှန်ပါတယ်၊ ရဟန္တာပုဂ္ဂိုလ်မှာ သရာဂစိတ် ဖြစ်လတ္တံ့မဟုတ်တော့ပါဘူး။ ဥပ္ပဇ္ဇိတ္ထ-ဟူသော အတိတ်ကြိယာအရ "နိရောဓသမာပန္နာနံ"ကို ကောက်ရာမှာတော့ ရဟန္တာပုဂ္ဂိုလ်ကိုပါ ကောက်ရပါမယ်၊ မှန်ပါတယ်၊ ရဟန္တာပုဂ္ဂိုလ်မှာ သရာဂစိတ် ဖြစ်ခဲ့ဖူးပြီးဖြစ်ပါတယ်။

**ဆောင်။** ။အနာဂတ်မှန်၊ သမာပန်၊ အနာဂါမ်ကိုသာ ကောက်။
အတိတ်၌ကား၊ မထူးခြား၊ နှစ်ပါးစလုံးသာ ကောက်။
စိတ္တသုတ္တန်၊ ခွဲဝေဖန်၊ စဉ်းစားဉာဏ်ကို လှောက်။

http://www.dhammadownload.com



## သရာဂပစ္စိမစိတ်၏ သဘော

"ယဿ စိတ္တဿ အနန္တရာ"၏ အရကို ကောက်ရာမှာ သရာဂပစ္ဆိမစိတ် ပါဝင်နိုင်ပါတယ်။ ရှင်းပြပါဦးမယ်၊ ဥပ္ပါဒ ပစ္စုပ္ပန္နာနာဂတဝါရမှာ "သရာဂပစ္ဆိမ စိတ္တဿ ဘင်္ဂက္ခဏေ"ဝိဘင်း ကျန်နေသလိုရှိပါတယ်။ ကျန်တော့ မကျန်သင့်ပါ၊ အဲဒီ သရာဂပစ္ဆိမစိတ်၏ ဘင်ကို ပစ္စနိုက်နှစ်ဖက်ရ "ယဿ စိတ္တဿ အနန္တရာ"ကို ကောက်ရာမှာ "အဆုံးစွန်သော တဏှာ၏ ဘင်မှစ၍"လို့ ပိုင်းကာ ကောက်ရပါ မယ်၊ ဒါ့ကြောင့် မကျန်တော့ဟု မှတ်ရပါမယ်။ ထို့အတူ ဥပ္ပါဒ အတီတာ နာဂတဝါရမှာလဲ (အနာဂတ်မရတဲ့) အတိတ်၏ တစ်ဖက်ရကို ထုတ်ရာမှာ "သရာဂပစ္ဆိမစိတ္တဿမင်္ဂီနံ"လို့ ဝိဘင်းထုတ်ရမလို ရှိနေပါတယ်၊ သို့ရာတွင် သီးသန့် ဝိဘင်းမထုတ်ပါ၊ "ယဿ စိတ္တဿ အနန္တရာ"ကို ကောက်ရာမှာ "အဆုံး စွန်သော တဏှာမှစ၍"လို့ ကောက်လိုက်က ပြည့်စုံသွားပါတော့တယ်။ [သစ္စယမိုက် အနာဂတဝါရ ဝီထိပိုင်းပုံကိုလည်း ပြန်ရှုပါ။]

**အမှာ။** ။ပုဂ္ဂလဝါရ၏ နောက်ဆုံး ၃–ဝါရကိုလည်းကောင်း၊ ဓမ္မဝါရနှင့် ပုဂ္ဂလဓမ္မဝါရတို့ကိုလည်းကောင်း သုဒ္ဓစိတ္တာသာမညဝါရ၌ ညွှန်ပြအပ်ခဲ့သည့် အတိုင်း ပစ္စုပ္ပန်စိတ်၊ အတိတ်စိတ်၊ အနာဂတ်စိတ် သရုပ်တို့ဖြင့် ဟောပါ။

## ဝိဘင်းထုတ်ပုံ

သုတ္တန္တစိတ္တမိဿကဝိသေသမှာ (ဝိဘင်းထုတ်သည့်အခါ နားလည်ရန် အတွက်) အရင်းခံသရုပ်မှာ––

၁။ သရာဂပစ္ဆိမစိတ်၊

၂။ သရာဂပစ္ဆိမစိတ်မှတစ်ပါး ကျန်သရာဂစိတ်၊

၃။ ဝီတရာဂစိတ်၊–လို့ သုံးမျိုးရှိပါတယ်။ အဲဒီ သုံးမျိုးကို ဥပ္ပါဒက္ခဏ ဘင်္ဂက္ခဏ ခွဲလိုက်မယ်ဆိုရင် ဥပ္ပါဒက္ခဏ ၃–ခု၊ ဘင်္ဂက္ခဏ ၃–ခုလို့ ၆–မျိုး ဖြစ်လာပါတယ်။

ပစ္စုပ္ပန္နာတီတဝါရမှာ ဥပ္ပဇ္ဇတိကြိယာနှင့် ဥပ္ပဇ္ဇိတ္ထကြိယာနှစ်ခုတို့ကို ယှဉ်ကြည့်ပါ၊ ဥပ္ပဇ္ဇိတ္ထကြိယာက တစ်ဝီထိလုံး ရပါတယ်၊ (စိတ္တဿမင်္ဂီနံ)၊ ဥပ္ပဇ္ဇတိ ကြိယာက သရာဂစိတ်တို့၏ ဥပ္ပါဒက္ခဏကိုသာ ရပါတယ်၊ (သရာဂစိတ္တဿ

http://www.dhammadownload.com



သုတ္တန္တစိတ္တမိဿကဝိသေသ၊ ပုဂ္ဂလဝါရ

ဥပ္ပါဒက္ခဏေ)၊ ဥပ္ပါဒက္ခဏထဲက တစ်ချို့တစ်ဝက်ကိုသာ ရပါတယ်၊ ဝီတရာဂ ဥပ္ပါဒက္ခဏများ ကျန်ပါတယ်၊ ဘင်္ဂက္ခဏအားလုံးလဲ ကျန်ပါတယ်၊ မပဲ့သေးသည့် ဘင်္ဂက္ခဏကို ဖဲ့မပြစ်ရပါ၊ ဒါ့ကြောင့် "စိတ္တဿ ဘင်္ဂက္ခဏေ, ဝီတရာဂ စိတ္တဿ ဥပ္ပါဒက္ခဏေ"လို့ ဥပ္ပန္နဝါရ၏ တစ်ဖက်ရကို ထုတ်ရပါတယ်၊ ဘင်္ဂက္ခဏကိုဖဲ့ပြီး "သရာဂစိတ္တဿ ဘင်္ဂက္ခဏေ, ဝီတရာဂစိတ္တဿမဂ်ိနံ"လို့ မထုတ်ရပါဘူး။ နှစ်ဖက်ရကိုတော့ ဥပ္ပန္နဝါရကြီးယာရသည့် "သရာဂစိတ္တဿ ဥပ္ပါဒက္ခဏေ"ကို ထုတ်ပါ၊ ဝီထိမှအလွတ်ဖြစ်သည့် နိရောဓနှင့်အသညသတ်က ဥပ္ပန္နဝါရ၏ တစ်ဖက်ရသတ်သတ်ဖြစ်ပါတယ်။ [ဥပ္ပန္နဿဝါရကြီးယာဥ္မလည်း ဤသဘောပင်။]

နိရောဓ ပစ္စုပ္ပန္နာနာဂတဝါရမှာလဲ ဥပ္ပါဒက္ခဏသဘောသွားအတိုင်း အားလုံးကုန်ကျန်သည့် ဥပ္ပါဒက္ခဏ သုံးခုလုံးကို တစ်ပေါင်းတည်းပေါင်းကာ "စိတ္တဿ ဥပ္ပါဒက္ခဏေ, ဝီတရာဂစိတ္တဿ ဘင်္ဂက္ခဏေ"လို့ တစ်ဖက်ရထုတ်ပြီး၊ "သရာဂစိတ္တဿ ဘင်္ဂက္ခဏေ"လို့ နှစ်ဖက်ရဝိဘင်း ထုတ်ရပါမယ်။

(၁၁) နံပါတ်အတီတာနာဂတဝါရ၏ အနုလုံနှစ်ဖက်ရကို "ဣတရေသံ တေသံ"လို့ အရကောက်စာအုပ်ကြီးမှာ တွေ့ရပါတယ်၊ ဒီလိုသာထုတ်က "သရာဂစိတ်များ"ပါ အကျုံးဝင်လျက်ရှိပါတယ်၊ အဲဒီ သရာဂစိတ်များကို သန္နိဋ္ဌာန် ပုဒ်မှာ မရသင့်ပါဘူး၊ ဒါ့ကြောင့် "ဝီတရာဂစိတ္တဿမဂ်ိနံ, နိရောဓသမာပန္နာနံ, အသညသတ္တာနံ"လို့ နှစ်ဖက်ရ ထုတ်သင့်ပါတယ်၊ ဆင်ခြင်ပါလေ။

သုတ္တန္တစိတ္တမိဿကဝိသေသ ပြီး၏။

http://www.dhammadownload.com



## အဘိဓမ္မစိတ္တမိဿကဝိသေသ

**အစမထင်--**

ပဋ္ဌ-(ကု၊ အကု) ၈-၇ ရုံ ရုံ ဘွင်။ န ဒ-နု---- ဂေါ/ဝေါ | မဂ်/၀၀၀ | ဖဖဘွင်၊-ပစ္ဆိမ။/၀၀၀

**ညွှန်ကြားချက်**

၁။ တစ်ဝီထိလုံး၌ (၁) စိတ္တဿ ဥပ္ပါဒက္ခဏော၊ (၂) စိတ္တဿ ဘင်္ဂက္ခဏော၊ (၃) စိတ္တဿမင်္ဂီနံ-ဟု ဝိဘင်းထုတ်ပါ။

၂။ အရဟတ္တမဂ်ကို "ပစ္ဆိမကုသလစိတ္တဿ ဥပ္ပါဒက္ခဏော၊ ပစ္ဆိမကုသလစိတ္တဿ ဘင်္ဂက္ခဏော၊ ပစ္ဆိမကုသလစိတ္တသမင်္ဂီနံ"ဟု ဝိဘင်းထုတ်ပါ။ ယင်း ပစ္ဆိမကုသိုလ် (အရဟတ္တမဂ်)ကို "အဂ္ဂမဂ္ဂသမင်္ဂီနံ"ဟုလည်း ထုတ်ရ၏။ ပစ္ဆိမကုသိုလ် ထုတ်ပြီးပါက ကျန်ကုသိုလ်စိတ်များကို "ဣတရေသံ"ခံထုတ်ပါ၊ နောက်ဆုံးပိုင်းကို "အရဟန္တာနံ" ဟု ထုတ်ပါ။

၃။ ဥပ္ပဇ္ဇိ, ဥပ္ပဇ္ဇမာန ကြိယာ ၂-ချက်သည် ကုသိုလ်စိတ်တို့၏ ဥပ္ပါဒက္ခဏ အားလုံးကို ရ၏။ (ကုသလစိတ္တဿ ဥပ္ပါဒက္ခဏော)

၄။ နိရုဇ္ဈတိ, နိရုဇ္ဈမာန ကြိယာ ၂-ချက်သည် ကုသိုလ်စိတ်တို့၏ ဘင်္ဂက္ခဏ အားလုံးကို ရ၏။ (ကုသလစိတ္တဿ ဘင်္ဂက္ခဏော)

၅။ ဥပ္ပန္နကြိယာသည် ကုသိုလ်စိတ်တို့၏ ဥပ္ပါဒက္ခဏ, ဘင်္ဂက္ခဏ ၂-မျိုးလုံးကို ရ၏။ (ကုသလစိတ္တသမင်္ဂီနံ)

၆။ ဥပ္ပဇ္ဇိဿတိကြိယာသည် ကုသိုလ်ပစ္ဆိမစိတ်(အရဟတ္တမဂ်)မှ တစ်ပါးသော ရှေ့ပိုင်းစိတ်များကို ရ၏၊ နိရောဓနှင့် အသညသတ် ကိုလည်း ရ၏။

၇။ နိရုဇ္ဈိဿတိ ကြိယာသည် ကုသိုလ်ပစ္ဆိမစိတ် (အရဟတ္တမဂ်)၏ ဘင်္ဂက္ခဏမှ တစ်ပါးသော ရှေ့ပိုင်းစိတ်များကိုရ၏၊ နိရောဓနှင့် အသညသတ်ကိုလည်း ရ၏။

၈။ ဥပ္ပဇ္ဇိတ္ထ, နိရုဇ္ဈိတ္ထ, နိရုဒ္ဓ-အတိတ်ကြိယာတို့ကား အထက်ပါ ဝီထိ အားလုံးအပြင် နိရောဓနှင့် အသညသတ်ကိုလည်း ရ၏။

http://www.dhammadownload.com



## အဘိဓမ္မစိတ္တမိဿကဝိသေသ

အထူးမှတ်ရန်မှာ–ကုသိုလ်ပစ္ဆိမစိတ် (အရဟတ္တမဂ်)၏ နောက်ပိုင်း "အရဟန္တာနံ" ဝိဘင်းကို အနာဂတ်ကြိယာပါသော ဝါရများ၌သာ (ရသင့်, မရသင့်အားလျော်စွာ) ဝိဘင်းထုတ်ရမည်၊ အနာဂတ်ကြိယာမပါသော ဝါရများ၌ လုံးဝ ဝိဘင်းမထုတ်ရ၊ ကုသလဝိပ္ပယုတ်စိတ်ထဲ ပါဝင်၏။ အကုသိုလ်စိတ်နှင့် အဗျာကတစိတ်များကို "ကုသလဝိပ္ပယုတ္တစိတ္တသမင်္ဂီနံ"ဟုလည်း ဟောတော်မူသည်။ (ကျန်ဝါရများကိုလည်း နောက်ကပြခဲ့သည့်အတိုင်း ဟောပါလေတော့)။

ဒီအဘိဓမ္မစိတ္တမိဿကဝိသေသမှာလဲ ဥဒ္ဒေသတုန်းက ဟောရိုးစစ်ခဲ့တဲ့ အတိုင်း တိက်ကုန်, ဒုက်ကုန် ဟောပါတယ်၊ တိက်ထဲမှာလဲ ကုသလတိက်မှာ ၃–ပဒရှိတဲ့အနက် ကုသလပဒကို ဟောရမှာဖြစ်ပါတယ်၊ ကုသိုလ်ဆိုတော့ ကုသိုလ်ဇောစိတ်တွေပေါ့၊ အဲဒီကုသိုလ်ဇောစိတ်တွေထဲမှာ အရဟတ္တမဂ်ဟာ နောက်ဆုံးကုသိုလ်စိတ်၊ အဲဒီ နောက်ဆုံးကုသိုလ်ဖြစ်တဲ့ အရဟတ္တမဂ်ဟာ ဒီမှာ ပဓာနဇာတ်လိုက်ပဲ၊ ချပြထားတဲ့ သရုပ်ခွဲဇီထိကို ကြည့်ပါ၊ ဝိဘင်းပါဠိရော အရကောက်ပါ အဲဒီဇီထိထဲမှာ ရှိပါတယ်။ ဝါရအလိုက် ဝိဘင်းထွက်ပုံကို အထူး ရှင်းပြစရာ လိုတော့မယ် မထင်ပါဘူး၊ ရှေ့ကလဲ တစ်ဖွဖွပြောခဲ့ပြီး ဖြစ်ပါတယ်၊ ဇီထိအောက်ကညွှန်ကြားချက်ကိုသာ ပိုင်ပိုင်နိုင်နိုင် လေ့လာပါ၊ လိုရင်းကတော့ ဒီအဘိဓမ္မစိတ္တမိဿကဝိသေသမှာ––

၁။ ပစ္ဆိမကုသိုလ်စိတ်၊

၂။ ပစ္ဆိမကုသိုလ်စိတ်မှတစ်ပါး ကျန်ကုသိုလ်စိတ်၊

၃။ ကုသိုလ်ဝိပ္ပယုတ်စိတ်၊–လို့ အရင်းခံသရုပ် ၃–မျိုး၊ ဥပ္ပါဒက္ခဏ, ဘင်္ဂက္ခဏ ခွဲလိုက်မယ်ဆိုရင် ၆–မျိုးပဲ ရှိပါတယ်၊ ဒီအချက်များကို မှတ်သားပြီးတော့ ရှေ့က ပြောခဲ့တဲ့နည်းအတိုင်း ဝါရအလိုက် ဟောရမှာ ဖြစ်ပါတယ်၊ တစ်ဝါရချင်း အသေးစိတ်ထုတ်ပြဖို့ မလိုတော့ပါဘူး ဟောနည်းကို ပြောပြပြီး ပါပြီ၊ ဟောလဲ ဟောခဲ့ပြီးပါပြီ၊ အဲဒီနည်းကိုယူပြီး ဟောပါ၊ တကယ်လို့ သဘော မပေါက်သေးဘူးဆိုရင် သရုပ်ခွဲပေးထားတဲ့ တရားသရုပ်ကိုကြည့်ပြီး အရ ကောက်စာအုပ်နဲ့ တိုက်ဆိုင်ကြည့်ပါ၊ နောက်ပိုင်းမှာပြထားတဲ့ ပါဠိတော်အကျဉ်း ချုပ်ရဲ့ အကူအညီကိုယူပါ။

http://www.dhammadownload.com



ပြောနေကျအတိုင်း ယမိုက်ပဋ္ဌာန်းနဲ့ ပတ်သက်လာရင် အရကောက်စာအုပ်ကြီးများကို လက်လွှတ်လို့ မဖြစ်ပါဘူး။ အဲဒီတော့ ဒီအဘိဓမ္မစိတ္တမိဿကဝိသေသကိုလဲ ပုဂ္ဂလဝါရ, ဓမ္မဝါရ, ပုဂ္ဂလဓမ္မဝါရ ပေါင်း ၃–ဝါရ၊ ပုဂ္ဂလဝါရမှာလဲ ဥပ္ပါဒနိရောဓကာလသမ္ဘေဒဝါရစတဲ့ ၁၁–ဝါရကို သရုပ်ခွဲပေးထားတဲ့ ဝီထိသရုပ်နဲ့၊ ကျန် ၃–ဝါရကို ပစ္စုပ္ပန်စိတ်, အတိတ်စိတ်, အနာဂတ်စိတ် သရုပ်နဲ့၊ ဓမ္မဝါရ, ပုဂ္ဂလဓမ္မဝါရများကို ပစ္စုပ္ပန်စိတ်, အတိတ်စိတ်, အနာဂတ်စိတ်သရုပ်နဲ့ ဟောကြရမယ်၊ ဘယ်လောက် ကျယ်ဝန်းမယ်ဆိုတာ ခန့်မှန်းလို့သာ ကြည့်ပေတော့၊ ဒါတောင် ကုသလပဒ တစ်ပဒသာရှိသေးတာနော်။

တိုက်က ၂၂–တိုက်ဆိုတော့ ၆၆–ပဒ၊ ဒုက်က ၁၀၀–ဆိုတော့ ပဒပေါင်း ၂၀၀၊ ဟောပေတော့၊ သဒ္ဓါအား, ဝီရိယအား, ဉာဏ်စွားအား ဘယ်လောက်လိုမယ်ဆိုတာ စဉ်းစားသာ ကြည့်ပေတော့။ ပါဠိတော်စာအုပ် ဒီစိတ္တယမိုက်အဆုံးမှာပဲ သင်္ဂါယနာတင် မထေရ်များ မှာထားတော်မူခဲ့ကြတာ ရှိပါတယ်၊ "မူလယမကံ စိတ္တယမကံ ဓမ္မယမကန္တိ တီဏိ ယမကာနိ ယာဝ သရဏာအရဏာ ဂစ္ဆန္တိ"တဲ့၊ ပေထက်အက္ခရာ တင်တဲ့ခေတ်မှာ ပေရွက်ကုန်မှာစိုးလို့လား, ပေရွက်မလောက်လို့လား မပြောတတ်ဘူး။

ကြားဖူးတာ တစ်ခုတော့ ပြောရဦးမယ်၊ ကြားဖူးတာဆိုတော့ အခုပြောမဲ့အတိုင်း တစ်ထေရာတည်းတော့ မဟုတ်ဖူးပေါ့၊ အဓိပ္ပါယ်ကတော့ တူမှာပါ၊ မန္တလေးတောင် ရသေ့ကြီးဦးခန္တီ၊ တည်လိုက်တဲ့ဘုရားတွေ၊ ဆောက်လိုက်တဲ့ ကျောင်းတွေ၊ အမြို့မြို့ အရွာရွာ၊ အနယ်နယ် အရပ်ရပ်၊ ဒါတင်မကဘူး၊ ပါဠိတော်စာအုပ်တွေ အဋ္ဌကထာစာအုပ်တွေ တစ်ပုဒ်မကျန် ပေယျာလမြှုပ်ဘဲ နိဿယရေးပေးဖို့ မိုးထိဆရာတော်ကိုလျှောက်၊ မိုးထိဆရာတော်ကလဲ ရေးပေး၊ ရေးပေးသမျှ ရသေ့ကြီး ဦးခန္တီကလဲ ပုံရိုက်၊ နည်းတဲ့စာအုပ်တွေမှ မဟုတ်ဘဲ၊ အံ့စရာကြီး။ ရသေ့ကြီးက ဒီလောက်နဲ့ အားမရသေးတော့ လေးပြင်လေးရပ်ရှိ ဆရာတော်ကြီးတွေပင့်ပြီး "အဘိဓမ္မာပါဠိတော်တွေမှာ ပေယျာလမြှုပ်ထားတဲ့ ပါဠိတော်တွေကို ဖော်ပေးတော်မူကြပါ၊ တပည့်တော် ပုံနှိပ်ပါရစေ" တဲ့။ ဆရာတော်ကြီးတစ်ပါးက "ရသေ့ကြီး တတ်နိုင်မှာလား"လို့ မေးတော့ "တတ်နိုင်ပါတယ် ဘုရား"တဲ့၊ ဒီလိုဆိုရင် ပြောပြရသေးတာပေါ့၊ ရသေ့ကြီး! ပဋ္ဌာန်းပါဠိတော် တစ်ကျမ်းတည်းကိုပင် ပေယျာလဖော် ပုံရိုက်မယ်ဆိုရင် စာမျက်နှာ

http://www.dhammadownload.com



၅၀၀–စီလောက်ရှိတဲ့ စာအုပ်ရေ သန်းကျော်ရှိလိမ့်မယ်၊ အဲဒီစာအုပ်တွေရိုက်ဖို့ မင်လိုမယ်၊ စက္ကူလိုမယ်၊ ကဲ ပုံရိုက်ပြီးပြီပဲထား၊ အဲဒီစာအုပ်တွေထားဖို့ ပိဋကတ်တိုက်က မိုင်တစ်ရာလောက် ကျယ်ဝန်းမှဖြစ်မယ်၊ ဘယ့်နှယ်တုန်း–လို့ မေးတော့၊ "ဟာ–ဘုရား"တဲ့၊ ဒါနဲ့ အစည်းအဝေးပြီးသွားရော၊ စာအုပ်တွေ ဖြစ်မလာဘူး၊ "ဟာ–ဘုရား"နဲ့ပဲ ကိစ္စပြီးရော။ အခုလဲဘဲ စိတ္တာယမိုက်ကို "ဟာ–ဘုရား"နဲ့ အဆုံးသတ်လိုက်ကြစို့လား။

စိတ္တာယမိုက် ပြီး၏။

http://www.dhammadownload.com



## ၉။ ဓမ္မယမိုက်

### ပဏ္ဏတ္တိဝါရ၊ ဥဒ္ဒေသ

စိတ္တယမိုက်ကို ဟောတော်မူသည်၏ အခြားမဲ့၌ ဓမ္မယမိုက်ကို ဟောတော်မူ၏၊ ထိုဓမ္မယမိုက်သည်လည်း--

| | |
|---|---|
| တိက+ဒုက | = ၂ |
| ကုသလတိက်+ဝေဒနာတိက်-စသည် | =၂၂ |
| ပဏ္ဏတ္တိဝါရ+ပဝတ္တိဝါရ+ဘာဝနာဝါရ | = ၃ |
| ဥဒ္ဒေသ+နိဒ္ဒေသ | = ၂ |
| ပဒသောဓန+စက္က+သုဒ္ဓဓမ္မ+မူလစက္က | = ၄ |
| အနုလုံ+ပစ္စနိက် | = ၂ |
| ကုသလဓမ္မယမက+အကုသလ+အဗျာကတ | = ၃ |
| အနုလောမပုစ္ဆာ+ပဋိလောမပုစ္ဆာ | = ၂ |
| သန္နိဋ္ဌာန်+သံသယ | = ၂ |

ဟောဟန်ကား--

| ၁။ ပဒသောဓနဝါရ | ၂။ ပဒသောဓနမူလစက္ကဝါရ |
|---|---|
| ၁။ ကုသလာ, ကုသလာ ဓမ္မာ | ဓမ္မာ, အကုသလာ ဓမ္မာ၊ ဗျာ ဓမ္မာ |
| ၂။ အကုသလာ, အကုသလာ ဓမ္မာ | ။ ကု ဗျာ |
| ၃။ အဗျာကတာ, အဗျာကတာ ဓမ္မာ | ။ ကု အကု |

| ၃။ သုဒ္ဓဓမ္မဝါရ | ၄။ သုဒ္ဓဓမ္မမူလစက္ကဝါရ |
|---|---|
| ၁။ ကုသလာ, ဓမ္မာ | ဓမ္မာ, အကုသလာ၊ အဗျာကတာ |
| ၂။ အကုသလာ, ။ | ။ ကု ဗျာ |
| ၃။ အဗျာကတာ, ။ | ။ ကု အကု |

http://www.dhammadownload.com



ပဒသောဓနဝါရ အနုလုံ၌ "ကုသလာ, ကုသလာ ဓမ္မာ၊ ကုသလာ ဓမ္မာ, ကုသလာ" ဟု အနုလောမ, ပဋိလောမ ဟောပါ၊ ပစ္စနိက်၌ န,ပဋိသေဓထည့် စွက်၍ "န ကုသလာ၊ န ကုသလာ ဓမ္မာ" စသည်ဖြင့် ဟောပါ။

ပဒသောဓနမူလစက္ကဝါရ၌ ပဒသောဓနဝါရကို မူလအခြေခံ (အနုလောမ) ထားပြီး "ကုသလာ, ကုသလာ ဓမ္မာ၊ ဓမ္မာ, အကုသလာ ဓမ္မာ" စသည်ဖြင့်မူလီ သွတ်၍ မူလီကို ပဋိလောမထားပြီး ဟောပါ။

သုဒ္ဓဓမ္မဝါရ၌ "ကုသလာ, ဓမ္မာ၊ ဓမ္မာ ကုသလာ" စသည်ဖြင့် ဟောပါ။ သုဒ္ဓဓမ္မမူလစက္ကဝါရ၌ သုဒ္ဓဓမ္မဝါရကို မူလအခြေခံ (အနုလောမ)ထားပြီး "ကုသလာ, ဓမ္မာ၊ ဓမ္မာ, အကုသလာ" စသည်ဖြင့် မူလီသွတ်၍ မူလီကို ပဋိလောမထားပြီး ဟောပါ။

## ဝါရစသည် ရေတွက်ပုံ

သုဒ္ဓနှစ်ဝါရ၌ နယ၂-ပါး၊ ယမက ၆-ပါး၊ ပုစ္ဆာ၁၂-ပါး၊ အတ္ထ၂၄-ပါးစီ ရှိ၏။ စက္ကနှစ်ဝါရ၌ နယ ၂-ပါး၊ မူလ ၆-ပါး၊ ယမက ၁၂-ပါး၊ ပုစ္ဆာ ၂၄-ပါး၊ အတ္ထ ၄၈-ပါးစီ ရှိ၏။

ဤသို့လျှင် ဓမ္မယမိုက် ပဏ္ဏတ္တိဝါရ၌ ဝါရ ၄-ပါး၊ နယ ၈-ပါး၊ မူလ ၁၂-ပါး၊ ယမက ၃၆-ပါး၊ ပုစ္ဆာ ၇၂-ပါး၊ အတ္ထ ၁၄၄-ပါး ဖြစ်သတည်း၊

ဥဒ္ဒေသ ပြီး၏။

http://www.dhammadownload.com



## ပဏ္ဏတ္တိဝါရ၊ နိဒ္ဒေသ

ဥဒ္ဒေသကို ဟောတော်မူသည်၏အခြားမဲ့၌ နိဒ္ဒေသကို ဟောတော်မူ၏၊ ထိုနိဒ္ဒေသသည်လည်း--

| | | |
|---|---|---|
| ပဒသောဓန+ပဒသောဓနမူလစက္က+သုဒ္ဓဓမ္မ+သုဒ္ဓဓမ္မမူလစက္က | = | ၄။ |
| အနုလုံ+ပစ္စနိက် | = | ၂ |
| ကုသလဓမ္မယမက+အကုသလ+အဗျာကတ | = | ၃ |
| အနုလောမ+ပဋိလောမ | = | ၂ |
| ပုစ္ဆာ+ဝိသဇ္ဇနာ | = | ၂ |
| သန္နိဋ္ဌာန်+သံသယ | = | ၂ |

ဟောဟန်ကား--

### ၁။ ပဒသောဓနဝါရ

| အနုလုံ=သန္နိဋ္ဌာန် (ကုသလာ) | သံသယ (ကုသလာ ဓမ္မာ) |
|---|---|
| ၁။ ကု-၂၁၊ စေ-၃၈။ | ကု-၂၁၊ စေ-၃၈။ |
| ၂။ အကု-၁၂၊ စေ-၂၇။ | အကု-၁၂၊ စေ-၂၇။ |
| ၃။ ဝိ-၃၆၊ ကြိ-၂၀၊ စေ-၃၈၊ ရုပ်-၂၈၊ နိ။ | ၃၆၊ ၂၀၊ ၃၈၊ ၂၈၊ နိ။ |

### ပစ္စနိက် ၂-ဖက်ရ (န ကုသလာ၊ န ကုသလာ ဓမ္မာ)

၁။ အကု, ဗျာဓမ္မ၊ ပညတ်။

၂။ ကု, ဗျာဓမ္မ၊ ပညတ်။

၃။ ကု, အကုဓမ္မ၊ ပညတ်။

အနုလုံ ပစ္စနိက် ၂-ပါးလုံး၌ ပဒတိုင်း အရတူသောကြောင့် "အာမန္တာ" ချည်းထုတ်ပါ။

http://www.dhammadownload.com



## ၂။ ပဒသောဓနမူလစက္ကဝါရ

| အနုလုံ=အနုလောမ | အနုလုံ-ပဋိလောမ |
|---|---|
| ၁။ ကုသလာ, ကုသလာ ဓမ္မ (ပဒသောဓနအတိုင်း) | ဓမ္မာ၊ အကု, ဗျာ ဓမ္မာ |
| ၂။ အကုသလာ, အကုသလာ ဓမ္မာ | ။ ကု, ဗျာ ဓမ္မာ |
| ၃။ အဗျာကတာ, အဗျာကတာ ဓမ္မာ | ။ ကု, အကု ဓမ္မာ |

| ပစ္စနိက်-အနုလောမ | ပစ္စနိက်-ပဋိလောမ |
|---|---|
| န ကုလာ, န ကုသလာ ဓမ္မာ (ပဒသောဓနအတိုင်း) | န ဓမ္မာ, န အကုသလာ ဓမ္မာ |

အနုလုံ အနုလောမ၌ ပဒသောဓနဝါရအတိုင်း "အာမန္တာ" ချည်းထုတ်ပါ၊ ပဋိလောမမှာ သန္နိဋ္ဌာန် "ဓမ္မာ"အရ ကု, အကု, ဗျာတရားများနှင့်တကွ အပေါင်းပညတ္တိဓမ္မကိုပါ ရပါတယ်၊ သံသယအရ အကုဓမ္မသာ ရပါတယ်၊ သန္နိဋ္ဌာန်က အရများပါတယ်၊ ဒါ့ကြောင့် "အကုသလာ ဓမ္မာ ဓမ္မာစေဝ အကုသလာ ဓမ္မာ စ၊ အဝသေသာ ဓမ္မာ န အကုသလာ ဓမ္မာ" ဟု ၂-ဖက်ရ တစ်ဖက်ရ ဝိဘင်းလိမ် ထုတ်ပါ၊ ကျန် မူလမူလီများမှာလည်း နည်းတူပါပဲ။

ပစ္စနိက်မှာ အနုလောမ, ပဋိလောမ ၂-ပါးလုံး "အာမန္တာ" ထုတ်ပါ၊ အနုလောမမှာ ပဒသောဓနဝါရအတိုင်း ကောက်ပါ၊ ပဋိလောမ၌ "တွင်းလိုဏ် အစရှိသော အစိတ်အစိတ်သော ကောဒေသပညတ် ရ၏" ဟုကောက်ပါ။

## ၃။ သုဒ္ဓဓမ္မဝါရ

| အနုလုံ=အနု | အနုလုံ-ပဋိ | ပစ္စနိက် ၂-ဖက်ရ |
|---|---|---|
| ၁။ ကုသလာ, ဓမ္မာ | ဓမ္မာ, ကုသလာ ဓမ္မာ | န ကုသလာ, န ဓမ္မာ (အနု) |
| ၂။ အကုသလာ, ဓမ္မာ | ဓမ္မာ, အကု-ဓမ္မာ | န ဓမ္မာ, န အကုဓမ္မာ (ပဋိ) |
| ၃။ အဗျာကတာ, ဓမ္မာ | ဓမ္မာ, ဗျာ ဓမ္မာ | |

http://www.dhammadownload.com



အနုလုံ အနုလောမမှာ သံသယပုဒ်က အရများလို့ “အာမန္တာ” ချည်း ထုတ်ပါ၊ ပဋိလောမမှာ “ဓမ္မာ”ဟူသော သန္နိဋ္ဌာန်၏အရ ကု, အကု, ဗျာ တရား အားလုံးကို ရပါတယ်၊ သံသယအရ ကုသလဓမ္မသာ ရပါတယ်၊ သန္နိဋ္ဌာန်က အရများပါတယ်၊ ဒါ့ကြောင့် “ကုသလာ ဓမ္မာ ဓမ္မာ စေဝ ကုသလာ ဓမ္မာ စ၊ အဝသေသာ ဓမ္မာ န ကုသလာ ဓမ္မာ” လို့ ၂-ဖက်ရ တစ်ဖက်ရ ဝိဘင်းလိမ် ထုတ်ပါ၊ ကျန် မူလမူလီများမှာလည်း နည်းတူပါပဲ။

ပစ္စနိက် အနုလောမမှာ “န ကုသလာ” ဟူသော သန္နိဋ္ဌာန်ပုဒ်က အရများပါ တယ်၊ ဒါ့ကြောင့် “ကုသလံ ထပေတွာ အဝသေသာ ဓမ္မာ န ကုသလာ ဓမ္မာ၊ ကုသလဥ္စ ဓမ္မေ စ ထပေတွာ အဝသေသာ နစေဝ ကုသလာ နစ ဓမ္မာ” လို့ တစ်ဖက်ရ ၂-ဖက်ရ ဝိဘင်းဖြေ့ထုတ်ပါ၊ ပဋိလောမမှာတော့ “အာမန္တာ” ထုတ်ပါ၊ အနုလောမရော ပဋိလောမပါ ၂-ဖက်ရဒွိ ပုစ္ဆာတ်သာ ကျန်ပါတယ်။

## ၄။ သုဒ္ဓဓမ္မမူလစက္ကဝါရ

| အနုလုံ=အနု | | အနုလုံ-ပဋိ | ပစ္စနိက် |
|---|---|---|---|
| ၁။ ကုသလာ, | ဓမ္မာ | ဓမ္မာ၊ အကု, ဗျာ ဓမ္မာ | န ကုသလာ, န ဓမ္မာ (နု) |
| ၂။ အကုသလာ, | ဓမ္မာ | ဓမ္မာ၊ ကု, ဗျာ ဓမ္မာ | န ဓမ္မာ, န အကုဓမ္မာ (ပဋိ) |
| ၃။ အဗျာကတာ, | ဓမ္မာ | ဓမ္မာ၊ ကု, အကု ဓမ္မာ | |

သုဒ္ဓဝါရကို ဟောပြီးက စက္ကဝါရကို ဟောနိုင်လောက်ပါပြီ၊ တရားသရုပ်ကို ကြည့်ပြီး ဝိဘင်းထုတ်ရုံသာ ရှိပါတယ်၊ အနုလောမမှာ “အာမန္တာ”၊ ပဋိလောမမှာ ၂-ဖက်ရ တစ်ဖက်ရ ဝိဘင်းလိမ် ထုတ်ပါ။

ပစ္စနိက် အနုလောမမှာ သုဒ္ဓဓမ္မဝါရအတိုင်း “ကုသလံ ထပေတွာ” စသည် ဖြင့် တစ်ဖက်ရ ၂-ဖက်ရ ဝိဘင်းဖြေ့ ထုတ်ပါ၊ ပဋိလောမမှာတော့ “အာမန္တာ” ချည်းသာ၊ ပစ္စနိက် ၂-ဖက်ရဒွိ ပုစ္ဆာတ်သာ ကျန်ပါတယ်။

❁❁❁❁❁

ပဏ္ဏတ္တိဝါရ ပြီး၏။

http://www.dhammadownload.com



# ပဝတ္တိဝါရ

## ပဝတ္တိဝါရ အခြေခံ

၁။ ဒီဓမ္မယမိုက် ပဝတ္တိဝါရမှာ ကုသလာ ဓမ္မာအစ အရဏာ ဓမ္မာအဆုံး ရှိသော တိက်ပုဒ် ၂၂-ပုဒ်၊ ဒုက်ပုဒ် ၂၀၀-တို့ကို ဟောတော်မူပါတယ်၊ အရကောက်စာအုပ်ကြီးမှာတော့ ကုသလတိက်မျှကိုသာ ပြထားပါတယ်၊ အဲဒီ ကုသလတိက်မှာ ကုသိုလ် အကုသိုလ် အဗျာကတလို့ သုံးမျိုးရှိရာ သုံးမျိုးလုံး ကိုပင် ဟောပါတယ်။

၂။ ကာလဘေဒအားဖြင့် ပစ္စုပ္ပန်စသော ၆-ဝါရလုံးကို ဟောပါတယ်။

၃။ ခဏအားဖြင့် ပဋိသန္ဓေ ပဝတ္တိ စုတိဟူသော ခဏသုံးပါးလုံးကို ဟောပါတယ်။

၄။ ကုသိုလ်, အကုသိုလ်, အဗျာကတ သုံးမျိုးထဲမှာ ကုသိုလ်နှင့် အကုသိုလ်က ပဝတ္တိအခါမှာသာ ဖြစ်ပြီး ပဋိသန္ဓေအခါ စုတိအခါတို့မှာ မဖြစ်ပါ။ အဗျာကတက ပဋိသန္ဓေ ပဝတ္တိ စုတိ-ဟူသော ခဏသုံးပါးလုံးမှာ ဖြစ်ပါတယ်။ [ဒီလို ဖြစ်ပုံကို ပစ္စုပ္ပန်ဝီထိကို ကြည့်ရှုမှုဖြင့် သိနိုင်ပါတယ်၊ ဝီထိကို ကြည့်ပါ။] သစ္စယမိုက်နှင့် သဘောသွားတူပါတယ်၊ အဗျာကတက ဒုက္ခသစ္စာကဲ့သို့ ခဏသုံးပါးလုံးမှာ ဖြစ်ပါတယ်၊ ဒါ့ကြောင့် ပဋိသန္ဓေသတ်သတ်, ပဝတ္တိ သတ်သတ်, စုတိသတ်သတ်ခွဲပြီး ဝိဘင်းထုတ်ရပါတယ်။ ကုသိုလ် အကုသိုလ် တို့ကတော့ ပဝတ္တိခဏမှာသာ ဖြစ်ပါတယ်၊ ပဝတ္တိခဏကိုသာ ကိုင်ပြီး ဝိဘင်း ထုတ်ပါ။

**ဆောင်**။ ။အဗျာကတ၊ သုံးခဏဌ်၊ ဖြစ်ရလေဘိ၊ အကြောင်းရှိ၍၊ ပဋိ
ပဝတ်၊ စု-သတ်သတ်တည်း။ ပဝတ်သာရှု၊ ကု အကုတို့၊
တစ်ခု ပဝတ်၊ ခဏမှတ်၊ ထုတ်အပ် ဝိဘင်းကို။

၅။ ဒီလို ခဏသုံးပါးလုံးကို ဟောအပ်သောကြောင့် (မဂ်ပုဂ္ဂိုလ် ၄-ယောက် ပါရနိုင်ပြီး) ပုဂ္ဂိုလ်အားဖြင့် ပုထုဇဉ် ၄-ယောက်၊ အရိယာ ၈-ယောက်လို့ ၁၂-ယောက်လုံးကိုပင် ဟောပါတယ်။

ပဝတ္တိဝါရအခြေခံ ပြီး၏။

http://www.dhammadownload.com



## ပဝတ္တိဝါရ

### ပစ္စုပ္ပန္နဝါရ၊ အရကောက်ဆိုရိုးများ

### ၁။ ကုသလာနံ ဥပ္ပါဒက္ခဏေ

ကုသိုလ်စိတ် ဧကဝီသ, စေတသိက် အဋ္ဌတိံသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ ဟုဆိုအပ်သော ပုထုဇဉ် ၄–ယောက်, အရဟတ္တဖလဋ္ဌာန်ကြဉ်သော အရိယာ ၇–ယောက် (တို့အား စတုဝေါကာရ ၄–ဘုံ ပဉ္စဝေါကာရ ၂၆–ဘုံ)။ [ကုသိုလ်ဖြစ်၍ အရဟတ္တဖိုလ် ကြဉ်သည်။]

### ပဉ္စဝေါကာရေ ကုသလာနံ ဥပ္ပါဒက္ခဏေ

ပဉ္စဝေါကာရဘုံ၌ ကု–၂၁၊ စေ–၃၈၊ စိတ္တဇရုပ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ ဟုဆိုအပ်သော ပု–၄၊ အရဟတ္တဖလဋ္ဌာန်ကြဉ်သော အရိယာ–၇ (တို့အား ပဉ္စဝေါကာရ ၂၆–ဘုံ)။

### အရူပေ ကုသလာနံ ဥပ္ပါဒက္ခဏေ

အရူပဘုံ၌ မဟာကု–၈၊ အထက်မဂ်–၃ခု၊ စေ–၃၆တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ ဟုဆိုအပ်သော တိဟိတ်ပုထုဇဉ်၊ အထက်မဂ္ဂဋ္ဌာန်–၃၊ အောက်ဖလဋ္ဌာန်–၃ (တို့အား အရူပ ၄–ဘုံ)။

### ၂။ အကုသလာနံ ဥပ္ပါဒက္ခဏေ

အကု–၁၂၊ စေ–၂၇တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော ပုထု–၄၊ အောက်ဖ–၃ (တို့အား စတု–၄၊ ပဉ္စ–၂၆)။

### ပဉ္စဝေါကာရေ အကုသလာနံ ဥပ္ပါဒက္ခဏေ

ပဉ္စဝေါကာရဘုံ၌ အကု–၁၂၊ စေ–၂၇၊ စိတ္တဇရုပ်တို့၏ ဥပ္ပါဒ–ပုထု–၄၊ အောက်ဖ–၃ (တို့အား ပဉ္စဝေါ–၂၆)။

### အရူပေ အကုသလာနံ ဥပ္ပါဒက္ခဏေ

အရူပဘုံ၌ လောဘမူ–၈ခု၊ မောဟမူဒွေး၊ စေ–၂၃တို့၏ ဥပ္ပါဒ–တိဟိတ်ပုထုဇဉ်၊ အောက်ဖ–၃ (တို့အား အရူပ ၄–ဘုံ)။

http://www.dhammadownload.com



## ၃။ ပဝတ္တေ ကုသလဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ

ပဝတ္တိအခါ ပဋိသန္ဓေနောင် ပထမဘဝင်မှစ၍ စုတိတိုင်အောင် အရူပဘုံ၌ အကုသိုလ်မှတစ်ပါး အကု–၁၂၊ ဝိ–၃၆၊ ကြိ–၂၀၊ စေ–၅၂၊ စိတ္တဇရုပ်တို့၏ ဥပ္ပါဒ–ပု၄၊ ဖ–၄ (တို့အား စတု–၄၊ ပဉ္စဝေါ–၂၆)။ [ စိတ္တဇရုပ်နှင့်တကွ ဖြစ်မှု မရှိ၍ အရူပဘုံရှိ အကုသိုလ်ကို ကြဉ်သည်။]

## ၄။ ပဝတ္တေ အကုသလဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ

ပဝတ္တိအခါ ပဋိသန္ဓေနောင် ပထမဘဝင်မှစ၍ စုတိတိုင်အောင် အရူပဘုံ၌ ကုသိုလ်မှတစ်ပါး ကု–၂၁၊ ဝိ–၃၆၊ ကြိ–၂၀၊ စိတ္တဇရုပ်တို့၏ ဥပ္ပါဒ–ပု–၄၊ အရိယာ–၈ (တို့အား စတု–၄၊ ပဉ္စဝေါ–၂၆)။ [ရှေ့က ပဋိသန္ဓေကို ကောက်ပြီး ဖြစ်၍ ပထမဘဝင်မှစ၍ ပိုင်းသည်။]

## ၅။ ကုသလဝိပ္ပယုတ္တအကုသလဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ

ဝိ–၃၆၊ ကြိ–၂၀၊ စေ–၃၈တို့၏ ဥပ္ပါဒ–ပု–၄၊ ဖ–၄ (တို့အား စတု–၄၊ ပဉ္စဝေါ–၂၆ဘုံ)။

## ၆။ ပဝတ္တေ စိတ္တဿ ဘင်္ဂက္ခဏေ

ပဝတ္တိအခါ ပဋိသန္ဓေမှစ၍ စုတိ၏ အနန္တရတိုင်အောင် အရူပဘုံ၌ ကုသိုလ် အကုသိုလ်မှတစ်ပါး ခပ်သိမ်းသော စိတ်တို့၏ ဘင်–ပု၄ အရိယာ–၈ (တို့အား စတု–၄၊ ပဉ္စဝေါ–၂၆ဘုံ)။ [ရှေ့က စုတိကို ကောက်ပြီးဖြစ်၍ စုတိ၏ အနန္တရ တွင် ဆုံးသည်။]

သဗ္ဗေသံ စဝန္တာနံ (ခပ်သိမ်းသော စဝန္တ) ဟူသည် စုတိ၏ ဘင်္ဂက္ခဏသမင်္ဂီ ပုဂ္ဂိုလ်တည်း၊ စုတိ၏ ခဏတ္တယသမင်္ဂီပုဂ္ဂိုလ် မဟုတ်။

=====

http://www.dhammadownload.com



## ဟောရိုးစစ်

ပဏ္ဏတ္တိဝါရကို ဟောတော်မူသည်၏အခြားမဲ့၌ ပဝတ္တိဝါရကို ဟောတော်မူ၏၊ ထိုပဝတ္တိဝါရသည်လည်း--

| | |
|---|---|
| ဥပ္ပါဒဝါရ+နိရောဓဝါရ+ဥပ္ပါဒနိရောဓဝါရ | = ၃ |
| ပစ္စုပ္ပန္နဝါရ+အတီတာနာဂတ+ပွန်တီ+ပွန်နာ+တီနာ | = ၆ |
| အနုလုံ+ပစ္စနိက် | = ၂ |
| ပုဂ္ဂလဝါရ+ဩကာသဝါရ+ပုဂ္ဂလောကာသဝါရ | = ၃ |
| ကုသလဓမ္မမူ+အကုသလဓမ္မမူ | = ၂ |
| အကုသလဓမ္မမူလီ+အဗျာကတဓမ္မမူလီ | = ၂ |
| ပုစ္ဆာ+ဝိသဇ္ဇနာ | = ၂ |
| သန္နိဋ္ဌာန်+သံသယ | = ၂ |

ဟောဟန်ကား--

### ဩကာသဝါရ

| ကု | အကု | ဗျာ | ဘုံ | ပစ္စနိက် |
|---|---|---|---|---|
| ॥ | ॥ | ॥ | ၁-စတု, ပဉ္စကာရေ | X |
| | | ॥ | ၂-အသညသတ္တေ | |

ဒီဓမ္မယမိုက် ပဝတ္တိဝါရမှာ ပင်ရင်းသရုပ်က

၁။ စတုဝေါ, ပဉ္စဝေါ

၂။ အသညသတ်

ဒီ၂-မျိုးသာ ဖြစ်ပါတယ်၊ ဩကာသဝါရကိုကြည့်ပါ၊ ဩကာသဝါရဆိုတာ ဌာနနယ်သတ်မှတ်ပြတဲ့ဝါရဖြစ်ပါတယ်၊ အောက်ယမိုက်တွေတုန်းကလဲ ဒီသဘော ပြောခဲ့ပါတယ်၊ ဌာနနယ်သတ်မှတ်ပြတဲ့ ဩကာသဝါရကို အရင်ဟောကြရအောင်။

http://www.dhammadownload.com



## ပစ္စုပ္ပန်၊ ပုဂ္ဂလ, ပုဂ္ဂလော

| ဗျာ | ကု | အကု | ဗျာ |
|---|---|---|---|
| ပဋိ ဘွင် | ကု – ဇဇဇ စတု, ပဋ္ဌ | အကု – ဇဇဇ စတု, ပဋ္ဌ | ကြိ–ဇဇဇ ဘွင် စုတိ ပဋ္ဌဝေါ–ကု, အကု၊ နိရောဓ, အသညသတ်။ |

အတိတ်–ပုဂ္ဂလ။ ။သဗ္ဗ–ဉ, စ၊ ပဝတ္တိ–ဉပ္ပါ, ဘင်္ဂ၊ အားလုံးရ။

## အတိတ်၊ ပုဂ္ဂလော

အရင်းခံသရုပ်

၁/သုဒ္ဓါဝါသ

| + | ဗျာ | အကု၊ ဗျာ | | ကု၊ အကု၊ ဗျာ | |
|---|---|---|---|---|---|
| ပဋိ | ဘွင်၁၆မ(နိကန္တိ) ဇ ပဋိသန္ဓေဝီထိ | ဇ၆ဘွင်။ | နဒမ မဟာကုဇ ရှေးဦးစွာ မဟာကု မနော ဒွါရဝီထိ | ဇ၆ဘွင်။ | နဒမ–စု။ မရဏာသန္န ဝီထိ |

၂/ကြွင်း စတု, ပဋ္ဌဝေါ

၃/အသညသတ္တာနံ။

ပဋိ -- စု။

## အနာဂတ၊ ပုဂ္ဂလ, ပုဂ္ဂလော

အရင်းခံသရုပ်

၁/မဂ်ကိုရလတ္တံ့ပုဂ္ဂိုလ်

| ကု အကု ဗျာ | ကု၊ ဗျာ | ဗျာ | + |
|---|---|---|---|
| အစမထင် ပဋိ န ဒ–ဝု(အကု)ဇ၆ | ဇ ရုံရုံဘွင်။ နဒ–နု ဂေါ/ဝေါ | မဂ်ဖဖဘွင်။ နဒမဇ၅ | ပစ္စိမ။ |
| အကုသိုလ်ဝီထိ | မဂ္ဂဝီထိ | ပရိနိဗ္ဗာနဝီထိ | |

၂/မဂ်ကိုမရလတ္တံ့ပုဂ္ဂိုလ်။

၃/နိရောဓအသည

http://www.dhammadownload.com



## အရကောက်

| | ကု၊ အကု၊ ဗျာ | ဗျာ | ဗျာ | + |
|---|---|---|---|---|
| မဖြစ်ပြန် | ကု။ ပဘွင် နဒမ(အကု)ဇဖေ | ဇဘွင်။ နဒမဇ–၄<br>၀၀၀ | ဇရုံရုံဘွင်<br>၀၀၀ | စု။<br>၀၀၀ |
| | အကု။ ပဘွင် နဒမ(ကု)ဇဖေ | ဇဘွင် နဒမဇ–၄<br>၀၀၀ | ဇရုံရုံဘွင်<br>၀၀၀ | စု။<br>၀၀၀ |
| ဖြစ်ပြန် | ပဋ္ဌိ-- စု။ | | | |

မှတ်ချက်။ ။ပုဂ္ဂလဝါရမှာ နိရောဓသမာပန္နပုဂ္ဂိုလ်နှင့် အသညသတ်ပုဂ္ဂိုလ်များဟာ ကု, အကု, ဗျာ ဖြစ်လတ္တံ့ ရပါတယ်၊ ဒါပေမယ့် သီးသန့်ဝိဘင်း မထွက်ပါဘူး၊ ဝါရယှက် ပစ္စုပ္ပန္နာနာဂတဝါရမှာ အနာဂတ် အကု, အဗျာကတ ၏ တစ်ဖက်ရ ထုတ်ပါလိမ့်မယ်။

ပုဂ္ဂလောကာသဝါရမှာတော့ အသညသတ်ကို အဗျာကတ၏ တစ်ဖက်ရ ထုတ်ရပါမယ်၊ နိရောဓသမာပန္နပုဂ္ဂိုလ်ကိုကား လုံးဝပင် ထုတ်ဖို့မလိုပါ။

=====

## ပစ္စုပ္ပန္နဝါရ၏ သဘောသွား

ပစ္စုပ္ပန်၏ သဘောကို ဝိဘင်းထုတ်ရာ၌လည်းကောင်း, အရကောက်ရာ၌ လည်းကောင်း ဝီထိဖြင့်ပြမှ ရှင်းလင်းလွယ်ကူ နားလည်မှာဖြစ်တဲ့အတွက် ဝီထိချပြထားပါတယ်၊ ပြထားအပ်သည့် ဝီထိကိုကြည့်ပြီး ဝိဘင်းထုတ်တတ် အရကောက်တတ်အောင် လေ့လာရပါမယ်။ [ သစ္စယမိုက်, သင်္ခါရယမိုက်တို့မှာ လဲ ဒီသဘောကို ပြောခဲ့ပါတယ်။ ]

### ကုသိုလ်နှင့် အကုသိုလ်

ကုသလဓမ္မက ကုသိုလ်ဇော၏ ခဏတ္တယသမင်္ဂီ အခိုက်အတန့်မှာသာ ဖြစ်ဆဲချုပ်ဆဲ ရပါတယ်၊ အကုသလဓမ္မက အကုသိုလ်ဇော၏ ခဏတ္တယ သမင်္ဂီ အခိုက်အတန့်မှာသာ ဖြစ်ဆဲချုပ်ဆဲ ရပါတယ်၊ ဥပ္ပါဒ, နိရောဓအား လျော်စွာ "ကုသလာနံ ဥပ္ပါဒက္ခဏေ, ကုသလာနံ ဘင်္ဂက္ခဏေ။ အကုသလာနံ ဥပ္ပါဒက္ခဏေ, အကုသလာနံ ဘင်္ဂက္ခဏေ" လို့ ဝိဘင်းထုတ်ရပါမယ်။

http://www.dhammadownload.com



အဗျာကတမူလီဝင်သည့်အခါမှာ အဗျာကတ ပဋ္ဌဝေါ ကုသိုလ် အကုသိုလ် များကိုလဲ ရသေးသောကြောင့် ကုသိုလ် အကုသိုလ်တို့ကို စတုဝေါ (အရူပ) ကုသိုလ် အကုသိုလ်၊ ပဋ္ဌဝေါ ကုသိုလ် အကုသိုလ်လို့ ခွဲရပါဦးမယ်။ "အရူပေ ကုသလာနံ ဥပ္ပါဒက္ခဏေ၊ ပဋ္ဌဝေါကာရေ ကုသလာနံ ဥပ္ပါဒက္ခဏေ။ အရူပေ အကုသလာနံ ဥပ္ပါဒက္ခဏေ၊ ပဋ္ဌဝေါကာရေ အကုသလာနံ ဥပ္ပါဒက္ခဏေ"။ ဟူသော ဝိဘင်းများ ထွက်လာပါလိမ့်မယ်။

## အဗျာကတ

(ဝီထိကို ကြည့်ပါ) ပဋိသန္ဓေစိတ် ဘဝင်စိတ်များက ဝိပါက်အဗျာကတ တရားများ ဖြစ်ပါတယ်၊ ကြိယာဇောများက ကြိယာဗျာကတတရားများ ဖြစ် ပါတယ်၊ နောက်ဆုံးဘဝင်နှင့် စုတိစိတ်များက ဝိပါက်အဗျာကတတရားများ ဖြစ်ပါတယ်။ ဒါ့ပြင် ပဋ္ဌဝေါကာရကုသိုလ် အကုသိုလ်နှင့် နိရောဓအသညသတ် တို့ကလဲ အဗျာကတဓမ္မ ဖြစ်ဆဲချုပ်ဆဲ တရားများပင် ဖြစ်ကြပါတယ်။

ဆိုဖွယ်အထူး ရှိပါသေးတယ်၊ ပဋ္ဌဝေါကာရဘုံမှာဖြစ်သော ကုသိုလ်၊ အကုသိုလ်တို့က ဧကန်အားဖြင့် အဗျာကတ ဖြစ်ဆဲချုပ်ဆဲတရားများ မဟုတ် ကြပါဘူး၊ အဲဒီလို ဧကန်မဟုတ်ကြသော်လဲ ကုသိုလ်အကုသိုလ်တို့ ကျေးဇူးပြု အပ်တဲ့ စိတ္တဇရုပ်က အဗျာကတဖြစ်တဲ့အတွက် အဗျာကတ ဖြစ်ဆဲချုပ်ဆဲလို့ပင် ဆိုရပါမယ်။ စတုဝေါကာရဘုံမှာဖြစ်တဲ့ ကုသိုလ်အကုသိုလ်တို့ကတော့ ရုပ်ကို မဖြစ်စေနိုင်ကြပါဘူး၊ ဒါ့ကြောင့် စတုဝေါကာရဘုံမှာဖြစ်တဲ့ ကုသိုလ် အကုသိုလ်တို့က အဗျာကတ ဖြစ်ဆဲချုပ်ဆဲတရားများ မဟုတ်ပါဘူး။

## ဝိဘင်းထုတ်ရာ၌ ယူဆပုံ

ဥပ္ပါဒဝါရကို မူတည်ပြီး ဝိဘင်းထုတ်ပုံ သဘောသဘာဝကို ရှင်းပြပါ ဦးမယ်၊ ကုသိုလ်မူ အကုသိုလ်မူလီမှာ မူကုသိုလ်က ကုသလာနံ ဥပ္ပါဒက္ခဏေ၊ မူလီ အကုသိုလ်က အကုသလာနံ ဥပ္ပါဒက္ခဏေ၊ အရမတူတဲ့ **အနုလုံမှာ** "နော" ဝိဘင်းထုတ်ပါ၊ **ပစ္စနိက်** နှစ်ဖက်ရ မည်ကဲ့သို့ ဝိဘင်းထုတ်ရမည်နည်း– ကုသိုလ်, အကုသိုလ်တို့၏ ဥပ္ပါဒက္ခဏသာ အသုံးပြုရသေးတော့

http://www.dhammadownload.com



(က) စိတ်အားလုံးတို့၏ ဘင်္ဂက္ခဏသမင်္ဂီနှင့်

( ခ ) အဗျာကတတရားတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီများ ကျန်နေသေးပါတယ်။

အဲဒီ အကျန်သည်ပင် ပစ္စနိက်နှစ်ဖက်ရ ဖြစ်ပါတယ်။

(က) ကို သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ–ဟုလည်းကောင်း၊

( ခ )ကို ကုသလဝိပ္ပယုတ္တအကုသလဝိပ္ပယုတ္တ စိတ္တဿ ဥပ္ပါဒက္ခဏေ–ဟုလည်းကောင်း ဝိဘင်းထုတ်ရပါမယ်။ ဒါ့ပြင် နိရောဓသမာပန္နာန်နှင့် အသညသတ်တို့ကလဲ ပစ္စနိက်နှစ်ဖက်ရပင် ဖြစ်ပါတယ်။

ကုသိုလ်မူ အဗျာကတမူလီမှာ ကုသိုလ်၏တစ်ရ အရူပကုသိုလ်ကို အရူပေ ကုသလာနံ ဥပ္ပါဒက္ခဏေ–ဟုလည်းကောင်း၊ နှစ်ဖက်ရကို ပဉ္စဝေါကာရေ ကုသလာနံ ဥပ္ပါဒက္ခဏေ–ဟုလည်းကောင်း ဝိဘင်းထုတ်ပါ။ [ကုသိုလ်၏ ဥပ္ပါဒက္ခဏအားလုံး ကုန်သွားပါပြီ။]

အဗျာကတ၏ တစ်ဖက်ရ မည်သို့ထုတ်မည်နည်း––၊

(က) ပဋိသန္ဓေစိတ်၏ ဥပါဒ်ကျန်ပါတယ်၊

(ခ) ပဋိသန္ဓေဟိုဘက် ပဝတ္တိဥပ္ပါဒက္ခဏထဲမှာ (ကုသိုလ်ဥပ္ပါဒက္ခဏနှင့် အရူပဘုံရှိ အကုသိုလ်ဥပ္ပါဒက္ခဏတို့မှတစ်ပါး) ပဉ္စဝေါ အကုသိုလ် ဥပ္ပါဒက္ခဏနှင့် အဗျာကတဥပ္ပါဒက္ခဏများ ကျန်ပါတယ်။

(က)ကို သဗ္ဗေသံ ဥပပဇ္ဇန္တာနံ–ဟုလည်းကောင်း၊

(ခ) ကို ပဝတ္တေ ကုသလဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ–ဟုလည်းကောင်း ဝိဘင်းထုတ်ပါ။

[အရူပဘုံရှိ အကုသိုလ်ဥပ္ပါဒက္ခဏမှာ ကုသိုလ်လဲ ဖြစ်ဆဲမဟုတ်, အဗျာကတလဲ ဖြစ်ဆဲမဟုတ်ပါဘူး၊ ပစ္စနိက် နှစ်ဖက်ရသို့ သွားပါတယ်၊ ဒါ့ကြောင့် (ခ)ကို အရကောက်ရာမှာ "အရူပဘုံ၌ အကုသိုလ်မှတစ်ပါး"–လို့ ဆိုရိုးပြုပါလိမ့်မယ်၊ အကုသိုလ်မူမှာ အရူပဘုံ၌ ကုသိုလ်မှတစ်ပါး–လို့ ဆိုရိုးပြုပါ။]

http://www.dhammadownload.com



ပစ္စနိက်နှစ်ဖက်ရကို မည်ကဲ့သို့ ထုတ်မည်နည်း--၊

(က) စုတိ၏ ဘင်္ဂက္ခဏ ကျန်ပါတယ်၊

(ခ) စုတိ၏ရှေ့ဘက် ဘင်္ဂက္ခဏအားလုံး ကျန်ပါတယ်၊

(ဂ) အရူပဘုံမှာ အကုသိုလ် ဥပ္ပါဒက္ခဏ ကျန်ပါတယ်၊ (ဝီထိကြည့်ပါ။)

ယင်းတို့ကို (က) သဗ္ဗေသံ စဝန္တာနံ၊ (ခ) ပဝတ္တေ စိတ္တဿ ဘင်္ဂက္ခဏေ၊ (ဂ) အရူပေ အကုသလာနံ ဥပ္ပါဒက္ခဏေ-လို့ ဝိဘင်းထုတ်ရပါမယ်။ အသညသတ် ဥပပဇ္ဇန္တက သဗ္ဗေသံ ဥပပဇ္ဇန္တာနံမှာဝင်ပြီး စဝန္တက သဗ္ဗေသံ စဝန္တာနံမှာ ဝင်ပါတယ်။

ဝီထိကိုကြည့်ပြီး သဘာဝယူဆပုံကို ပြောပြနေတာဖြစ်လို့ ဝီထိသို့ သဘောဉာဏ်သက်ဝင်စေပြီး စူးစိုက် ကြည့်ရှုလေ့လာပါ။ အကုသိုလ်မူ အဗျာကတမူလီမှာလဲ ဒီသဘောအတိုင်းပင် ဖြစ်ပြီး ရှင်းလင်းစရာလိုမည် မထင်တော့ပါ၊ နားလည်နိုင်လောက်ပါတယ်။ နိရောဓဝါရလဲ ဒီဥပ္ပါဒဝါရ ယူဆချက်အတိုင်းပင် ဖြစ်ပါတယ်၊ ဥပ္ပါဒက္ခဏနှင့် ဘင်္ဂက္ခဏ ပြောင်းလွဲရုံသာ ထူးပါတယ်။ [သစ္စယမိုက်မှာလဲ ဒီမှာထားချက်မျိုး ပြောခဲ့ပြီးပါပြီ။]

## ဥပ္ပါဒနိရောဓဝါရ

ဥပ္ပါဒနိရောဓဝါရမှာ ပစ္စုပ္ပန်၏ ထုံးစံအတိုင်း **အနုလုံမှာ** "နော" ဝိဘင်းထွက်ပါတယ်၊ ကုသိုလ်မူ အကုသိုလ်မူလီမှာ ကုသိုလ်၏ တစ်ဖက်ရက "ကုသလာနံ ဥပ္ပါဒက္ခဏေ"၊ အကုသိုလ်၏ တစ်ဖက်ရက "အကုသလာနံ ဘင်္ဂက္ခဏေ" ဖြစ်ပါတယ်။ **ပစ္စနိက်** နှစ်ဖက်ရကို မည်သို့ ထုတ်မည်နည်း- ကုသလဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ, အကုသလဝိပ္ပယုတ္တစိတ္တဿ ဘင်္ဂက္ခဏေ, နိရောဓသမာပန္နာနံ, အသညသတ္တာနံ-လို့ ထုတ်ရုံပါပဲ။

ကုသိုလ်မူ အဗျာကတမူလီမှာ အဗျာကတ၏ တစ်ဖက်ရက စုတိနှင့် (အရူပဘုံ၌ ကု အကုမှတစ်ပါး) ပဝတ္တိဘင်္ဂက္ခဏတို့ဖြစ်ပြီး သဗ္ဗေသံ စဝန္တာနံ, ပဝတ္တေ စိတ္တဿ ဘင်္ဂက္ခဏေ- လို့ ဝိဘင်းထုတ်ရမှာ ဖြစ်ပါတယ်။ **ပစ္စနိက်** နှစ်ဖက်ရကို မည်ကဲ့သို့ ထုတ်မည်နည်း--၊ ပစ္စနိက် နှစ်ဖက်ရအတွက်

http://www.dhammadownload.com



(က) ပဋိသန္ဓေစိတ်၏ ဥပါဒ်ကျန်ပါတယ်၊

(ခ) ပဝတ္တိ ကုသိုလ်ဝိပ္ပယုတ် ဥပ္ပါဒက္ခဏများ ကျန်ပါတယ်၊

(ဂ) အရူပဘုံမှ ကုသိုလ် အကုသိုလ် ဘင်္ဂက္ခဏများ ကျန်ပါတယ်။ ယင်းတို့ကို (က) သဗ္ဗေသံ ဥပပဇ္ဇန္တာနံ၊ (ခ) ပဝတ္တေ ကုသလဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ၊ (ဂ) အရူပေ ကုသလာကုသလာနံ ဘင်္ဂက္ခဏေ–လို့ ဝိဘင်းထုတ်ပါ။

အကုသိုလ်မူ အဗျာကတမူလီမှာလဲ ဒီသဘောသွားအတိုင်းပင် ဖြစ်ပါတယ်၊ အကုသိုလ်၏ တစ်ဖက်ရကို အကုသလာနံ ဥပ္ပါဒက္ခဏေ၊ အဗျာကတ၏ တစ်ဖက်ရကို သဗ္ဗေသံ စဝန္တာနံ၊ ပဝတ္တေ အကုသလဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ, အရူပေ ကုသလာကုသလာနံ ဘင်္ဂက္ခဏေ–လို့ ဝိဘင်းထုတ်ပါ။ ဒါဟာ ပစ္စုပ္ပန္နဝါရရဲ့ ဝိဘင်းကိုင်ပုံ သဘောသွား ဖြစ်ပါတယ်။

## အတိတ် ပုဂ္ဂလောကာသဝါရ

အတိတ် ပုဂ္ဂလောကာသဝါရ အရင်းခံသရုပ်မှာ-- (၁) သုဒ္ဓါဝါသ၊ (၂) သုဒ္ဓါဝါသမှတစ်ပါး ကြွင်းသော စတုဝေါကာရ ပဉ္စဝေါကာရ၊ (၃) အသညသတ်–လို့ ၃–မျိုးရှိပါတယ်။ သုဒ္ဓါဝါသယူဆချက် သဘောသွားမှာ အောက်သစ္စယမိုက် သင်္ခါရယမိုက်တို့ နည်းတူပင် ဖြစ်ပါတယ်၊ သရုပ်ခွဲပုံမျှသာ ထူးပြီး ထူးရာမျှကိုသာ ရှင်းပြပါမယ်။

ဒီဓမ္မယမိုက်မှာ သုဒ္ဓါဝါသဝီထိကို

၁။ ပဋိသန္ဓေဝီထိ၊

၂။ ရှေးဥုးစွာသော မဟာကုသိုလ် မနောဒွါရဝီထိ၊

၃။ မရဏာသန္နဝီထိ–လို့ ဝီထိ၃–ခုကို တစ်ဆက်တည်း ချပြထားပါတယ်။

အဲဒီ သုဒ္ဓါဝါသဝီထိမှာ အပိုင်း ၄–ပိုင်း ရှိပါတယ်၊ ၎င်းတို့၏ အစဉ်အတိုင်း ဝိဘင်းများမှာ--

၁။ သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ။

၂။ သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ။

http://www.dhammadownload.com



၃။ သုဒ္ဓါဝါသာနံ ဒုတိယေ အကုသလေ စိတ္တေ ဝတ္တမာနေ။

၄။ ဣတရေသံ စတုဝေါကာရာနံ ပဉ္စဝေါကာရာနံ။

ကုသိုလ်မူ အဗျာကတမူလီမှာ အဗျာကတ၏ တစ်ဖက်ရ ၂-နှင့် ၃-တို့ကို တစ်ပေါင်းတည်း ရရာမှာ (ဝိဘင်း နှစ်ချက်လုံးကို မကိုင်တော့ဘဲ) "သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ" လို့ ဝိဘင်း တစ်ချက်သာ ထုတ်ပါတယ်၊ အရကောက်တဲ့အခါမှာသာ နှစ်ပိုင်းလုံးပါအောင် မုချဒုတိယစိတ် ပထမဘွင်နှင့် ဒုတိယဘွင်မှစပြီး ရှေးဦးစွာသော မဟာကုသိုလ် ပထမဇောတိုင်အောင် ကောက်ရပါမယ်။ ဒါဟာ အတီတဝါရရဲ့ ဝိဘင်းကိုင်ပုံ သဘောသွားဖြစ်ပါတယ်။

## အနာဂတဝါရ

အနာဂတပုဂ္ဂလမှာ ၁။ မဂ်ကို ရလတ္တံ့သော ပုဂ္ဂိုလ်၊

၂။ မဂ်ကို မရလတ္တံ့သော ပုဂ္ဂိုလ်-လို့ အရင်းခံ ပုဂ္ဂိုလ် နှစ်မျိုးရှိပါတယ်။ [ ပုဂ္ဂလောဥ္စ ၃။ အသညသတ်ပါပြီး ၃-မျိုးရှိပါတယ်။]

မဂ်ကို ရလတ္တံ့သော ပုဂ္ဂိုလ်အတွက် ၁။ အကုသိုလ်ဝီထိ၊ ၂။ မဂ္ဂဝီထိ၊ ၃။ ပရိနိဗ္ဗာနဝီထိ-လို့ ဝီထိ ၃-ခုကို တစ်ဆက်တည်း ချပြထားပါတယ်။ အဲဒီဝီထိမှာ အပိုင်း ၄-ပိုင်းရှိပါတယ်၊ ၄င်းတို့၏ အစဉ်အတိုင်း ဝိဘင်းများမှာ--

၁။ ဣတရေသံ တေသံ၊

၂။ ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ၊

၃။ အဂ္ဂမဂ္ဂသမင်္ဂီနံ၊ အရဟန္တာနံ၊

၄။ ပစ္ဆိမစိတ္တသမင်္ဂီနံ၊

အောက်ယမိုက်များမှာလဲ ရှင်းပြခဲ့ပြီးဖြစ်လို့ ဤမျှရှင်းပြရုံဖြင့် အနာဂတပုဂ္ဂဝါရကို နားလည်နိုင်လောက်ပါပြီ။

ပုဂ္ဂလောကာသဝါရမှာလဲ ပုဂ္ဂလဝါရနည်းတူပင် ဖြစ်ပါတယ်၊ ဝိဘင်းထုတ်ရာမှာ အနုလုံနှစ်ဖက်ရကို "ဣတရေသံ စတုဝေါကာရာနံ ပဉ္စဝေါကာရာနံ" လို့ ဝိဘင်းထုတ်ပြီး၊ အသညသတ်ကို ရသင့်သည်အားလျော်စွာ ဝိဘင်းထုတ်ရုံမျှသာ ထူးပါတယ်။

http://www.dhammadownload.com



အရကောက်မှာတော့ ပစ္ဆိမဘဝိကအစစ်ကို ပုဂ္ဂလဝါရအတိုင်း ဘုံသတ်ကောက်ပြီးနောက် (အတု) မဖြစ်ပြန်ကောင်းနှင့် ဖြစ်ပြန်ကောင်းတို့ကို ကောက်ရပါဦးမယ်၊ ပုဂ္ဂလောကာသဝါရဖြစ်လို့ အစမထင်က မပိုင်းတော့ဘဲ ပဋိသန္ဓေမှစ၍ ပိုင်းပါ။

"မိမိ ဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် ကုသိုလ်ဇောဖြစ်အံ့၊ အကုသိုလ်ဇောဖြစ်အံ့" ဟူသော ဆိုရိုးအရ မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်အတွက် မရဏာသန္နကုသိုလ်ဝီထိ, အကုသိုလ်ဝီထိလို့ ၂–ဝီထိ ချပြထားပါတယ်၊ အဲဒီ ဝီထိများကို ၄–ပိုင်း ပိုင်းပြထားပါတယ်၊ ဒုတိယပိုင်းမှာ ကုသိုလ်ဝီထိ၌ ကုသိုလ်သာရပြီး၊ အကုသိုလ်ဝီထိမှာ အကုသိုလ်သာ ရပါတယ်၊ အဗျာကတမှာတော့ ၂–ဝီထိလုံး ပဋိသန္ဓေမှစပြီး စုတိ၏အနန္တရတိုင်အောင် ရပါတယ်။

## ရသင့်တစ်ချက်

ကုသိုလ်မူ အကုသိုလ်မူလီမှာ ပဋိလောမ အကုသိုလ်တစ်ဖက်ရ မရှိ၊ "အာမန္တာ" ထွက်ပါတယ်၊ ဒါပေမယ့် ရသင့်ကောက်စရာ ကျန်နေပါသေးတယ်၊ အဲဒီ ရသင့်က "မရဏာသန္နဇောသည် အကုသိုလ်ဇောဖြစ်အံ့၊ အဆုံးစွန်သော ကုသိုလ်ဇောမှစ၍ စတုတ္ထဇောတိုင်အောင်" ဖြစ်ပါတယ်။ (ဝီထိကို ကြည့်ပါ။)

နိရောဓဝါရ, ဥပ္ပါဒနိရောဓဝါရတို့မှာ သီးသန့်ညွှန်ကြားစရာ မရှိပါ၊ ဘင်ကိုမျှော်က ချုပ်လတ္တံ့ရသည့် ဥပါဒ်များတိုင်အောင် ပိုင်းကာ ကောက်သွားရန်ပင် ဖြစ်ပါတယ်။ ဒါဟာ အနာဂတဝါရရဲ့ ဝိဘင်းကိုင်ပုံ သဘောသွား ဖြစ်ပါတယ်။

### ပစ္စုပ္ပန္နာနာဂတ၊ ပုဂ္ဂလ

## ကုသိုလ်မူ အကုသိုလ်မူလီ ဝိဘင်းထုတ်ပုံ

ဝိဘင်းထုတ်ရာမှာ မူလီအနာဂတ်ကို အရင်ဆုတ်ကိုင်ပါ၊ မူလီ အကုသိုလ်မရသော တရားများမှာ အဂ္ဂမဂ္ဂသမင်္ဂီနံ, အရဟန္တာနံ, ယဿ စိတ္တဿ အနန္တရာ– တို့ဖြစ်ပါတယ်၊ (ဝီထိကို ကြည့်ပါ၊) အဲဒီထဲကမှ မူကုသိုလ်ပစ္စုပ္ပန္နက ရနိုင်သလောက် ယူရပါတယ်၊ ယူနိုင်သည့် တရားများမှာ––

http://www.dhammadownload.com



၁။ အင်္ဂမဂ္ဂသမင်္ဂီနံမှ အင်္ဂမဂ္ဂသ ဥပ္ပါဒက္ခဏေကိုသာ ယူနိုင်ပါတယ်၊ ဘင်္ဂက္ခဏက ပစ္စနိုက် သွားပါတယ်။

၂။ အရဟန္တာနံမှ လုံးဝ မယူနိုင်၊ ဖိုလ်ဝိပါက်ကို ကုသိုလ်က မယူနိုင်သည့်သဘောပင် ဖြစ်ပါတယ်၊ ပစ္စနိုက်သွားပါတယ်။

၃။ ယဿ စိတ္တဿ အနန္တရာမှ ဥပ္ပါဒက္ခဏကိုသာ ယူနိုင်ပါတယ်၊ ဘင်္ဂက္ခဏက ပစ္စနိုက်သွား ပါတယ်။

အဲဒီတော့ ကုသိုလ်ပစ္စုပ္ပန္နဝိဘင်းများမှာ–"အင်္ဂမဂ္ဂသ ဥပ္ပါက္ခဏေ, ယဿ စိတ္တဿ အနန္တရာ အင်္ဂမဂ္ဂံ ပဋိလဘိဿန္တိ တဿ စိတ္တဿ ဥပ္ပါဒက္ခဏေ"–လို့ ဖြစ်ပါတယ်။

ပစ္စနိုက်နှစ်ဖက်ရ ဝိဘင်းများမှာ–အင်္ဂမဂ္ဂသ ဘင်္ဂက္ခဏေ, အရဟန္တာနံ, ယဿ စိတ္တဿ အနန္တရာ အင်္ဂမဂ္ဂံ ပဋိလဘိဿန္တိ တဿ စိတ္တဿ ဘင်္ဂက္ခဏေ"– လို့ ဖြစ်ပါတယ်။

အကုသိုလ်အနာဂတ်၏ တစ်ဖက်ရကို ထုတ်ရာမှာ–ကုသိုလ်ပစ္စုပ္ပန္နက ကုသိုလ်ဥပ္ပါဒက္ခဏကိုသာ ရသောကြောင့် "သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ, ကုသလဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ, နိရောဓသမာပန္နာနံ, အသည–သတ္တာနံ–လို့ ထုတ်ရပါမယ်။ အနုလုံ နှစ်ဖက်ရက (ဣတရေသံ) ကုသလာနံ ဥပ္ပါဒက္ခဏေ–ဖြစ်ပါတယ်။

ကျန်မူလမူလီများမှာလဲ ဒီသဘောအတိုင်းပင် ယူဆရပါမယ်၊ ပစ္စုပ္ပန်ဝီထိ အနာဂတ်ဝီထိများကို အာရုံပြုတိုက်ဆိုင်ကြည့်ကာ သဘောညာဏ်သက်ဝင်စေပြီး ဝိဘင်းထုတ်တတ်ပါစေ။

**အရကောက်ပုံ**

ကုသိုလ် ပစ္စုပ္ပန်တစ်ဖက်ရ "ယဿ စိတ္တဿ အနန္တရာ" ကို ကောက်ရာမှာ ဝေါဒါန်၏ဥပ္ပါဒက္ခဏသမင်္ဂီကို မုချကောက်ပြီးနောက် "အကုသိုလ်မခြားဘဲ မင်္ဂလေးတန်ကို ရလတ္တံ့သောသူ ဖြစ်အံ့၊ အဆုံးစွန်သော အကုသိုလ်ဇောနောင် ဖြစ်ထိုက်သော လောကီကုသိုလ်သတ္တရသ, အောက်မင် ၃–ခုတို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီဟုဆိုအပ်သော ကျွတ်ထိုက်သောတိဟိတ်ပုထုဇဉ်, အောက်မဂ္ဂဋ္ဌာန် သုံး

http://www.dhammadownload.com



ယောက်, အောက်ဖလဋ္ဌာန် သုံးယောက်" စသည်ဖြင့် အရကောက်ဆိုရိုးပြုထားပါတယ်။ ဒီသဘောက ကုသိုလ်ဖြစ်ဆဲ (အနာဂါမ်၏ ဝေါဒါန်နယ်) တိုင်အောင် အရဟတ္တမဂ်ကြွဉ်သည့် ကုသိုလ်စိတ် ၂၀–သာ ရသည့်သဘောပင် ဖြစ်ပါတယ်။

သောတာပန်ဖြစ်ပြီးမှ အကုသိုလ်ခြားမှုကား သောပတ္တိမဂ်ကြွဉ် ကုသိုလ်–၁၉။

သကဒါဂါမ် ဖြစ်ပြီးမှ – သကဒါဂါမိမဂ်ပါကြွဉ် ကုသိုလ် ၁၈။

အနာဂါမ်ဖြစ်ပြီးမှ – အနာဂါမိမဂ်ပါကြွဉ် ကုသိုလ် ၁၇။ (လောကီကုသိုလ်သာ)

အနုလုံနှစ်ဖက်ရ ဝီထိရှေ့ပိုင်း ဣတရေသံ ကုသလာနံ ဥပ္ပါဒက္ခဏေကို ကောက်ရာမှာ "အကုသိုလ်မခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သောသူ ဖြစ်အံ့၊ အဆုံးစွန်သော အကုသိုလ်၏ရှေး ဖြစ်ထိုက်သော လောကီကုသိုလ် သတ္တရသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော ကျွတ်ထိုက်သော ပုထုဇဉ်" စသည်ဖြင့် ဆိုရိုးပြုထားပါတယ်။

သောတာပန်ဖြစ်ပြီးမှ အကုသိုလ်ခြားမှုကား သောတာပတ္တိမဂ်ကိုထည့်ပြီး ကုသိုလ် –၁၈။

သကဒါမ်ဖြစ်ပြီးမှ – သကဒါဂါမိမဂ်ပါထည့်ပြီး ကုသိုလ် ၁၉။

အနာဂါမ်ဖြစ်ပြီးမှ – အနာဂါမိမဂ်ပါထည့်ပြီး ကုသိုလ် ၂၀။

ပဋိလောမ အကုသိုလ်အနာဂတ်၏ တစ်ဖက်ရ "သဗ္ဗေသံ စိတ္တာသ ဘင်္ဂက္ခဏေ, ကုသလဝိပ္ပယုတ္တစိတ္တာသ ဥပ္ပါဒက္ခဏေ" ကို ကောက်ရာမှာ "အကုသိုလ်မခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သောသူ ဖြစ်အံ့၊ အစမထင်သံသရာမှစ၍ အဆုံးစွန်သော အကုသိုလ်၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ၊ အကုသိုလ်ဒွါဒသ, အာဝဇ္ဇန်းဒွေး, လောကီဝိပါက်ဇာတ္တိသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော ကျွတ်ထိုက်သော ပုထုဇဉ်၊" မှချကောက် ဆိုရိုးပြုထားပါတယ်။

သောတာပန်ဖြစ်ပြီးမှ အကုသိုလ်ခြားမှုကား သောပတ္တိဖိုလ်ကိုထည့်၊

သကဒါဂါမ်ဖြစ်ပြီးမှ – သကဒါဂါမိဖိုလ်ပါထည့်၊

http://www.dhammadownload.com



အနာဂါမ်ဖြစ်ပြီးမှ – အနာဂါမိဖိုလ်ပါထည့်။ (အောက်ဖိုလ် ၃–ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ။)

ရှင်းပြပါဦးမယ်၊ ကုသိုလ်ဝိပ္ပယုတ်ဟူသည် သာမညအားဖြင့် အကုသိုလ် ဝိပါက် ကြိယာစိတ်များတည်း။ ဤ၌ကား "အကုသိုလ်သာ ဖြစ်လတ္တံ့၊ ကုသိုလ် ဖြစ်ဆဲမဟုတ်" ဟု ဆိုသောကြောင့် အကုသိုလ် ဒွါဒသ, အာဝဇ္ဇန်းဒွေး, လောကီ ဝိပါက်များသာ ကောက်ရပါတယ်၊ ကြိယာဇောများနှင့် လောကုတ္တရာဖိုလ်ဇော များကို မကောက်ရပါ။ အကြောင်းမှာ ရဟန္တာတို့ သန္တာန်၌သာ ဖြစ်သော ကြိယာဇော ဖိုလ်ဇောများနောင် အကုသိုလ် မဖြစ်တော့တဲ့အတွက် ဖြစ်ပါတယ်။ [အကုသိုလ်သာမက ကုသိုလ်လဲ မဖြစ်တော့ပါဘူး။ ကြိယဇဝနာနန္တရံ ကြိယ ဇဝနံ အရဟတ္တဖလဥ္စ–သင်္ဂဟ။]

ဒီဟာက အကုသိုလ်မခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သောပုဂ္ဂိုလ်ကို ရည်ရွယ်ပါတယ်၊ သောတာပန်စသည် ဖြစ်ပြီးမှ အကုသိုလ်ခြားခဲ့မယ်ဆိုရင် အောက်ဖိုလ်သုံးခုကိုပါ အဆင့်ဆင့်ထည့်ပြီး ကောက်ရပါမယ်။

**ပစ္စနိက်**။ ။အနုလုံ ပဋိလောမတစ်ဖက်ရမှာ အကုသိုလ်ဒွါဒသ, အာဝဇ္ဇန်းဒွေး, လောကီဝိပါက်တို့ကို ကောက်ရာမှာ အစမထင်သံသရာမှစ၍ အဆုံးစွန်သော အကုသိုလ်၏ အနန္တရတိုင်အောင် ပိုင်းခဲ့ပါတယ်။ အဆုံး စွန်သော အကုသိုလ်မှစ၍ ဝေါဒါန်၏ရှေး အနုလုံတိုင်အောင်အပိုင်း ကျန်ခဲ့ပါ တယ်၊ အဲဒီအကျန်က ပစ္စနိက် နှစ်ဖက်ရ ဖြစ်ပါတယ်။ ဒါဟာ ပစ္စုပ္ပန္နာနာဂတ ဝါရရဲ့ ဝိဘင်းကိုင်ပုံ အရကောက်ပုံ သဘောသွား ဖြစ်ပါတယ်။

## အတီတာနာဂတ

ဝိဘင်းယူဆပုံ သဘောကို အထူးရှင်းပြဖို့ လိုတော့မယ် မထင်ပါ၊ ရှေး ရှေးက ညွှန်ပြအပ်ခဲ့သည့်နည်းအတိုင်း ယူဆနိုင်လောက်ပါပြီ။ ပုဂ္ဂလဝါရမှာ အနာဂတ်မရသော အပိုင်းက အတိတ်၏ တစ်ဖက်ရ ဖြစ်ပါတယ်၊ အနာဂတ် ရသော အပိုင်းက နှစ်ဖက်ရ ဖြစ်ပါတယ်၊ ပစ္စနိက်နှစ်ဖက်ရ မရှိ၊ နတ္ထိ, ပါဠိဂတိ။

ပုဂ္ဂလောကာသဝါရမှာ အနာဂတ်မရသော အပိုင်းက အတိတ်၏ **တစ်ဖက်** ရ ဖြစ်ပါတယ်၊ အတိတ်မရသော အပိုင်းက အနာဂတ် တစ်ဖက်ရ ဖြစ်ပါတယ်၊

http://www.dhammadownload.com



ကျန် စတုဝေါ် ပဥ္စဝေါကနှစ်ဖက်ရ ဖြစ်ပါတယ်။ ပစ္စနိက်မှာ အသညသတ် ကျန်က ထုတ်ပါ၊ မကျန်က ပါဠိဂတိချည်း ဖြစ်ပါတယ်။

ပုဂ္ဂလောကာသဝါရ အနုလုံနှစ်ဖက်ရ သုဒ္ဓါဝါသကို ကောက်ရာမှာ (အစစ်ရော အတုပါ) အတိတ် သုဒ္ဓါဝါသဝီထိနှင့် အနာဂတ်ဝီထိများကို တစ်ဆက်တည်းကြည့်ပြီး ပိုင်းကောက်ပါ။

အဗျာကတမူလီမှာ ပစ္စနိက်နှစ်ဖက်ရဝိဘင်း မရှိတဲ့အတွက် ပါဠိဂတိချည်း ထွက်သော်လဲ အသညသတ် မဖြစ်ပြန်ကောင်းကို ရသင့် ကောက်ရပါဦးမယ်။ ဒါဟာ အတီတာနာဂတဝါရ ယူဆပုံ သဘောသွား ဖြစ်ပါတယ်။

❀❀❀❀❀

ပဝတ္တိဝါရ ပြီး၏။

## ဘာဝနာဝါရ

ဘာဝနာဝါရမှာ ကုသိုလ် အကုသိုလ် နှစ်ပါးကိုသာ ဟောပါတယ်၊ "ယော ကုသလံ ဓမ္မံ ဘာဝေတိ၊ သော အကုသလံ ဓမ္မံ ပဇဟတီတိ၊ အာမန္တာ။" စသည်ဖြင့် ဟောရပါမယ်၊ အောက်ယမိုက်တို့ကဲ့သို့ ပစ္စုပ္ပန္နဝါရမှာ အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ အတီတဝါရမှာ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်၊ အနာဂတဝါရမှာ ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် ၃-ယောက်၊ အောက်ဖလဋ္ဌာန် ၃-ယောက်-လို့ သရုပ်ခွဲပါ။ ၆-ဝါရလုံးကို ဟောပါ။

ကုသိုလ်ဓမ္မက ပွါးများအပ်သော ဘာဝေတဗ္ဗတရား ဖြစ်ပါတယ်၊ အကုသိုလ်ဓမ္မက ပယ်စွန့်အပ်သော ပဟာတဗ္ဗတရား ဖြစ်ပါတယ်၊ အဗျာကတဓမ္မကတော့ ပွါးများအပ်သော ဘာဝေတဗ္ဗတရားလဲ မဟုတ်၊ ပယ်စွန့်အပ်သော ပဟာတဗ္ဗတရားလဲ မဟုတ်ပါဘူး။ ဒါ့ကြောင့် ဒီဘာဝနာဝါရမှာ အဗျာကတဓမ္မကို မဟောပါဘူး။ [ တတ္ထ ယသ္မာ အဗျာကတဓမ္မော နေဝ ဘာဝေတဗ္ဗော၊ န ပဟာတဗ္ဗော၊ တသ္မာ တံ ပဒမေဝ န ဥဒ္ဓဋံ။ အဋ္ဌကထာ၊ ၃၃၅။ ]

ဘာဝနာဝါရ ပြီး၏။

ဓမ္မယမိုက် ပြီး၏။

http://www.dhammadownload.com



# ၁၀။ ဣန္ဒြိယယမိုက်

## ပဏ္ဏတ္တိဝါရ၊ ဥဒ္ဒေသ

ဓမ္မယမိုက်ကို ဟောတော်မူသည်၏အခြားမဲ့၌ ဣန္ဒြိယယမိုက်ကို ဟောတော်မူ၏၊ ထိုဣန္ဒြိယယမိုက်သည်လည်း--

| | |
|---|---|
| ပဏ္ဏတ္တိဝါရ+ပဝတ္တိဝါရ+ပရိညာဝါရ | = ၃ |
| ဥဒ္ဒေသ+နိဒ္ဒေသ | = ၂ |
| ပရိစ္ဆေဒဝါရ+ပရိစ္ဆိန္နုဒ္ဒေသဝါရ+ဝိဘာဂဝါရ | = ၃ |
| (တစ်နည်းကား) ဣန္ဒြိယုဒ္ဒေသ+နာမဝဝတ္ထာန်+နယဝါရ | = ၃ |

ဟောဟန်ကား--

၁။ **ဣန္ဒြိယုဒ္ဒေသ။** ။ဗာဝီသတိန္ဒြိယာနိ။

၂။ **နာမဝဝတ္ထာန်။** ။စက္ခုန္ဒြိယံ၊ သောတိန္ဒြိယံ၊ ဃာနိန္ဒြိယံ၊ ဇိဝှိန္ဒြိယံ၊ ကာယိန္ဒြိယံ၊ မနိန္ဒြိယံ၊ ဣတ္ထိန္ဒြိယံ၊ ပုရိသိန္ဒြိယံ၊ ဇီဝိတိန္ဒြိယံ၊ သုခိန္ဒြိယံ၊ ဒုက္ခိန္ဒြိယံ၊ သောမနဿိန္ဒြိယံ၊ ဒေါမနဿိန္ဒြိယံ၊ ဥပေက္ခိန္ဒြိယံ၊ သဒ္ဓိန္ဒြိယံ၊ ဝီရိယိန္ဒြိယံ၊ သတိန္ဒြိယံ၊ သမာဓိန္ဒြိယံ၊ ပညိန္ဒြိယံ၊ အနညာတညဿာမီတိန္ဒြိယံ၊ အညိန္ဒြိယံ၊ အညာတာဝိန္ဒြိယံ။

## ၃။ နယဝါရ

| ၁။ ပဒသောဓနဝါရ | ၂။ ပဒသောဓနမူလစက္ကဝါရ |
|---|---|
| ၁။ စက္ခု, စက္ခုန္ဒြိယံ ။ ပ ။ | ဣန္ဒြိယာ၊သောတိန္ဒြိယံ ။ပ။ အညာတာ |
| ၂။ အညာတာဝီ, အညာတာဝိန္ဒြိယံ | ။ စက္ခုန္ဒြိယံ ။ ပ ။ အညိန္ဒြိယံ |
| **၃။ သုဒ္ဓိန္ဒြိယဝါရ** | **၄။ သုဒ္ဓိန္ဒြိယမူလစက္ကဝါရ** |
| ၁။ စက္ခု, ဣန္ဒြိယံ (ဣန္ဒြိယာ) | ဣန္ဒြိယာ၊ သောတံ ။ပ။ အညာတာဝီ |
| ၂။ အညာတာဝီ, ဣန္ဒြိယံ(ဣန္ဒြိယာ) | ။ စက္ခု ။ ပ ။ အညိန္ဒြိယံ |

http://www.dhammadownload.com



ပဒသောဓနဝါရ အနုလုံမှာ "စက္ခု, စက္ခုန္ဒြိယံ၊ စက္ခုန္ဒြိယံ, စက္ခု" လို့ အနုလောမ, ပဋိလောမ ဟောပါ၊ ပစ္စနိက်မှာ န,ပဋိသေဓထည့်စွက်ပြီး "န စက္ခု, န စက္ခုန္ဒြိယံ" စသည်ဖြင့် ဟောပါ။

ပဒသောဓနမူလစက္ကဝါရမှာ ပဒသောဓနဝါရကို မူလအခြေခံ (အနုလောမ) ထားပြီး "စက္ခု, စက္ခုန္ဒြိယံ၊ ဣန္ဒြိယာ, သောတိန္ဒြိယံ" စသည်ဖြင့် မူလီသွတ်ကာ မူလီကို ပဋိလောမထားပြီး ဟောပါ။

သုဒ္ဓိန္ဒြိယဝါရမှာ "စက္ခု, ဣန္ဒြိယံ၊ ဣန္ဒြိယာ, စက္ခု" စသည်ဖြင့် ဟောပါ။ သုဒ္ဓိန္ဒြိယမူလစက္ကဝါရမှာ သုဒ္ဓိန္ဒြိယဝါရကို မူလအခြေခံ (အနုလောမ) ထားပြီး "စက္ခု, ဣန္ဒြိယံ၊ ဣန္ဒြိယာ, သောတံ" စသည်ဖြင့် မူလီသွတ်ကာ မူလီကို ပဋိလောမထားပြီး ဟောပါ။

## ဝါရစသည် ရေတွက်ပုံ

သုဒ္ဓနစ်ဝါရ၌ နယ ၂-ပါး၊ ယမက ၄၄-ပါး၊ ပုစ္ဆာ ၈၈-ပါး၊ အတ္ထ ၁၇၆-ပါးစီ ရှိ၏။ စက္ကနှစ်ဝါရ၌ နယ ၂-ပါး၊ မူလ ၄၄-ပါး၊ ယမက ၈၈-ပါး၊ ပုစ္ဆာ ၁၇၆၈-ပါး၊ အတ္ထ ၃၅၃၆-ပါးစီ ရှိ၏။ ဤသို့လျှင် ဣန္ဒြိယယမိုက် ပဏ္ဏတ္တိဝါရ ဥဒ္ဒေသ၌ ဝါရ ၄-ပါး၊ နယ ၈-ပါး၊ မူလ ၈၈-ပါး၊ ယမက ၁၈၆၅-ပါး၊ ပုစ္ဆာ ၃၇၁၂-ပါး၊ အတ္ထ ၇၄၂၄-ပါး ဖြစ်သတည်း။

❀❀❀❀❀

ဥဒ္ဒေသ ပြီး၏။

F 16 A

http://www.dhammadownload.com



## ပဏ္ဏတ္တိဝါရ၊ နိဒ္ဒေသ

ဥဒ္ဒေသကို ဟောတော်မူသည်၏အခြားမဲ့၌ နိဒ္ဒေသကို ဟောတော်မူ၏၊ ထိုနိဒ္ဒေသသည်လည်း--

| | |
|---|---|
| ပဒသောဓန + မူလစက္က + သုဒ္ဓိန္ဒြိယ +-စက္က | = ၄ |
| အနုလုံ + ပစ္စနိက် | = ၂ |
| စက္ခုန္ဒြိယယမက အစရှိသောအားဖြင့် | = ၂၂ |
| အနုလောမ + ပဋိလောမ | = ၂ |
| ပုစ္ဆာ + ဝိသဇ္ဇနာ | = ၂ |
| သန္နိဋ္ဌာန် + သံသယ | = ၂ |

ဟောဟန်ကား--

### ၁။ ပဒသောဓနဝါရ

| အနုလုံ-သန္နိဋ္ဌာန် (စက္ခု) | သံသယ(စက္ခုန္ဒြိယံ) |
|---|---|
| ၁။ (က)ဒိဗ္ဗစက္ခု, ပညာစက္ခု, စက္ခုန္ဒြေ | စက္ခုန္ဒြေ |
| (ခ) ဒိဗ္ဗသောတ, တဏှာသောတ, သောတိန္ဒြေ | သောတိန္ဒြေ |
| (ဂ) နာမကာယ, ရူပကာယ, အပေါင်းပညတ္တိ | ကာယိန္ဒြေ |
| (ဃ)ဥပေက္ခာ ၁၀-ပါး | ဝေဒနုပေက္ခာ |
| ၂။ (က)ဣတ္ထိဘောကိုမှီ၍ ဣတ္ထီဟုခေါ်ဝေါ်အပ်သော အဝိဇ္ဇမာနပညတ်။ | ဣတ္ထိန္ဒြေ |
| (ခ) ပုရိသဘောကိုမှီ၍ ပုရိသဟု--ပညတ်။ | ပုရိသိန္ဒြေ |

### ပစ္စနိက် ၂-ဖက်ရ (န စက္ခု, န စက္ခုန္ဒြိယ)

၁။ (က)စက္ခု ၃-ပါးမှတစ်ပါး ၈၉၊ ၅၂၊ ၂၇၊ နိ၊ ပညတ်။

(ခ) သောတ ၃-ပါးမှတစ်ပါး ၈၉၊ ၅၂၊ ၂၇၊ နိ၊ ပညတ်။

(ဂ) တွင်း လိုဏ်အစရှိသော အစိတ်အစိတ်သော ကောဋ္ဌာသပညတ်။

(ဃ) ဥပေက္ခာ, ဥပေက္ခိန္ဒြေမှတစ်ပါး ၈၉၊ ၅၂၊ ၂၈၊ နိ၊ ပညတ်။

၂။ (က) ဣတ္ထီ, ဣတ္ထိန္ဒြေမှတစ်ပါး ၈၉၊ ၅၂၊ ၂၇၊ နိ၊ ပညတ်။

(ခ) ပုရိသ, ပုရိသိန္ဒြေမှတစ်ပါး -- ။

http://www.dhammadownload.com



| အနုလုံ–ဃာန်, ဃာနိန္ဒြိယ် | ပစ္စနိက် |
|---|---|
| ၃။ (က)ဃာန်, ဃာနိန္ဒြိယ် | က–ဃာနိမှတစ်ပါး ၈၉၊ ၅၂၊ ၂၇၊ နိ၊ ပညတ်။ |
| (ခ) ဇိဝှါ, ဇိဝှိန္ဒြိယ် | ခ–ဇိဝှိမှတစ်ပါး–။ |
| (ဂ) မနော, မနိန္ဒြိယ် | ဂ–၅၂၊ ၂၈၊ နိ၊ ပညတ်။ |
| (ဃ) ရုပ်ဇီဝိတ, နာမ်ဇီဝိတ | ဃ–ဇီဝိတမှတစ်ပါး ၈၉၊ ၅၁၊၂၇၊ နိ၊ ပညတ်။ |
| (င) သုခိ၊ ဒု၊ သော၊ ဒေါ | င–သု၊ ဒု၊ သော၊ ဒေါမှတစ်ပါး ၈၉၊ ၅၁၊ ၂၈၊ နိ၊ ပညတ်။ |
| (စ) သောဘနစိတ်၌ရှိသော သဒ္ဓိ၊ သတိ | စ–သဒ္ဓိ၊ သတိမှတစ်ပါး––။ |
| (ဆ)ဝီရိယမဖြစ်သောစိတ် ၁၆–ခုကြဉ်သော စိတ် ၇၃–ခု၌ရှိသော ဝီရိယိန္ဒြေ | ဆ–ဝီရိယိန္ဒြေမှတစ်ပါး––။ |
| (ဇ) ဝီရိယမဖြစ် ၁၆–ခု, ဝိစိကိစ္ဆာကြဉ် စိတ် ၇၂–၌ရှိသော ဧကဂ္ဂတာဟုဆို အပ်သော သမာဓိန္ဒြေ | ဇ–၈၉၊ ၅၂၊ ၂၈၊ နိ၊ ပညတ်။ (ဧကဂ္ဂတာ တရားကိုယ်မကုန် သောကြောင့် မလျော့) |
| (ဈ) လောကီတိဟိတ်စိတ် ၃၉၌ရှိသော ပညာ (ပညိန္ဒြေ) | ဈ–၈၉၊ ၅၂၊ ၂၈၊ နိ၊ ပညတ်။ (ပညာတရားကိုယ်မကုန်သော ကြောင့် မလျော့) |
| (ည) သောတာမဂ်၌ရှိသော (အနညာ) | |
| (ဋ) အလယ်လောကုတ်ပညာ (အညိန္ဒြေ) | |
| (ဌ) အရဟတ္တဖိုလ်ရှိပညာ (အညာတာဝိ | |

**ဆောင်။** ။စက်, သော, ကာ, ဥ၊ ဣတ္ထိ, ပု၊ ကျန်စု ဆယ့်ခြောက်ထွေ။
သရူပ, နော၊ အာမန္တော၊ ပဒသော ဣန္ဒြေ။

ဥပေက္ခာ ၁၀–ပါး

ဆ, ဗြ, ဗော၊ ဝီ, ဝေ, သ, ဝိ၊ တ, ဈာ, ပါ။

အလယ် ၄–ပါးကား ဣန္ဒြေတရားကိုယ်ရသော ဥပေက္ခာများတည်း။

ဝီရိယုပေက္ခာ၏ တရားကိုယ်ကား ဝီရိယ။

ဝေဒနုပေက္ခာ၏ တရားကိုယ်ကား ဝေဒနာ။

http://www.dhammadownload.com



သင်္ခါရုပေက္ခာ, ဝိပဿနုပေက္ခာတို့၏ တရားကိုယ်ကား ပညာ။

ကျန်ဥပေက္ခာ ၆-ပါးတို့၏ တရားကိုယ်ကား တတြမဇ္ဈတ္တတာ။

ဣန္ဒြေ ၂၂-ပါးတို့ကို ဝိဘင်းထွက်တူရာပေါင်းပြီး ၃-အုပ်စုခွဲပြထားပါတယ်၊ ယင်း ၃-အုပ်စုတို့တွင် ၁-နံပါတ်အုပ်စုမှာ တစ်ဖက်ရ ၂-ဖက်ရဝိဘင်းထွက်ပါတယ်၊ စက္ခုနှင့်သောတကို အာယတနနည်းတူ ထုတ်ပါ၊ ကာယမှာ "ကာယိန္ဒြိယံ ထပေတွာ အဝသေသော ကာယော န ကာယိန္ဒြိယံ၊ ကာယိန္ဒြိယံ ကာယောစေဝ ကာယိန္ဒြိယဉ္စ" လို့ အနုလောမထုတ်ပါ၊ ပဋိလောမမှာ "အာမန္တာ" ထုတ်ပါ၊ ဥပေက္ခာမှာလည်း "ဥပေက္ခိန္ဒြိယံ ထပေတွာ အဝသေသာ ဥပေက္ခာ န ဥပေက္ခိန္ဒြိယံ" စသည်ဖြင့် ကာယနည်းတူ ထုတ်ပါ။

**ပစ္စနိက်** အနုလောမမှာ "အာမန္တာ" ထုတ်ပါ၊ ပဋိလောမမှာ တစ်ဖက်ရကို ဝိဘင်းလှည့်ထုတ်ပြီး ၂-ဖက်ရကို "စက္ခုံ စ စက္ခုန္ဒြိယဉ္စ ထပေတွာ အဝသေသာ နစေဝ စက္ခု နစ စက္ခုန္ဒြိယံ" လို့ ထုတ်ပါ။

၂-နံပါတ်အုပ်စု ဣတ္ထိပုရိသတို့မှာ သန္နိဋ္ဌာန်သံသယတို့ အရမတူသောကြောင့် အနုလုံမှာ "နော" ဝိဘင်းထုတ်ပါ၊ ပစ္စနိက်မှာ တစ်ဖက်ရများကို ဝိဘင်းလှည့်ထုတ်ပြီး ၂-ဖက်ရကို "ဣတ္ထိဉ္စ ဣတ္ထိန္ဒြိယဉ္စ ထပေတွာ အဝသေသာ" လို့ ထုတ်ပါ။

၃-နံပါတ်အုပ်စု ဃာနစသော ဣန္ဒြေ ၁၆-ပါးတို့မှာ အနုလုံရော ပစ္စနိက်ပါ သန္နိဋ္ဌာန်ပုဒ်နှင့် သံသယပုဒ်တို့ အရတူကြပါတယ်၊ ဒါ့ကြောင့် အနုလုံ ပစ္စနိက် အနုလောမ ပဋိလောမ နှစ်ပါးလုံး "အာမန္တာ" ချည်းထုတ်ပါ။

=====

http://www.dhammadownload.com



## ၂။ ပဒသောဓနမူလစက္ကဝါရ

| အနုလုံ–အနုလောမ | အနုလုံ–ပဋိလောမ |
|---|---|
| ၁။ စက္ခု, စက္ခုန္ဒြိယံ | ဣန္ဒြိယာ၊ သောတိန္ဒြိယံ–စသည် |
| ၂၊ သောတံ, သောတိန္ဒြိယံ (ပဒသောဓနအတိုင်း) | ။ စက္ခုန္ဒြိယံ, ဃာနိန္ဒြိယံ–စသည်။ |

| ပစ္စနိက်–အနု ၂–ဖက်ရ<br>န စက္ခု၊ န စက္ခုန္ဒြိယံ | ပစ္စနိက်–ပဋိ ၂–ဖက်ရ<br>န ဣန္ဒြိယာ၊ န သောတိန္ဒြိယံ |
|---|---|
| စက္ခု ၃–ပါးမှတစ်ပါး ဣန္ဒြေ–၂၁၊ နိ ပညတ်။ | စေ–၄၆၊ အနိန္ဒြိယဗဒ္ဓရုပ်–၂၀၊ နိ၊ ပညတ်။ |

ဤမျှ သရုပ်ခွဲပြရုံဖြင့် ဤစက္ကဝါရကို ဟောနိုင်လောက်ပါပြီ၊ ပဒသောဓနဝါရနှင့် နီးနှောတိုက်ဆိုင် ဟောပါ။

## ၃။ သုဒ္ဓိန္ဒြိယဝါရ

| အနုလုံ–အနုလောမ | | အနုလုံ–ပဋိလောမ | |
|---|---|---|---|
| ၁။ စက္ခု ဃာန–စသည် ၁၇–ပါး။ | ဣန္ဒြိယံ ၂၂–ပါး | ဣန္ဒြိယာ၊ ၂၂–ပါး | စက္ခုန္ဒြိယံ စက္ခုန္ဒြေစသည်–၁၇ |
| ၂။ (က)သောတ ၃–ပါး | ။ | ။ | သောတိန္ဒြိယံ |
| (ခ) နာမ, ရူပကာယ အပေါင်းပညတ်ကာယ | ။ | ။ | ကာယိန္ဒြိယံ |
| (ဂ) ဥပေက္ခာ ၁၀–ပါး | ။ | ။ | ဥပေက္ခိန္ဒြိယံ |
| ၃။ ဣတ္ထိ(ပုရိသ)ဘောကိုမှီ၍။ ဣတ္ထိ(ပုရိသ)ဟုခေါ်ဝေါ် အပ်သော အဝိဇ္ဇမာနပညတ်။ | | ။ | ဣတ္ထိန္ဒြိယံ ပုရိသိန္ဒြိယံ |

http://www.dhammadownload.com



## ပစ္စနိက် ၂–ဖက်ရ

## န စက္ခု, ဣန္ဒြိယံ (အနု)။ န ဣန္ဒြိယာ, န စက္ခုန္ဒြိယံ (ပဋိ)

၁။ စက္ခု ၃–ပါး, ဣန္ဒြေမှတစ်ပါး စေ–၄၆၊ အနိန္ဒြိယဗဒ္ဓရုပ် ၂၀၊ နိ၊ ပညတ်။

၂။ (က) သောတ ၃–ပါး, ဣန္ဒြေမှတစ်ပါး စေ–၄၆၊––။

(ခ) တွင်းလိုဏ်အစရှိသော အစိတ်အစိတ်သော ဧကဒေသပညတ်၊

(ဂ) ဥပေက္ခာ ၁၀–ပါး, ဣန္ဒြေမှတစ်ပါး စေ–၄၆၊––။

၃။ ဣတ္ထိန္ဒြေ (ပုရိသိန္ဒြေ) မှတစ်ပါး စေ ၄၆၊––။

**ဆောင်**။ ။စက္ခာဒိဟု၊ သော, ကာ, ဥ၊ ဣတ်, ပု, သုံးစုခွဲ၊
အာ, သရူ, နော၊ ဝိဘင်္ဂါ၊ ထုတ်လော သုဒ္ဓိပဲ။

ဒီသုဒ္ဓိန္ဒြိယဝါရမှာလည်း ဝိဘင်းထွက်တူရာ ပေါင်းပြီး ၃–အုပ်စုခွဲပြထား ပါတယ်၊ ၁–နံပါတ်အုပ်စုမှာ သန္နိဋ္ဌာန်, သံသယတို့၏ သရုပ်ကိုကြည့်၍ အနုလောမမှာ "အာမန္တာ" ထုတ်ပါ၊ ပဋိလောမမှာ ၂–ဖက်ရ တစ်ဖက်ရ ဝိဘင်းလိမ် ထုတ်ပါ။

၂–နံပါတ်အုပ်စုမှာ သန္နိဋ္ဌာန်သာရသည့် တရားများ ရှိနေပါတယ်၊ ဒါ့ကြောင့် အနုလောမမှာ " ယံ သောတံ ဣန္ဒြိယံ တံ သောတဉ္စေဝ ဣန္ဒြိယဉ္စ၊ အဝသေသံ သောတံ န ဣန္ဒြိယံ" ဟုလည်းကောင်း၊ "ယော ကာယော ဣန္ဒြိယံ သော ကာယောစေဝ ဣန္ဒြိယဉ္စ၊ အဝသေသော ကာယော န ဣန္ဒြိယံ" ဟုလည်း ကောင်း၊ "ယာ ဥပေက္ခာ ဣန္ဒြိယံ သာ ဥပေက္ခာစေဝ ဣန္ဒြိယဉ္စ၊ အဝသေသာ ဥပေက္ခာ န ဣန္ဒြိယံ" ဟုလည်းကောင်း ဝိဘင်းထုတ်ပါ၊ ပဋိလောမမှာတော့ ၁–နံပါတ် အုပ်စုအတိုင်း ဝိဘင်းလိမ်ထုတ်ပါ။

၃–နံပါတ်အုပ်စု ဣတ္ထီပုရိသတို့မှာ သန္နိဋ္ဌာန်နှင့်သံသယတို့ အရမတူသော ကြောင့် "နော" ဝိဘင်းထုတ်ပါ၊ ပဋိလောမမှာ ဝိဘင်းလိမ်ထုတ်ပါ။ ပစ္စနိက် အနုလောမမှာ "စက္ခုံ ထပေတွာ အဝသေသာ ဣန္ဒြိယာ" စသည်ဖြင့် တစ်ဖက်ရ ၂–ဖက်ရ ဝိဘင်းဖြောင့်ထုတ်ပါ၊ ပဋိလောမမှာ "အာမန္တာ" ချည်းထုတ်ပါ။

=====

http://www.dhammadownload.com



## ပရမတ္ထတရား ၄-ပါးကို ဣန္ဒြေဖြင့်သရုပ်ခွဲပုံ

| ပရမတ္ထတရား | ဣန္ဒြေထိုက်တရား | ဣန္ဒြေမထိုက်တရား |
|---|---|---|
| စိတ် | စိတ်-၈၉။ | X |
| စေတသိက် | ဇီဝိတ, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ ပညာ။ | ကျန်-၄၆။ (ဧကဂ္ဂတာတရား ကိုယ်မကုန်၍ မလျော့) |
| ရုပ် | ဣန္ဒြိယဗဒ္ဓရုပ် ၈-ပါး။ | အနိန္ဒြိယဗဒ္ဓရုပ်-၂၀။ |
| နိဗ္ဗာန် | X | နိဗ္ဗာန်၊ ပညတ်၊ |

ဒီသုဒ္ဓိန္ဒြိယဝါရဟာ အောက်အောက်ယမိုက် သုဒ္ဓခန္ဓဝါရ, သုဒ္ဓါယတနဝါရ စသည်တို့နှင့် မတူပါ၊ ခန္ဓ, အာယတနစသည်တို့မှာ "ခန္ဓာ, အာယတနာ" ဟူသော ပုဒ်တို့၏အရကို ကောက်လျှင် (ခန္ဓာ၌ နိဗ္ဗာန်မှတစ်ပါး) ပရမတ္ထတရား အကုန်လုံးရပါတယ်၊ ဒီသုဒ္ဓိန္ဒြိယမှာတော့ "ဣန္ဒြိယာ" ဟူသောပုဒ်အရ ဣန္ဒြေ အကုန်လုံးကိုရသော်လည်း ပရမတ္ထတရား အကုန်လုံးကိုမရပါ၊ ဣန္ဒြေ မထိုက်သော ပရမတ္ထတရားများ ကျန်နေပါသေးတယ်၊ ဒီအချက်ကို သတိပြုပါ။

ထပ်ရှင်းပါဦးမယ်၊ သောတ ၃-ပါးတို့တွင် တဏှာသောတသည် ဣန္ဒြေ မထိုက်၊ ကာယ ၃-ပါးတို့တွင် စေ-၄၆, နိဗ္ဗာန်ဟူသော နာမကာယ, အနိန္ဒြိယ ဗဒ္ဓရုပ်ဟူသော ရူပကာယ, ဆင်အပေါင်း မြင်းအပေါင်း အစရှိသော ပညတ္တိ ကာယ၊ ဤကာယများသည် ဣန္ဒြေမထိုက်၊ ဥပေက္ခာ ၁၀-ပါးတို့တွင် ဆ, ဗြ, ဗော, တ, ဈာ, ပါ ၆-ပါးတို့သည် ဣန္ဒြေမထိုက်၊ ယင်း ဣန္ဒြေမထိုက်သော တရားများသည် "သောတံ၊ ကာယော၊ ဥပေက္ခာ" ဟူသော သန္နိဋ္ဌာန်ပုဒ်၏ တစ်ဖက်ရတရားများ ဖြစ်ကြပါတယ်။

## ၄။ သုဒ္ဓိန္ဒြိယမူလစက္ကဝါရ

| အနုလုံ -အနုလောမ | | အနုလုံ -ပဋိလောမ |
|---|---|---|
| ၁။ စက္ခု | ဣန္ဒြိယံ | ဣန္ဒြိယာ, သောတိန္ဒြိယံ ။ ပ ။ |
| ၂၂။ အညာတာဝီ | ။ | ။ စက္ခုန္ဒြိယံ ။ ပ ။ |

http://www.dhammadownload.com



| ပစ္စနိက်–အနုလောမ | ပစ္စနိက်–ပဋိလောမ |
|---|---|
| ၁။ န စက္ခု, န ဣန္ဒြိယံ<br>(သုဒ္ဓိန္ဒြိယအတိုင်း) | န ဣန္ဒြိယာ, န သောတိန္ဒြိယံ<br>(ဣန္ဒြေမထိုက်သောတရားများ) |

အနုလုံ အနုလောမမှာ သုဒ္ဓိန္ဒြိယဝါရအတိုင်း "အာမန္တာ" ဝိဘင်းထုတ်ပါ။ ပဋိလောမမှာ သန္နိဋ္ဌာန် သံသယကိုကြည့်ပြီး "သောတိန္ဒြိယံ ဣန္ဒြိယဉ္စေဝ သောတိန္ဒြိယဉ္စ၊ အဝသေသာ ဣန္ဒြိယာ န သောတိန္ဒြိယံ" စသည်ဖြင့် ၂–ဖက်ရ တစ်ဖက်ရ ဝိဘင်းလိမ်ထုတ်ပါ။

ပစ္စနိက် အနုလောမမှာ သုဒ္ဓိန္ဒြိယဝါရအတိုင်း "စက္ခုံ ထပေတွာ အဝသေသာ ဣန္ဒြိယာ န စက္ခု ဣန္ဒြိယာ" စသည်ဖြင့် တစ်ဖက်ရ ၂–ဖက်ရ ဝိဘင်းဖြောင့်ထုတ်ပါ။ ပဋိလောမမှာ "အာမန္တာ" ချည်းထုတ်ပါ။ အရကောက်တဲ့ အခါ သုဒ္ဓိန္ဒြိယဝါရ ပစ္စနိက် ၂–ဖက်ရအတိုင်း "န သောတိန္ဒြိယံ" စသော မူလီဣန္ဒြေအလိုက် ဣန္ဒြေမထိုက်သောတရားများကို ကောက်ပါ။

❁❁❁❁❁

ပဏ္ဏတ္တိဝါရ ပြီး၏။

http://www.dhammadownload.com



## ပဝတ္တိဝါရ အခြေခံ

**ဟောအပ် မဟောအပ်သော ဣန္ဒြေ**

၁။ သုခ ဒုက္ခ၊ ဒေါ် အန၊ အည အညတာ။

၂။ ပဝတ္တိခဏ၊ သာဖြစ်ကြ၊ ခြောက်ဝ မဟောပါ။

၃။ ကျန်တစ်ဆဲ့ခြောက်၊ ညဏ်ဖြင့်လှောက်၊ ရွေးကောက် ဟောလေပါ။

**ဣန္ဒြေတို့၏ ဟောရာခဏ**

၁။ စက္ခုမှစ၊ ပုရိသ၊ ခုနစ်ဝ ပဋိ–ဟောစုတိ။

ဇီဝိတမှ၊ ဆုံးမန၊ ကိုးဝဟောဘိ–သုံးခဏိ။

၂။ ရုပ်ဣန္ဒြေ၊ ခုနစ်ထွေ၊ ဟောလေ နှစ်ခဏိ–စု ပဋိ။

ဣန္ဒြေနာမ်၊ ကိုးမျိုးမှန်၊ ဟောဟန် သုံးခဏိ–တစ်မျိုးသိ။

**၁။ ဒီဣန္ဒြိယယမိုက်မှာ သုခ, ဒုက္ခ, ဒေါမနဿဟူသော ဝေဒနိန္ဒြေသုံးပါးနှင့်** အနညာတညဿာမီတိန္ဒြေ အညိန္ဒြေ အညာတာဝိန္ဒြေဟူသော ဣန္ဒြေခြောက်ပါးတို့ကို မဟောပါ၊ အကြောင်းမှာ အဲဒီ ဣန္ဒြေခြောက်ပါးတို့က ပဝတ္တိအခါမှာသာ ဖြစ်ပြီး ပဋိသန္ဓေအခါ စုတိအခါတို့မှာ မဖြစ်သောကြောင့် ဖြစ်ပါတယ်။

အဲဒီ ဣန္ဒြေတစ်ဆယ့်ခြောက်ပါးတို့ကို ဟောရာမှာ မနိန္ဒြေကို နောက်ဆုံးထားပြီး ဟောတော်မူပါတယ်။ အကြောင်းမှာဣတ္ထိန္ဒြေအစ ပညိန္ဒြေအဆုံး ဣန္ဒြေ ၁၀–တို့၏ မူလီအဖြစ်ဖြင့် ယှဉ်စပ်သောကြောင့် ဖြစ်ပါတယ်။

၂။ ကာလဘေဒအားဖြင့် ပစ္စုပ္ပန်စသော ၆–ဝါရလုံးကို ဟောပါတယ်။

၃။ ခဏအားဖြင့် ပဋိသန္ဓေ ပဝတ္တိ စုတိဟူသော ခဏသုံးပါးလုံးကို ဟောပါတယ်။

၄။ ဟောအပ်တဲ့ ဣန္ဒြေတစ်ဆယ့်ခြောက်ပါးထဲမှာ စက္ခုန္ဒြေမှ ပုရိသိန္ဒြေထိ ဣန္ဒြေ ၇–ပါးတို့က ပဋိသန္ဓေအခါ စုတိအခါမှာသာ ဖြစ်ပါတယ်၊ ပဝတ္တိအခါမှာ မဖြစ်ပါဘူး။ ဇီဝိတိန္ဒြေမှ မနိန္ဒြေအထိ ဣန္ဒြေ ၉–ပါးတို့က ပဋိသန္ဓေ ပဝတ္တိ စုတိဟူသော ခဏသုံးပါးလုံးမှာ ဖြစ်ပါတယ်။

http://www.dhammadownload.com



တစ်နည်းအားဖြင့် စက္ခုစသော ရုပ်က္ခန္ဓ ၇–ပါးတို့က ပဋိသန္ဓေအခါ စုတိအခါမှာ ဖြစ်ပါတယ်၊ ပဝတ္တိအခါမှာ မဖြစ်ပါဘူး။ ဇီဝိတစသော နာမ်က္ခန္ဓ ၉–ပါးတို့က ခဏသုံးပါးလုံးမှာ ဖြစ်ပါတယ်။

၅။ ဒီလို ခဏသုံးပါးလုံး ဟောတဲ့အတွက် (မဂ်ပုဂ္ဂိုလ် ၄–ယောက် ရနိုင်ပြီး) ပုဂ္ဂိုလ်အားဖြင့် ပုထုဇဉ် ၄–ယောက်၊ အရိယာ ၈–ယောက်လို့ ၁၂–ယောက်လုံးကို ဟောပါတယ်။

ဒါပေမယ့် က္ခန္ဓတိုင်း ၁၂–ယောက်လုံး မရပါဘူး၊ ပဋိသန္ဓေခဏ စုတိခဏမျှသာ ဟောသော ရုပ်က္ခန္ဓမူ ၇–ပါးတို့မှာ ပုထုဇဉ် ၄–ယောက်၊ ဖလဋ္ဌာန် ၄–ယောက်ကိုသာ ကောက်ရပါမယ်၊ ခဏသုံးပါးလုံးတို့မှာ ဟောတဲ့ ဇီဝိတစသော နာမ်က္ခန္ဓမူများမှာတော့ ၁၂–ယောက်လုံးကိုပင် ကောက်ရပါမယ်။

❁❁❁❁❁

ပဝတ္တိဝါရအခြေခံ ပြီး၏။

http://www.dhammadownload.com



## ဟောရိုးစစ်

ပဏ္ဏတ္တိဝါရကို ဟောတော်မူသည်၏အခြားမဲ့၌ ပဝတ္တိဝါရကို ဟောတော်မူ၏၊ ထိုပဝတ္တိဝါရသည်လည်း--

| | |
|---|---|
| ဥပ္ပါဒဝါရ+နိရောဓဝါရ+ဥပ္ပါဒနိရောဓဝါရ | = ၃ |
| ပစ္စုပ္ပန္နဝါရ+အတီတ+အနာဂတ+ပွန်တီ+ပွန်နာ+တီနာ | = ၆ |
| အနုလုံ+ပစ္စနိက် | = ၂ |
| ပုဂ္ဂလဝါရ+ဩကာသဝါရ+ပုဂ္ဂလောကာသဝါရ | = ၃ |
| စက္ခုန္ဒြိယမူ အစရှိသောအားဖြင့် | =၁၅ |
| သောတိန္ဒြေမူလီ အစရှိသောအားဖြင့် | =၁၅ |
| အနုလောမ+ပဋိလောမ | = ၂ |
| ပုစ္ဆာ+ဝိသဇ္ဇနာ | = ၂ |
| သန္နိဋ္ဌာန်+သံသယ | = ၂ |

ဟောဟန်ကား--

### ဩကာသဝါရ

| စက္ခု<br>သေါတ | ဃာနာဒိ<br>၅ | ဇီဝိတ | သော | ဥ | သဒ္ဒါဒိ<br>၅ | မန | သရုပ်ခွဲ |
|---|---|---|---|---|---|---|---|
| ။ | ။ | ။ | ။ | ။ | ။ | ။ | ၁-ကာမာဝစရေ ⎮ ပဉ္စဝေါ |
| | | ။ | ။ | ။ | ။ | ။ | ၂-ရူပါဝစရေ ⎮ ကာရေ |
| | | ။ | | | | | ၃-အသညသတ္တေ |
| | | ။ | | ။ | ။ | ။ | ၄-အရူပေ (အရူပါဝစရေ၊ စတုဝေါကာရေ) |

### ညွှန်ကြားချက်

သောမနဿ, ဥပေက္ခာ, သဒ္ဒါဒိ-တို့၌ "ကာမာဝစရေ, ရူပါဝစရေ (ပဉ္စဝေါကာရေ)ဟု ဝိဘင်းအပြည့်အစုံပင် ထွက်၏၊ သို့ရာတွင် အပါယ်ဒုဂ္ဂတိဘုံ, ကာမသုဂတိဘုံ, သောမနဿဘုံ, ဥပေက္ခာဘုံများကိုကား ရသင့်သည်အားလျော်စွာသာ ကောက်ရမည်။

http://www.dhammadownload.com



၁။ သောမနဿနှင့် သဒ္ဓါဒိ ၅–တို့သည် ကာမဘုံ၌ ဖြစ်သည်ဆိုသော်လည်း ကာမသုဂတိဘုံ၌သာ ဖြစ်၏၊ အပါယ် ၄–ဘုံ၌ မဖြစ်ပေ။

၂။ သောမနဿသည် ရူပ ၁၅–ဘုံ၌ ဖြစ်သည်ဆိုသော်လည်း သုဘကိဏှာတိုင်အောင် သောမနဿ ၉–ဘုံ၌သာ ဖြစ်၏၊ ဥပေက္ခာဘုံများ၌ မဖြစ်ပေ။

၃။ ဥပေက္ခာသည် ရူပ ၁၅–ဘုံ၌ ဖြစ်သည်ဆိုသော်လည်း ဝေဟပ္ဖိုလ်ဘုံနှင့် သုဒ္ဓါဝါသ ၅–ဘုံဟူသော ဥပေက္ခာဘုံတို့၌သာ ဖြစ်၏၊ သောမနဿဘုံများ၌ မဖြစ်ပေ။

## ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် ပုဂ္ဂလော

| စက္ခု<br>သော | ဃာနာဒိ<br>၅ | ဇီဝိတ | သော | ဥ၊ သဒ္ဓါဒိ၅<br>မန | X |
|---|---|---|---|---|---|
| ကာ၊ ရူ<br>၀၀ | ကာ<br>၀၀ | ကာ၊ ရူ၊ အ၊ အရူ<br>၀၀ | ကာ၊ ရူ<br>၀၀ | ကာ၊ ရူ၊ အရူ<br>၀၀ | သဗ္ဗပုဂ္ဂလ<br>၀၀<br>သုဒ္ဓါဝါသာနံ<br>၀၀၀<br>ပစ္ဆိမဘဝိကာနံ<br>၀၀၀ |

## အနာဂတ် ပုဂ္ဂလဝါရ

| ဃာနာဒိ–၅ | စက္ခု၊သော၊သောမန | ဇီ၊ဥ၊သဒ္ဓါဒိ–၅၊မန | X |
|---|---|---|---|
| (ကာမ) | (ကာမ၊ ရူပ) | ကာ၊ ရူ၊ အရူ | |
| ကာမဖြစ်ပြွန်ကောင်း<br>၀၀ | ရူပ–သို့(ယေ ရူပါဝစရံ)<br>၀၀ | အရူ–သို့(ယေ အရူပံ)<br>၀၀ | ပစ္ဆိမဘဝိက<br>၀၀ |

၁။ ဃာနာဒိ၌ ပစ္ဆိမဘဝိကနှင့် ယေ ရူ, အရူတို့သာ မရ။

၂။ စက္ခာဒိ၌ ပစ္ဆိမဘဝိကနှင့် ယေ အရူသာ မရ။

၃။ ဇီဝိတာဒိ၌ ပစ္ဆိမဘဝိကသာ မရ၊ ကျန် အားလုံး ရကြသည်။

http://www.dhammadownload.com



# ပဝတ္တိဝါရ၊ ပထမပိုင်း

## ပစ္စုပ္ပန္နဝါရ

**အမှာ။** ။ဒီဣန္ဒြိယယမိုက်ကို အပိုင်းနှစ်ပိုင်းခွဲပြီး ပြသွားပါမယ်၊ ပဋိသန္ဓေခဏ စုတိခဏမျှသာဟောသော စက္ခုန္ဒြေမှမှ ပုရိသိန္ဒြေမှုအထိကို ပထမပိုင်းအနေဖြင့် ပြသွားပါမယ်။ ပဝတ္တိခဏပါဟောသော ဇီဝိတစသည့် နာမ်ဣန္ဒြေများကို ဒုတိယပိုင်းအနေဖြင့် ပြပါမယ်။ ဒါကြောင့် ပထမပိုင်းကို ပစ္စုပ္ပန်စသော ၆-ဝါရလုံး ကုန်အောင်ဟောပြီးမှ ဒုတိယပိုင်းကို ဟောပါ။ ဒီလို ပြခြင်း ဟောခြင်းဖြင့် လွယ်ကူရှင်းလင်း လာပါလိမ့်မယ်။

ဒီဣန္ဒြိယယမိုက် ပစ္စုပ္ပန္နဝါရမှာ စက္ခု, သောတ, ဃာန, ဇိဝှါတို့၏ ဝိကလသဘောသွားမှာ အာယတနယမိုက်အတိုင်းပင် ဖြစ်ပါတယ်၊ ဣတ္ထိန္ဒြေနှင့် ပုရိသိန္ဒြေတို့က ပထမနှင့်ဒုတိယ ဝိကလအချက်များ ချို့ပါတယ်။ ဒီဝိကလသဘောသွားကို သေချာစွာ မှတ်သားပြီး အရကောက်ရပါမယ်။

ပစ္စုပ္ပန္နဝါရကို သွက်လက်စွာ ဝိဘင်းထုတ်နိုင်ရန် အရကောက်နိုင်ရန် အတွက် ဣန္ဒြေတို့၏ ပဋိသန္ဓေ, စုတိ, ပုဂ္ဂိုလ်, ဘုံသဘောတို့ကို ရှေးဦးစွာ နားလည်ထားရပါမယ်။ ဒါကြောင့် အောက်ပါ သရုပ်ခွဲကို သဘောဉာဏ် သက်ရောက်အောင် လေ့လာပါ။

| ဣန္ဒြေ | ပဋိ-စုတိ | ပုဂ္ဂိုလ် | ဘုံ |
|---|---|---|---|
| ၁။ စက္ခု, သောတ | ၁၅ | ၄၊ ၃ | ၂၆ |
| ၂။ ဃာနာဒိ-၅ | ၁၀ | ၄၊ ၂ | ၁၁ |
| ၃။ ဇီဝိတ | ၂၀ | ၄၊ ၃ | ၃၁ |
| ၄။ သောမနဿ | ၈ | ၂၊ ၃ | ၇၊ ၉ |
| ၅။ ဥပေက္ခာ | ၁၁ | ၄၊ ၃ | ၁၁၊ ၁၊ ၅၊ ၄ |
| ၆။ သဒ္ဓါဒိ-၄ | ၁၇ | ၂၊ ၃ | ၄၊ ၂၂ |
| ၇။ ပညာ | ၁၃ | ၁၊ ၃ | ၄၊ ၂၂ |
| ၈၊ မန | ၁၉ | ၄၊ ၃ | ၃၀ |

http://www.dhammadownload.com



ပစ္စုပ္ပန္နဝါရ

၁။ စက္ခုသောတတို့က ပဥ္စဝေါကာရပဋိသန္ဓေ–၁၅၊ ပုထုဇဉ် ၄–ယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃–ယောက်၊ ပဥ္စဝေါကာရ ၂၆–ဘုံမှာ ဖြစ်ပါတယ်။

၂။ ဃာနာဒိတ္တယ ဣတ္ထိပုရိသတို့က ကာမပဋိသန္ဓေ–၁၀၊ ပုထုဇဉ် ၄–ယောက်၊ အောက်ဖ–၂၊ ကာမ ၁၁–ဘုံမှာ ဖြစ်ပါတယ်။

၃။ ဇီဝိတက (ရုပ်ပဋိသန္ဓေပါ) ပဋိသန္ဓေ–၂၀၊ ပုထုဇဉ်–၄၊ အောက်ဖ–၃၊ ၃၁–ဘုံမှာ ဖြစ်ပါတယ်။

၄။ သောမနဿက သောမနဿပဋိသန္ဓေ–၈၊ ဒွိဟိတ်တိဟိတ်ပုထုဇဉ်၊ အောက်ဖ–၃၊ ကာမသုဂတိ ၇–ဘုံ၊ သုဘကိဏှာတိုင်အောင်သော ရူပါဝစရ ၉–ဘုံမှာ ဖြစ်ပါတယ်။ [အဟိတ်မရသောကြောင့် ကာမသုဂတိ ၇–ဘုံ၊ သုဘကိဏှာဟိုဘက် ရူပါပဥ္စမဈာန်မှစ၍ ဥပေက္ခာဖြစ်သောကြောင့် ရူပါဝစရ ၉–ဘုံသာ ရပါတယ်။]

၅။ ဥပေက္ခာက ဥပေက္ခာပဋိသန္ဓေ–၁၁၊ ပုထုဇဉ်–၄၊ အောက်ဖ–၃၊ ကာမ–၁၁ဘုံ၊ (သုဘကိဏှာအထက်) ဝေဟပ္ဖိုလ်ဘုံ၊ သုဒ္ဓါဝါသ–၅ဘုံ၊ အရူပ ၄–ဘုံမှာ ဖြစ်ပါတယ်။

၆။ သဒ္ဓါဒိ–၄က သဟိတ်ပဋိသန္ဓေ–၁၇၊ ဒွိဟိတ်တိဟိတ် ပုထုဇဉ်–၂၊ အောက်ဖ–၃၊ စတုဝေါကာရ–၄ဘုံ၊ အပါယ်ကြဉ်သော ပဥ္စဝေါကာရ–၂၂ဘုံမှာ ဖြစ်ပါတယ်။

၇။ ပညာက တိဟိတ်ပဋိသန္ဓေ–၁၃၊ တိဟိတ်ပုထုဇဉ်–၁၊ အောက်ဖ–၃၊ စတုဝေါကာရ–၄ဘုံ၊ အပါယ်ကြဉ်သော ပဥ္စဝေါကာ၇–၂၂ဘုံမှာ ဖြစ်ပါတယ်။

၈၊ မနက (ရုပ်ပဋိသန္ဓေကြဉ်) ပဋိသန္ဓေ–၁၉၊ ပုထဇဉ်–၄၊ အောက်ဖ–၃၊ စတုဝေါကာရ–၄ဘုံ၊ ပဥ္စဝေါကာရ–၂၆ဘုံမှာ ဖြစ်ပါတယ်။ [ဆိုရိုးလုပ်ပြီးလဲ ဆိုနိုင်, အရကျက်နိုင်ပါတယ်။]

ဒီဣန္ဒြိယယမိုက် ပစ္စုပ္ပန္နဝါရမှာ စက္ခု, သောတ, ဃာနာဒိတ္တယ, မနတို့ကို အာယတနယမိုက်အတိုင်း ဝိဘင်းထုတ်အရကောက်ရပါမယ်၊ ဇီဝိတိန္ဒြေကို ဓမ္မာယတနအတိုင်း၊ မနိန္ဒြေကို မနာယတနအတိုင်း ဝိဘင်းထုတ် အရကောက် ရပါမယ်။

http://www.dhammadownload.com



**ဃာနတ္တိန္ဒြေမှာ** "ဃာနတ္တိန္ဒြေ ဥပပဇ္ဇန္တီနံ၊ န ဃာနတ္တိန္ဒြေ ဥပပဇ္ဇန္တာနံ-လို့၊ ပုရိသိန္ဒြေမှာ ပုရိသာနံ ဥပပဇ္ဇန္တာနံ၊ န ပုရိသာနံ ဥပပဇ္ဇန္တာနံ-လို့ ဝိဘင်းထုတ်ပြီး၊ မူလ မူလီအလိုက် "ကာမာဝစရ နပုံးဃာနတ္တိပုရိသ" တို့ကို ထိုက်သည့်အားလျော်စွာ ကောက်ရပါမယ်။

**သောမနဿိန္ဒြေမှာ** သောမနဿပဋိသန္ဓေ ရ, မရကိုကြည့်ပြီး "သောမ နဿေန ဥပပဇ္ဇန္တာနံ၊ ဝိနာ သောမနဿေန ဥပပဇ္ဇန္တာနံ" လို့ ဝိဘင်းထုတ်ရ ပါမယ်။

**ဥပေက္ခိန္ဒြေမှာ** ဥပေက္ခာပဋိသန္ဓေ ရ, မရကိုကြည့်ပြီး "ဥပေက္ခာယ ဥပပဇ္ဇန္တာနံ၊ ဝိနာ ဥပေက္ခာယ ဥပပဇ္ဇန္တာနံ" လို့ ဝိဘင်းထုတ်ရပါမယ်။

**သဒ္ဓါဒိန္ဒြေများမှာ** သဟိတ်ပဋိသန္ဓေ ရ, မရကိုကြည့်ပြီး "သဒ္ဓါယ၊ သတိယာ၊ ဝီရိယေန၊ သမာဓိနာ ဥပပဇ္ဇန္တာနံ၊ ဝိနာ သဒ္ဓါယ၊ သတိယာ၊ ဝီရိယေန၊ သမာဓိနာ ဥပပဇ္ဇန္တာနံ" လို့ ဝိဘင်းထုတ်ရပါမယ်။ [ပါဠိတော် စာအုပ် များမှာ "ဉာဏသမ္ပယုတ္တာနံ ဥပပဇ္ဇန္တာနံ၊ ဉာဏဝိပ္ပယုတ္တာနံ ဥပပဇ္ဇန္တာနံ" လို့ ရှိပါတယ်။]

ဒီဣန္ဒြိယယမိုက်မှာ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ-တို့ အာယတန နဲ့ တူသော်လဲ ကျေညက်အောင် ပြောပြပါဦးမယ်၊ ကျေလေ ကောင်းလေ, ညက်လေ ကောင်းလေပါပဲ၊ ဟိုတုန်းက သဘောမပေါက်ခဲ့သေးရင်လဲ ဒီမှာ သဘောပေါက်နိုင်ပါတယ်။ နောက်ပြီးတော့ ဃာနတ္တိပုရိသ-စတဲ့မူလီတွေ ဝင်လာ တဲ့အခါလဲ အရှိန်ရသွားတာပေါ့၊ ကဲ-ဒါဖြင့် နားထောင်။ ဒီပစ္စုပ္ပန္နဝါရမှာ အရကောက် ဆရာကြီးက ပုဂ္ဂလဝါရ ပုဂ္ဂလောကာသဝါရ နှစ်ပါးကို ပေါင်းပြ ပါတယ်၊ ဒါ့ကြောင့် ပုဂ္ဂလောကာသဝါရကို တစ်ခါတည်း ဟောကြရအောင်။

## စက္ခုမူ

**စက္ခု+သောတ**

စက္ခုနဲ့ သောတဟာ မူလသရုပ် ပဋ္ဌဝေါနယ်ချင်း တူပါတယ်၊ ဒါ့ကြောင့် "အာမန္တာ" ထွက်သင့်တာပေါ့၊ ဒါပေမယ့် ဝိကလသဘောရှိနေတော့ သစက္ခုကာနံ အသောတကာနံ, သသောတကာနံ အစက္ခုကာနံ-စသည်ဖြင့်

http://www.dhammadownload.com



ဝိဘင်းထုတ်ရပါတယ်၊ စက္ခုရဲ့ တစ်ဖက်ရ ဝိကလ ၃–ချက်လုံး ဥပပဇ္ဇန္တကို ကောက်၊ သောတရဲ့ တစ်ဖက်ရ ဝိကလ ၁, ၂–တို့ကိုကောက်၊ သစက္ခုက သသောတက ပဉ္စဝေါဥပပဇ္ဇန္တကို နှစ်ဖက်ရကောက်။ ပစ္စနိက်မှာ သဗ္ဗစဝန္တနဲ့ ဝိကလ ၃–ချက်လုံး ဥပပဇ္ဇန္တ, အသညသတ် အရူပဥပပဇ္ဇန္တတို့ကို ကောက်ပါ။

**စက္ခု+ဃာန**

စက္ခုနဲ့ဃာနမှာ ကာမသာ နယ်ချင်းတူပါတယ်၊ ဒါ့ကြောင့် ကာမထဲမှာသာ တစ်ဖက်ရ နှစ်ဖက်ရ ခွဲပါ။ ဝိဘင်းကတော့ သစက္ခုကာန် အဃာနကာန်–စသည်ဖြင့် ထုတ်ရမယ်။ အရကောက်တော့ စက္ခုရဲ့ တစ်ဖက်ရ သစက္ခုက ကာမာဝစရ ဝိကလ ၂, ၃–ဥပပဇ္ဇန္တနဲ့ ရူပဥပပဇ္ဇန္တတို့ကို ကောက်၊ ဃာနရဲ့ တစ်ဖက်ရ ဝိကလ ၁, ၂–ဥပပဇ္ဇန္တတို့ကို ကောက်၊ သစက္ခုက သဃာနက ကာမဥပပဇ္ဇန္တကို နှစ်ဖက်ရကောက်။ ပစ္စနိက်မှာ သဗ္ဗစဝန္တနဲ့ ဝိကလ ၂, ၃–ဥပပဇ္ဇန္တ, အသညသတ် အရူပဥပပဇ္ဇန္တတို့ကို ကောက်ပါ။

**စက္ခု+ဇိဝှါ**

စက္ခုနဲ့ဇိဝှါမှာ ခုနကအတိုင်း ကာမထဲမှာသာ တစ်ဖက်ရ နှစ်ဖက်ရ ခွဲပါ။ ဝိဘင်းက ထုံးစံအတိုင်း သစက္ခုက သဇိဝှကပါပဲ၊ အရကောက်တော့ စက္ခုရဲ့ တစ်ဖက်ရ သစက္ခုက ကာမာဝစရ ဝိကလ ၃–နံပါတ်နဲ့ ရူပဥပပဇ္ဇန္တကိုကောက်၊ ဇိဝှါရဲ့တစ်ဖက်ရ ဝိကလ ၁, ၂–တို့ကိုကောက်၊ သစက္ခုက သဇိဝှက ကာမဥပပဇ္ဇန္တကို နှစ်ဖက်ရကောက်။ ပစ္စနိက်မှာ သဗ္ဗစဝန္တနဲ့ ဝိကလ ၃–နံပါတ်, အသညသတ် အရူပဥပပဇ္ဇန္တတို့ကို ကောက်ပါ။ [ဇိဝှါက ချို့ကောင်းတဲ့ ဝိကလ မဟုတ်ဘူး၊ အာယတန (ဣန္ဒြေ) ဖြစ်စဉ်အနေနဲ့ နောက်ကျတာသာ ဖြစ်ပါတယ်။]

**စက္ခု+ကာယ**

စက္ခုနဲ့ကာယမှာလဲ ခုနကအတိုင်း ကာမထဲမှာသာ တစ်ဖက်ရ နှစ်ဖက်ရ ခွဲပါ၊ ကာယက ဝိကလမဟုတ်လို့ ဝိကလအတွက် စဉ်းစားစရာ မလိုတော့ပါဘူး၊ ဝိဘင်းက သကာယကပါပဲ။ အရကောက်တော့ စက္ခုရဲ့ တစ်ဖက်ရ ရူပဥပပဇ္ဇန္တကိုကောက်၊ ကာယရဲ့တစ်ဖက်ရ ဝိကလ ၃–ချက်လုံးကိုကောက်၊

http://www.dhammadownload.com



သစက္ခုက သကာယက ဥပပဇ္ဇန္တကို နှစ်ဖက်ရကောက်။ ပစ္စနိက်မှာ သဗ္ဗစဝန္တနဲ့ အသညသတ် အရူပဥပပဇ္ဇန္တတို့ကို ကောက်ပါ။

**စက္ခု+ဃာန**

စက္ခုနဲ့ဃာနမှာလဲ ကာမထဲမှာသာ တစ်ဖက်ရ နှစ်ဖက်ရ ခွဲပါ၊ ဝိဘင်းက သစက္ခုကာနံ န ဃာနိနံ–စသည်။ အရကောက်တော့ စက္ခုရဲ့တစ်ဖက်ရ သစက္ခုက နပုံပုရိသ ကာမဥပပဇ္ဇန္တနဲ့ ရူပဥပပဇ္ဇန္တကိုကောက်၊ဃာနရဲ့တစ်ဖက်ရ (အစက္ခုက ဃာနကာမာဝစရ) ဝိကလ ၃–ချက်လုံးကိုကောက်၊ သစက္ခုက ဃာနကာမ ဥပပဇ္ဇန္တကို နှစ်ဖက်ရကောက်။ ပစ္စနိက်မှာ သဗ္ဗစဝန္တနဲ့ အစက္ခုက နပုံပုရိသ ကာမဥပပဇ္ဇန္တ၊ အသညသတ်၊ အရူပဥပပဇ္ဇန္တတို့ကို ကောက်ပါ။

**စက္ခု+ပုရိသ**

ပုရိသမူလီလဲ ဃာနနည်းတူပါပဲ၊ သစက္ခုကာနံ န ပုရိသာနံ–စသည်။ အရကောက်တော့ စက္ခုရဲ့တစ်ဖက်ရ သစက္ခုက နပုံဃာနကာမဥပပဇ္ဇန္တနဲ့ ရူပဥပပဇ္ဇန္တကိုကောက်၊ ပုရိသရဲ့တစ်ဖက်ရ (အစက္ခုက ပုရိသကာမာဝစရ) ဝိကလ ၃–ချက်လုံးကိုကောက်၊ သစက္ခုက ပုရိသကာမဥပပဇ္ဇန္တကို နှစ်ဖက်ရကောက်၊ ပစ္စနိက်မှာ သဗ္ဗစဝန္တနဲ့ အစက္ခုက နပုံဃာနကာမဥပပဇ္ဇန္တ၊ အသညသတ် အရူပဥပပဇ္ဇန္တတို့ကို ကောက်ပါ။

**စက္ခု+သောမနဿ**

စက္ခုနဲ့သောမနဿမှာ ပဉ္စဝေါနယ်ချင်း တူပါတယ်၊ ဒါ့ကြောင့် ပဉ္စဝေါ ထဲမှာ တစ်ဖက်ရ နှစ်ဖက်ရ ခွဲပါ။ "သစက္ခုကာနံ ဝိနာ သောမနဿေန ဥပပဇ္ဇန္တာနံ" စသည်ဖြင့် ဝိဘင်းထုတ်ရပါတယ်။ အရကောက်တော့ စက္ခုရဲ့ တစ်ဖက်ရ ပဉ္စဝေါဥပေက္ခာ ဥပပဇ္ဇန္တပုဂ္ဂိုလ်ဘုံကိုကောက်၊ သောမနဿရဲ့ တစ်ဖက်ရ မရှိပါဘူး၊ ပဋိလောမ "အာမန္တာ"။ သောမနဿပဋိသန္ဓေကို နှစ်ဖက်ရ ကောက်။ ပစ္စနိက်မှာ သဗ္ဗစဝန္တနဲ့ (အစက္ခုက သောမနဿ)ဝိကလ ၃–ချက် လုံး ဥပပဇ္ဇန္တ၊ အသညသတ် အရူပဥပပဇ္ဇန္တတို့ကို ကောက်ပါ။

**စက္ခု+ဥပေက္ခာ**

စက္ခုနဲ့ဥပေက္ခာမှာ ဥပေက္ခာက အရူပသာနေပါတယ်၊ နယ်ချင်းတူတဲ့ ပဉ္စဝေါမှာ တစ်ဖက်ရ နှစ်ဖက်ရ ခွဲပါ။ "သစက္ခုကာနံ ဝိနာ ဥပေက္ခာယ

http://www.dhammadownload.com



ဥပပဇ္ဇန္တာနံ" စသည်ဖြင့် ဝိဘင်းထုတ်ရပါတယ်။ အရကောက်တော့ စက္ခုရဲ့ တစ်ဖက်ရ သောမနဿပဋိသန္ဓေကိုကောက်၊ ဥပေက္ခာတစ်ဖက်ရ (အစက္ခုက ကာမာဝစရ) ဝိကလ ၃-ချက်လုံးနဲ့ အရူပဥပပဇ္ဇန္တကိုကောက်၊ ပဥ္စဝေါဥပေက္ခာ ပဋိသန္ဓေကို နှစ်ဖက်ရကောက်။ ပစ္စနိက်မှာ သဗ္ဗစဝန္တနဲ့ အသညသတ်ဥပပဇ္ဇန္တ ကိုကောက်။

## စက္ခု+သဒ္ဓါ

စက္ခုနဲ့သဒ္ဓါမှာလဲ သဒ္ဓါက အရူပသာနေပါတယ်၊ နယ်ချင်းတူတဲ့ ပဥ္စဝေါ မှာ တစ်ဖက်ရနှစ်ဖက်ရ ခွဲပါ။ "သစက္ခုကာနံ ဝိနာ သဒ္ဓါယ ဥပပဇ္ဇန္တာနံ"- စသည်ဖြင့် ဝိဘင်းထုတ်ရပါတယ်။ အရကောက်တော့ စက္ခုရဲ့ တစ်ဖက်ရ အဟိတ်ပဋိသန္ဓေကို ကောက်၊ သဒ္ဓါရဲ့တစ်ဖက်ရ အရူပဥပပဇ္ဇန္တကိုကောက်၊ သဟိတ်ပဥ္စဝေါ ပဋိသန္ဓေကို နှစ်ဖက်ရကောက်။ ပစ္စနိက်မှာ သဗ္ဗစဝန္တနဲ့ (အစက္ခုက ကာမာဝစရ) ဝိကလ ၃-ချက် အသညသတ် ဥပပဇ္ဇန္တတို့ကို ကောက်ပါ။ [ဝီရိယမူလီ, သတိမူလီ, သမာဓိမူလီတို့လဲ ဒီသဒ္ဓါမြွေနည်းတူပါပဲ။ ဝိနာ ဝီရိယေန၊ ဝိနာ သတိယာ၊ ဝိနာ သမာဓိနာ-လို့ ဝိဘင်းထုတ်ရပါတယ်၊ ပါဠိတော်စာအုပ်မှာတော့ "သဟေတုကာနံ အဟေတုကာနံ"လို့ ရှိပါတယ်။]

## စက္ခု+ပညာ

စက္ခုနဲ့ပညာမှာလဲ နယ်ချင်းတူတဲ့ ပဥ္စဝေါမှာ တစ်ဖက်ရ နှစ်ဖက်ရ ခွဲပါ။ "သစက္ခုကာနံ ဝိနာ ဉာဏေန ဥပပဇ္ဇန္တာနံ" စသည်ဖြင့် ဝိဘင်းထုတ်ရပါတယ်။ အရကောက်တော့ စက္ခုရဲ့တစ်ဖက်ရ အဟိတ်ပဋိသန္ဓေနှစ်ခု, မဟာဝိပါက် ဉာဏဝိပ္ပယုတ် ပဋိသန္ဓေလေးခုတို့ကိုကောက်၊ ပညာရဲ့တစ်ဖက်ရ အရူပဥပ ပဇ္ဇန္တကိုကောက်၊ ပဥ္စဝေါ တိဟိတ်ပဋိသန္ဓေ ၉-ခုကို နှစ်ဖက်ရကောက်၊ ပစ္စနိက်မှာ သဗ္ဗစဝန္တနဲ့ (အစက္ခုက ကာမာဝစရ) ဝိကလ ၃-ချက်, အသညသတ် ဥပပဇ္ဇန္တတို့ကို ကောက်ပါ။ [သောတမူ, ဃာနမူတို့ကိုလဲ ဒီ သဘောအတိုင်း ဟောရမှာပါပဲ၊ နည်းရရင် ဟောနိုင်လောက်ပါပြီ၊]

http://www.dhammadownload.com



# ဣတ္ထိမူ

## ဣတ္ထိ+ပုရိသ

ဣတ္ထိနဲ့ပုရိသတို့ဟာ ကာမနယ်ချင်း တူပါတယ်၊ ဒါပေမယ့် သဘာဝချင်း မတူကြဘူး၊ ဒါ့ကြောင့် အနုလုံ ၂-ဖက်ရ မရှိနိုင်ဘူး၊ နောဝိဘင်းထုတ်ပါ။ ဣတ္ထီက ဣတ္ထိန် ဥပပဇ္ဇန္တိနံ၊ ပုရိသက ပုရိသာနံ ဥပပဇ္ဇန္တာနံ။ ဣတ္ထီအရ ဣတ္ထိကာမာဝစရ ဥပပဇ္ဇန္တဖြစ်တဲ့ ပုထုဇဉ် ၄-ယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၂-ယောက်တို့ကို ကောက်ပါ။ ပုရိသအရလဲ ပုရိသကာမာဝစရလို့ဆိုပြီး နည်းတူကောက်ပါ။ ပစ္စနိက် ၂-ဖက်ရက သဗ္ဗစဝန္တနဲ့ နပုံးကာမာဝစရ ဥပပဇ္ဇန္တ ဖြစ်တဲ့ ဒုဂ္ဂတိအဟိတ် သုဂတိအဟိတ်ပုဂ္ဂိုလ်၊ ရူပအရူပပုဂ္ဂိုလ်ဘုံများကို ကောက်ပါ။

## ဣတ္ထိ+ဇီဝိတ

ဣတ္ထိဇီဝိတမှာ ဇီဝိတက သာပါတယ်၊ နယ်နဲ့နေပါတယ်၊ ဒါ့ကြောင့် အနုလောမ အာမန္တာ။ ပဋိလောမမှာ "န ဣတ္ထိန် ဥပပဇ္ဇန္တာနံ"လို့ ဝိဘင်းထုတ်ပြီး နပုံးပုရိသ ကာမာဝစရ ဥပပဇ္ဇန္တနဲ့ ရူပအရူပဥပပဇ္ဇန္တ ပုဂ္ဂိုလ်ဘုံများကို အရကောက်ပါ၊ အနုလုံနှစ်ဖက်ရမှာ "ဣတ္ထိန် ဥပပဇ္ဇန္တိနံ"လို့ ဝိဘင်းထုတ်ပြီး ဣတ္ထိကာမာဝစရ ဥပပဇ္ဇန္တ ပုဂ္ဂိုလ်ဘုံများကို ကောက်ပါ။ ပစ္စနိက် နှစ်ဖက်ရမှာ "သဗ္ဗေသံ စဝန္တာနံ"သာ ကျန်ပါတယ်။

## ဣတ္ထိ+သောမနဿ

ဣတ္ထိသောမနဿဆိုတော့ ဣတ္ထိအုပ်စုက ဣတ္ထိပုရိသနပုံး၊ သောမနဿ အုပ်စုက သောမနဿဥပေက္ခာ၊ ဒီအုပ်စုနှစ်တွဲကို ဆွဲကိုင်တတ်ရင် တစ်ဖက်ရ နှစ်ဖက်ရ ပေါ်လာပါတယ်။ ဣတ္ထိကာမဥပေက္ခာက ဣတ္ထိရဲ့ တစ်ဖက်ရ၊ ဣတ္ထိသောမနဿက အနုလုံနှစ်ဖက်ရ ဖြစ်ပါတယ်။ ပဋိလောမမှာ သောမနဿ နပုံးပုရိသက သောမနဿရဲ့ တစ်ဖက်ရ ဖြစ်ပါတယ်၊ ပစ္စနိက် နှစ်ဖက်ရမှာ သဗ္ဗစဝန္တနဲ့ နပုံးပုရိသ ဥပေက္ခာ ကာမရူပအရူပတို့ ဖြစ်ပါတယ်၊ တစ်ခု သတိပြုဖို့က ရူပကိုဘုံသတ်တဲ့အခါမှာ ဥပေက္ခာဘုံဖြစ်တဲ့ ဝေဟပ္ဖိုလ်ဘုံ သုဒ္ဓါဝါသ ငါးဘုံတို့ကိုသာ ဘုံသတ်ရပါတယ်။

http://www.dhammadownload.com



ပစ္စုပ္ပန္နဝါရ

## ဣတ္ထိ+ဥပေက္ခာ

မူလီဥပေက္ခာက ကာမရူပအရူပထိအောင် ရနေပါတယ်၊ မူလမူလီ နှစ်ပါးစုံရတဲ့ ကာမထဲမှာ တစ်ဖက်ရ နှစ်ဖက်ရ ခွဲရပါမယ်၊ ဣတ္ထိကာမသောမနဿက ဣတ္ထိရဲ့ တစ်ဖက်ရ၊ ဣတ္ထိကာမဥပေက္ခာက နှစ်ဖက်ရ ဖြစ်ပါတယ်။ ပဋိလောမမှာ န ကာမဥပေက္ခာ နပုံးပုရိသနဲ့ ရူပအရူပတို့က ဥပေက္ခာရဲ့ တစ်ဖက်ရဖြစ်ပါတယ်။ **ပစ္စနိက်** နှစ်ဖက်ရမှာ သဗ္ဗစဝန္တနဲ့ နပုံးပုရိသ ကာမသောမနဿ, ရူပါဝစရပုဂ္ဂိုလ်, အသညသတ်ပုဂ္ဂိုလ်တို့ ဖြစ်ပါတယ်။

## ဣတ္ထိ+သဒ္ဓါဒိ-၄

မူလီသဒ္ဓါက ကာမရူပအရူပထိအောင် ရပါတယ်၊ မူလီသဒ္ဓါက သဟိတ်မှာသာယှဉ်ပါတယ်၊ အဟိတ်မှာ မယှဉ်ပါဘူး၊ ဒါ့ကြောင့် မူလမူလီ နှစ်ပါးစုံရတဲ့ ကာမနယ်ထဲမှာ အဟိတ်သဟိတ်ခွဲပြီး တစ်ဖက်ရ နှစ်ဖက်ရ ထုတ်ရပါမယ်၊ ဣတ္ထိအဟိတ်က ဣတ္ထိရဲ့ တစ်ဖက်ရ၊ ဣတ္ထိသဟိတ်က နှစ်ဖက်ရ ဖြစ်ပါတယ်။ ပဋိလောမမှာ သဟိတ်ပုရိသ ကာမာဝစရနဲ့ ရူပအရူပတို့က သဒ္ဓါရဲ့ တစ်ဖက်ရ ဖြစ်ပါတယ်။ **ပစ္စနိက်** နှစ်ဖက်ရမှာ သဗ္ဗစဝန္တနဲ့ အဟိတ်နပုံးပုရိသကာမ, အသညသတ်ပုဂ္ဂိုလ်တို့ ဖြစ်ပါတယ်။ [ဝီရိယ သတိ သမာဓိမူလီတို့လည်း ဒီသဒ္ဓါမူလီအတိုင်းပါပဲ။]

## ဣတ္ထိ+ပညာ

ပညာမူလီဆိုတော့ ပညာက တိဟိတ်မှာသာ ယှဉ်ပါတယ်၊ ဒါ့ကြောင့် အဟိတ်, ဒွိဟိတ်, တိဟိတ် ခွဲရပါမယ်။ အဟိတ် ဒွိဟိတ် ဣတ္ထိကာမက ဣတ္ထိရဲ့ တစ်ဖက်ရ၊ တိဟိတ် ဣတ္ထိကာမက အနုလုံနှစ်ဖက်ရ ဖြစ်ပါတယ်။ ပဋိလောမမှာ တိဟိတ်ပုရိသ ကာမာဝစရနဲ့ ရူပအရူပတို့က ပညာရဲ့ တစ်ဖက်ရ ဖြစ်ပါတယ်။ **ပစ္စနိက်** နှစ်ဖက်ရမှာ သဗ္ဗစဝန္တနဲ့ အဟိတ်ဒွိဟိတ် နပုံးပုရိသကာမ, အသညသတ်ပုဂ္ဂိုလ်တို့ ဖြစ်ပါတယ်။(ပုရိသမူလည်း ဒီဣတ္ထိမူအတိုင်းပါပဲ။)

အခုပြောခဲ့တာတွေဟာ ဣန္ဒြိယယမိုက် ပထမပိုင်းရဲ့ ပစ္စုပ္ပန္နဝါရ ဖြစ်ပါတယ်၊ မူလ+မူလီ ကိုင်တတ်ဖို့, ယှဉ်ကြည့်တတ်ဖို့ လိုပါတယ်၊ ဩကာသဝါရ သတ်မှတ်ခဲ့တဲ့အတိုင်း မူလ+မူလီတို့ နယ်ချင်းတူ,မတူ အထူးသတိပြုရမယ်။

http://www.dhammadownload.com



သန္နိဋ္ဌာန်ပုဒ်က ကာမနယ်မှာသာရှိရင် အဲဒီကာမနယ်ထဲမှာ တစ်ဖက်ရ နှစ်ဖက်ရ ခွဲရမယ်၊ ပဉ္စဝေါနယ်ထဲမှာရှိရင် ပဉ္စဝေါနယ်ထဲမှာ တစ်ဖက်ရ နှစ်ဖက်ရ ခွဲရမယ်။ သောမနဿ, ဥပေက္ခာတို့ဝင်လာရင် သောမနဿပဋိသန္ဓေ, ဥပေက္ခာပဋိသန္ဓေ ခွဲရမယ်။ သဒ္ဓါဒိတို့ဝင်လာရင် အဟိတ်ပဋိသန္ဓေ, သဟိတ်ပဋိသန္ဓေ ခွဲရမယ်။ ပညာဝင်လာရင် အဟိတ်, ဒွိဟိတ်, တိဟိတ် ပဋိသန္ဓေခွဲရမယ်။ ဒါတွေဟာ တကယ့်တကယ်ကျတော့ သင်္ဂြိုဟ်စိတ်ပိုင်းသရုပ်တွေပါပဲ၊ ဒီစိတ်ပိုင်းသရုပ်တွေကို မြင်အောင်, လျင်အောင် ကြည့်တတ်ဖို့ လိုအပ်ပါတယ်၊ လိုရင်းကတော့ သရုပ်ကွဲဖို့ပေါ့၊ သရုပ်ကွဲပြီး ဟောနည်းသိသွားရင် ဘယ်မူလ+မူလီပဲဖြစ်ဖြစ် ဟောနိုင်တာပါပဲ၊ အဲဒါကြောင့် ဝိဘင်းပါဠိတွေ, အရကောက်တွေကို အပြည့်အစုံ ထုတ်မပြဘဲ ဟောနည်းကိုသာ ပဓာနထား ရှင်းပြခြင်း ဖြစ်ပါတယ်။

❀❀❀❀❀

ပစ္စုပ္ပန္နဝါရ ပြီး၏။

## အတီတဝါရ

အတိတ်ပုဂ္ဂလဝါရမှာ မူလမူလီတိုင်း အနုလုံပစ္စနိက် နှစ်ပါးလုံး "အာမန္တာ" ဝိဘင်းချည်းထုတ်ပါ။ အရကောက်ရာမှာတော့ စက္ခုစသော ရုပ်က္ခန္ဓမူ ၇-ပါးမှာ ပုထုဇဉ် ၄-ယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက်ကိုသာ ကောက်ရပါမယ်။ ဇီဝိတစသော နာမ်က္ခန္ဓမူများမှာတော့ မဂ္ဂဋ္ဌာန် ၄-ယောက်ပါ ၁၂-ယောက်လုံးကို ကောက်ရပါမယ်။ (ရှေ့အခြေခံပိုင်းမှာလဲ ရေးခဲ့ပြီးပါပြီ။)

အတိတ်ပုဂ္ဂလောကာသဝါရမှာ အရကောက်ဆရာကြီး ကောက်ပြထားတဲ့ သဘောအလျောက် ကောက်နည်းများကို အရကောက်ကြည့်ရုံနဲ့ သိနိုင်ပါတယ်၊ ခက်ခဲမှု မရှိလှပါ၊ ဒါပေမယ့် ရှင်းပြပါဦးမယ်။

၁။ စက္ခုမူ သောမနဿမူလီမှာ အနုလောမ ပဋိလောမ အာမန္တာဝိဘင်းချည်းထုတ်ပြီး၊ ပဉ္စဝေါကို ပါဠ်ရှိတိုင်း ကောက်ပါ၊ သဘောအလျောက်ကတော့-

သောမနဿမရသော အပါယ်နှင့် ဝေဟပ္ဖိုလ် ပုဂ္ဂိုလ်ဘုံက စက္ခု၏ တစ်ဖက်ရ "ရသင့်"ဖြစ်ပါတယ်။ ကျန်ပဉ္စဝေါ သောမနဿပုဂ္ဂိုလ်ဘုံက အနုလုံ နှစ်ဖက်ရ ဖြစ်ပါတယ်။

http://www.dhammadownload.com



၂။ စက္ခုမူ ဥပေက္ခာမူလီမှာ သုဘကိဏှာတိုင်အောင်သော ရူပါဝစရ သောမနဿ ပုဂ္ဂိုလ်ဘုံက စက္ခု၏ တစ်ဖက်ရ "ရသင့်"ဖြစ်ပါတယ်၊ ကျန်ပဉ္စဝေါ ဥပေက္ခာပုဂ္ဂိုလ်ဘုံက အနုလုံနှစ်ဖက်ရ ဖြစ်ပါတယ်။

၃။ စက္ခုမူ သဒ္ဓါဒိ-၅ခု မူလီမှာ အပါယ်ပုဂ္ဂိုလ်ဘုံက စက္ခု၏တစ်ဖက်ရ "ရသင့်"ဖြစ်ပါတယ်။ ကျန်ပဉ္စဝေါပုဂ္ဂိုလ်ဘုံက အနုလုံ နှစ်ဖက်ရဖြစ်ပါတယ်။

၄။ ဃာနမူ သောမနဿမူလီမှာ အပါယ်ပုဂ္ဂိုလ်ဘုံက ဃာန၏ တစ်ဖက်ရ "ရသင့်" ဖြစ်ပါတယ်။ ကျန်ကာမပုဂ္ဂိုလ်က အနုလုံ နှစ်ဖက်ရ ဖြစ်ပါတယ်။ ရူပါဝစရ ဥပေက္ခာပုဂ္ဂိုလ်ဘုံက ပစ္စနိက် နှစ်ဖက်ရ ဖြစ်ပါတယ်။

၅။ ဃာနမူ ဥပေက္ခာမူလီမှာ ရူပါဝစရ သောမနဿပုဂ္ဂိုလ်ဘုံက ပစ္စနိက် နှစ်ဖက်ရ "ရသင့်"ဖြစ်ပါတယ်။

၆။ ဃာနမူ သဒ္ဓါဒိ၅-ခုမူလီမှာ အပါယ်ပုဂ္ဂိုလ်ဘုံက ဃာန၏ တစ်ဖက်ရ "ရသင့်" ဖြစ်ပါတယ်၊ ကျန်ကာမပုဂ္ဂိုလ်ဘုံက အနုလုံနှစ်ဖက်ရ ဖြစ်ပါတယ်။ [ဣတ္ထိန္ဒြေမူ ပုရိသိန္ဒြေမူတိုင်အောင် ဃာနာဒိမူနှင့် တူပါတယ်။]

=====

## အနာဂတဝါရ

အနာဂတ ပုဂ္ဂလဝါရ၏ သဘောသွားကို အောက်ခန္ဓယမိုက် အာယတန ယမိုက်တို့မှာ အကျယ်တဝင့် ရှင်းလင်းခဲ့ပြီးပါပြီ၊ ပြန်ကြည့်ပါ၊ ဒီမှာတော့ သောမနဿ ဥပေက္ခာတို့၏ သဘောကိုသာ အတန်ငယ် ရှင်းပြပါမယ်။

ကာမရူပအသညသတ်အရူပ-ဟူသော အရင်းခံပုဂ္ဂိုလ် ၄-မျိုးထဲမှာ ကာမ နှင့်ရူပက သောမနဿသဘော, ဥပေက္ခာသဘော ရောနှောလျက်ရှိပါတယ်၊ [အသညသတ်က ရုပ်သက်သက်၊ အရူပက ဥပေက္ခာသက်သက် ဖြစ်ပါ တယ်။]

အဲဒီထဲမှာ– ၁။ သောမနဿဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သောပုဂ္ဂိုလ်၏ ပဋိသန္ဓေ စိတ်က မဟာဝိပါက် ပဌမဒွေးနှင့် ရူပဝိပါက် သောမနဿ သဟဂုတ် ၄-ခုဖြစ်ပါတယ်။

http://www.dhammadownload.com



၂။ ဥပေက္ခာဖြင့် ပရိနိဗ္ဗာန် ပြုလတ္တံ့သော ပုဂ္ဂိုလ်၏ ပဋိသန္ဓေစိတ်က မဟာဝိပါက် တတိယဒွေးနှင့် ရူပပဉ္စမဈာန်ဝိပါက် ဖြစ်ပါတယ်။

ယေ ရူပါဝစရဲ့ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ–မှာ ရူပါဝစရဘုံသို့သွားပြီး ပရိနိဗ္ဗာန်ပြုလတ္တံ့သော ပုဂ္ဂိုလ်များ၏ သောမနဿဘုံသို့, ဥပေက္ခာဘုံသို့ သွားဟန်ကို နားလည်သင့်ပါသေးတယ်။

၁။ သုဘကိဏှာတိုင်အောင်သော ရူပါဝစရ သောမနဿဘုံများသို့ မည်သည့်ဘုံများမှ မည်သည့်ပုဂ္ဂိုလ်များ ပြောင်းရွှေ့နိုင်သလဲ?၊

၂၊ ဝေဟပ္ဖိုလ်နှင့် သုဒ္ဓါဝါသ ငါးဘုံဟူသော ရူပါဝစရ ဥပေက္ခာဘုံများသို့ မည်သည့်ဘုံမှ မည်သည့်ပုဂ္ဂိုလ်များ ပြောင်းရွှေ့နိုင်သလဲ?၊

ဒီမေးခွန်းများကို နားလည်ရန်အတွက် အောက်ပါရှင်းလင်းချက်ကို ဆက်ရှုပါ။

## ၁။ သောမနဿဘုံသို့

သုဘကိဏှာ တိုင်အောင်သော ရူပါဝစရ ၉–ဘုံဟာ သောမနဿဘုံများ ဖြစ်ပါတယ်၊ သူ့အောက်မှာ ကာမဘုံရှိတယ်၊ သူ့အထက်မှာ ဝေဟပ္ဖိုလ်နဲ့ သုဒ္ဓါဝါသ ၅–ဘုံရှိတယ်၊ (အသညသတ်ကို စဉ်းစားဖို့မလို)။ အဲဒီတော့ (က) သူ့အောက်က ကာမသုဂတိ ၇–ဘုံမှ သောမနဿ ၉–ဘုံသို့ တက်မှာက ကာမဥပပဇ္ဇန္တစဝန္တ တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန် ၃–ယောက်။ (ခ)သူ့အထက်က ဝေဟပ္ဖိုလ်မှ ဆင်းမှာက ဝေဟပ္ဖိုလ် ဥပပဇ္ဇန္တစဝန္တ တိဟိတ်ပုထုဇဉ်။ သုဒ္ဓါဝါသ ၅–ဘုံမှတော့ ဆင်းမယ့်ပုဂ္ဂိုလ် မရှိဘူး၊ အနာဂါမ် ရဟန္တာတွေ။ (ဂ) သောမနဿ ၉–ဘုံချင်းချင်းဖြစ်မယ့် ရူပဥပပဇ္ဇန္တစဝန္တ တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန် ၃–ယောက်။ ဒီ(က၊ ခ၊ ဂ)၃–ချက်တို့ရဲ့ သဘာဝကို နားလည်သဘောပေါက်အောင် လေ့လာရပါမယ်။ "ကာမမှတက်၊ ဝေဟပ်မှဆင်း၊ ရူချင်းချင်း"လို့ အတိုချုပ် မှတ်သားပါ။

## ၂။ ဥပေက္ခာဘုံသို့

ဝေဟပ္ဖိုလ်နှင့် သုဒ္ဓါဝါသ ၅–ဘုံတို့က ဥပေက္ခာဘုံများ ဖြစ်ပါတယ်၊ သူတို့ အောက်မှာ ကာမဘုံရှိတယ်၊ သုဘကိဏှာတိုင်အောင်သော ရူပ ၉–ဘုံရှိတယ်၊

http://www.dhammadownload.com



ကာမရူပပေါင်းတော့ ပဥ္စဝေါပေ့ါ။ အဲဒီတော့ (က)သူ့အောက်က ကာမသုဂတိ ၇–ဘုံနဲ့ ရူပ ၉–ဘုံတို့မှ ဥပေက္ခာဖြစ်တဲ့ ဝေဟပ္ဖိုလ် သုဒ္ဓါဝါသ ၅–ဘုံသို့ တက်မှာက (ကာမရူပဆိုတော့) ပဥ္စဝေါဥပပဇ္ဇန္တစဝန္တ တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန် ၃–ယောက်။ (ခ) ဝေဟပ္ဖိုလ် သုဒ္ဓါဝါသချင်းချင်း ဖြစ်မယ့် ဝေဟပ္ဖိုလ် သုဒ္ဓါဝါသ ဥပပဇ္ဇန္တစဝန္တ တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန် ၃–ယောက်။

အထက်ပါ "သောမနဿဘုံသို့ ဥပေက္ခာဘုံသို့" နှစ်ချက်ထဲမှာ ဃာနမူ သောမနဿမူလီမှာ "သောမနဿဘုံသို့"က သောမနဿ တစ်ဖက်ရဖြစ်ပြီး၊ "ဥပေက္ခာဘုံသို့"က ပစ္စနိက်နှစ်ဖက်ရမှာ "ရသင့်"ဖြစ်ပါတယ်။ (အရကောက် ၅၄၆–ကြည့်ပါ။)

ဃာနမူ ဥပေက္ခာမူလီမှာ "ဥပေက္ခာဘုံသို့"က ဥပေက္ခာ၏ တစ်ဖက်ရဖြစ်ပြီး၊ "သောမနဿဘုံသို့"က ပစ္စနိက်နှစ်ဖက်ရ "ရသင့်"ဖြစ်ပါတယ်။ (အရကောက် ၅၄၆၊ ၇–ကို ကြည့်ပါ။)

ဣတ္ထိ, ပုရိသ, သောမနဿ, ဥပေက္ခာ ၄–ခုတို့ကို လုံးထွေးမွှေနှောက်လိုက်သော်–

၁။ ဣတ္ထိ သောမနဿ၊

၂။ ဣတ္ထိ ဥပေက္ခာ၊

၃။ ပုရိသ သောမနဿ၊

၄။ ပုရိသ ဥပေက္ခာ–လို့ ၄–ချက်ထွက်လာပါတယ်၊ အဲဒီ ၄–ချက်ကို ဝေပုံကျနည်းအရ အနုလောမတစ်ဖက်ရ ပဋိလောမတစ်ဖက်ရ,အနုလုံနှစ်ဖက်ရ, ပစ္စနိက်နှစ်ဖက်ရတို့မှာ တစ်ခုစီ အသီးသီး ဝိဘင်းထုတ်ရပါမယ်။

## ပစ္စုပ္ပန္နာတီတဝါရ

ပစ္စုပ္ပန္နာတီတ ပုဂ္ဂလဝါရမှာ အနုလောမ "အာမန္တာ"ထုတ်ပါ၊ အတိတ်ပဋိလောမ တစ်ဖက်ရမှာ ပစ္စုပ္ပန်မရသော ပုဂ္ဂိုလ်များကို "သဗ္ဗေသံ စဝန္တာနံ အစက္ခုကာနံ ဥပပဇ္ဇန္တာနံ၊ အဃာနကာနံ ဥပပဇ္ဇန္တာနံ၊ န ဣတ္ထီနံ ဥပပဇ္ဇန္တာနံ၊ န ပုရိသာနံ ဥပပဇ္ဇန္တာနံ"လို့ မနိဒ္ဒေမှုလီတိုင်အောင် ဝိဘင်းထုတ်ပါ။

http://www.dhammadownload.com



ပုဂ္ဂလောကာသဝါရမှာ ဝိဘင်းပါဠိမရှိဘဲ သဘောအလျောက် ကောက်တဲ့ "ရသင့်"သဘောကို နားလည်ဖို့ လိုပါတယ်။

၁။ ဝိကလဖြစ်တဲ့ ကာမာဝစရ ၆–ဘုံ၊

၂။ သောမနဿ ဥပေက္ခာကွဲတဲ့ ရူပ ၁၅–ဘုံ၊ ဒီနှစ်ချက်ကို ဝိဘင်းမရှိသော်လဲ ရသင့်သည်အားလျော်စွာ "ရသင့်"အနေဖြင့် ခွဲဝေကောက်ရပါမယ်။

၁။ စက္ခုမူ သောမနဿမူလီမှာ ၁–မှ ဒုဂ္ဂတိအဟိတ် အပါယ် ၄–ဘုံနှင့်၊ ၂–မှ ဝေဟပ္ဖိုလ်ပုဂ္ဂိုလ်ဘုံကို စက္ခု၏တစ်ဖက်ရမှာ "ရသင့်"ကောက်ရပါမယ်၊ ၁–မှကျန်သော ကာမာဝစရနှစ်ဘုံနှင့်၊ ၂–မှ သောမနဿပုဂ္ဂိုလ်ဘုံများကိုတော့ အတိတ်မူလီ သောမနဿကလဲ ရနိုင်ပါတယ်။

အတိတ် ပဋိလောမ တစ်ဖက်ရမှကျန်တဲ့ ရူပါဝစရစဝန္တဥပေက္ခာပုဂ္ဂိုလ်ဘုံများကို ပစ္စနိက်နှစ်ဖက်ရမှာ "ရသင့်"ကောက်ရပါမယ်။

၂။ စက္ခုမူ ဥပေက္ခာမူလီမှာ ရူပါဝစရ ဥပပဇ္ဇန္တ သောမနဿ ပုဂ္ဂိုလ်ဘုံများကို စက္ခု၏ တစ်ဖက်ရမှာ "ရသင့်"ကောက်ရပါမယ်၊ (အပါယ်ကိုတော့ မူလီဥပေက္ခာလဲ ရနိုင်ပါတယ်။) အတိတ်ပဋိလောမ တစ်ဖက်ရမှကျန်တဲ့ ရူပါဝစရစဝန္တ သောမနဿပုဂ္ဂိုလ်ဘုံများကို ပစ္စနိက်နှစ်ဖက်ရမှာ "ရသင့်" ကောက်ရပါမယ်။

၃။ စက္ခုမူ သဒ္ဓါဒိမူလီတို့မှာ အပါယ်ကို စက္ခု၏တစ်ဖက်ရမှာ "ရသင့်" ကောက်ရပါမယ်။ အဲဒီလို စသည်ဖြင့် ဃာနမူစသည်တို့မှာလဲ သဘော အလျောက် ကောက်ပုံကို ချိန်ဆနိုင်လောက်ပါပြီ။

## ပစ္စုပ္ပန္နာနာဂတ

ပုဂ္ဂလ။ ။ဣတ္ထိမူ ပုရိသမူလီမှာ မိန်းမတို့သည် အရိယာဖြစ်စေ အရိယာမဟုတ်သည်ဖြစ်စေ သမာပတ်ရစ်ပါးနှင့် ပြည့်စုံသော်လည်း ဗြဟ္မပါရိသဇ္ဇာဘုံ၌သာဖြစ်၍ အထက်ဗြဟ္မာဘုံ၌ မဖြစ်နိုင်၊ တစ်ဖန် ဗြဟ္မပါရိသဇ္ဇာဘုံမှ ဆင့်၍ တက်သည့်သူကိုရည်၍ "ယာစ ဣတ္ထိယော ရူပါဝစရံ အရူပါဝစရံ"အစ ရှိသည်ကို ဟောတော်မူသတည်း။ (အရကောက် ၅၆၉။)

http://www.dhammadownload.com



အတီတာနာဂတဝါရ

အနုလုံ အနုလောမ တစ်ဖက်ရမှာ ပစ္ဆိမဘဝိက ဣတ္ထိဥပပဇ္ဇန္တကိုသာ ကောက်ခဲ့ပါတယ်၊ ဒါ့ကြောင့် ပစ္စနိက် နှစ်ဖက်ရမှာ ပစ္ဆိမဘဝိက ပုရိသဥပပဇ္ဇန္တကို "ရသင့်"ကောက်ပါ။

**ပုဂ္ဂလော**။ ။စက္ခုမူ သဒ္ဒါမူလီမှာ စက္ခုတစ်ဖက်ရ အပါယ်ကို "ရသင့်"ကောက်ပါ။

ဃာနမူ သောမနဿမူလီမှာ ပစ္စနိက်နှစ်ဖက်ရ၌ ဖြစ်ပြန်ကောင်း ရူပါဝစရ စဝန္တဖြစ်သော တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃-ယောက်တို့အား ဝေဟပ္ဖိုလ်ဘုံကို "ရသင့်"ကောက်ပါ။

ဃာနမူ ဥပေက္ခာမူလီမှာ ပစ္စနိက်နှစ်ဖက်ရ၌ သုဘကိဏှာတိုင်အောင် ၉-ဘုံကို "ရသင့်"ကောက်ပါ။

ဣတ္ထိမူ ပုရိသမူလီမှာ ပစ္စနိက်နှစ်ဖက်ရ ကာမပစ္ဆိမဘဝိကအတုကို ကောက်ရာမှာ ကာမာဝစရစဝန္တအပြင် နပုံပုရိသ ကာမာဝစရ ဥပပဇ္ဇန္တများကိုပါ ကောက်ပါ။ ယာစ ဣတ္ထိယော-စသော ဝိဘင်းအရလဲ ကာမာဝစရစဝန္တနှင့် နပုံပုရိသ ကာမာဝစရဥပပဇ္ဇန္တများကိုပါ ကောက်ပါ။

## အတီတာနာဂတဝါရ

အတီတာနာဂတဝါရဆိုတော့ သင်္ခါရတုန်းက ပြောခဲ့တဲ့အတိုင်း အတိတ်သရုပ်, အနာဂတ်သရုပ် (၂)ခုကို အချင်းချင်း တိုက်ဆိုင်ကြည့်ပါ၊ အနာဂတ် မရသော တရားကို အတိတ်က ယူနိုင်သလောက်ယူ၊ အတိတ်ရဲ့ တစ်ဖက်ရ၊ ကျန်တာ ပစ္စနိက်သွား။ အတိတ်မရသော တရားကို အနာဂတ်က ယူနိုင်သလောက်ယူ၊ အနာဂတ်ရဲ့ တစ်ဖက်ရ၊ ကျန်တာ ပစ္စနိက်သွား။ ကျန်တာမရှိရင်တော့ ဝိဘင်းစည်းကမ်းအတိုင်း နတ္ထိ, ပါဠိဂတိဝိဘင်းများ ထွက်ပါလိမ့်မယ်။

ဝါရယှက်များအတွက် ဒီလောက်ညွှန်းလိုက်တယ်ဆိုရင် ကျေနပ်လောက်ပါပြီ၊ သဘောအယူအဆနဲ့ ရှင်းလင်းသင်ပြနေတာဖြစ်လို့ မူလ+မူလီတစ်ခုချင်း အသေးစိတ်စရာ မလိုတော့ပါဘူး။

ဒီအနာဂတပုဂ္ဂလောကာသဝါရ စက္ခုမူ သဒ္ဒါဒိမူလီများမှာ အပါယ်ကို စက္ခုတစ်ဖက်ရ "ရသင့်"ကောက်ပါ။

ပဝတ္တိဝါရပထမပိုင်း ပြီး၏။

http://www.dhammadownload.com



## ပဝတ္တိဝါရ ဒုတိယပိုင်း၊ တရားသရုပ်အချုပ်

### ပစ္စုပ္ပန္နဝါရ

| ကာလ | ဇီဝိတ | သော | ဥပေက္ခာ | သဒ္ဓါဒိ-၄ | ပညာ | မန |
|---|---|---|---|---|---|---|
| ပဋိ၊ စု | ၂၀ ၀၀၀ | ၈ ၀၀၀ | ၁၁ ၀၀၀ | သဟိတ်၊ ၁၇ ၀၀၀ | တိဟိတ်၊ ၁၃ ၀၀၀ | ၁၉ ၀၀၀ |
| ပုဂ္ဂိုလ်- | ၄၊ ၃ | ၂၊ ၃ | ၄၊ ၃ | ၂၊ ၃ | ၁၊ ၃ | ၄၊ ၃ |
| ဘုံ- | ၃၁ | ၇၊ ၉ | ၁၁၊ ၁၊ ၅၊ ၄ | ၄၊ ၂၂ | ၄၊ ၂၂ | ၃၀ |
| ပဝတ္တိ | ၈၉ ၀၀၀ | ၆၂ ၀၀၀ | ' ၅၅ ၀၀၀ | ၅၉၊ ၇၃<br>၅၉၊ ၇၂ ၀၀၀ | ၄၇ ၀၀၀ | ၈၉ ၀၀၀ |
| | ကာလခွဲအားလုံး | | ပုဂ္ဂိုလ်-၄၊ ၈။ | | ဘုံ-၃၀။ | |

အတိတ်-ပုဂ္ဂလ။ သဗ္ဗ-ဥ၊ စ၊ ပဝတ္တိ-ဥပ္ပါ၊ ဘင်္ဂ။ အားလုံးရ။

### အတိတ်၊ ပုဂ္ဂလော

| အရင်းခံသရုပ် | × | သောမှတစ်ပါးအားလုံးရ | အားလုံးရ |
|---|---|---|---|
| ၁-သုဒ္ဓါဝါသ<br>၂-ကြွင်း စတု၊ ပဉ္စဝေါ<br>၃-အသညသတ်(ဇီဝိတသာ) | ပဋိ ၀၀၀ | ဘွင်ဘွင် (သော) ပ ဓ | ဓဓဓဓဓဓ-စု။<br>ပဋိ-- စု။ |

### အနာဂတဝါရ

| အရင်းခံသရုပ် | ဇီ၊ သော၊ ဥ | ဇီ (သော / ဥ) | |
|---|---|---|---|
| သော၊ ဖြင့်ပရိပြု<br>ဥ၊ ဖြင့်ပရိပြု<br><br>အသညသတ် | အစမထင်-ဘွင်ဘွင်(ဥ) ဓဓဓဓ<br>အစမထင်-ဘွင်ဘွင်(သော)ဓဓဓဓ<br>မဂ်ကိုမရလတ္တံ့သော မကျွတ်ထိုက်ပုထု<br>နိရောဓ၊ အသညသတ် (ဇီဝိတသာ) | ဓ ရှိရှိဖဘွင် ၀၀၀<br>ဓ ရှိရှိဖဘွင် ၀၀၀ | ပစ္ဆိမ ၀၀၀<br>ပစ္ဆိမ ၀၀၀ |

မှတ်ချက်။ ။သဒ္ဓါဒိ ၆-ပါးတို့လည်း ဇီဝိတနည်းတူ ရကြသည်။

http://www.dhammadownload.com



## ပစ္စုပ္ပန္နဝါရ

ဒီဒုတိယပိုင်းမှာ ပဋိသန္ဓေခန်း, ပဝတ္တိခန်း–လို့ နှစ်မျိုးရှိပါတယ်၊ ပဋိသန္ဓေခန်းကို ပထမပိုင်းမှာ သရုပ်ခွဲပြခဲ့ပါပြီ၊ ပဝတ္တိခန်းကိုတော့ နားမလည်နိုင်စရာ မရှိပါဘူး၊ စိတ်ကိုပင် သရုပ်ခွဲပြီး ဟောရပါမယ်။

ဇီဝိတိန္ဒြေ မနိန္ဒြေတို့အရ စိတ် ၈၉–ပါးလုံး ရပါတယ်၊ သောမနဿိန္ဒြေ စသည်တို့၏ သမ္ပယုတ်, ဝိပ္ပယုတ်သဘောကို အောက်ပါအတိုင်း မှတ်သားရပါမယ်။

**သောမနဿ**

**သမ္ပယုတ်**– သောမနဿသဟဂုတ်စိတ်–၆၂။

**ဝိပ္ပယုတ်**– သုခ, ဒုက္ခ, ဒေါမနဿ, ဥပေက္ခာ။

**ဥပေက္ခာ**

**သမ္ပယုတ်**–ဥပေက္ခာသဟဂုတ်စိတ်–၅၅။

**ဝိပ္ပယုတ်**– သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ။

**သဒ္ဓါ၊ သတိ**

**သမ္ပယုတ်**–သောဘနစိတ်–၅၉။

**ဝိပ္ပယုတ်**– အသောဘနစိတ်–၃၀။

**ဝီရိယ**

**သမ္ပယုတ်**–ဝီရိယဖြစ်သောစိတ်–၇၃။

**ဝိပ္ပယုတ်**– ဝီရိယမဖြစ်သောစိတ်–၁၆။ (အရူပဘုံ၌ ဝီရိယဝိပ္ပယုတ်စိတ်များ မဖြစ်နိုင်၍ ပဥ္စဝေါကာရ–၂၆ဘုံသာ။)

**သမာဓိ**

**သမ္ပယုတ်**–၇၂။ (ဝီရိယသမ္ပယုတ်စိတ်ထဲ ဝိစိကိစ္ဆာကိုနုတ်။)

**ဝိပ္ပယုတ်**– ၁၇။ (ဝီရိယသမ္ပယုတ်စိတ်ထဲ ဝိစိကိစ္ဆာကိုထည့်။)

http://www.dhammadownload.com



**ပညာ**

**သမ္ပယုတ်**–ဉာဏသမ္ပယုတ် ကာမာဝစရသောဘနစိတ်–၁၂၊ မဟဂ္ဂုတ် လောကုတ္တရာ–၃၅။

**ဝိပ္ပယုတ်**– အကု–၁၂၊ အဟိတ်–၁၈၊ ဉာဏဝိပ္ပယုတ်ကာမာဝစရသော ဘနစိတ်–၁၂။

**လေးချက်ကိန်းသေ စက်လှည့်ပုံ**

သမ္ပယုတ် ဝိပ္ပယုတ်သဘောကို နားလည်ပြီးနောက်––

၁။ မူသာရ၍ မူလီမရသော တရား။

၂။ မူလီသာရ၍ မူမရသော တရား။

၃။ နှစ်ပါးစုံရသော တရား။

၄။ နှစ်ပါးစုံမရသော တရား–လို့ မူလမူလီအလိုက် လေးချက်ကိန်းသေ စက်လှည့်သွားဟန်ကို နားလည်သဘောကျပါက ပစ္စုပ္ပန္နဝါရကို ပိုင်နိုင်စွာ ဟောနိုင်ပါလိမ့်မယ်၊ ထို့ကြောင့် ဆက်လက်လေ့လာပါ။

**သောမနဿမူ**

**သောမနဿ+ဥပေက္ခာ**

၁။ သောမနဿ–၆၂။

၂။ ဥပေက္ခာ–၅၅။

၃။ မရှိ။

၄။ သုခ, ဒုက္ခ, ဒေါမနဿ။

**သောမနဿ+သဒ္ဓါ၊ သတိ**

၁။ လောဘမူ သောမနဿ–၄၊ သော–သဒ္ဓါ၊ ဟသိတုပ္ပါဒ်။

၂။ သဟိတ်ဥပေက္ခာ–၃၅။

၃။ ကာမာဝစရ သော–၁၂၊ မဟဂ္ဂုတ် လောကုတ္တရာ သော–၄၄။

၄။ အကုဥပေက္ခာ–၆၊ ဒေါ–၂၊ အဟိတ်ဥ–၁၄၊ ကာယဝိညာဉ်–၂။

http://www.dhammadownload.com



ပစ္စုပ္ပန္နဝါရ

**သောမနဿ+ဝီရိယ**

၁။ သောမနဿသန္တီရဏ။

၂။ အကုဥ–၆၊ ဒေါ–၂၊ မနောဒွါ၊ ကာမာဝစရဥ–၁၂၊ ပဥ္စမရျာန်–၂၃။

၃။ လောဘမူသော–၄၊ ဟသိတုပ္ပါဒ်၊ ကာမာဝစရသော–၁၂၊ မဟဂ္ဂုတ် လောကုတ္တရာ သော–၄၄။

၄။ ဒွေးပဥ္စ–၁၀၊ ပဥ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်း၊ ဥပေက္ခာသန္တီရဏ–၂။

**သောမနဿ+သမာဓိ**

၁။ ဝီရိယမူနှင့် မကွာလှပါ၊ ၂–၌ ဝိစိကိစ္ဆာကြဉ်ပြီး ၄–၌သွင်းရုံသာ။

**သောမနဿ+ပညာ**

၁။ အကုသော–၄၊ သောသန္တီရဏ၊ ဟသိတုပ္ပါဒ်၊ ဉာဏဝိပ္ပယုတ်သော–၆။

၂။ ဉာဏသမ္ပယုတ် ဥ–၆၊ ပဥ္စမရျာန်–၂၃။

၃။ ဉာဏသမ္ပယုတ်သော–၆၊ မဟဂ္ဂုတ်လောကုတ္တရာသော–၄၄။

၄။ အကုဥ–၆၊ ဒေါ–၂၊ အဟိတ်ဥ–၁၄၊ ကာယဝိညာဉ်–၂၊ ကာမာဝစရ ဉာဏဝိပ္ပယုတ်ဥ–၆။

**သောမနဿ+မန**

၁။ မရှိ။

၂။ သုခ, ဒုက္ခ, ဒေါမနဿ, ဥပေက္ခာ။

၃။ သောမနဿ–၆၂။

၄။ မရှိ။

ဥပေက္ခာမူ

**ဥပေက္ခာ+သဒ္ဓါ၊ သတိ**

၁။ အကုဥ–၆၊ အဟိတ်ဥ–၁၄။

၂။ ကာမာဝစရ သော–၁၂၊ မဟဂ္ဂုတ် လောကုတ္တရာ သော–၄၄။

၃။ ကာမာဝစရဥ–၁၂၊ ပဥ္စရျာန်–၂၃။

၄။ လောဘမူသော–၄၊ ဒေါ–၂၊ ကာယဝိညာဉ်–၂၊ သောသန္တီ၊ ဟသိတုပ္ပါဒ်။

http://www.dhammadownload.com



### ဥပေက္ခာ+ဝီရိယ

၁။ မနောဒွါရာဝဇ္ဇန်းကြဉ် အဟိတ်ဉ–၁၃။။

၂။ လောဘမူသော–၄၊ ဒေါ–၂၊ ဟသိတုပ္ပါဒ်၊ ကာမာဝစရသော–၁၂၊ မဟဂ္ဂုတ်လောကုတ္တရာသော–၄၄။

၃။ အကုဉ–၆၊ မနောဒွါ၊ ကာမာဝစရဉ–၁၂၊ ပဋ္ဌမဈာန်–၂၃။

၄။ ကာယဝိညာဉ်–၂၊ သောသန္တီ။

### ဥပေက္ခာ+သမာဓိ

ဝီရိယမှုလီနှင့် မကွာလှပါ၊ ၃–မှုဝိစိကိစ္ဆာကို ၁–၌သွင်းရုံသာ။

### ဥပေက္ခာ+ပညာ

၁။ အကုဉ–၆၊ အဟိတ်ဉ–၁၄၊ ဉာဏဝိပ္ပယုတ်ဉ–၆။

၂။ ဉာဏသမ္ပယုတ်သော–၆၊ မဟဂ္ဂုတ်လောကုတ္တရာသော–၄၄။

၃။ ဉာဏသမ္ပယုတ်ဉ–၆၊ ပဋ္ဌမဈာန်–၂၃။

၄။ လောဘမူသော–၄၊ ဒေါ–၂၊ ကာယဝိညာဉ်–၂၊ သောသန္တီ၊ ဟသိတုပ္ပါဒ်၊ ဉာဏဝိပ္ပယုတ်သော–၆။

### ဥပေက္ခာ+မန

၁။ မရှိ။

၂။ သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ။

၃။ ဥပေက္ခာ–၅၅။

၄။ မရှိ။

## သဒ္ဓါ၊ သတိမူ

### သဒ္ဓါ၊ သတိ+ဝီရိယ

၁။ မရှိ။

၂။ အကု–၁၂၊ မနောဒွါရာဝဇ္ဇန်း၊ ဟသိတုပ္ပါဒ်။

၃။ သောဘနစိတ်–၅၉။ (အကျယ်–၉၁။)

၄။ ဝီရိယမယှဉ်သောစိတ်–၁၆။

http://www.dhammadownload.com



ပစ္စုပ္ပန္နဝါရ

**သဒ္ဓါ၊ သတိ+သမာဓိ**

ဝီရိယနှင့် မကွာလှပါ၊ ၂-မှ ဝိစိကိစ္ဆာကို ၄-၌သွင်းရုံသာ။

**သဒ္ဓါ၊ သတိ+ပညာ**

၁။ ဉာဏဝိပ္ပယုတ်-၁၂။

၂။ မရှိ။

၃။ တိဟိတ်စိတ်-၄၇။

၄။ အသောဘနစိတ်-၃၀။

**သဒ္ဓါ၊ သတိ+မန**

၁။ မရှိ။

၂။ အသောဘနစိတ်-၃၀။

၃။ သောဘနစိတ်-၅၉။ (အကျယ်-၉၁။)

၄။ မရှိ။

=====

ဝီရိယမူ

**ဝီရိယ+သတိ**

၁။ အကု-၁၂၊ မနောဒွါ၊ ဟသိတုပ္ပါဒ်။

၂။ မရှိ။

၃။ သောဘနစိတ်-၅၉။ (အကျယ်-၉၁။)

၄။ ဝီရိယမယှဉ်သောစိတ်-၁၆။

**ဝီရိယ+သမာဓိ**

၁။ ဝိစိကိစ္ဆာ။

၂။ မရှိ။

၃။ သမာဓိမဖြစ်သောစိတ်-၇၂။

၄။ ဝီရိယမယှဉ်သောစိတ်-၁၆။

http://www.dhammadownload.com



**ဝီရိယ+ပညာ**

၁။ အကု-၁၂၊ မနောဒွါ၊ ဟသိတုပ္ပါဒ်၊ ဉာဏဝိပ္ပယုတ်-၁၂၊

၂။ မရှိ။

၃။ တိဟိတ်စိတ်-၄၇။

၄။ ဝီရိယမယှဉ်သောစိတ်-၁၆။

**ဝီရိယ+မန**

၁။ မရှိ။

၂။ ဝီရိယမယှဉ်သောစိတ်-၁၆။

၃။ ဝီရိယယှဉ်သောစိတ်-၇၃။

၄။ မရှိ။

[သမာဓိမူသည် ဝီရိယမူနှင့် မကွာလှပါ၊ ၁-၌ ဝိစိကိစ္ဆာကြဉ်သည်သာထူး၏။]

=====

## ပညာမူ

**ပညာ+မန**

၁။ မရှိ။

၂။ အကု-၁၂၊ အဟိတ်-၁၈၊ ဉာဏဝိပ္ပယုတ်-၁၂။

၃။ တိဟိတ်စိတ်-၄၇။

၄။ မရှိ။

http://www.dhammadownload.com



## အတီတဝါရ

အတိတ်ပုဂ္ဂလောကာသဝါရမှာ (အောက်ယမိုက်များ၌ ညွှန်ကြားပြီး အတိုင်း) အရင်းခံသရုပ်မှာ--

၁။ သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ။

၂။ သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ။

၃။ ဣတရေသံ စတုဝေါကာရာနံ ပဉ္စဝေါကာရာနံ။–တို့ဖြစ် ပါတယ်။

ဇီဝိတမူ သောမနဿစသောမူလီမှာ မူလီရစ်ခုတိုင်း၏ ပစ္စနိက်နှစ်ဖက်ရမှာ "သုဒ္ဓါဝါသာနံ ဥပပဇ္ဇန္တာနံ" လို့ မဟောဘဲ ကာလကွဲပြားသော ဇီဝိတိန္ဒြေ နှစ်ပါးလုံးနှင့် ဆက်ဆံစေရန် "သုဒ္ဓါဝါသာနံ ဥပပတ္တိစိတ္တဿ ဥပ္ပါဒက္ခဏေ" လို့ ဟောတော်မူပါတယ်။ "ကာလကွဲပြားသော"လို့ဆိုတာက နာမ်ဇီဝိတက စိတ္တက္ခဏတစ်ချက် အသက်ရှည်ပါတယ်၊ ရုပ်ဇီဝိတက ၁၇–ချက် အသက်ရှည် ပါတယ်၊ အသက်ရှည်တာချင်း မတူလို့ ကာလကွဲပြားသော–လို့ ဆိုခြင်းဖြစ်ပါ တယ်။

ဒီဇီဝိတမူ သောမနဿမူလီ ပစ္စနိက်နှစ်ဖက်ရမှာ အရကောက်ဆရာတော် ကြီးက "သုဒ္ဓါဝါသာနံ ဥပပဇ္ဇန္တာနံ"လို့ ဝိဘင်းထုတ်ပြပါတယ်၊ ဆဋ္ဌမူအရ ကောက်က ဋီကာဖွင့်များသို့လိုက်ပြီး "သုဒ္ဓါဝါသာနံ ဥပပတ္တိစိတ္တဿ ဥပ္ပါဒက္ခဏေ"လို့ ပြင်ထားတာ တွေ့ရပါတယ်။ အဲဒီတော့ တွေးခေါ်စဉ်းစား တတ်သောပုဂ္ဂိုလ်များ တွေးခေါ်စဉ်းစားနိုင်ရန် ဋီကာအဆိုအမိန့်များကို ထုတ်ပြ ချင်ပါတယ်၊ တွေးခေါ်စဉ်းစားကြည့်ဖို့ပါပဲ။

အတီတကာလဘေဒေ သုဒ္ဓါဝါသာနံ ဥပပတ္တိစိတ္တဿ ဥပ္ပါဒက္ခဏေ **တေသံ တတ္ထ သောမနဿိန္ဒြိယဉ္စ န ဥပ္ပဇ္ဇိတ္ထ ဇီဝိတိန္ဒြိယဉ္စ န ဥပ္ပဇ္ဇိ တ္ထာတိ** ဧတ္ထ "ဥပပတ္တိစိတ္တဿ ဥပ္ပါဒက္ခဏေ"တိ ကသ္မာ ဝုတ္တံ၊ နနု "သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ အသညသတ္တံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ သောမနဿိန္ဒြိယဉ္စ န ဥပ္ပဇ္ဇိတ္ထ မနိန္ဒြိယဉ္စ န ဥပ္ပဇ္ဇိတ္ထာ"တိ ဧတ္ထ ဝိယ "ဥပပဇ္ဇန္တာန"န္တိ ဝတ္တဗ္ဗန္တိ၊ န ဝတ္တဗ္ဗံ။

http://www.dhammadownload.com



ယထာ ဟိ သောမနဿိန္ဒြိယာနံ ဝသေန ဥပပဇ္ဇန္တာ ပုဂ္ဂလာ ဥပပတ္တိစိတ္တ သမင်္ဂိနော ဟောန္တိ၊ န ဧဝံ သောမနဿဇီဝိတိန္ဒြိယာနံ ဝသေန ဥပပတ္တိစိတ္တ သမင်္ဂိနော ယေဝ ဟောန္တိ။ ဇီဝိတိန္ဒြိယဿ ဟိ ဝသေန ယာဝ ပဉ္စမရူပဇီဝိတိန္ဒြိယံ စရတိ၊ တာဝ ဥပပဇ္ဇန္တာ နာမ ဟောန္တိ။ တဒါ စ ဒုတိယစိတ္တတော ပဋ္ဌာယ "ဇီဝိတိန္ဒြိယဉ္စ န ဥပ္ပဇ္ဇိဿတီ"တိ န သက္ကာ ဝတ္တုံ အရူပဇီဝိတိန္ဒြိယဿ ဥပ္ပဇ္ဇိတဗ္ဗ နိရုဒ္ဓတ္တာ၊ တသ္မာ ဥဘယံ ဥပ္ပါဒက္ခဏေ နိဒ္ဒိသီတံ။ ယထာ ဟိ "န နိရုဇ္ဈိဿတီ"တိ ဧတ္ထ လက္ခဏံ ဥပပတ္တိစိတ္တဿ ဒွိသု ခဏေသု လဗ္ဘမာနံ သဗ္ဗပဌမေန ဥပပတ္တိစိတ္တဿ ဘင်္ဂက္ခဏေန နိဒ္ဒိသီတံ၊ ဧဝမိဓာပိ ဒဋ္ဌဗ္ဗံ။ (မူလဋီကာ၊ ၁၆၀)

"ဥပပတ္တိစိတ္တဿ ဥပ္ပါဒက္ခဏေ"တိ ကသ္မာ ဝုတ္တန္တိ ယေနာဓိပ္ပါယေန စောဒနာ ကတာ၊ တမဓိပ္ပါယံ ဝိဝရိတုံ "နနု သုဒ္ဓါဝါသ"န္တိအာဒိ ဝုတ္တံ။ န ဝတ္တဗ္ဗန္တိ "ဥပပဇ္ဇန္တာန"န္တိ န ဝတ္တဗ္ဗံ၊ "ဥပပတ္တိစိတ္တဿ ဥပ္ပါဒက္ခဏေ"တွေဝ ဝတ္တဗ္ဗန္တိ အတ္ထော။ ဧတ္ထ ဒါနိ ယထာ "ဥပပဇ္ဇန္တာန"န္တိ န ဝတ္တဗ္ဗံ၊ တံ ဒဿေတုံ "ယထာ ဟိ"တိအာဒိ ဝုတ္တံ။ သောမနဿိန္ဒြိယာနန္တိ သောမနဿမနိန္ဒြိယာနံ၊ အယမေဝ ဝါ ပါဌော။ တဒါတိ ပဌမဿ ရူပဇီဝိတိန္ဒြိယဿ ဓရမာနကာလေ။ တသ္မာတိ ယသ္မာ ရူပါရူပဇီဝိတိန္ဒြိယာနံ အဝတ္ထာဝ ကာလဘေဒေါ၊ ဥဘယဝန္တွေ ဇီဝိတိန္ဒြိယဘာဝသာမညေန ဧကတ္တံ ကတွာ ဂယှတိ၊ တသ္မာ။ ဥဘယန္တိ သောမနဿိန္ဒြိယဇီဝိတိန္ဒြိယန္တိ ဧတံ ဥဘယံ။

**ဥပ္ပါဒက္ခဏေ နိဒ္ဒိသီတန္တိ** ဧတေန "ဥပပတ္တိစိတ္တဿ ဥပ္ပါဒက္ခဏေ"တိ ဧတံ နိဒ္ဒိသနမတ္တန္တိ ဒဿေတိ။ ဧတ္ထ ဒါနိ တမေဝတ္ထံ ဥဒါဟရဏေန ပါကဋံ ကာတုံ "ယထာ ဟိ"တိအာဒိ ဝုတ္တံ။ တတ္ထ ယထာ တာဒိသာနံ အနေကေသံ စိတ္တာနံ ဘင်္ဂက္ခဏေ လဗ္ဘမာနံ တဒေကဒေသေန သဗ္ဗပဌမဿ ဥပပတ္တိစိတ္တဿ ဘင်္ဂက္ခဏေန နိဒ္ဒိသီတံ၊ ဧဝမိဓာပိ ခဏဒွယေ လဗ္ဘမာနံ တဒေကဒေသေန ဥပ္ပါဒက္ခဏေန နိဒ္ဒိသီတန္တိ ဧဝံ နိဒ္ဒိသနတ္ထော ဝေဒိတဗ္ဗော။ (အနုဋီကာ၊ ၂၁၇-၈)

မူလဋီကာဆရာ၏ ဆိုလိုချက်က- ဣန္ဒြိယယမိုက် ပဝတ္တိ အတီတ ပုဂ္ဂလောကာသဝါရ ဇီဝိတမူ သောမနဿမူလီ ပစ္စနိက် ၂-ဖက်ရဉ္ဇ (သောမနဿိန္ဒြေမူ မနိန္ဒြေမူလီကဲ့သို့) "သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ"ဟု မဟောထိုက်၊ "သုဒ္ဓါဝါသာနံ ဥပပတ္တိစိတ္တဿ ဥပ္ပါဒက္ခဏေ"ဟု ဟောရသည်။ ချဲ့ဦးအံ့၊

http://www.dhammadownload.com



အတီတဝါရ

သုဒ္ဓါဝါသပဋိသန္ဓိခဏတ္တာယသမင်္ဂီပုဂ္ဂိုလ်တို့သည် သောမနဿမနိန္ဒြေနှစ်ပါးစုံ ဖြစ်ဆဲဖြစ်သကဲ့သို့ ဇီဝိတမူ သောမနဿမူလီ၌ကား ဖြစ်ဆဲသာမက ဖြစ်ဖူးပြီးလည်း ဖြစ်ကြသည်။ မှန်၏၊ ဇီဝိတသည် ရုပ်ဇီဝိတ, နာမ်ဇီဝိတ–ဟု ၂–မျိုးရှိ၏၊ နာမ်ဇီဝိတသည် စိတ္တက္ခဏတစ်ချက်သာ အသက်ရှည်၏၊ ရုပ်ဇီဝိတသည် ၁၇–ချက် အသက်ရှည်၏၊ ပဋိသန္ဓေစိတ်နှင့် အတူဖြစ်သော ပထမရုပ်ဇီဝိတိန္ဒြေခဏ၌ ဖြစ်ဆဲသာဖြစ်၍ ဒုတိယစိတ် (ပထမဘဝင်)မှစ၍ကား "ဇီဝိတိန္ဒြေ ဖြစ်ဖူးပြီး မဟုတ်"ဟု မဆိုနိုင်၊ "ဖြစ်ဖူးပြီး"ဟုသာ ဆိုရမည်ဖြစ်၏၊ အကြောင်းမှာ–နာမ်ဇီဝိတိန္ဒြေက ပဋိသန္ဓေစိတ်နှင့်အတူဥပါဒ်ပြီးနောက် ချုပ်ခဲ့သောကြောင့်တည်း။ ထိုသို့ ရုပ်ဇီဝိတရော နာမ်ဇီဝိတပါ ၃–ဖက်ရဖြစ်သည့် ပဋိသန္ဓေစိတ်၏ ဥပါဒ်ဖြင့် "သုဒ္ဓါဝါသာနံ ဥပပတ္တိစိတ္တဿ ဥပ္ပါဒက္ခဏေ"ဟု ဟောတော်မူသည်။

"န နိရုဇ္ဈိတ္ထ=ချုပ်ပြီးမဟုတ်"ဟူသော လက္ခဏာကို ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ, ဘင်ခဏ ၂–မျိုးလုံး၌ ရထိုက်သော်လည်း (ဥပါဒ်ခဏ မပါ) ဘင်ခဏဖြင့်သာ သတ်မှတ်သကဲ့သို့ "န ဥပ္ပဇ္ဇိတ္ထ=ချုပ်ပြီးမဟုတ်"ဟူသော လက္ခဏာကိုလည်း ဥပါဒ်ခဏ, ဘင်ခဏ ၂–မျိုးလုံး၌ ရထိုက်စေကာမူ (ဘင်ခဏ မပါ) ဥပါဒ်ခဏဖြင့်သာ သတ်မှတ်ပြတော်မူသည်။ (ဒါဟာ မူလဋီကာ အဓိပ္ပါယ်ဖြစ်ပါတယ်။)

ဒီသုဒ္ဓါဝါသနဲ့ ပတ်သက်လို့ အရကောက်ဆရာကြီးရဲ့ အယူအဆနဲ့ အရကောက်ပုံကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာကြည့်ကြရအောင်။

## ၁။ သုဒ္ဓါဝါသာနံ တေသံ တတ္ထ

သုဒ္ဓါဝါသာနံ တေသံ တတ္ထ ရူပက္ခန္ဓော စ နုပ္ပဇ္ဇိတ္ထ ဝေဒနာက္ခန္ဓော စ နုပ္ပဇ္ဇိတ္ထ။ (ပါဠိတော် ၊ပ၊ ၃၄)၊ သုဒ္ဓါဝါသာနံ–သုဒ္ဓါဝါသဘုံ၌ ဖြစ်ကုန်သော၊ တေသံ–ထိုပုဂ္ဂိုလ်တို့အား၊ တတ္ထ–ထိုသုဒ္ဓါဝါသဘုံ၌။ (ကောက်၊ ၇၄)

## ၂။ သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ

(က) သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ, အသညသတ္တာနံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ နော စ တေသံ တတ္ထ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇိတ္ထ။ (ပါဠိတော် ၊ ပ ၊ ၃၇)။ (ခ) သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ သမုဒယသစ္စဉ္စ နုပ္ပဇ္ဇိတ္ထ

http://www.dhammadownload.com



ဒုက္ခသစ္စဥ္စ နုပ္ပဇ္ဇိတ္ထ။ (ပါဠိတော် ၊ ပ ၊ ၂၁၇)။ သုဒ္ဓါဝါသံ (သုဒ္ဓါဝါသဘဝေ)– သုဒ္ဓါဝါသဘုံ၌၊ ဥပပဇ္ဇန္တာနံ–ပဋိသန္ဓေနေဆဲ ဖြစ်ကုန်သော၊ တေသံ–ထိုပုဂ္ဂိုလ် တို့အားငှင်း။ (ကောက်။ ၇၉)

## ၃။ သုဒ္ဓါဝါသာနံ ဥပပတ္တိစိတ္တဿ ဥပ္ပါဒက္ခဏေ

(က) သုဒ္ဓါဝါသာနံ ဥပပတ္တိစိတ္တဿ ဥပ္ပါဒက္ခဏေ, အသညသတ္တံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိ နော စ တေသံ တတ္ထ သမုဒယသစ္စံ ဥပ္ပဇ္ဇိတ္ထ။ (ပါဠိတော် ၊ ပ ၊ ၂၂၂)။ (ခ) သုဒ္ဓါဝါသာနံ ဥပပတ္တိစိတ္တဿ ဥပ္ပါ ဒက္ခဏေ တေသံ တတ္ထ သောမနဿိန္ဒြိယဉ္စ န ဥပ္ပဇ္ဇိတ္ထ ဇီဝိတိန္ဒြိယဉ္စ န ဥပ္ပဇ္ဇိတ္ထ။ (ပါဠိတော် ၊ တ ၊ ၁၈၂)။

သုဒ္ဓါဝါသာနံ–သုဒ္ဓါဝါသဘုံ၌ဖြစ်ကုန်သော၊ ဥပပတ္တိစိတ္တဿ–ပဋိသန္ဓေ စိတ်၏၊ ဥပ္ပါဒက္ခဏေ–ဥပ္ပါဒက္ခဏ၌၊ ဝတ္တမာနာနံ–ဖြစ်ကုန်သော၊ တေသံ– ထိုပုဂ္ဂိုလ်တို့အားလည်းကောင်း။ (မိုးထိမူ ၊ ဒု ၊ ၆၂–၃။ မ၊ ၄၆)

## ၄။ သုဒ္ဓါဝါသာနံ ဥပပဇ္ဇန္တာနံ

သုဒ္ဓါဝါသာနံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ သောမနဿိန္ဒြိယဉ္စ န ဥပ္ပဇ္ဇိတ္ထ ဇီဝိတိန္ဒြိယဉ္စ န ဥပ္ပဇ္ဇိတ္ထ။ (အရကောက်ဆရာကြီး ထုတ်ပြအပ်သည့် ဝိဘင်း။ ကောက်၊ ၅၄၃)။ သုဒ္ဓါဝါသာနံ–သုဒ္ဓါဝါသဘုံ၌ဖြစ်ကုန်သော၊ ဥပပဇ္ဇန္တာနံ– ပဋိသန္ဓေနေဆဲဖြစ်ကုန်သော၊ တေသံ–ထိုပုဂ္ဂိုလ်တို့အား။ (ဤသို့ အနက် ပေးပါ။)

(၁) အခုထုတ်ပြခဲ့တဲ့ ဝိဘင်း ၄–မျိုးအနက် ၁–နံပါတ်ဝိဘင်းအရ– ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ, စုတိစိတ်၏ ဘင်ခဏတို့ကိုသာဟောရာ ခန္ဓယမိုက်မှာ "သုဒ္ဓါဝါသာနံ"လို့ ဝိဘင်းထုတ်ပြပြီး အရကောက်ဆရာကြီးက သုဒ္ဓါဝါသ ဥပပဇ္ဇန္တစဝန္တပုဂ္ဂိုလ်များကို ကောက်ပြပါတယ်၊ (ကောက်။ ၇၄)။

(၂) ၂–နံပါတ်ဝိဘင်းအရ– (က) ခန္ဓယမိုက်မှာ သုဒ္ဓါဝါသဥပပဇ္ဇန္တ ပုဂ္ဂိုလ်ကို ကောက်ပြပါတယ်၊ (ကောက်၊ ၇၉)။ (ခ) ပဋိသန္ဓေခဏ, ပဝတ္တိခဏ, စုတိခဏ–ဟူသော ခဏ၃–ပါးလုံးကိုဟောရာ သစ္စယမိုက်မှာတော့ ခဏတ္တယ သမင်္ဂီပုဂ္ဂိုလ်ကို ကောက်ပြပါတယ်၊ (ကောက်၊ ၂၂၃)။

http://www.dhammadownload.com



အတီတဝါရ

(၃) ၃-နံပါတ်ဝိဘင်းအရ- သစ္စယမိုက် ပစ္စုပ္ပန္နာတီတ ပုဂ္ဂလောကာသ ဝါရ ဒုက္ခမူ သမုဒယမူလီမှာ (အတိတ်ဝီထိကိုကြည့်ပါ) အတိတ်သမုဒယ မရတဲ့ ပဋိသန္ဓေအပိုင်း, ပထမဘဝင်မှစ၍ ဘဝနိကန္တိက ပထမဇောတိုင်အောင်အပိုင်း၊ ဒီအပိုင်း ၂-ပိုင်းကို ပစ္စုပ္ပန်ဒုက္ခရဲ့ တစ်ဖက်ရအနေနဲ့ "သုဒ္ဓါဝါသာနံ ဥပပတ္တိစိတ္တဿ ဥပ္ပါဒက္ခဏေ"လို့ ဝိဘင်းထုတ်ပါတယ်။ ဒီဝိဘင်းက ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏကိုသာ မုချအားဖြင့် ရပါတယ်၊ ဒီဥပါဒ်နဲ့ အလားတူတဲ့ ပထမဘဝင်ကစပြီး ဘဝနိကန္တိက ပထမဇောတိုင်အောင် စိတ်တို့၏ ဥပါဒ်များ ကိုလဲ သဒိသူပစာအားဖြင့် အရကောက်ဆရာကြီးက ကောက်ပြပါတယ်၊ (ကောက်၊ ၂၃၉)။

(၄) ၄-နံပါတ် ဝိဘင်းကတော့ ဒီဣန္ဒြိယယမိုက်မှာ အရကောက်ဆရာကြီး ထုတ်ပြတဲ့ ဝိဘင်းဖြစ်ပါတယ်၊ ပဋိသန္ဓေစိတ်၏ ခဏတ္တယသမင်္ဂီပုဂ္ဂိုလ်ကို ကောက်ပြပါတယ်၊ (ကောက်၊ ၅၄၃)။

ကာလကွဲပြားတယ်ဆိုတာနဲ့ ပတ်သက်လို့- ရုပ်သက် ၁၇-ချက်လို့ဆိုသော်လည်း ရုပ်၏ဥပါဒ်ခဏနှင့် ဘင်ခဏတို့ဟာ စိတ်၏ဥပါဒ်ခဏ ဘင်ခဏတို့နဲ့ သက်တမ်းတူပါတယ်၊ ဌီခဏကသာ စိတ်၏ခဏငယ်ပေါင်း ၄၉-ချက် (ခဏကြီး ၁၆-ချက်နှင့် ခဏငယ်တစ်ချက်)ခန့် ကွာခြားခြင်းဖြစ်ပါတယ်။ ဒီလိုဆိုတော့ သုဒ္ဓါဝါသပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှာ ရုပ်ဇီဝိတ, နာမ်ဇီဝိတ, သောမနဿတို့ သုံးပါးဟာ ဖြစ်ဆဲသာ ရှိကြပါသေးတယ်၊ ဖြစ်ဖူးပြီး မဟုတ်ကြပါဘူး။ ဒါ့ကြောင့် "သုဒ္ဓါဝါသာနံ ဥပပတ္တိစိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ သောမနဿိန္ဒြိယဉ္စ နုပ္ပဇ္ဇိတ္ထ ဇီဝိတိန္ဒြိယဉ္စ နုပ္ပဇ္ဇိတ္ထ"လို့ ပစ္စနိက် ၂-ဖက်ရထုတ်ခြင်း ဖြစ်တယ်လို့ ယူဆပါတယ်။ ဒီလိုဆိုရင် အရကောက်တဲ့အခါ ခဏတ္တယလုံးကို မကောက်ဘဲ ဥပါဒ်ခဏကိုသာ ကောက်ရပါမယ်။

အရကောက်ဆရာကြီးက "သုဒ္ဓါဝါသာနံ ဥပပဇ္ဇန္တာနံ"လို့ ဝိဘင်းထုတ်ပြီး ခဏတ္တယလုံးကို ကောက်ပြထားပါတယ်၊ ဝိဘင်းပါဠိနဲ့ အရကောက် ကိုက်ညီပါပေတယ်။ အရကောက်ဆရာတော်ကြီးရဲ့ ဉာဏ်အား ဝီရိယအားတွေဟာ ပေါ့သေးသေး မဟုတ်ဘူးနော၊ "အဆက်ဆက်သော ဆရာတို့၏အထံမှ ဆောင်အပ် ဆုံးဖြတ်အပ်သော အဆုံးအဖြတ်ကိုသိသော တောင်ဘီလူးဆရာတော် "အနန္တဓဇ မဟာရာဇဂုရု"အထံတော်မှ ရအပ်သော အမိပ္ပါယ်တွေ အရကောက်တွေ"တဲ့။

http://www.dhammadownload.com



ကဲ–ဆက်ကြဦးစို့၊ အတီတဝါရသက်သက်မှာ ဝီထိစိတ်တွေကို ဥပါဒ်ခဏ, ဘင်ခဏ ခွဲဟောတာ ရှားပါတယ်၊ ခဏတ္တယအားလုံးကိုဟောတာ များပါတယ်၊ အခုထုတ်ပြထားတဲ့ ၃–နံပါတ် (က)သစ္စယမိုက်မှာသာ သဒိသူပစာအားဖြင့် ကောက်စရာရှိလို့ ဥပါဒ်ခဏကို ခွဲဟောထားတာ တွေ့ရပါတယ်။ ဒီဣန္ဒြိယယမိုက် အတီတပုဂ္ဂလောကာသဝါရ ဇီဝိတမူ သောမနဿမူလီမှာ သဒိသူပစာအားဖြင့် ကောက်စရာ မရှိပါဘူး၊ ဒါ့ကြောင့် အရကောက် ဆရာကြီးက ခဏတ္တယလုံးကို ရနိုင်တဲ့ ဝိဘင်းကိုထုတ်ပြီး ခဏတ္တယလုံးကို ကောက်ပြတယ်–လို့ ယူဆပါတယ်။

အဲဒီတော့ ဋီကာဆရာများဖွင့်ပြတဲ့ "သုဒ္ဓါဝါသာနံ ဥပပတ္တိစိတ္တဿ ဥပ္ပါဒက္ခဏေ"ကို ကြိုက်ပြီး အရကောက်ဆရာကြီး ထုတ်ပြတဲ့ "သုဒ္ဓါဝါသာနံ ဥပပဇ္ဇန္တာနံ"ကို မကြိုက်လျှင် အရကောက်ဆရာကြီးကောက်ပြတဲ့ ဆိုရိုးကိုလဲ ပြင်ကောက်မှ သဘာဝကျပါလိမ့်မယ်၊ မှန်ကန်ပါလိမ့်မယ်။ ဆိုလိုတာက "သုဒ္ဓါဝါသာနံ ဥပပတ္တိစိတ္တဿ ဥပ္ပါဒက္ခဏေ"ကိုကြိုက်လျှင် ပဋိသန္ဓေစိတ်၏ ဥပါဒ်ကိုသာကောက်ပါ၊ "သုဒ္ဓါဝါသာနံ ဥပပဇ္ဇန္တာနံ"ကိုကြိုက်လျှင် ပဋိသန္ဓေစိတ်၏ ခဏတ္တယကို ကောက်ပါလို့ ဆိုလိုပါတယ်။

အခုပြောခဲ့တာတွေဟာ သုဒ္ဓါဝါသနဲ့ပတ်သက်လို့ အရကောက်ဆရာကြီးရဲ့ အယူအဆနဲ့ အရကောက်ပုံတွေကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာခြင်းဖြစ်ပါတယ်၊ မိမိရဲ့ ဉာဏ်မီသလောက်, သဘောပေါက်သလောက် လေ့လာခြင်းမျှသာဖြစ်လို့ စိတ်ပါဝင်စားတဲ့ ပညာရှင်များ ဆက်လက်လေ့လာနိုင်ကြပါတယ်၊ အခက်အခဲတွေ့လေ ဉာဏ်ထက်လေပါပဲ၊ အခက်အခဲဟူသည် ဉာဏ်၏ဓားသွေးကျောက်။

## အနာဂတဝါရ

အနာဂတပုဂ္ဂလဝါရမှာ နိရောဓသမာပန္နပုဂ္ဂိုလ် အသညသတ်ပုဂ္ဂိုလ်များလဲ ဇီဝိတစသော ဣန္ဒြေအားလုံး ဖြစ်လတ္တံ့ ချုပ်လတ္တံ့ ရပါတယ်၊ ဒါပေမယ့် သီးသန့်ဝိဘင်း မထုတ်ပါဘူး၊ ဝါရယှက် ပစ္စုပ္ပန္နာနာဂတဝါရမှာတော့ အနာဂတ်၏ တစ်ဖက်ရဝိဘင်း ထုတ်ပါလိမ့်မယ်၊ ဇီဝိတမူ သဒ္ဒါဒိမူလီ

http://www.dhammadownload.com



အနာဂတဝါရ

အနုလုံအာမန္တာအရ အရကောက်စာအုပ်ကြီးမှာ သုံးနည်း ကောက်ပြထား ပါတယ်။ (ကောက်နှာ၊ ၅၅၀၊ ၁)။

ပုဂ္ဂလောကာသဝါရမှာတော့ အသညသတ်ကို ဓိဝိတိန္ဒြေသာ ရပါတယ်၊ နိရောဓသမာပန္နပုဂ္ဂိုလ်ကိုတော့ လုံးဝ မရပါဘူး။

ဒီအနာဂတဝါရမှာ အရင်းခံပုဂ္ဂိုလ်များက–

၁။ မဂ်ကို ရလတ္တံ့သော ပုဂ္ဂိုလ်၊

၂။ မဂ်ကို မရလတ္တံ့သော ပုဂ္ဂိုလ်–လို့ နှစ်မျိုးရှိပါတယ်။ [ပုဂ္ဂလောကာသဝါရမှာ အသညသတ်ပါ ၃–မျိုးရှိပါတယ်။]

အဲဒီနှစ်မျိုးထဲက မဂ်ကို ရလတ္တံ့သော ပုဂ္ဂိုလ်မှာလဲ–

၁။ သောမနဿဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သော ပုဂ္ဂိုလ်၊

၂။ ဥပေက္ခာဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သော ပုဂ္ဂိုလ်–လို့ နှစ်မျိုး ရှိပြန်ပါတယ်။ ဒါ့ကြောင့် သောမနဿဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့ဝီထိ, ဥပေက္ခာဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့ဝီထိ–လို့ နှစ်မျိုးချပြထားပါတယ်။ ဝီထိနှစ်ခုရဲ့ သဘောသွား မှာ အတူတူပင် ဖြစ်ပါတယ်၊ အဲဒီ ဝီထိများမှာ အပိုင်းသုံးပိုင်း ရှိပါတယ်၊ ၎င်းတို့၏ အစဉ်အတိုင်း ဝိဘင်းများမှာ–

၁။ ဣတရေသံ (စတုဝေါကာရာနံ ပဉ္စဝေါကာရာနံ)။

၂။ (က) ယဿ စိတ္တဿ အနန္တရာ သောမနဿသမ္ပယုတ္တပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ။

(ခ) ယဿ စိတ္တဿ အနန္တရာ ဥပေက္ခာသမ္ပယုတ္တပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ။

၃။ ပစ္ဆိမစိတ္တသမင်္ဂီနံ။

## ပုဂ္ဂိုလ်အရကောက်ပုံ

၁။ သောမနဿဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သောသူ ဖြစ်အံ့၊ အဆုံးစွန်သော ဥပေက္ခာသဟဂုတ်မှစပြီး ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင်မှာ အရဟတ္တဖလဇ္ဈာန် ပုဂ္ဂိုလ်တစ်ယောက်သာ ကောက်ရ၏။ အကြောင်းမှာ ဝီထိဟူသမျှ အာဝဇ္ဇန်း ကင်းပြီး မဖြစ်ကောင်းသောကြောင့် ဖြစ်ပါတယ်။ (အရကောက်၊ ၅၅၀)။

http://www.dhammadownload.com



ရှင်းပြပါဦးမယ်၊ သောမနဿဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သောပုဂ္ဂိုလ်၏ မရဏာသန္နဝီထိ၌ ဇော, တဒါရုံတို့သည် သောမနဿပင် ဖြစ်စေကာမူ မနောဒွါရာဝဇ္ဇန်းသည် အဆုံးစွန်သော ဥပေက္ခာသဟဂုတ်စိတ် ဖြစ်ရပါတယ်၊ ဇော, တဒါရုံတို့က ဥပေက္ခာဖြစ်ခဲ့သော်ကား ပြောစရာပင် မလိုပေ၊ ပဋ္ဌမဇော ဒုတိယ တဒါရုံတို့သည်ပင် အဆုံးစွန်သော ဥပေက္ခာသဟဂုတ်စိတ် ဖြစ်ပါတယ်။

အဲဒီ မနောဒွါရာဝဇ္ဇန်း (သို့မဟုတ် ပဋ္ဌမဇော, ဒုတိယတဒါရုံ)ဟူသော အဆုံးစွန်သော ဥပေက္ခာသဟဂုတ်စိတ်နှင့် ပစ္ဆိမစိတ်တို့၏အကြားမှာ မဂ်ဖိုလ် ဖြစ်ခွင့် လုံးဝ မရှိတော့ပါ၊ ဒါ့ကြောင့် အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တစ်ယောက်သာ ကောက်ရပါတယ်။ [အဆုံးစွန်သော ဥပေက္ခာသဟဂုတ်နှင့် ပစ္ဆိမစိတ်တို့၏ အကြားသည် အောက်မဂ် အောက်ဖိုလ်တို့၏ နယ်ပယ် မဟုတ်တော့၊ ရဟန္တာ ပုဂ္ဂိုလ်၏ နယ်ပယ်သာ ဖြစ်၏–လို့ ဆိုလိုပါတယ်။]

၂။ ဥပေက္ခာဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သောသူ ဖြစ်အံ့၊ အဆုံးစွန်သော သောမနဿသဟဂုတ်မှစပြီး ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင်မှာ ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်, အရိယာ ရှစ်ယောက်ကို ကောက်ရပါတယ်။ အကြောင်းမှာ အဆုံးစွန်သော သောမနဿသဟဂုတ်စိတ်နှင့် ပစ္ဆိမစိတ်တို့၏ အကြားမှာ–ဥပေက္ခာသဟဂုတ် မဂ္ဂဝီထိ, ဖလသမာပတ္တိဝီထိများ ထိုက်သည့် အားလျော်စွာ ဖြစ်နိုင်ခွင့် ရှိသေးသောကြောင့် ဖြစ်ပါတယ်။

ရှင်းပြပါဦးမယ်၊ ဥပေက္ခာဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သော ပုဂ္ဂိုလ်၏ မရဏာသန္နဝီထိမှာ ဇောတဒါရုံတို့သည် (သောမနဿဖြစ်က) အဆုံးစွန်သော သောမနဿပင် ဖြစ်ပါတယ်၊ ဒါပေမယ့် အဲဒီ သောမနဿ ဇောတဒါရုံတို့၏ နောက် ပရိနိဗ္ဗာန်ပြုခါနီးကာလမှာ ဥပေက္ခာသဟဂုတ်မဂ္ဂဝီထိ ဖလသမာပတ္တိဝီထိများ ထိုက်သည့်အားလျော်စွာ ဖြစ်ကြရပါသေးတယ်၊ ဒါ့ကြောင့် ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်, အရိယာရှစ်ယောက်ကို ကောက်ရပါတယ်။ ထပ်ရှင်းပြပါဦးမယ်၊ အကယ်၍ ပဋ္ဌမဇောဖြစ်စေ, ဒုတိယတဒါရုံဖြစ်စေ အဆုံးစွန်သော သောမနဿဖြစ်ပါက အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ် တစ်ယောက်ကိုသာ ကောက်သင့်ပါတယ်၊ ဒါပေမယ့်လဲ ဆိုခဲ့ပြီးသည့်အတိုင်း အဆုံးစွန်သော သောမနဿဇောနောင် ဥပေက္ခာသဟဂုတ် မဂ္ဂဝီထိ ဖလသမာပတ္တိဝီထိများ

http://www.dhammadownload.com



ဖြစ်ကြရဦးမှာ ဖြစ်သောကြောင့် အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တစ်ယောက်ကိုသာ မကောက်သင့်တော့ပါဘူး၊ ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်နှင့် အရိယာရှစ်ယောက်လုံးကို ကောက်နိုင်ခွင့် ရှိပါတော့တယ်။

## ပစ္စုပ္ပန္နာတီတ၊ ပုဂ္ဂလော

သောမနဿမူ ဥပေက္ခာမူလီ ပဋိလောမ တစ်ဖက်ရမှာ ပါဠိတော်စာအုပ်၌ "သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ, သောမနဿဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ" လို့ရှိပါတယ်၊ အရကောက်စာအုပ်မှာတော့ "စတုဝေါကာရာ ပဉ္စဝေါကာရာ စဝန္တာနံ, ပဝတ္တေ စိတ္တဿ ဘင်္ဂက္ခဏေ, သောမနဿဝိပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ"လို့ ရှိပါတယ်။

## ပစ္စုပ္ပန္နာနာဂတ၊ ပုဂ္ဂလ

ဒီ ပစ္စုပ္ပန္နာနာဂတဝါရမှာ သောမနဿ ဥပေက္ခာတို့ မူတည်ခဲ့သော် ပစ္ဆိမစိတ်ကို သောမနဿပစ္ဆိမ ဥပေက္ခာပစ္ဆိမ–လို့ နှစ်မျိုးခွဲကိုင်ရပါမယ်၊ စိတ်ခဲ့သော် လေးစိတ်ရှိပါတယ်။

၁။ သောမနဿသမ္ပယုတ္တ ပစ္ဆိမစိတ္တသမင်္ဂီနံ။ (ဥပ္ပါဒက္ခဏ, ဘင်္ဂက္ခဏ ဟု နှစ်စိတ်စိတ်ပါ။)

၂။ ဥပေက္ခာသမ္ပယုတ္တပစ္ဆိမစိတ္တသမင်္ဂီနံ။ (နည်းတူ ၂–စိတ်စိတ်ပါ။)

သောမနဿမူ ဥပေက္ခာမူလီ၏ ပစ္စနိက်နှစ်ဖက်ရမှာ သောမနဿ ဖြစ်ဆဲလည်း မဟုတ်, ဥပေက္ခာ ဖြစ်လတ္တံ့လည်း မဟုတ်သော ပုဂ္ဂိုလ်ဟူသည် သုခဒုက္ခ ဥပေက္ခာသဟဂုတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ် ဖြစ်ပါတယ်၊ ဒေါမနဿ မရစကောင်းပြီးဖြစ်၍ ဒေါမနဿကို မကောက်ရတော့ပါ။

ဒီပဝတ္တိဝါရ ဒုတိယပိုင်းမှာလဲ ပထမပိုင်းတုန်းက ပြောခဲ့သလိုပါပဲ၊ သရုပ်သဘောကိုသာ ထောက်ပြပါတယ်၊ မူလ+မူလီတွေ တည်ခင်းပြနေမယ်ဆိုရင် ပြီးနိုင်မှာမဟုတ်ပါဘူး၊ ဟောနည်းကိုသာ ပဓာနထားပြီး ထောက်ပြလိုက်ပါတယ်။ ဒီဟောနည်းကိုသိပြီး နောက်ပိုင်းမှာ ထုတ်ပြထားတဲ့ ပါဠိတော်အချုပ်နဲ့

http://www.dhammadownload.com



တိုက်ဆိုင်ကာ ဝိဘင်းပါဠိတော်ကို ဟောပါ၊ အရကောက်စာအုပ်ကြီးနဲ့ တိုက်ဆိုင်ပြီး အရကောက်ပါ–လို့ ညွှန်းလိုပါတယ်။ ပြောနေကျအတိုင်း ယမိုက်ပဋ္ဌာန်းနဲ့ ပတ်သက်လာလျှင် ဘယ်နည်း ဘယ်လောက်ကောင်းပါတယ် ပြော ပြော အရကောက်စာအုပ်ကြီးများကို လက်လွှတ်လို့ မဖြစ်ပါဘူး၊ အခု ပြောနေ, ရှင်းပြနေတာဟာ ပါဠိတော်အတိုင်း ဝိဘင်းပါဠိထုတ်တတ်အောင်, အရကောက် စာအုပ်ကြီးအတိုင်း အရကောက်တတ်အောင် ပြောနေခြင်း, ရှင်းပြနေခြင်းသာ ဖြစ်ပါတယ်၊ ဒီလောက်ပြောရင် သဘောပေါက်လောက်ပါပြီ၊ အဲဒီတော့ ပဝတ္တိဝါရ အဆုံးသတ်လိုက်ကြပါစို့။

ပဝတ္တိဝါရ ပြီး၏။

http://www.dhammadownload.com



## ပရိညာဝါရ

| ဣန္ဒြေ | ပစ္စုပ္ပန် | အတိတ် | အနာဂတ် |
|---|---|---|---|
| စက္ခာဒိ-၁၉ | အရဟတ္တမဂ္ဂဋ္ဌာန်၊ | အရဟတ္တ-ဖ။ | ကျွတ်-ပု၊ အော်မ-၃၊ ဖ-၃ |
| ဒေါမန | အနာဂါမိမဂ္ဂဋ္ဌာန်၊ | အနာဂါမိ-ဖ၊ | ကျွတ်-ပု၊အော်မ-၂၊ဖ-၂။ |
| | | အရဟတ္တ-မ,ဖ။ | |
| အနညာ | သောတာပတ္တိမဂ္ဂဋ္ဌာန် | သေါမှတစ်ပါး-၇ | ကျွတ်-ပု။ |
| အညာတာ | အရဟတ္တမဂ္ဂါနန္တရဖိုလ်နှင့်ပြည့်စုံသေါအရဟတ္တဖလဋ္ဌာန်။ | ---မှတစ်ပါး<br>အရဟတ္တ-ဖ | ကျွတ်-ပု၊မဂ်-၄၊အော်ဖ၃။ |

ပါဠိတော်နည်းအရ စက္ခာဒိ ၁၉-မှ အညိန္ဒြေကို ခွဲထုတ်သော်

| ဣန္ဒြေ | ပစ္စုပ္ပန် | အတိတ် | အနာဂတ် |
|---|---|---|---|
| အညိန္ဒြေ | သကဒါ,အနာဂါ,အရဟတ္တ-မဂ္ဂဋ္ဌာန်-၃ | အရဟတ္တ-ဖ။ | ကျွတ်ပု၊ သောမ-၁၊ အော်ဖ-၃၊ ပေါင်း-၅။ |

အထက်ပါ သရုပ်ခွဲကို ကြည့်ရှုကာမျှဖြင့် မည်သည့်ပုဂ္ဂိုလ်က တစ်ဖက်ရ မည်သည့်ပုဂ္ဂိုလ်က အနုလုံ နှစ်ဖက်ရ, ပစ္စနိက် နှစ်ဖက်ရ-စသည်ဖြင့် သိနိုင်လောက်ပါတယ်။

၁။ ပရိညာဝါရ ထုံးစံအတိုင်း ပုဂ္ဂိုလ် ၉-ယောက်ကို ဟောပါတယ်။

၂။ အနာဂတ်မှာ ပုထုဇဉ်ကို နှစ်ယောက်ခွဲယူသောကြောင့် ၁၀-ယောက်ကို ဟောပါတယ်။

၃။ အညာတာဝိန္ဒြေမှာ အရဟတ္တမဂ္ဂါနန္တရဖိုလ်နှင့်ပြည့်စုံသော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်, အရဟတ္တဖလဋ္ဌာန်နှင့်ပြည့်စုံသော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်မှတစ်ပါး အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်-လို့ နှစ်မျိုးကွဲသောကြောင့် ၁၀-ယောက်၊ အနာဂတ်မှာ ၁၁-ယောက်ကို ဟောပါတယ်။

http://www.dhammadownload.com



အဲဒီတော့ မူလ, မူလီအလိုက် ၉–ယောက်ဟောဝါရ, ၁၀–ယောက်ဟောဝါရ, ၁၁–ယောက်ဟောဝါရတို့ကို သတိပြုပြီး ဟောရပါမယ်။

စက္ခာဒိ ၁၈–ပရိဇာနာတိ။ အညိ အနညာ–ဘာဝေတိ။
ဒေါမနဿိ–ပဇဟာတိ။ အညာတာဝိ–သစ္ဆိကရောတိ၊
သစ္ဆာကာသိ။

အညာတာဝီ၏ ပစ္စုပ္ပန် အရဟတ္တဖိုလ်တစ်စိတ်ကို "ယော အဂ္ဂဖလံ သစ္ဆိကရောတိ"လို့၄င်း၊ အတိတ် အရဟတ္တဖိုလ်တစ်စိတ်ကို "ယော အဂ္ဂဖလံ သစ္ဆာကာသိ"လို့၄င်း ဝိဘင်းထုတ်ပါ။

**ဆောင်။** ။ ဒေါ ပဇဟာ၊ အ, အ, ဘာ၊ ညာတာသစ္ဆိ၊ ကြွင်းပရိ။
ဒေါ အနညာ၊ အညာတာ၊ ကြွင်းမှာ တစ်ဆယ့်ကိုး။
လ္က ပရိညာ၊ ၄–ခုသာ၊ ခွဲပါ ပုဂ္ဂိုလ်မျိုး။

ပရိညာဝါရ ပြီး၏

ဣန္ဒြိယယမိုက် ပြီး၏။

http://www.dhammadownload.com



# ပါဠိတော်အချုပ်

**အမှာ။** ။ယမိုက်ပါဠိတော်ကို (၁) အနုလောမတစ်ဖက်ရ၊ (၂) ပဋိလောမတစ်ဖက်ရ၊ (၃) အနုလုံနှစ်ဖက်ရ၊ (၄) ပစ္စနိက်နှစ်ဖက်ရ-ဟု လေးချက်ကိန်းသေနည်းဖြင့် အကျဉ်းချုပ်ကာ တင်ပြပါသည်။ ဆိုင်ရာယမိုက်အလိုက်ခွဲပြထားအပ်သည့် သရုပ်ကို ကြည့်ရှုမှုဖြင့် ဝိဘင်းထုတ်ရန် တွေဝေနေခဲ့သော် ဤ"ပါဠိတော်အချုပ်"ကို ကြည့်ရန်ဖြစ်ပါသည်၊ ဤသို့ကြည့်သော် သရုပ်ခွဲဉာဏ်၊ ဝိဘင်းထုတ်ဉာဏ်များ ပွင့်လာပါလိမ့်မည်။

## ၆။ သင်္ခါရယမိုက်

### ပဏ္ဏတ္တိဝါရ၊ နိဒ္ဒေသ

### ၁။ ပဒသောဓနဝါရ

၁။ ကာယော။

၂။ ကာယသင်္ခါရော။

၃။ +

၄။ ကာယဥ္စ ကာယသင်္ခါရဥ္စ ထပေတွာ အဝသေသာ။

-----

၁။ ဝစီ။

၂။ ဝစီသင်္ခါရော။

၃။ +

၄။ ဝစိဥ္စ ဝစီသင်္ခါရဥ္စ ထပေတွာ အဝသေသာ။

-----

၁။ စိတ္တံ။

၂။ စိတ္တသင်္ခါရော။

၃။ +

၄။ စိတ္တဉ္စ စိတ္တသင်္ခါရဥ္စ ထပေတွာ အဝသေသာ။

-----

http://www.dhammadownload.com



## ၂။ ပဒသောဓနမူလစက္ကဝါရ

| ကာယော ကာယသင်္ခါရောတိ- (အနုလောမ) | သင်္ခါရာ ဝစီသင်္ခါရောတိ- (ပဋိလောမ) |
| --- | --- |
| ၁။ ကာယော။ | ၁။ အဝသေသာ သင်္ခါရာ။ |
| ၂။ (ကာယသင်္ခါရော) | ၂။ + |
| ၃။ + | ၃။ ဝစီသင်္ခါရော။ |
| ၄။ ကာယဉ္စ ကာယသင်္ခါရဉ္စ ထပေတွာ အဝသေသာ။ | ၄။ အာမန္တာ။ |

[ကျန်စိတ္တမူလီ၌လည်း နည်းမှီ၍ ဝိဘင်းထုတ်ပါ။ ဝစီမူ စိတ္တမူလီ၌လည်း ဝိဘင်းထုတ်တတ်လောက်ပါပြီ။]

## ၃။ သုဒ္ဓသင်္ခါရဝါရ

၁။ ကာယသင်္ခါရော။

၂။ ဝစီသင်္ခါရော။

၃။ +

၄။ ကာယသင်္ခါရဉ္စ ဝစီသင်္ခါရဉ္စ ထပေတွာ အဝသေသာ။

-----

၁။ ကာယသင်္ခါရော။

၂။ စိတ္တသင်္ခါရော။

၃။ +

၄။ ကာယသင်္ခါရဉ္စ စိတ္တသင်္ခါရဉ္စ ထပေတွာ အဝသေသာ။

-----

၁။ ဝစီသင်္ခါရော။

၂။ စိတ္တသင်္ခါရော။

၃။ +

၄။ ဝစီသင်္ခါရဉ္စ စိတ္တသင်္ခါရဉ္စ ထပေတွာ အဝသေသာ။

ပဏ္ဏတ္တိဝါရပြီး၏။

http://www.dhammadownload.com



# ပဝတ္တိဝါရ

## ပစ္စုပ္ပန်၊ ပုဂ္ဂလ+ပုဂ္ဂလော

## ဥပ္ပါဒဝါရ

**ကာယ+ဝစီ**

၁။ ဝိနာ ဝိတက္ကဝိစာရေဟိ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ။

၂။ ဝိနာ အဿာသပဿာသေဟိ ဝိတက္ကဝိစာရာနံ ဥပ္ပါဒက္ခဏေ။

၃။ ပထမဇ္ဈာနံ သမာပန္နာနံ၊ ကာမာဝစရာနံ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ။

၄။ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ၊ ဝိနာ အဿာသပဿာသေဟိ အဝိတက္က အဝိစာရစိတ္တဿ ဥပ္ပါဒက္ခဏေ၊နိရောဓသမာပန္နာနံ၊အသညသတ္တာနံ။

**ကာယ+စိတ္တ**

၁။ +

၂။ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ။

၃။ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ။

၄။ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ၊ နိရောဓသမာပန္နာနံ၊ အသညသတ္တာနံ။

**ဝစီ+စိတ္တ**

၁။ +

၂။ ဝိနာ ဝိတက္ကဝိစာရေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ။

၃။ ဝိတက္ကဝိစာရာနံ ဥပ္ပါဒက္ခဏေ။

၄။ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ၊ နိရောဓသမာပန္နာနံ၊ အသညသတ္တာနံ။

http://www.dhammadownload.com



## နိရောဓဝါရ

### ကာယ+ဝစီ

၁။ ဝိနာ ဝိတက္ကဝိစာရေဟိ အဿာသပဿာသာနံ ဘင်္ဂက္ခဏေ။

၂။ ဝိနာ အဿာသပဿာသေဟိ ဝိတက္ကဝိစာရာနံ ဘင်္ဂက္ခဏေ။

၃။ ပဌမဇ္ဈာနံ သမာပန္နာနံ၊ ကာမာဝစရာနံ အဿာသပဿာသာနံ ဘင်္ဂက္ခဏေ။

၄။ သဗ္ဗေသံ စိတ္တဿ ဥပ္ပါဒက္ခဏေ၊ ဝိနာ အဿာသပဿာသေဟိ အဝိတက္ကအဝိစာရစိတ္တဿ ဘင်္ဂက္ခဏေ၊ နိရောဓသမာပန္နာနံ၊ အသညသတ္တာနံ။

### ကာယ+စိတ္တ

၁။ +

၂။ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဘင်္ဂက္ခဏေ။

၃။ အဿာသပဿာသာနံ ဘင်္ဂက္ခဏေ။

၄။ သဗ္ဗေသံ စိတ္တဿ ဥပ္ပါဒက္ခဏေ၊ နိရောဓသမာပန္နာနံ၊ အသညသတ္တာနံ။

### ဝစီ+စိတ္တ

၁။ +

၂။ ဝိနာ ဝိတက္ကဝိစာရေဟိ စိတ္တဿ ဘင်္ဂက္ခဏေ။

၃။ ဝိတက္ကဝိစာရာနံ ဘင်္ဂက္ခဏေ။

၄။ သဗ္ဗေသံ စိတ္တဿ ဥပ္ပါဒက္ခဏေ၊ နိရောဓသမာပန္နာနံ၊ အသညသတ္တာနံ။

[ဥပ္ပါဒဝါရနှင့် နိရောဓဝါရမှာ ဥပ္ပါဒက္ခဏ ဘင်္ဂက္ခဏ လွဲပြောင်းရုံသာ ထူးသည်။]

http://www.dhammadownload.com



## ပစ္စုပ္ပန္န၊ ဥပ္ပါဒနိရောဓဝါရ

**ကာယ+ဝစီ**

၁။ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ။

၂။ ဝိတက္ကဝိစာရာနံ ဘင်္ဂက္ခဏေ။

၃။ +

၄။ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ၊ နိရောဓသမာပန္နာနံ၊ အသညသတ္တာနံ။

**ကာယ+စိတ္တ**

၁။ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ။

၂။ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ။

၃။ +

၄။ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ၊ နိရောဓသမာပန္နာနံ၊ အသညသတ္တာနံ။

**ဝစီ+စိတ္တ**

၁။ ဝိတက္ကဝိစာရာနံ ဥပ္ပါဒက္ခဏေ။

၂။ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ။

၃။ +

၄။ ဝိနာ ဝိတက္ကဝိစာရေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ၊ နိရောဓသမာပန္နာနံ၊ အသညသတ္တာနံ။

[ပုဂ္ဂလဝါရ၌သာ "နိရောဓသမာပန္နာနံ"ကိုထုတ်ရသည်၊ ပုဂ္ဂလောကာသဝါရ၌ မထုတ်ရ။]

ပစ္စုပ္ပန္နဝါရပြီး၏။

http://www.dhammadownload.com



## အတီတဝါရ၊ ပုဂ္ဂလ

### ဥပ္ပါဒ၊ နိရောဓ၊ ဥပ္ပါဒနိရောဓ

ပုဂ္ဂလဝါရ၌ ဥပ္ပါဒစသော ၃-ဝါရလုံး မည်သည့်မူ မူလီမှာ မဆို အနုလုံ၌ အာမန္တာ၊ ပစ္စနိက်၌ နတ္ထိချည်း ဝိဘင်းထုတ်ပါ။

### ပုဂ္ဂလောကာသဝါရ

**ကာယ+ဝစီ**

၁။ ဒုတိယဈာန် တတိယဈာန် သမာပန္နာန်။

၂။ ရူပါဝစရာန်၊ အရူပါဝစရာန်။

၃။ ပဌမဈာန် သမာပန္နာန်၊ ကာမာဝစရာန်။

၄။ စတုတ္ထဈာန် သမာပန္နာန်၊ သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ၊ အသညသတ္တာနံ။

**ကာယ+စိတ္တ**

၁။ +

၂။ စတုတ္ထဈာန် သမာပန္နာန်၊ ရူပါဝစရာန်၊ အရူပါဝစရာန်။

၃။ ပ-ဒု-တ-ဈာန် သမာပန္နာန်၊ ကာမာဝစရာန်။

၄။ သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ၊ အသညသတ္တာနံ။

**ဝစီ+စိတ္တ**

၁။ +

၂။ ဒု-တ-စ-ဈာန် သမာပန္နာန်၊ သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ။

၃။ ပ-ဈာန် သမာပန္နာန်၊ ကာမာဝစရာန်၊ ဣတရေသံ ရူပါဝစရာန်၊ အရူပါဝစရာန်။

၄။ သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ၊ အသညသတ္တာနံ။

အတီတဝါရပြီး၏။

http://www.dhammadownload.com



## အနုလောမဝါရ

### ပုဂ္ဂလ၊ ဥပ္ပါဒ

**ကာယ+ဝစီ**

၁။ +

၂။ ယဿ စိတ္တဿ အနန္တရာ ကာမာဝစရာနံ ပဋ္ဌိမစိတ္တံ ဥပ္ပဇ္ဇိဿတိ၊ ရူပါဝစရေ အရူပါဝစရေ ပဋ္ဌိမဘဝိကာနံ၊ ယေစ ရူပါဝစရံ အရူပါဝစရံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ တေသံ စဝန္တာနံ။

၃။ ဣတရေသံ တေသံ။

၄။ ပဋ္ဌိမစိတ္တသမင်္ဂီနံ၊ ယဿ စိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရံ ပဋ္ဌိမစိတ္တံ ဥပ္ပဇ္ဇိဿတိ။

**ကာယ+စိတ္တ**

၁။ +

၂။ ယဿ စိတ္တဿ အနန္တရာ ကာမာဝစရာနံ ပဋ္ဌိမစိတ္တံ ဥပ္ပဇ္ဇိဿတိ၊ ရူပါဝစရေ အရူပါဝစရေ ပဋ္ဌိမဘဝိကာနံ၊ ယေစ ရူပါဝစရံ အရူပါဝစရံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ တေသံ စဝန္တာနံ။

၃။ ဣတရေသံ တေသံ။

၄။ ပဋ္ဌိမစိတ္တသမင်္ဂီနံ။

**ဝစီ+စိတ္တ**

၁။ +

၂။ ယဿ စိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရံ ပဋ္ဌိမစိတ္တံ ဥပ္ပဇ္ဇိဿတိ။

၃။ ဣတရေသံ တေသံ။

၄။ ပဋ္ဌိမစိတ္တသမင်္ဂီနံ။

=====

http://www.dhammadownload.com



## နိရောဓဝါရ

### ကာယ+ဝစီ

၁။ +

၂။ ကာမာဝစရာနံ ပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေ၊ ယဿ စိတ္တဿ အနန္တရာ ကာမာဝစရာနံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ၊ ရူပါဝစရေ အရူပါဝစရေ ပစ္ဆိမဘဝိကာနံ၊ ယေ စ ရူပါဝစရံ အရူပါဝစရံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ တေသံ စဝန္တာနံ။

၃။ ဣတရေသံ တေသံ။

၄။ သဝိတက္ကသဝိစာရပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ၊ အဝိတက္ကအဝိစာရပစ္ဆိမစိတ္တသမင်္ဂီနံ၊ ယဿ စိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ။

[ကာမပစ္ဆိမဘဝိကဘင်္ဂက္ခဏသည် သဝိတက္ကသဝိစာရပစ္ဆိမဘင်္ဂက္ခဏာ၌ ပါဝင်၏။]

### ကာယ+စိတ္တ

၁။ +

၂။ ကာမာဝစရာနံ ပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေ၊ ယဿ စိတ္တဿ အနန္တရာ ကာမာဝစရာနံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ၊ ရူပါဝစရေ အရူပါဝစရေ ပစ္ဆိမဘဝိကာနံ၊ ယေစ ရူပါဝစရံ အရူပါဝစရံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ တေသံ စဝန္တာနံ။

၃။ ဣတရေသံ တေသံ။

၄။ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ။

=====

http://www.dhammadownload.com



အနာဂတ၊ ပုဂ္ဂလော၊ ဥပ္ပါဒ

## ဥပ္ပါဒနိရောဓဝါရ

**ကာယ+ဝစီ။ ကာယ+စိတ္တ။** ။ နိရောဓဝါရအတိုင်း ထုတ်ပါ။

**ဝစီ+စိတ္တ**

၁။ +

၂။ ပစ္ဆိမစိတ္တာသ ဥပ္ပါဒက္ခဏေ၊ ယဿ စိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ။

၃။ ဣတရေသံ တေသံ။

၄။ ပစ္ဆိမစိတ္တာသ ဘင်္ဂက္ခဏေ။

=====

## ပုဂ္ဂလော၊ ဥပ္ပါဒ

**ကာယ+ဝစီ**

၁။ ဒု–တ–ဈာနံ သမာပန္နာနံ။

၂။ ယဿ စိတ္တဿ အနန္တရာ ကာမာဝစရာနံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ၊ ရူပါဝစရာနံ၊ အရူပါဝစရာနံ။

၃။ ပ–ဈာနံ သမာပန္နာနံ၊ ကာမာဝစရာနံ။

(ပဋိလောမ ၂–ဘက်ရှဲ့ ကာမကို ဣတရေသံ ခံပါ။)

၄။ ပစ္ဆိမစိတ္တသမင်္ဂီနံ၊ ယဿ စိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ၊ စ–ဈာနံ သမာပန္နာနံ၊ အသညသတ္တာနံ။

**ကာယ+စိတ္တ**

၁။ +

၂။ ယဿ စိတ္တဿ အနန္တရာ ကာမာဝစရာနံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ၊ စ–ဈာနံ သမာပန္နာနံ၊ ရူပါဝစရာနံ၊ အရူပါဝစရာနံ။

၃။ ပ–ဒု–တ–ဈာနံ သမာပန္နာနံ၊ ဣတရေသံ ကာမာဝစရာနံ။

၄။ ပစ္ဆိမစိတ္တသမင်္ဂီနံ၊ အသညသတ္တာနံ။

http://www.dhammadownload.com



**ဝစီ+စိတ္တ**

၁။ +

၂။ ယဿ စိတ္တသင်္ခါရော ... 

၃။ ပ–ဈာန် သမာပန္နာန်၊ ကာမာဝစရာနံ၊ ဣတရေသံ ရူပါဝစရာနံ၊ အရူပါဝစရာနံ။

၄။ ပစ္ဆိမစိတ္တသမင်္ဂီနံ၊ အသညသတ္တာနံ။

=====

## နိရောဓဝါရ

**ကာယ+ဝစီ**

၁။ ဒု–တ–ဈာန် သမာပန္နာနံ။

၂။ ကာမာဝစရာနံ ပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေ၊ ယဿ စိတ္တဿ အနန္တရာ ကာမာဝစရာနံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ၊ ရူပါဝစရာနံ၊ အရူပါဝစရာနံ။

၃။ ပ–ဈာန် သမာပန္နာနံ၊ ကာမာဝစရာနံ။

၄။ သဝိတက္ကသဝိစာရပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ၊ အဝိတက္ကအဝိစာရ ပစ္ဆိမစိတ္တသမင်္ဂီနံ၊ ယဿ စိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ၊ စ–ဈာန် သမာပန္နာနံ၊ အသညသတ္တာနံ။

**ကာယ+စိတ္တ**

၁။ +

၂။ ကာမာဝစရာနံ ပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေ၊ ယဿ စိတ္တဿ အနန္တရာ ကာမာဝစရာနံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ၊ စ–ဈာန် သမာပန္နာနံ၊ ရူပါဝစရာနံ၊ အရူပါဝစရာနံ။

၃။ ပ–ဒု–တ–ဈာန် သမာပန္နာနံ၊ ဣတရေသံ ကာမာဝစရာနံ။

၄။ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ၊ အသညသတ္တာနံ။

http://www.dhammadownload.com



အနာဂတ၊ ပုဂ္ဂလော၊ ဥပ္ပါဒနိရောဓဝါရ

**ဝစီ+စိတ္တ**

၁။ +

၂။ အဝိတက္ကအဝိစာရပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေ၊ ယဿ စိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ၊ ဒု–တ–စ–ဈာန် သမာပန္နာန်။

၃။ ပ–ဈာန် သမာပန္နာန်၊ ကာမာဝစရာန်၊ ဣတရေသံ ရူပါဝစရာန် အရူပါဝစရာန်။

၄။ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ၊ အသညသတ္တာန်။

## ဥပ္ပါဒနိရောဓဝါရ

**ကာယ+ဝစီ။** **ကာယ+စိတ္တ။** ။နိရောဓဝါရအတိုင်း ထုတ်ပါ။

**ဝစီ+စိတ္တ**

၁။ +

၂။ ပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေ၊ ယဿ စိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ၊ ဒု–တ–စ–ဈာန် သမာပန္နာန်။

၃။ ပ–ဈာန် သမာပန္နာန်၊ ကာမာဝစရာန်၊ ဣတရေသံ ရူပါဝစရာန် အရူပါဝစရာန်။

၄။ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ၊ အသညသတ္တာန်။

အနာဂတဝါရပြီး၏။

http://www.dhammadownload.com



## ပစ္စုပ္ပန္နာတီတဝါရ

### ပုဂ္ဂလ၊ ဥပ္ပါဒ

**ကာယ+ဝစီ**

၁။ +

၂။ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ၊ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ၊ နိရောဓသမာပန္နာနံ၊ အသညသတ္တာနံ။

၃။ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ။

၄။ + (ပါဠိဂတိ၊ နတ္ထိ)

**ကာယ+စိတ္တ။** ။ အထက်ပါအတိုင်း ထုတ်ပါ။

**ဝစီ+စိတ္တ**

၁။ +

၂။ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ၊ ဝိနာ ဝိတက္ကဝိစာရေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ၊ နိရောဓသမာပန္နာနံ၊ အသညသတ္တာနံ။

၃။ ဝိတက္ကဝိစာရာနံ ဥပ္ပါဒက္ခဏေ။

၄။ + (ပါဠိဂတိ၊ နတ္ထိ)

နိရောဓဝါရသည် ဥပ္ပါဒဝါရသဘောသွားအတိုင်းပင် ဖြစ်၏၊ ဥပပဇ္ဇန္တနှင့် စဝန္တ၊ ဥပ္ပါဒက္ခဏနှင့် ဘင်္ဂက္ခဏများကို ပြောင်းလဲ၍ ဟောရုံသာထူး၏၊ ဥပ္ပါဒ နိရောဓဝါရသည်လည်း ဥပ္ပါဒဝါရနှင့် အလုံးစုံတူ၏။

=====

## ပုဂ္ဂလောကာသဝါရ

**ကာယ+ဝစီ**

၁။ ဒု–တ–ဈာနံ သမာပန္နာနံ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ။

၂။ ပ–ဈာနံ သမာပန္နာနံ ကာမာဝစရာနံ အဿာသပဿာသာနံ ဘင်္ဂက္ခဏေ၊ တေသံ ယေဝ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ၊ ရူပါဝစရာနံ၊ အရူပါဝစရာနံ။

၃။ ပ–ဈာနံ သမာပန္နာနံ ကာမာဝစရာနံ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ။

http://www.dhammadownload.com



၄။ ဒု-တ-ဈာနံ သမာပန္နာနံ အဿာသပဿာသာနံ ဘင်္ဂက္ခဏေ၊ တေသံ ယေဝ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ၊ စ-ဈာနံ သမာပန္နာနံ၊ သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ၊ အသည သတ္တာနံ။

**ကာယ+စိတ္တ**

၁။ +

၂။ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ၊ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ။

၃။ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ။

၄။ သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ၊ အသညသတ္တာနံ။

**ဝစီ+စိတ္တ**

၁။ +

၂။ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ၊ ဝိနာ ဝိတက္ကဝိစာရေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ။

၃။ ဝိတက္ကဝိစာရာနံ ဥပ္ပါဒက္ခဏေ။

၄။ သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ၊ အသညသတ္တာနံ။

နိရောဓဝါရသည် ဥပ္ပါဒဝါရသဘောသွားအတိုင်းပင် ဖြစ်၏၊ ဥပပဇ္ဇန္တနှင့် စဝန္တ၊ ဥပ္ပါဒက္ခဏနှင့် ဘင်္ဂက္ခဏများကို ပြောင်းလဲ၍ ဟောရုံသာထူး၏၊ ဥပ္ပါဒ နိရောဓဝါရသည်လည်း ဥပ္ပါဒဝါရနှင့် အလုံးစုံတူ၏။

❀❀❀❀❀

ပစ္စုပ္ပန္နာတီတဝါရပြီး၏။

http://www.dhammadownload.com



## ပစ္စုပ္ပန္နာနာဂတဝါရ
## ပုဂ္ဂလ၊ ဉပ္ပါဒ

**ကာယ+ဝစီ**

၁။ +

၂။ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ၊ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဉပ္ပါဒက္ခဏေ၊ နိရောဓသမာပန္နာနံ၊ အသညသတ္တာနံ။

၃။ အဿာသပဿာသာနံ ဉပ္ပါဒက္ခဏေ။

၄။ ပစ္ဆိမစိတ္တဿမင်္ဂီနံ၊ ယဿ စိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဉပ္ပဇ္ဇိဿတိ။

**ကာယ+စိတ္တ**

၁-၂-၃။ ။အထက်က ကာယ+ဝစီအတိုင်း ထုတ်ပါ။

၄။ ပစ္ဆိမစိတ္တဿမင်္ဂီနံ။

**ဝစီ+စိတ္တ**

၁။ သဝိတက္ကသဝိစာရပစ္ဆိမစိတ္တဿ ဉပ္ပါဒက္ခဏေ။

၂။ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ၊ ဝိနာ ဝိတက္ကဝိစာရေဟိ စိတ္တဿ ဉပ္ပါဒက္ခဏေ၊ နိရောဓသမာပန္နာနံ၊ အသညသတ္တာနံ။

၃။ ဣတရေသံ ဝိတက္ကဝိစာရာနံ ဉပ္ပါဒက္ခဏေ။

၄။ သဝိတက္ကသဝိစာရပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ၊ အဝိတက္ကအဝိစာရပစ္ဆိမစိတ္တဿမင်္ဂီနံ။

=====

http://www.dhammadownload.com



## နိရောဓဝါရ

### ကာယ+ဝစီ

၁။ +

၂။ သဗ္ဗေသံ စိတ္တာသ ဥပ္ပါဒက္ခဏေ၊ ဝိနာ အဿာသပဿာသေဟိ စိတ္တာသ ဘင်္ဂက္ခဏေ၊ နိရောဓသမာပန္နာနံ၊ အသညသတ္တာနံ။

၃။ အဿာသပဿာသာနံ ဘင်္ဂက္ခဏေ။

၄။ သဝိတက္ကသဝိစာရပစ္ဆိမစိတ္တာသ ဘင်္ဂက္ခဏေ၊ အဝိတက္ကအဝိစာရပစ္ဆိမစိတ္တာသမင်္ဂီနံ၊ ယဿ စိတ္တာသ အနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ။ (အနာဂတ်သက်သက်အတိုင်းပင်။)

### ကာယ+စိတ္တ

၁-၂-၃။ ။ အထက်က ကာယ+ဝစီအတိုင်းပင်။

၄။ ပစ္ဆိမစိတ္တာသ ဘင်္ဂက္ခဏေ။

### ဝစီ+စိတ္တ

၁။ သဝိတက္ကသဝိစာရပစ္ဆိမစိတ္တာသ ဘင်္ဂက္ခဏေ။

၂။ သဗ္ဗေသံ စိတ္တာသ ဥပ္ပါဒက္ခဏေ၊ ဝိနာ ဝိတက္ကဝိစာရေဟိ စိတ္တာသ ဘင်္ဂက္ခဏေ၊ နိရောဓသမာပန္နာနံ၊ အသညသတ္တာနံ။

၃။ ဣတရေသံ ဝိတက္ကဝိစာရာနံ ဘင်္ဂက္ခဏေ။

၄။ အဝိတက္ကအဝိစာရပစ္ဆိမစိတ္တာသ ဘင်္ဂက္ခဏေ။

=====

http://www.dhammadownload.com



## ဥပ္ပါဒနိရောဓဝါရ

**ကာယ+ဝစီ**

၁။ +

၂။ သဗ္ဗေသံ စိတ္တာသ ဘင်္ဂက္ခဏေ၊ ဝိနာ အဿာသပဿာသေဟိ စိတ္တာသ ဥပ္ပါဒက္ခဏေ၊ နိရောဓသမာပန္နာနံ၊ အသညသတ္တာနံ။

၃။ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ။

၄။ သဝိတက္ကသဝိစာရပစ္ဆိမစိတ္တာသ ဘင်္ဂက္ခဏေ၊ အဝိတက္ကအဝိစာရပစ္ဆိမ စိတ္တာသမင်္ဂီနံ၊ ယဿ စိတ္တာသ အနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ။

**ကာယ+စိတ္တ**

၁။ +

၂။ သဗ္ဗေသံ စိတ္တာသ ဘင်္ဂက္ခဏေ၊ ဝိနာ အဿာသပဿာသေဟိ စိတ္တာသ ဥပ္ပါဒက္ခဏေ၊ နိရောဓသမာပန္နာနံ၊ အသညသတ္တာနံ။

၃။ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ။

၄။ ပစ္ဆိမစိတ္တာသ ဘင်္ဂက္ခဏေ။

**ဝစီ+စိတ္တ**

၁။ +

၂။ သဗ္ဗေသံ စိတ္တာသ ဘင်္ဂက္ခဏေ၊ ဝိနာ ဝိတက္ကဝိစာရေဟိ စိတ္တာသ ဥပ္ပါဒက္ခဏေ၊ နိရောဓသမာပန္နာနံ၊ အသညသတ္တာနံ။

၃။ ဝိတက္ကဝိစာရာနံ ဥပ္ပါဒက္ခဏေ။

၄။ ပစ္ဆိမစိတ္တာသ ဘင်္ဂက္ခဏေ။

=====

http://www.dhammadownload.com



## ပစ္စယပစ္စနီယာနုလောမ ... 

ပစ္စုပ္ပန္နာနာဂတဝါရ

## ပုဂ္ဂလောကာသဝါရ

### ဥပ္ပါဒ

**ကာယ+ဝစီ**

၁။ ဒု–တ–ဈာန် သမာပန္နာန် အဿာသပဿာသာန် ဥပ္ပါဒက္ခဏေ။

၂။ ပ–ဈာန် သမာပန္နာန် ကာမာဝစရာန် အဿာသပဿာသာန် ဘင်္ဂက္ခဏေ၊ တေသံယေဝ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ၊ ရူပါဝစရာန်၊ အရူပါဝစရာန်။

၃။ ပ–ဈာန် သမာပန္နာန် ကာမာဝစရာန် အဿာသပဿာသာန် ဥပ္ပါဒက္ခဏေ။

၄။ ပစ္ဆိမစိတ္တသမင်္ဂီနံ၊ ယဿ စိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ၊ ဒု–တ–ဈာန် သမာပန္နာန် အဿာသပဿာသာန် ဘင်္ဂက္ခဏေ၊ တေသံယေဝ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ၊ စ–ဈာန် သမာပန္နာနံ၊ အသညသတ္တာနံ။

**ကာယ+စိတ္တ**

၁။ +

၂။ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ၊ ဝိနာ အဿသပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ။

၃။ အဿာသပဿာသာန် ဥပ္ပါဒက္ခဏေ။

၄။ ပစ္ဆိမစိတ္တသမင်္ဂီနံ၊ အသညသတ္တာနံ။

**ဝစီ+စိတ္တ**

၁။ သဝိတက္ကသဝိစာရပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေ။

၂။ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ၊ ဝိနာ ဝိတက္ကဝိစာရေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ။

၃။ ဣတရေသံ ဝိတက္ကဝိစာရာန် ဥပ္ပါဒက္ခဏေ။

၄။ သဝိတက္ကသဝိစာရပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ၊ အဝိတက္ကအဝိစာရပစ္ဆိမ စိတ္တသမင်္ဂီနံ၊ အသညသတ္တာနံ။

=====

http://www.dhammadownload.com



## နိရောဓဝါရ

### ကာယ+ဝစီ

၁။ ဒု–တ–ဈာန် သမာပန္နာန် အဿာသပဿာသာန် ဘင်္ဂက္ခဏေ။

၂။ ပ–ဈာန် သမာပန္နာန် ကာမာဝစရာန် အဿာသပဿာသာန် ဥပ္ပါဒက္ခဏေ၊ တေသံယေဝ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဘင်္ဂက္ခဏေ၊ ရူပါဝစရာနံ၊ အရူပါဝစရာနံ။

၃။ ပ–ဈာန် သမာပန္နာန် ကာမာဝစရာန် အဿာသပဿာသာန် ဘင််–က္ခဏေ။

၄။ သဝိတက္ကသဝိစာရပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ၊ အဝိတက္ကအဝိစာရပစ္ဆိမ စိတ္တသမင်္ဂီနံ၊ ယဿ စိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ၊ ဒု–တ–ဈာန် သမာပန္နာန် အဿာသပဿာသာန် ဥပ္ပါ–ဒက္ခဏေ၊ တေသံယေဝ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဘင်္ဂက္ခဏေ၊ စ–ဈာန် သမာပန္နာနံ၊ အသညသတ္တာနံ။

### ကာယ+စိတ္တ

၁။ +

၂။ သဗ္ဗေသံ စိတ္တဿ ဥပ္ပါဒက္ခဏေ၊ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဘင်္ဂက္ခဏေ။

၃။ အဿာသပဿာသာန် ဘင်္ဂက္ခဏေ။

၄။ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ၊ အသညသတ္တာနံ။

### ဝစီ+စိတ္တ

၁။ သဝိတက္ကသဝိစာရပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ။

၂။ သဗ္ဗေသံ စိတ္တဿ ဥပ္ပါဒက္ခဏေ၊ ဝိနာ ဝိတက္ကဝိစာရေဟိ စိတ္တဿ ဘင်္ဂက္ခဏေ။

၃။ ဣတရေသံ ဝိတက္ကဝိစာရာန် ဘင်္ဂက္ခဏေ။

၄။ အဝိတက္ကအဝိစာရပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ၊ အသညသတ္တာနံ။

=====

http://www.dhammadownload.com



ပစ္စုပ္ပန္နာနာဂတ၊ ပုဂ္ဂလောကာသဝါရ

## ဥပ္ပါဒနိရောဓဝါရ

**ကာယ+ဝစီ**

၁-၂-၃-။ ။ ဥပ္ပါဒဝါရအတိုင်း ထုတ်ပါ။

၄။ သဝိတက္ကသဝိစာရပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ၊ အဝိတက္ကအဝိစာရပစ္ဆိမစိတ္တဿမင်္ဂီနံ၊ ယဿ စိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ၊ ဒု-တ-ဈာနံ သမာပန္နာနံ၊ အသညသတ္တာနံ။

**ကာယ+စိတ္တ**

၁-၂-၃။ ။ ဥပ္ပါဒဝါရအတိုင်းထုတ်ပါ။

၄။ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ၊ အသညသတ္တာနံ။

**ဝစီ+စိတ္တ**

၁။ +

၂။ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ၊ ဝိနာ ဝိတက္ကဝိစာရေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ။

၃။ ဝိတက္ကဝိစာရာနံ ဥပ္ပါဒက္ခဏေ။

၄။ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ၊ အသညသတ္တာနံ။

ပစ္စုပ္ပန္နာနာဂတဝါရပြီး၏။

http://www.dhammadownload.com



## အတီတာနာဂတဝါရ

### ပုဂ္ဂလ၊ ဥပ္ပါဒ

**ကာယ+ဝစီ**

၁။ ပစ္ဆိမစိတ္တဿမင်္ဂီနံ၊ ယဿ စိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ။

၂။ +

၃။ ဣတရေသံ တေသံ။

၄။ + (နတ္ထိ၊ ပါဠိဂတိ)

**ကာယ+စိတ္တ**

၁။ ပစ္ဆိမစိတ္တဿမင်္ဂီနံ။

၂။ +

၃။ ဣတရေသံ တေသံ။

၄။ + (နတ္ထိ၊ ပါဠိဂတိ)

**ဝစီ+စိတ္တ**

အထက်ပါ ကာယ+စိတ္တ အတိုင်းထုတ်ပါ။

=====

## နိရောဓဝါရ

**ကာယ+ဝစီ**

၁။ သဝိတက္ကသဝိစာရပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ၊ အဝိတက္ကအဝိစာရပစ္ဆိမစိတ္တဿမင်္ဂီနံ၊ ယဿ စိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ။

၂။ +

၃။ ဣတရေသံ တေသံ။

၄။ + (နတ္ထိ၊ ပါဠိဂတိ)

**ကာယ+စိတ္တ**

၁။ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ။

၂။ +

http://www.dhammadownload.com



၃။ ဣတရေသံ တေသံ။

၄။ + (နတ္ထိ၊ ပါဠိဂတိ)

**ဝစီ+စိတ္တ**

အထက်ပါ ကာယ+စိတ္တ အတိုင်းထုတ်ပါ။

=====

## နိရောဓဝါရ

**ကာယ+ဝစီ**

၁။ သဝိတက္ကသဝိစာရပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ၊ အဝိတက္ကအဝိစာရပစ္ဆိမ စိတ္တသမင်္ဂီနံ၊ ယဿ စိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ။

၂။ +

၃။ ဣတရေသံ တေသံ။

၄။ + (နတ္ထိ၊ ပါဠိဂတိ)

**ကာယ+စိတ္တ**

၁။ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ။

၂။ +

၃။ ဣတရေသံ တေသံ။

၄။ + (နတ္ထိ၊ ပါဠိဂတိ)

**ဝစီ+စိတ္တ**

အထက်ပါ ကာယ+စိတ္တအတိုင်း ထုတ်ပါ။

ဥပ္ပါဒနိရောဓဝါရသည် အထက်ပါနိရောဓဝါရနှင့် အလုံးစုံတူ၏။

=====

http://www.dhammadownload.com



## ပုဂ္ဂလောကာသဝါရ

## ဥပ္ပါဒ

**ကာယ+ဝစီ**

၁။ ကာမာဝစရေ ပစ္ဆိမစိတ္တသမင်္ဂီနံ၊ ဒု–တ–ဈာနံ သမာပန္နာနံ။

၂။ ရူပါဝစရာနံ၊ အရူပါဝစရာနံ။

၃။ ပ–ဈာနံ သမာပန္နာနံ၊ ဣတရေသံ ကာမာဝစရာနံ။

၄။ ရူပါဝစရေ အရူပါဝစရေ ပစ္ဆိမစိတ္တသမင်္ဂီနံ၊ ယဿ စိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ၊ စ–ဈာနံ သမာပန္နာနံ၊ အသညသတ္တာနံ။

**ကာယ+စိတ္တ**

၁။ ကာမာဝစရေ ပစ္ဆိမစိတ္တသမင်္ဂီနံ။

၂။ စ–ဈာနံ သမာပန္နာနံ၊ ရူပါဝစရာနံ၊ အရူပါဝစရာနံ။

၃။ ပ–ဒု–တ–ဈာနံ သမာပန္နာနံ၊ ဣတရေသံ ကာမာဝစရာနံ။

၄။ ရူပါဝစရေ အရူပါဝစရေ ပစ္ဆိမစိတ္တသမင်္ဂီနံ၊ အသညသတ္တာနံ။

**ဝစီ+စိတ္တ**

၁။ သဝိတက္ကသဝိစာရဘူမိယံ ပစ္ဆိမစိတ္တသမင်္ဂီနံ။

၂။ အဝိတက္ကအဝိစာရဘူမိယံ။

၃။ ဣတရေသံ သဝိတက္ကသဝိစာရဘူမိယံ။

၄။ အဝိတက္ကအဝိစာရဘူမိယံ ပစ္ဆိမစိတ္တသမင်္ဂီနံ၊ အသညသတ္တာနံ။

=====

## နိရောဓဝါရ

**ကာယ+ဝစီ**

၁။ ကာမာဝစရေ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ၊ ဒု–တ–ဈာနံ သမာပန္နာနံ။

၂။ ရူပါဝစရာနံ၊ အရူပါဝစရာနံ။

၃။ ပ–ဈာနံ သမာပန္နာနံ၊ ဣတရေသံ ကာမာဝစရာနံ။

၄။ ရူပါဝစရေ အရူပါဝစရေ သဝိတက္ကသဝိစာရပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ၊ အဝိတက္ကအဝိစာရပစ္ဆိမစိတ္တသမင်္ဂီနံ၊ ယဿ စိတ္တဿ အနန္တရာ

http://www.dhammadownload.com



အဝိတက္ကအဝိစာရ ပစ္စုပ္ပန္နဝိတက္က ဥပ္ပန္နသတိ၊ ၈-ရုပ် သမာပတ္တိ၊ အသညသတ္တာနံ။

**ကာယ+စိတ္တ**

၁။ ကာမာဝစရေ ပစ္စုပ္ပန္နဝိတက္ကာသ ဘင်္ဂက္ခဏေ။

၂။ ၈-ရုပ် သမာပတ္တိ၊ ရူပါဝစရာနံ၊ အရူပါဝစရာနံ။

၃။ ပ-ဒု-တ-ရုပ် သမာပတ္တိ၊ ဣတရေသံ ကာမာဝစရာနံ။

၄။ ရူပါဝစရေ အရူပါဝစရေ ပစ္စုပ္ပန္နဝိတက္ကာသ ဘင်္ဂက္ခဏေ၊ အသညသတ္တာနံ။

**ဝစီ+စိတ္တ**

၁။ သဝိတက္ကသဝိစာရဘူမိယံ ပစ္စုပ္ပန္နဝိတက္ကာသ ဘင်္ဂက္ခဏေ။

၂။ အဝိတက္ကအဝိစာရဘူမိယံ။

၃။ ဣတရေသံ သဝိတက္ကသဝိစာရဘူမိယံ။

၄။ အဝိတက္ကအဝိစာရဘူမိယံ ပစ္စုပ္ပန္နဝိတက္ကာသ ဘင်္ဂက္ခဏေ၊ အသညသတ္တာနံ။

ဥပ္ပါဒနိရောဓဝါရသည် အထက်ပါနိရောဓဝါရနှင့် အလုံးစုံတူ၏။

=====

အတီတာနာဂတဝါရပြီး၏။

ပဝတ္တိဝါရပြီး၏။

သင်္ခါရယမိုက် ပရိညာဝါရသည်လည်း ခန္ဓယမိုက် ပရိညာဝါရအတိုင်းပင် ဖြစ်ပါသည်။

သင်္ခါရယမိုက် ပြီးပါပြီ။

http://www.dhammadownload.com



## ၇။ အနုသယယမိုက်

သတ္တာနုသယာ–ကာမရာဂါနုသယော ပဋိဃာနုသယော မာနာနုသယော ဒိဋ္ဌာနုသယော ဝိစိကိစ္ဆာနုသယော ဘဝရာဂါနုသယော အဝိဇ္ဇာနုသယော။

## ဥပ္ပတ္တိဋ္ဌာနဝါရ

ကတ္ထ ကာမရာဂါနုသယော အနုသေတိ၊ ကာမဓာတုယာ ဒွီသု ဝေဒနာသု ဧတ္ထ ကာမရာဂါနုသယော အနုသေတိ။

ကတ္ထ ပဋိဃာနုသယော အနုသေတိ၊ ဒုက္ခာယ ဝေဒနာယ ဧတ္ထ ပဋိဃာနုသယော အနုသေတိ။

ကတ္ထ မာနာနုယော အနုသေတိ၊ ကာမဓာတုယာ ဒွီသု ဝေဒနာသု ရူပဓာတုယာ အရူပဓာတုယာ ဧတ္ထ မာနာနုသယော အနုသေတိ။

ကတ္ထ ဒိဋ္ဌာနုသယော အနုသေတိ၊ သဗ္ဗသက္ကာယပရိယာပန္နေသု ဓမ္မေသု ဧတ္ထ ဒိဋ္ဌာနုသယော အနုသေတိ။

ကတ္ထ ဝိစိကိစ္ဆာနုသယော အနုသေတိ၊ သဗ္ဗသက္ကာယပရိယာပန္နေသု ဓမ္မေသု ဧတ္ထ ဝိစိကိစ္ဆာနုသယော အနုသေတိ။

ကတ္ထ ဘဝရာဂါနုသယော အနုသေတိ၊ သဗ္ဗာသက္ကာယပရိယာပန္နေသု ဓမ္မေသု ဧတ္ထ ဝိစိကိစ္ဆာနုသယော အနုသေတိ။

ကတ္ထ ဘဝရာဂါနုသယော အနုသေတိ၊ ရူပဓာတုယာ အရူပဓာတုယာ ဧတ္ထ ဘဝရာဂါနုသယော အနုသေတိ။

ကတ္ထ အဝိဇ္ဇာနုသယော အနုသေတိ၊ သဗ္ဗသက္ကာယပရိယာပန္နေသု ဓမ္မေသု ဧတ္ထ အဝိဇ္ဇာနုသယော အနုသေတိ။

ဥပ္ပတ္တိဋ္ဌာနဝါရပြီး၏။

http://www.dhammadownload.com



## အနုသယဝါရ

## ၁။ အနုသယဝါရ

### ပုဂ္ဂလ၊ ဧကမူ

**ကာမ+ပဋိဃ**

ယဿ ကာမရာဂါနုသယော အနုသေတိ၊ တဿ ပဋိဃာနုသယော အနု-
သေတီတိ။

၁။ အာမန္တာ။ (အနုလုံ)

၂။ အာမန္တာ။ (ပစ္စနိက်)

**ကာမ+မာန**

၁။ +

၂။ အနာဂါမိဿ။

၃။ တိဏ္ဏံ ပုဂ္ဂလာနံ။

၄။ အရဟတော။

**ကာမ+ဒိဋ္ဌိ–ဝိစိကိစ္ဆာ**

၁။ ဒွိန္နံ ပုဂ္ဂလာနံ။

၂။ +

၃။ ပုထုဇ္ဇနဿ။

၄။ ဒွိန္နံ ပုဂ္ဂလာနံ။

**ကာမ+ဘဝ**

(မာနမူလီအတိုင်းပင်။)

**ကာမ+အဝိဇ္ဇာ**

(မာနမူလီအတိုင်းပင်။)

